ကိုခေဝး (ပဒိဒိဝတ်ကမ်းခြေ)

# ဖူဂျီယာမရိပ်မှ ပန်းပွင့်လေးများ

ဝတ္ထုတိုပြခွဲ





## နိုင်ငံတော်၏ ရည်မှန်းချက်ခုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | နိုင်ငံ့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | နိုင်ငံ့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | နိုင်ငံ့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး၊ ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကိုဆေး

## (ပစိဖိတ်ကမ်းခြေ)

# ဝတ္ထုတိုပြပွဲ

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်းများ
ကိုဆေး[ပစိဖိတ်ကမ်းခြေ]
Graphic ကိုသူသ
[illegible] ကွန်ပျူတာ [illegible]
[illegible] နန်းလေယျာ
အတွင်းဖလင်
ကိုဦးနှင့်ညီများ
ထုတ်ဝေသူ
ဦးစိန်ကြီး(မြ-၀၅၄၀)
ရွှေရုပ်လွှာစာပေ၊ ၁၅၂ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ကလျာပုံနှိပ်တိုက်(မြ-၀၂၆၇၀)
၁၅၂ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး
(၁၅၀၀)ကျပ်
စာမူခွင့်ပြုချက်အမှတ်-၅၀၁၀၉၂၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၅၀၁၃၄၅၀၅၁၁



## ဝတ္ထုတိုမြဲ

### အပိုင်း။ တစ်၊

■ အင်္ဂါဂြိုဟ်မှခြသေ့မ၊ ပန်းလက်ဆောင်၊ ........ ၂၁
၁။ မနက်ဖြန်ဆို ကြာမှာစိုးလို့ ဒီနေ့ပဲပေးခဲ့မယ် ........ ၂၅
၂။ ရိုးမရဲ့လွမ်းချင်းတစ်ပုဒ် ........ ၅၁
၃။ သက်မဲ့ရုပ်တုနှင့်အပေါင်းပါများ ........ ၆၇
၄။ မရဏာမင်းရဲ့ကွန်ပြူတာစုတ် ........ ၉၃
၅။ ကျိန်စာသင့်နတ်ဆိုး ........ ၁၀၁

### အပိုင်း။ နှစ်၊

■ ပန်းပွင့်ညှ၊ ပန်းလက်ဆောင်၊ ........ ၁၁၉
၁။ နတ်ဆိုးလူဆိုး ကျွန်တော်မျိုး ........ ၁၂၃
၂။ တောင်ပို့အောင်းကျား ........ ၁၃၅
၃။ ယာမာမိုတယ်စက်ခေါင်းအမှတ် 23•G• ........ ၁၆၅
၄။ ကမ္ဘာမြေရဲ့ချွေးထွေးသောလက်များ ........ ၁၈၉
၅။ တောင်ပေါ်မှာမိုးတွေညို့နေပြီ ........ ၂၀၅

### အပိုင်း။ သုံး။

■ သက်တံပေါ်မှအပြန်လမ်း။ ပန်းလက်ဆောင်၊ ........ ၂၁၇
၁။ သွေးရိုင်းခွင်းမွဲ ........ ၂၂၁
၂။ ပန်းဝင်လက် ........ ၂၄၃
၃။ ထာဝရအဖော်မှန်ဖြစ်စေသား ........ ၂၇၁
၄။ အရောင်လွင့်ပန်းတံတား ........ ၂၉၁
၅။ ပွဲသိမ်းမြား ........ ၃၁၇

## မြန်မာ့ရသပညာအတွက် အရေးပါသောအချက်

မြန်မာတို့၏ဝင်ရင်းသဘောသည်
လွမ်းဆွတ်လိုသောသဘောနှင့်
ရယ်လိုသောသဘောတို့ဖြစ်သည်။

ဆရာဇော်ဂျီ...
၁၉၃၈၊မေလ
ဂန္ထလောကမဂ္ဂဇင်း



## ရင်ထဲကမှတ်တမ်း

ဘွားဘွားဒေါ်တင်ညို၊ရန်ကုန်၊
စမ်းစမ်းစိမ့်■စိမ့်သက်လေ■မန္တလေး■
လှိုင်■S.T.A.■ ထိပ်ထား■ပြည်■
သီဟအောင်■ပန်းတောင်း■ ထွန်းထွန်း■ဂါတ်ကုန်း■ဟိုပင်
ချစ်ရအောင်■ကညွတ်ကွင်း■ အကြင်နာနွေးနွေး■မဒေါက်
မြတ်စုဝေ■သဲကုန်း■ထည်ဝါဦးစာပေ■
မင်းချမ်းမြေ့■မလေးရှား■
အသံတိတ်အားပေး အားမပေးခဲ့ကြတဲ့
စာဖတ်ပရိသတ်အားလုံး
အန်တီဒေါ်ပတ္တမြားခင်၊ ဆရာမသန်းမြင့်အောင်
၊ဖတ်ညွှန်းဆရာ၊
ကင်းဝန်၊ မောရိယ၊ ဝသသန်ဦး■မောမြေ■ ရွှေအုန်း၊
ညြရသ■
၊အယ်ဒီတာ၊
ဆရာဦးဝင်းငြိမ်း။
အန်တီဒေါ်သပြေ၊ အန်တီဒေါ်ကလျာ■ ,
မနီနီအောင်■BELLE Co., BME.

## ဖူဂျီယာမရိပ်မှ ပန်းပွင့်ငယ် (သို့မဟုတ်) ကိုဆေး(ပစိဖိတ်ကမ်းခြေ)

ကျွန်တော် စီစဉ်တည်းဖြတ်တဲ့ ရွှေအမြုတေမှာ စာပေလောကမှ ဝါရင့် ကလောင်ရှင်ကြီးများ အတွက်သာမက မဂ္ဂဇင်းများမှ တိုးဝင်ခွင့် မရနိုင်သေးတဲ့ ကလောင်သစ်တွေကိုလည်း နေရာပေးဖို့ စိတ်ကူးခဲ့ပါတယ်။ ဒါကြောင့် ပေးပို့လာတဲ့ ကလောင်သစ်များအတွက် 'ရွှေအသစ်'ဆိုတဲ့ ကဏ္ဍတစ်ခု ဖွင့်လှစ်ပြီး တစ်ပုဒ်ချင်းဖတ်ကာ ပြန်ကြားစာများနဲ့ ဘာကြောင့် မသုံးဖြစ်တယ်ဆိုတာ ရေးပေးသလို ရောက်ရှိလာတဲ့ ကလောင်သစ်များထဲက တင်သင့်သူတွေကို တင်ပေးပြီး ဖော်ပြပေးနေပါတယ်။

ရောက်ရှိလာတဲ့ စာမူများထဲမှာ ကိုဆေး(ပစိဖိတ်ကမ်းခြေ) ဆိုတဲ့ ကလောင်နာမည်နဲ့ ရေးသားလာတဲ့ ဝါသနာရှင်တစ်ဦးရဲ့ စာမူကို ဖတ်လိုက်ရတဲ့အခါမှာတော့ ရေးလက်ရှိတယ် ဆိုတာ သတိထားလိုက်မိပါတယ်။ ကလောင်သစ်တစ်ယောက်ကို စင်တင်တော့မယ် ဆိုရင် ကျွန်တော့် အတွေ့အကြုံ အရ တစ်ပုဒ်သာ ကောင်းတဲ့ သူတွေလည်း ရှိပြီး အပုဒ်တိုင်း ကောင်းတဲ့ ဝါသနာရှင်တွေလည်း တွေ့ဖူးပါတယ်။ ကိုဆေးရဲ့ စာမူကို ဖတ်လိုက်ရတဲ့ အခါမှာတော့

ဂျပန်နိုင်ငံရောက် မြန်မာများရဲ့ အတွေ့အကြုံကို ဝတ္ထုပုံစံနဲ့ ရေးဖွဲ့ထားတာ ဖြစ်တဲ့အပြင် ဖတ်သင့်ဖတ်ထိုက်တဲ့ ဝတ္ထု တစ်ပုဒ်လို့လည်း ယူဆတာကြောင့် ရွှေအသစ် ကဏ္ဍမှာ မဖော်ပြဘဲ ရွှေဝတ္ထုအဖြစ် ဖော်ပြပေးလိုက်ပါတယ်။

ကျွန်တော် ထင်ထားတဲ့ အတိုင်းပဲ သူ့ဆီက နောက်ထပ် ဆက်တိုက် ရောက်လာတဲ့ စာမူများဟာလည်း အရည်အသွေး ပြည့်မီတဲ့ စာမူတွေ ဖြစ်တာကို တွေ့ရတာကြောင့် ရွှေအမြုတေမှာ နှစ်လခြား၊ သုံးလခြားလောက် ဆက်တိုက် သုံးပေးခဲ့ပါတယ်။ ခုတော့ ကိုဆေးက စာပေ စင်မြင့်မှာ ဝင့်ထယ်နေပါပြီ။ ရွှေအမြုတေ မဂ္ဂဇင်းမှာသာမက ရသစာပေကို ဦးစားပေးတဲ့ ကလျာ၊ မြားနတ်မောင်၊ ချယ်ရီ စတဲ့ မဂ္ဂဇင်းကြီးများမှာလည်း နေရာရလို့ နေပါပြီ။ ၂၀၀၁ ခုနှစ်က စတင် ပုံနှိပ်ဖော်ပြခြင်း ခံရတဲ့ ကိုဆေးက သူ ရေးခဲ့တဲ့ ဝတ္ထုတို ၁၈ ပုဒ်ကို စုစည်းပြီး **ဖူဂျီယာမရိပ်မှ ပန်းပွင့်ငယ်များ** အမည်နဲ့ ဝတ္ထုတိုပေါင်းချုပ် စာအုပ်တစ်အုပ်ကို ထုတ်ဝေဖို့ စီစဉ်လာခဲ့ပါတယ်။ ဒီစာအုပ်မှာ အမှာစာ ရေးပေးပါလို့လည်း သူ ဂျပန်နိုင်ငံမှာ ရှိစဉ်ကတည်းက ဖုန်းဆက် မေတ္တာရပ်ခံထားပါတယ်။

ကျွန်တော်တို့ အယ်ဒီတာများမှာ ကိုယ် တင်တဲ့ ကလောင်တစ်ချောင်း အောင်မြင်သွားရင် ခံစားရတဲ့ ပီတိက ဘာနဲ့မှ မတူပါဘူး။ ကိုယ့်ကို ပထမဆုံး စင်တင်ခဲ့တဲ့ အယ်ဒီတာပဲရယ်လို့ အသိအမှတ် ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ၊ အယ်ဒီတာဘက်ကတော့ ပီတိ ဖြစ်ရတာပါပဲ။ ကိုဆေးရဲ့ စာတွေ တွေ့ရတိုင်း ရရှိတဲ့ ပီတိပေါ့။

ဖြစ်သင့်တာကလည်း အဲဒီလိုပါပဲ။ ရွှေအမြုတေက စင်တင်လိုက်လို့ ရွှေအမြုတေမှာပဲ ဆက်တိုက် ပို့မယ်ဆိုတဲ့ သဘောထား မရှိသင့်ပါဘူး။ မဂ္ဂဇင်းတစ်စောင်က ပွဲထုတ်ပေးလိုက်ပြီ ဖြစ်တဲ့အတွက် တခြားမဂ္ဂဇင်းများမှာ ပွဲတိုးဖို့ရာ ဝန်မလေးသင့်ပါဘူး။ တခြားတိုက်များကိုလည်း စာမူပေးပို့ခြင်းဟာ လုပ်သင့်လုပ်ထိုက်တဲ့ ကလောင်သစ်များရဲ့ အလုပ်တစ်ခု ဖြစ်တယ်လို့ ကျွန်တော် မြင်ပါတယ်။

အောင်မြင်လာပြီ ဖြစ်တဲ့ ကိုဆေး ဒီထက်ပိုပြီး အောင်မြင်နိုင်ပါစေလို့ ဆုတောင်းရင်း ဖူဂျီယာမရိပ်မှာ မွှေးသော ပန်းတစ်ပွင့် ဖြစ်ပါစေလို့လည်း ဆန္ဒပြုလိုက်ပါတယ်။

**ဝင်းငြိမ်း**

## ချယ်ရီမဂ္ဂဇင်းမှ ဒေါ်သပြေရဲ့ အမှာစာ

ကိုဆေး(ပစိဖိတ်ကမ်းခြေ)ရဲ့ ဝတ္ထုတိုများ စုစည်းမှုတွင် အမှာစာ ရေးပေးဖို့ မမဝင်း (ဆရာမကြီး ဒေါ်ကလျာ)က ဖုန်းဆက် ပြောတော့ ဘာရယ်မဟုတ်၊ ကျွန်မ နည်းနည်းတော့ လန့်သွားသည်။ ကိုဆေး စာအုပ်မှာ အမှာစာရေးမယ့်လူ သုံးဦးထဲတွင် မမဝင်း(ဒေါ်ကလျာ)က ကျွန်မထက် အသက် ရော ဝါပါ ကြီးသည်။ ကိုဝင်းငြိမ်းကလည်း ကျွန်မထက် အယ်ဒီတာ အတွေ့အကြုံရော ဝါပါကြီးသည့်သူမို့ ကျွန်မ အမှာစာရေးဖို့ လက်တွန့်မိတာ အမှန်ပါ။ ဒါပေမယ့် ငြင်း ပယ်လို့ မရတဲ့ အကြောင်းနှစ်ချက် ကျွန်မမှာ ရှိပါတယ်။

တစ်ချက်က ကိုဆေးဟာ လူချင်း မတွေ့ဖူးပေမယ့် စာပေအရ ကျွန်မနဲ့ စိမ်းနေသူတစ်ဦး မဟုတ်လို့ပါပဲ။ မိုင်ပေါင်း များစွာ ဝေးတဲ့ ချယ်ရီမြေ ဂျပန်ကနေပြီး ရံဖန်ရံခါ ဖုန်းဆက်ခဲ့ဖူးလို့ပါပဲ။ ယခု အဆက်အသွယ် မရှိကြတာ ၂ နှစ်လောက် ရှိပြီ ထင်ပါတယ်။ နောက်တစ်ချက်ကလည်း ကိုဆေးကို ငြင်းလို့ရပေမယ့် မမဝင်းကိုတော့ ကျွန်မ ငြင်းခွင့် မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မဟာ မမဝင်းကို အစ်မကြီးတစ်ယောက်လို ရှိသေလေးစားလို့ပါပဲ။

အထက်က ပြောခဲ့သလိုပါပဲ၊ ကိုဆေးဟာ စာပေအရ စိမ်းနေသူ မဟုတ်ပါဘူး။ ချယ်ရီ၊ ကလျာ၊ ရွှေအမြုတေ မဂ္ဂဇင်း



အပြင် တခြား မဂ္ဂဇင်းတွေမှာလည်း ဝတ္ထုတိုတွေ ရေးတာ တွေ့ရှိရပါတယ်။ ချယ်ရီမဂ္ဂဇင်းမှာတော့ ဆောင်းပါး၊ တစ်မျက်နှာ ဝတ္ထုတို၊ ရသ ဝတ္ထုတိုတွေ ရေးသားခဲ့ပါတယ်။

သူရဲ့ ဝတ္ထုတိုလေးတွေကို လေ့လာ ကြည့်ရင် အကြောင်းအရာ တစ်ခုကို အသေးစိတ် လေ့လာပြီးမှ ရေးသားထားတာ တွေ့ရှိရပါတယ်။ ဥပမာ 'အသံတိတ်အမြောက်' ဆိုတဲ့ ဝတ္ထုတိုမှာဆိုရင် ဂျပန်နိုင်ငံရောက် မြန်မာအချင်းချင်း အလုပ်တစ်ခုအပေါ်မှာ မူတည်ပြီး ဘယ်လိုလုပ် နေကြရ တယ်၊ ဘယ်လို အနေအထားမှာ ရှိတယ်ဆိုတာ ပေါ်လွင်နေ တယ်။ ပြီးတော့ ဆိုင်ရှင်ရဲ့ ယုတ်မာညစ်ပတ်မှု၊ လူမျိုးတစ်မျိုး ရဲ့ အကျင့်စရိုက်၊ စည်းစနစ်လေးတွေ၊ ဟန်ပန်အမူအရာလေး တွေက အစ ပါရှိပါသည်။

တကယ်တော့ အလုပ်တစ်ဖက်နဲ့ စာရေးဖို့ ဝါသနာ ထုံတဲ့ ကိုဆေးဟာ ဟိုးအစကတည်းက စာရေးခြင်းကို ခုန်မင် ခဲ့လို့ပါပဲ။ စိတ်ကူးယဉ်ခဲ့တာ မဟုတ်ပါဘူး။'စာရေးဆရာ ဖြစ်ချင်တဲ့ ရည်မှန်းချက်လို့ ဆိုရပါမယ်။ တချို့က စာရေး ဆရာ ဖြစ်ချင်ပေမယ့် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ၊ ပတ်ဝန်း ကျင်ကြောင့်ဖြစ်စေ၊ အကောင်အထည် မဖော်နိုင်ခဲ့ကြပါဘူး။ ကိုဆေးကတော့ မိမိ ရည်မှန်းချက်ကို အကောင်အထည် ဖော်နိုင်တဲ့ အနေအထားမှာ ရှိတာမို့ အကောင်အထည် ဖော်

နိုင်ခဲ့ပါတယ်။

စာရေးခြင်း အတတ်ပညာ ဆိုတာလည်း လူတိုင်း လုပ်နိုင်တာမှ မဟုတ်ဘဲ။ စာရေးချင်သူရဲ့ ဝါသနာ၊ ဘဝ၊ အနေအထားတို့ ပေါင်းစပ်ပြီး ကြိုးစားမှ ဖြစ်လာတဲ့ ကိစ္စပေကိုး။ တစ်ခုတော့ ရှိပါတယ်။ မိမိ ရေးခဲ့တဲ့ စာတွေဟာ နှလုံးသားနဲ့ ခံစားပြီး ရေးတဲ့စာတွေကတော့ အကောင်းဆုံးပေါ့လေ။

နောက်ဆုံး ကိုဆေးကို ပြောချင်သည်က စလိုက်မိပြီဆိုသည်နှင့် ဆက်လုပ်ပါ။ ထိုအလုပ် လက်စသတ်လိုက်သည်နှင့် ကျေနပ်မှု၊ အားရမှု၊ ဝမ်းမြောက်မှု အရသာတို့က ကြိုဆိုလက်ကမ်းနေလိမ့်မည်။

သပြေ



## ဖူဂျီယာမရိပ်မှ စေတနာရှင်တစ်ဦး သို့မဟုတ် ကိုဆေး(ပစိဖိတ်ကမ်းခြေ)

လူသားတိုင်းမှာ ကိုယ့်ဝါသနာ၊ ကိုယ့်ယုံကြည်ချက်၊ ကိုယ့်ခံစားချက်များ ရှိကြသည်ချည်းသာ။ သို့သော်လည်း ကိုယ့်ဝါသနာနှင့် ကိုယ့်ယုံကြည်ချက်များကို ပုံဖော်ခွင့် မရဘဲ ခံစားရုံ သက်သက်ဖြင့်သာ ဘဝကို ဖြတ်သန်းနေကြရသူ အများအပြား ရှိကြပါသည်။ ဒီနေ့ခေတ် လူသားများသည် မနေ့ကခေတ်မှ လူသားများထက် ပိုပြီး အလုပ်လုပ်ကြရ၊ အလုပ်ရှုပ်ကြရ၍ ကိုယ့်ဝါသနာ ဆိုသည်ကို နောက်မှာထားပြီး မိသားစု စားဝတ်နေရေး၊ ကိုယ့်တိုးတက်ရေးတို့အတွက် နေ့မအား ညမနား ကြိုးပမ်းနေကြရသော ကာလ ဖြစ်ပေသည်။ ထိုသို့သော လူသား အများစုထဲမှာ ကိုဆေး ဆိုသော လူငယ်တစ်ယောက်လည်း ပါဝင်နေပါ၏။ သို့သော် ကိုဆေးသည် အလုပ်ပင်ပန်းမှုကို အနားယူခြင်းဖြင့် အပန်းမဖြေဘဲ သူ့ဝါသနာကို ပုံဖော်ရင်းဖြင့် အချိန်ကာလများကို ဖြတ်သန်းနေသူ ဖြစ်ပါ၏။

ဂျပန်နိုင်ငံသို့ မြန်မာနိုင်ငံမှ သွားရောက် အလုပ် လုပ်ကိုင်နေကြသူ အများအပြားထဲမှာ ကိုဆေးလည်း တစ်ယောက် ပါဝင်ခဲ့ပါသည်။ ကမ္ဘာကျော် ဖူဂျီယာမ တောင်ကြီးဘည်ရှိရာ ဂျပန်နိုင်ငံ၌ နေထိုင်ခဲ့ချိန်က အတွေ့အကြုံများ၊

ခံစားချက်များကို သူ့အတွေးနှင့် ပုံဖော်ကာ စာမျက်နှာများပေါ်သို့ ချပြခဲ့သူ ဖြစ်ပေသည်။

လူသားတို့သည် ဆန်းပြားသော အတွေ့အကြုံ၊ ခက်ခဲသော အဖြစ်အပျက်များနှင့် ကြုံဆုံတိုင်းလည်း စာပေရေးသား၍ တခြားသူများကို ခံစားမှု မျှဝေနိုင်အောင် မစွမ်းဆောင်နိုင်ကြပါ။ စာဖြင့် ရေးမပြတတ်ကြပါ။ တချို့ကျတော့လည်း အတွေ့အကြုံ နည်းနည်းလေးကိုပင် မိမိ၏ အတတ်ပညာဖြင့် ပေါင်းဖွဲ့ကာ တင်ပြပုံ လှပသဖြင့် သူ့'စာ'ကို လူတွေ စွဲမက်နှစ်သက်အောင် ရေးသားတင်ပြနိုင်ကြပါသည်။

ထိုသို့ ခံစားမှု မျှဝေနိုင်သော စာရေးသားခြင်း အတတ်ပညာကို ကိုဆေး ဆိုသူက တတ်ကျွမ်းပါပေသည်။

သူသည် ဂျပန်နိုင်ငံတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ဖူးသူ ဖြစ်၍ ဂျပန်နိုင်ငံ၏ အတွေ့အကြုံများ၊ ဖူဂျီယာမတောင်ထိပ်အထိ ညအိပ်ညနေ တက်ရောက်ခဲ့ဖူးသော အကြောင်းများ၊ မြို့တော် တိုကျိုအပြင် ကျိုတို၊ ဟီရိုရှီးမားစသော ဂျပန်နိုင်ငံ၏ မြို့ကြီးများ၊ ပစိဖိတ်ကမ်းခြေဒေသမှ ဂျပန်ကျွန်းများပေါ်သို့ ရောက်ခဲ့ဖူးသော ဒေသန္တရ ဗဟုသုတများအပြင် လုပ်ငန်းခွင်အတွင်းမှ မြန်မာ အချင်းချင်း၏ ကူညီယိုင်းပင်းမှု၊ ကောက်ကျစ်စဉ်းလဲမှုနှင့် နိုင်ငံခြားသားတို့၏ မတူညီကြသော လူနေမှုဘဝများ စသည့် အတွေ့အကြုံပေါင်း



များစွာထဲမှာ ကြင်လည်နေခဲ့ဖူးသူ တစ်ဦး ဖြစ်ပေသည်။

ထိုအတွေ့အကြုံများ၊ ခံစားချက်များကို သူ၏ဝါသနာနှင့် ပေါင်းစပ်ပုံဖော်၍ တစ်မျက်နှာဝတ္ထု၊ ဝတ္ထုတို၊ ဝတ္ထုရှည်များစွာကို ရေးသား၍ ပေးပို့ခဲ့ရာမှာ သူ့ကို မသိ၊ မမြင်ဖူးကြပါပဲနှင့် မဂ္ဂဇင်း စာမျက်နှာများပေါ်သို့ တင်ပေးခံရသူ ဖြစ်ခဲ့ပါသည်။ မဂ္ဂဇင်းတိုက်သို့ ပို့ကြသော စာမူမြောက်မြားစွာထဲမှ အယ်ဒီတာများ၏ ရွေးချယ်ခြင်းခံရသော ကလောင်ရှင် တစ်ဦး ဖြစ်လာခဲ့သည့် သူ့အရည်အချင်းကို အကဲခတ်နိုင်လောက်ပါပြီ။

ယခု သူ၏ 'ဝတ္ထုတိုပြပွဲ'ဟု အမည်တပ်ထားသော ဝတ္ထုတို ၁၅ ပုဒ်၊ မဂ္ဂဇင်းများမှ တစ်မျက်နှာဝတ္ထု ၃ ပုဒ်ကိုလည်း ကျွန်မတို့နည်းတူ စာဖတ်ပရိသတ်များ လက်ခံနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ ထိုအမှာစာနှင့် တစ်ဆက်တည်းပင် ကိုဆေး ဂျပန်ပြည်တွင် ရှိစဉ်က အကြောင်းများကို တင်ပြပါရစေ။

ကိုဝင်းငြိမ်း၏ အလင်းတန်းဂျာနယ်တွင် လိုအပ်နေသော လူမှုရေး ကူညီမှုများကို ကိုဝင်းငြိမ်း ကိုယ်တိုင်နှင့် "သန်းမြင့်အောင်"တို့က ရေးသား ဖော်ပြလေ့ရှိကြပါသည်။ ထိုသို့ အကူအညီ လိုအပ်နေသော နေရာ တော်တော်များများအတွက် ကိုဆေး ဦးဆောင်ပြီး ဂျပန်ရောက် မြန်မာ ရွှေညီ

အစ်ကိုများ၏ အလှူငွေများကိုလည်း ကျွန်မထံ မကြာခဏ ပို့ပေးနေသော စေတနာရှင်တစ်ဦးလည်း ဖြစ်ပါသည်။ သူတို့ ပို့သော ငွေကို ကျွန်မကလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် ပရဟိတ ဂေဟာများ၊ နာရေးကူညီမှုအသင်း၊ ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်း စသော လူမှုဒုက္ခရှိရာ နေရာများသို့ သွားရောက် လှူဒါန်းပေးပြီး လက်ခံဖြတ်ပိုင်းများကို ဂျပန်သို့ ပြန်ပို့ပေးနေကျ ဖြစ်ပါ၏။

ထို့အပြင် ကိုဝင်းငြိမ်းနှင့် ကျွန်မ အပါအဝင် ဒေါ် ပတ္တမြားခင် ရန်ပုံငွေ အဖွဲ့မှ နှစ်စဉ် စာရေးဆရာ ငါးဦး၊ ခြောက်ဦးခန့်ကို 'ဒေါ်ပတ္တမြားခင်၏ မွေးနေ့ဆု'အဖြစ် ကူညီ ထောက်ပံ့ရာမှာလည်း ကိုဆေးနှင့် ဇနီး နီနီအောင်တို့က နှစ်စဉ် နှစ်တိုင်း မပျက်မကွက် ငွေတစ်သိန်း လှူဒါန်းနေကျ ဖြစ်ပါ၍ ကျွန်မတို့အဖွဲ့၏ ကျေးဇူးရှင် ဇနီးမောင်နှံလည်း ဖြစ်ပါသည်။


ယခု စာအုပ်ကိုလည်း အမြတ်အစွန်း အဓိကမထားဘဲ အကောင်းဆုံးဖြစ်အောင် လုပ်ပေးပါ၊ အမြတ်ရခဲ့လျှင်လည်း လှူမှာပါ ဆိုသော သူ၏ စေတနာကို လေးစားစွာဖြင့် သည် စာအုပ် ဖြစ်မြောက်အောင် ကျွန်မက ကူညီဆောင်ရွက်ပေး ခဲ့ခြင်း ဖြစ်ပါသည်။ ဤစာအုပ်တွင် တစ်စုံတစ်ရာ ချွတ်ယွင်းမှု တွေ့ခဲ့လျှင် စာမူရှင် ကိုဆေးနှင့် မသက်ဆိုင်ဘဲ ကျွန်မ၏



ညံ့ဖျင်းမှုသာဖြစ်ပါကြောင်း ကြိုတင် အစီရင်ခံထားပါရစေ...။

ဤစာအုပ်၏ မျက်နှာဖုံးနှင့် အတွင်းပုံများ အားလုံးကို လည်း ကိုဆေးကိုယ်တိုင် ရေးဆွဲ ဒီဇိုင်းဆင်ထားခြင်း ဖြစ်ပါ သည်။ ဤသို့ စာရေးခြင်း၊ ပန်းချီဆွဲခြင်း၊ ဒီဇိုင်းဆင်ခြင်း စသော ကိုဆေး၏ အနုပညာ ဝါသနာများကို ချီးမွမ်းရင်း ကိုဆေး အောင်မြင်ပါစေဟု ဆုတောင်းပါသည်။ စေတနာ ထက်သန်စွာ လှူဒါန်းလေ့ရှိသော ကိုဆေးနှင့် ဇနီး နီနီအောင် တို့လည်း အောင်မြင်တိုးတက်ကြပါစေ။ ဆန္ဒရှိသမျှ ပြည့်ဝ ကြပါစေဟု ဆုတောင်းမေတ္တာပို့သရင်း ကျွန်မ၏ အမှာစာကို နိဂုံးချုပ်ပါသည်...။

ဒေါ်ကလျာ



အပိုင်း ၊ တစ် ၊ ပန်းလက်ဆောင် ၊ အင်္ဂါဂြိုဟ်မှခြင်္သေ့မ

## အင်္ဂါဂြိုဟ်မှခြသေ့်မ၊ ပန်းလက်ဆောင်၊

သမိုင်းက စတွက်ကတည်းက ကျုပ်တို့ကားကို လိုက်တွန်းနေတာလေ။ ကျုပ်တို့ကား ကျောက်ချထားရင် သင်းတို့ကားလည်း ကျောက်ချထားတယ်။

ကျော်လည်းမတက်ဘူး။ ကျုပ်တို့ ဒီလိုင်းကို မနေ့တစ်နေ့ကမှ ရောက်လာတယ်ဆိုပြီး တမင်ရစ်နေတာလေ။

ဟင်း…ကျုပ်အကြောင်း မသိသေးလို့ပါ။

ခုလည်းကြည့်၊ လှည်းတန်းမီးပွိုင့်မိနေတဲ့အချိန်၊ ကျုပ်တို့ကားရဲ့ ဘယ်ဘက်လိုင်းကို ဝင်လို့ရပါရက်နဲ့ မဝင်ဘူး။ ညာဘက်က ကျုပ်တို့ကားနဲ့ ယှဉ်ရပ်ထားတဲ့ လူအပြည့်အသိပ် ထည့်ထားပြီး အမောဖြေနေတဲ့ ဟီးနိုးကြီးနောက်မှာ ဝင်ပြီးခိုနေတာလေ။

ကျုပ် မိုက်ကြည့်ကြည့်လိုက်တော့ မမြင်သလို မသိသလို အချိုးနဲ့ ကျုပ်တို့ကားမောင်းတဲ့ အဘိုးကြီးကလည်း တကယ်မပြောချင်ဘူး။ ကားမောင်းနေတာ ရေစည်လှည်းတွန်းနေသလိုပဲ။ အိပ္ပဲအိပ္ပဲနဲ့၊

ကျုပ် လုပ်စရာ တစ်ခုပဲ ရှိတော့တယ်။ ဒီကောင်တွေကားကို ဖြတ်ပလိုက်မှ၊ နို့မို့ဆို မလွယ်ဘူး။ ကျုပ် သည်းခံနိုင်တဲ့ အတိုင်းအတာ ကျော်သွားရင် ပြဿနာတက်တော့မယ်။

"လိုင်းပေါက်...စိုက်ပျိုးရေး...ဟံသာဝတီပါလား" လို့ ကျွပ် မေးလိုက်တယ်။

"လိုင်းပေါက်ပါတယ်" ဆိုတဲ့ အသံနဲ့အတူ ကားထဲက ရယ်သံတွေ ကြားလိုက်ရတယ်။ ဒါ ဘာသဘောလဲ။ ရယ်စရာ တစ်ခုမှ မပါဘူး။ လျောင်တာလား။ ကျွပ် စိတ်တိုတိုနဲ့ ကားထဲကို ခေါင်းငုံ့ဝင်လိုက်တယ်။ နောက်...

"လိုင်းပေါက်...စိုက်ပျိုးရေး...ဟံသာဝတီပါလား" လို့ မျက်နှာထား တင်းတင်းနဲ့ ထပ်မေးလိုက်တယ်။

"လိုင်းပေါက်ပါတယ်လို့ ဘယ်နှခါ ပြောရမလဲ၊ စပယ်ယာ လုပ်ပြီး ဒီလောက်တောင် နားလေးရလား"

ကျွပ်ထက် ပိုစိတ်တိုပုံရတဲ့ မိန်းမတစ်ယောက်ရဲ့ ခပ်စွာစွာ အသံဟာ ဘေးမှာယှဉ်ရပ်ထားတဲ့ ဟီးနိုးကားကြီးထဲက ထွက်ပေါ်လာခဲ့တယ်။

ကားထဲက ရယ်သံတွေနဲ့အတူ ငုံ့ထားတဲ့ ကျွပ်ရဲ့ခေါင်းဟာ ကားပြင်ကို လွင့်ထွက်လာခဲ့တော့တယ်။

"ဟင်း...ဒါ မပြောလိုက်ချင်ဘူး၊ သင်းပဲအပြောကောင်း"

■■■

(ချယ်ရီ,NOV.1999)




မနက်ဖြန်ဆိုကြာမှာစိုးလို့ ဒီနေ့ပဲ ပေးခဲ့မယ်

# မနက်ဖြန်ဆိုကြာမှာစိုးလို့ ဒီနေ့ပဲပေးခဲ့မယ်

(၁)

မနက်ကိုးနာရီကတည်းက ကျုပ် ဒီတံခါးကထွက်လိုက်တာ၊ ခု ညတစ်နာရီထိုးခါနီးမှ ပြန်ရောက်တော့တယ်။

နှစ်ပိုင်းရိုက်တဲ့ ခေတ္တဂျပန်လေ။ ယမ်း(Yen)နောက်ကို အသဲအမဲ လိုက်နေတာ။ ရယူလိုမှုအတွက် တစ်နေ့တာရဲ့ အချိန်သုံးပုံနှစ်ပုံကို ပေးဆပ်ခဲ့ရတယ်။

ခေတ္တဂျပန်ဆိုတဲ့ အသံက မောင်းတီးသလို ကျယ်လောင်နေပေမယ့် လူပင်ပန်း၊ စိတ်ပင်ပန်းနဲ့ ပြန်ခဲ့ရတဲ့ရက်တွေ၊ စိတ်ရော၊ ရုပ်ရော၊ တဖြည်းဖြည်း ကျဆင်းယိုယွင်း ပေးဆပ်ခဲ့ရတာတွေကတော့ ခေါင်းမြီးခြုံပြီး ချွတ်နင်းဝင်လာခဲ့တော့တယ်။

အင်း...သေတော့လည်း ဘာမှယူသွားနိုင်မှာမဟုတ်။ တရားသဘောကို ရေးရေးလေး သိနားလည်ပေမယ့်လည်း ပုထုဇဉ်ဆိုတော့ အင်း...ပုထုဇဉ်ပဲပေါ့။ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ မီးသုံးမီး ဖြတ်ဖို့ဆိုတာ လွယ်တာမှတ်လို့နေ့။ မိုးရွာတုန်း ရေခံတာပဲလေ။

ကျောပိုးအိတ်ထဲက သော့ထုတ်လိုက်ပြီး 403 အခန်းရဲ့တံခါးကို ဖွင့်လိုက်တော့တယ်။

(၂)

"အမေတို့လုပ်တာ လုံးဝ အဓိပ္ပာယ်မရှိဘူး။ အမေသားသမီးတွေ ဂျပန်မှာဆိုတာ မေ့နေပြီလား"

ကျုပ် တံခါးအဖွင့် နားထဲကို ပြေးဝင်လာတဲ့ အငယ်မရဲ့ စူးစူးရှရှ အသံကို ကြားလိုက်ရတယ်။

"အမေတို့ကလည်း ဒီလောက်တောင် မေ့တတ်ရသလား" လို့ အပြစ်တင်တွေးရင်း ကျုပ် အိမ်ထဲ အသာဝင်လာခဲ့တယ်။

စပီကာဖုန်းကနေ အမေ့အသံကို တစ်ခန်းလုံး ကြားနေရတယ်။ ရန်ကုန်က အမေနဲ့ ညီအစ်မနှစ်ယောက် ရှင်ပြုဖို့ကိစ္စပြောရင်း ရန်ဖြစ်နေကြတာ။

ဘုန်းကြီးကျောင်းမှာလုပ်မယ်၊ ဟိုတယ်မှာလုပ်မယ်နဲ့ နေရာရွေးဖို့ကိစ္စ မပြေမလည် ဖြစ်နေကြတာလေ။

"အမေတို့ မလုပ်ရင်နေ၊ ကိုယ့်ဘာသာကိုယ်လုပ်မယ်၊ ဒါပဲ" ဆိုပြီး အကြီးမ ဖုန်းကို ဂွပ်ခနဲ ဒေါသတကြီး ချပစ်လိုက်တယ်။

"နေပါစေ အစ်မကြီး။ အကျိုးဆောင်တွေရှိတယ်၊ ပိုက်ဆံပေးရင် လုပ်ချင်တာ လုပ်လို့ရတယ်၊ သူတို့ကို ဘာမှပြောမနေနဲ့"

"အေး...ဟုတ်တယ်၊ မနက်ကျမှ ဝီလေးကို ဖုန်းဆက်ပြီး အားလုံးစုံစမ်းခိုင်းမယ်"



"ဟဲ့...ဘယ်လို ဖြစ်နေကြတာလဲ၊ ငါ့လည်း ပြောပါဦး" လို့ မသိချင်ယောင်ဆောင်ပြီး ကျုပ် မေးလိုက်တယ်။

"ဘာဖြစ်ရမှာလဲ ကိုကြီးရ၊ ဝီလေးကို ရှင်ပြုမလို့လေ၊ အဲဒါ အမေတို့က ဘုန်းကြီးကျောင်းမှာ လုပ်မယ်တဲ့"

"ဟာ...ရှင်ပြုတာ ဘုန်းကြီးကျောင်းမှာမပြုလို့ ဘယ်မှာပြုမှာလဲ"

"ဟာ...အောက်လိုက်တာ ကိုကြီးရာ၊ ခု ရှင်ပြုတာ၊ ညည့်ခံတာ၊ ဟိုတယ်ကြီးတွေမှာ လုပ်နေကြတာ မသိဘူးလား။ ကိုကြီးလည်း ကျန်ခဲ့ပြီ၊ အဲဒါကြောင့် လူပျိုကြီးဖြစ်နေတာ"

အငယ်မရဲ့ ငေါ့တော့တော့ စကားကြောင့် ကျုပ် နည်းနည်းတော့ ရှက်သွားမိတယ်။ ကျုပ် မသိတဲ့ကိစ္စ ရှက်တာမဟုတ်ပါဘူး။ ဆီမဆိုင်ဖျာ၊ လူပျိုကြီးဆိုတာနဲ့ ပိန္နဲပင်ကို လာလာချိုင်နေတယ်။ သစ်ခနဲဆို ဒီပိန္နဲပင်ပဲ ခလုတ်တိုက်နေတော့...

"လူကြီးမိဘက မိရိုးဖလာ လုပ်နေကျ ထုံးတမ်းစဉ်လာအတိုင်း ဘုန်းကြီးကျောင်းမှာ စီစဉ်တာ၊ နင်တို့က ဘာကိစ္စ ဖင်လိန်ကာ,ချင်ရတာလဲ" လို့ ကျုပ်လည်း စပ်ဖျဉ်းဖျဉ်းရှိတာနဲ့ ရမ်းပစ်လိုက်တယ်။

"အောင်မယ်၊ မပြောကောင်းမဆိုကောင်း၊ ကိုကြီး မိန်းမရသားယောက်ျားလေး မွေးတော့မှ လူကြီးမိဘသဘောကျမယ့် မိရိုးဖလာ ထုံးတမ်းစဉ်လာအတိုင်း ဘုန်းကြီးကျောင်းမှာလုပ် သိလား။ ခိုလှုံသားကိုတော့ ခမ်းခမ်းနားနား ဟိုတယ်ကြီးတစ်ခုမှာ ကြီးကြီး

ကျယ်ကျယ်ကို လုပ်ပြလိုက်ဦးမယ်"

ဒုတိယအကြိမ် အရိုက်ကို လာမှန်တဲ့ ပွဲသိမ်းလက်သီးပေပဲ။ အကြီးမကို ကျုပ် ဘာပြောရမှန်း မသိတော့ပါဘူး။ စိတ်ထဲကသာ ဗျော့ဒိ(Byoo Ki)၊ ဗျော့ဒိလို့ မကျေမချမ်း ရေရွတ်နေမိတော့တယ်။

(၃)

တီတီ...တီတီ...

အလန့်တကြား ထအော်လာတဲ့ ဖုန်းသံကြောင့် အိပ်ချင်မူးတူးနဲ့ ဖုန်းကို ကောက်ကိုင်လိုက်တယ်။

"ဟလို...ဟလို...ဂျပန်ကပါလားရှင်"

"အား...ဟုတ်ပါတယ်ခင်ဗျား"

"မြန်မာပြည်က ခေါ်ပါတယ်ရှင်၊ ခဏကိုင်ထားနော်"

"ဟုတ်ကဲ့...ဟုတ်ကဲ့ ကိုင်ထားပါမယ်ခင်ဗျား"

စမ်းရေစီးသံလေးကြောင့် မျက်လုံးတွေ ကျယ်သွားရတယ်။ Over Sea က ကောင်မလေးရယ်၊ နာမည်လေးတောင် ပြောမသွားဘူး။

"ဟဲလို...သားကြီးလား"

"ဟုတ်ကဲ့...ကိုင်ထားပါ့မယ်ခင်ဗျာ"

"ဟဲ့...သားကြီး၊ အမေပါ၊ ဘာဖြစ်နေတာလဲ၊ အိပ်နေတာလား"

"အဟီး...အမေလား၊ နေကောင်းလား"



"အေး...ကောင်းပါတယ်၊ သားကြီး ဒီနေ့ အလုပ်ပိတ်ရက် မဟုတ်လား၊ ဟိုညီအစ်မနှစ်ယောက် မရှိဘူး မဟုတ်လား"

"မရှိဘူး အမေ၊ အလုပ်သွားကြတယ်၊ အမေ ဘာပြောမလို့လဲဟင်"

"ပြောချင်တာတော့ အများကြီးပဲ သားရယ်၊ အမေတို့လည်း အသက်ကြီးပြီ သား၊ အမေတို့ မသေခင် မြေးလေးကို ရှင်ပြုပေးသွားချင်တယ်"

"ကောင်းတာပေါ့ အမေ၊ ဇီလေးလည်း ခု ဆယ်တန်းဆိုတော့ ဘယ်ငယ်တော့မလဲ"

"ဟုတ်တယ်၊ အဲဒါလေ မင်းတို့ ပြန်လာတဲ့အထိ စောင့်ဖို့ဆိုတာ မင်းတို့က ဘယ်တော့ ပြန်လာမယ်မှန်း မသိ"

"ရုံခါတော့ ပြန်လာမှာပေါ့ အမေ၊ ရုံက ခါတော့မှာ"

"ဟဲ့...လူကြီးက အကောင်းပြောနေတာ၊ နောက်မနေနဲ့ အဲဒါလေ ရှင်ပြုဖို့ကိစ္စ မင်း ညီအစ်မ နှစ်ယောက်နဲ့ တိုင်ပင်တာ ငါ့မှာ ကုသိုလ်က မစ,ရသေးဘူး၊ ဒေါသ အရင်ဖြစ်ရတယ်"

"ဘာဖြစ်လို့လဲ အမေ"

"ကလစ်...!"

ဟာ...ကောင်းခန်းရောက်မှ အချိန်ပြည့်လို့ ဖုန်းလိုင်းပြတ်သွားတာလေ။

စမ်းရေစီးသံလေး ထပ်ကြားရဖို့ကတော့ မလွယ်။ ကောင်းခန်း

ကာလည်း ရောက်နေဆိုတော့ ကျုပ် ဖုန်းခွက်ပေါ်က နံပါတ်ဆယ့်နှစ်လုံးကို နှိပ်လိုက်တယ်။

001 951 234567.

"ဟဲလို…အမေ ပြော၊ လိုင်းပြတ်သွားလို့"

"အေး…ဟုတ်တယ်၊ သားကြီး၊ အဲဒါလေ မင်းညီအစ်မ နှစ်ယောက်က ဟိုတယ်မှာ လုပ်မယ်တဲ့၊ အမေတို့ မိရိုးဖလာ ထုံးစံကတော့ သားကြီးသိတဲ့အတိုင်း၊ ရှင်ပြုတာ ဘုန်းကြီးကျောင်းမှာပဲ လုပ်ကြတာ မဟုတ်လား။ အမေတို့မှာလေ ဆရာတော်ကိုလည်း လျှောက်ပြီးပြီ၊ မွေမိတ်ဆွေတွေကိုလည်း ပြောဆိုပြီးပြီလို့ ပြောတော့ မင်းညီအစ်မနှစ်ယောက်က ဟိုတယ်မှာ ညည့်ခံကျွေးမွေးပြီး ဘုန်းကြီးကျောင်းမှာ တစ်ခါ ထပ်ကျွေးပါတဲ့"

"ဟာ…အဓိပ္ပာယ်မရှိတာ အမေရာ၊ နှစ်ခါကုန်၊ နှစ်ခါအလုပ်ရှုပ်တာပေါ့"

"အေးပေါ့ သားရယ်၊ အဓိပ္ပာယ်ရှိရှိနဲ့ ရှူလို့ ကုန်သွားတာ အကြောင်းမဟုတ်ဘူး၊ သူတို့ ပင်ပင်ပန်းပန်း ရှာထားရတာ၊ မကုန်သင့်တာ မကုန်အောင်ပါ၊ ကိုယ် စေတနာရှိရင် ဘုန်းကြီးကျောင်းမှာပဲ ကောင်းကောင်းကျွေး၊ ကောင်းကောင်းလှူလို့ရတာပဲ၊ နောက် သားကြီး စဉ်းစားကြည့်လေ၊ အမေတို့မှာ အသိမိတ်ဆွေတွေက အများသား။ ဒီလူတွေအားလုံး ဟိုတယ်ကြီးကို လာဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ"



"ဟုတ်တယ် အမေ၊ အမေ့သမီးတွေက ပိုက်ဆံရှိတယ်ဆိုပြီး လုပ်ချင်ရာ လုပ်တာလေ၊ လုပ်သင့်မလုပ်သင့် မစဉ်းစားဘူး"

"အဲဒါ ပြောတာပေါ့ သားရယ်၊ မင်းအဖေ ဆိုတာလည်း အတော် စိတ်မကောင်းဖြစ်နေတာ၊ မိဘက သင့်တော်တဲ့ဟာ လုပ်သင့် လုပ်ထိုက်တဲ့ဟာ စီမံတာ၊ မိဘစကား နားမထောင်ဘူးဆိုပြီးလေ၊ အဲဒါကြောင့် သားကြီးဆီ အမေ ဖုန်းဆက်တာပါ၊ သားရဲ့ ညီမနှစ်ယောက်ကို အကျိုးသင့် အကြောင်းသင့် သဘောပေါက်အောင် ပြောပေးဖို့လေ"

"လွယ်တော့ မလွယ်ဘူး အမေ၊ ဒါ သူတို့ရဲ့ဗရောခီ အမေ"

"ဗရောခီ…ဘာလဲဟဲ့ သားရဲ့"

"သြော်…ဂျပန်လိုပါ၊ မြန်မာလိုဆို ရောဂါပေါ့ အမေ၊ ဂျပန်ရောက်တဲ့သူတချို့ ဖြစ်တတ်တဲ့ ဘဝင်ရောဂါလေ၊ သား ကြိုးစားကြည့်ပါဦးမယ် အမေ"

"အေး…အေး…ကောင်းကောင်းမွန်မွန် ပြောကြည့်ပေါ့ သားရယ်၊ မရတော့လည်း ဘယ်တတ်နိုင်မလဲ၊ ဒါပဲနော် သားကြီး"

"ဟုတ်ကဲ့ပါ အမေ၊ ဒါပဲနော် အမေ"

အင်း…အမေကတော့ ကျုပ်ကို ဂူထဲမှာ အိပ်ပျော်နေတဲ့ ကျားနှစ်ကောင်ရဲ့ နှုတ်ခမ်းမွေး နှုတ်ခိုင်းချေပြီ။

ပိန္နဲပင်တော့ ဒီည လဲတော့မယ် ထင်တယ်။

(၄)

ခေတ္တဂျပန်တဲ့...။

မြန်မာပြည်ရဲ့ ဇာတ်ခုံတစ်ခုပေါ်မှာတော့ ရွှေရောင်ငွေရောင် တောက်ပနေတဲ့ မင်းသား၊ မင်းသမီးလေးတွေပေါ့။

ဇာတ်ခုံရဲ့ နောက်ကွယ်မှာတော့...

တတမိ(Tatami)ဆိုတဲ့ ဂျပန် မြက်ဖျာတစ်ချပ်ရဲ့ အကျယ်က ဘယ်လောက်ရှိမလဲ။ အနံက နှစ်ပေခွဲလောက်နဲ့ အလျား ငါးပေ လောက်ပေါ့။ ဒီဖျာကို စံထားပြီး ဖျာခြောက်ချပ်စာ တစ်ခန်း၊ ဖျာ ရှစ်ချပ်စာ တစ်ခန်းလို့ အိမ်ခန်းတွေရဲ့ အကျယ်ကို ပြောကြတယ်။

ဖျာ ခြောက်ချပ်စာ တစ်ခန်းမှာ လူနှစ်ယောက်လောက်ဆို အတော်ပါပဲ။ လူနှစ်ယောက်တည်း ပြောတာနော်။

ကောက်ထားတဲ့ ပစ္စည်းတွေ၊ ဈေးချိုချိန်နဲ့တိုးလို့ ဝယ်ထားတဲ့ ပစ္စည်းတွေ၊ ဆယ်ပြားဈေးက ပေါချောင်ကောင်း ရထားတာတွေ၊ လက်ဆောင်ရထားတာတွေ၊ ဝါသနာပါလို့ တန်ဖိုးကြီးပေး ဝယ်ထား တဲ့ ပစ္စည်းတွေ ထည့်လိုက်လို့ကတော့ဖျာ ကွမ်းယာဆိုင် ကျဉ်းကျဉ်း လေးထဲ အိမ်က ထမင်းလာပို့တဲ့ မိန်းမပါ ဝင်ထိုင်နေသလို ဖြစ် သွားမယ်။

အခန်းကျဉ်းလေးထဲမှာ လေဝင်လေထွက်ဆိုတာ မျှော်နေတဲ့ လူမှာ အသက်ရှူသလောက်ပဲရှိမယ်။ ကဲ...သတ္တိရှိရင်တော့ အဝင် တံခါးနဲ့ ဝရန်တာတံခါး ဖွင့်ထားပေါ့။ နွေဆို အိမ်ပေါင်းစုံရဲ့ အအေး



စက်က ပို့သလိုက်တဲ့ အပူလှိုင်းတွေ အလည်ဝင်လာလိမ့်မယ်။

ဆောင်းဆိုရင်တော့ အင်း...တံခါးဖွင့်ထားတဲ့အထိ သတ္တိ ကောင်းတယ် ပြောမလား၊ မိုက်လုံးကြီးတယ် ပြောမလား။ ကျုပ် တော့ ဂလိုမျိုးပုဂ္ဂိုလ် ခုထိ မတွေ့မိသေးဘူး။

အထက်လမ်း၊ အောက်လမ်း ဆရာကြီးတွေရဲ့ စွမ်းဆောင် ချက်ကြောင့်၊ ရိုက်ချက်ကြောင့် မြန်မာအနံ့က ရွှေမြန်မာတွေလေ အထက်လမ်း၊ အောက်လမ်း နည်းမျိုးစုံသုံး ရောက်ရှိလာပြီး ဒီအခန်း ကျဉ်းလေးတွေထဲမှာ ရှေးရေစက် ဆုံစည်းကြတော့တယ်။

နီးစပ်ရာ နီးစပ်ရာ ညီအစ်ကိုမောင်နှမ၊ မိတ်ဆွေ၊ မသိသူ ရော၊ သိသူရော ပေါင်းစု နေထိုင်ကြတယ်ဆိုတော့ တစ်မိတည်းက မွေးလာကြတဲ့ ညီအစ်ကို၊ မောင်နှမတွေတောင် ဘာမှန်း မသိတဲ့ မာနလေးတွေ၊ အဆင်မပြေ အလိုမကျမှုတွေကြောင့် မကြာခဏ စကားများကြရတာ။

ဘာသာ၊ လူမျိုး၊ အကျင့်စရိုက်၊ ဝါသနာမတူတဲ့ သူစိမ်း ပုဂ္ဂိုလ်တွေ အတွက်ကတော့ ဘာပြောစရာ လိုမလဲ။ မကျေနပ်မှု၊ အလိုမကျမှု၊ မုန်းတီးမှုတွေဟာ တောက အကြွေးထူတဲ့ ကုန်စုံဆိုင် လေး တစ်ဆိုင်ရဲ့ အကြွေးစာရင်းလိုပါပဲ။ တစ်နေ့တခြား များပြား လာခဲ့တော့တယ်။

အလုပ်ထဲမှာလည်း ဘာသာစကား နားမလည်လို့ ဒုက္ခ ရောက်ရ၊ ရတာမလို လိုတာမရ အိုကာကွဲနေတဲ့ ဂျပန် အဘိုးကြီး။

အဘွားကြီးတွေရဲ့ အောက်လမ်း ပညာနဲ့ ဆော်ခံရ၊ ရိုင်းစိုင်းတဲ့ ပုဂ္ဂိုလ်တွေရဲ့ အပြုအမူ၊ အပြောအဆိုတွေ သည်းခံရ၊ မူးရူးနေတဲ့ ဧည့်သည်တွေရဲ့ ယဉ်ကျေးမှုမပါတဲ့ ဆက်ဆံရေးတွေဟာ အနည်းနဲ့အများ တစ်နေ့မဟုတ် တစ်နေ့ ကျုပ်တို့ ရင်ဆိုင်နေရတဲ့ အဆင်မပြေမှုတွေလေ။

ဒါက မာစတာတွေနဲ့ ဆက်ဆံရတဲ့အပိုင်း။

ကိုယ့်အချင်းချင်း ပညာပြမှု၊ သူဌေး မျက်နှာလို မျက်နှာရ လုပ်မှု၊ ဆရာကြီး လုပ်ချင်မှု၊ စေတနာနဲ့ ပြောတာကို အကောင်းမမြင်မှု၊ မနာလို ဝန်တိုမှုတွေကြောင့် အဆင်မပြေဖြစ်ရတဲ့ ဇာတ်လမ်းတွေကလည်း မနည်း။

ဒါက ဘီရုမာ အချင်းချင်း ဆက်ဆံရတဲ့အပိုင်း။

အဆင်မပြေတာတွေကို အစွမ်းကုန် သည်းခံ၊ အိပ်ရေးပျက်၊ အလုပ်ပင်ပန်းတဲ့ ဒဏ်တွေကို ကြံ့ကြံ့ခံရင်း ယန်းရဲ့ စေခိုင်းရာကို သရုပ်ဆောင်နေရတဲ့ ကျုပ်တို့လေ။

ကြာတော့လည်း ကျုပ်တို့က စက်ရုပ်တွေ၊ ကျောက်ရုပ်တွေမှ မဟုတ်ဘဲ၊ လူပင်ပန်း၊ စိတ်ပင်ပန်းတဲ့ ဒဏ်တွေဟာ နည်းမျိုးစုံနဲ့ ပေါက်ထွက်ကုန်ကြတော့တယ်။

ဝါသနာအရပေါ့လေ။ ပိုက်ဆံရှိရင်၊ ယန်းရှိရင် အကုန်ဖြစ်တာ ဆိုတော့ အနုပညာ၊ အားကစား၊ လောင်းကစား၊ အစားအသောက်၊ အပျော်အပါး အမျိုးမျိုးပေါ့လေ။ သန်ရာ သန်ရာလေးတွေနဲ့ စိတ်



ချမ်းသာမှုအတွက် ထွက်ပေါက်ပေးကြရတော့တယ်။

ကျုပ်လား။ ဟဲဟဲ...လူပျိုကြီးဆိုတော့ ပြောရမှာ ရှက်စရာကြီးဗျာ။ အဟီး...စဉ်းစားသာ ကြည့်ပါတော့။

အဲ...ကျုပ်ကို အထင်တကြီးနဲ့ သိပ်လည်း လေးလေးနက်နက်တွေ စဉ်းစားမနေနဲ့ဦး။ လေးလေးနက်နက် စဉ်းစားရလောက်တဲ့အထိ ကျုပ် အစွမ်းအစ မရှိပါဘူး။ ယုံပါ။

(၇)

ဂျပန်မှာ မုန့်ဟင်းခါးကို ရိုးရာ အစားအစာပေမို့ အားလုံး တမ်းတမ်းတတနဲ့ စားချင်ကြတာ။ ကျုပ်ညီမနှစ်ယောက်နဲ့ သူငယ်ချင်း သုံးယောက် တနင်္ဂနွေနေ့တိုင်းလိုလိုပါပဲ။ တစ်ယောက်အိမ် တစ်ယောက် ဖိတ်ပြီး မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ တစ်ခုခု လုပ်စားကြတယ်လေ။ သူတို့ကတော့...

ရိုးရာအစားအစာကို ခုံမင်လို့ လုပ်စားကြတာ မဟုတ်။ မရိုးနိုင်တဲ့ ကြွားစရာတွေကို ခုံမင်လို့ လုပ်စားကြတာလေ။ တန်ဖိုးကြီး ပစ္စည်းတစ်ခု ဝယ်လာပြီဆို၊ အိမ်မှာ တစ်ခုခုလုပ်၊ ဖိတ်ပြီး ကြွားတော့တာပဲ။

ဒါ သူတို့ရဲ့ ရောဂါလေ။ ထွက်ပေါက်တစ်ခုပေါ့။

အကြွားခံရမယ့်သူကလည်း သိသိနဲ့ လာပေးရတယ်။ မလာဘဲ နေလို့ကတော့ သူ့အလှည့်ကျ မုန့်ဟင်းခါးတွေ သွန်ပစ်ရမှာ သေချာတယ်။

အလုပ်ကိစ္စ အရေးတကြီးရှိလို့ မလာဖြစ်တောင်မှ ဖုန်းလေးနဲ့ "ယောင်းမရေ...ဒီနေ့ Kai Mono ဈေးဝယ်သွားသေးလား။ ဘာတွေ ဝယ်လာလဲလို့" အလိုက်တသိ လှမ်းမေးပေးရတယ်။ ဒါဆို ကျေနပ်တယ်။

ဒီတနင်္ဂနွေလည်း ကျုပ် နေထိုးချင်တဲ့နေရာ ထိုး၊ အိပ်မလို့ဟာ ညီအစ်မနှစ်ယောက်လေ ကျုပ်ကို အတင်းထနိုး၊ အတင်းအိပ်ရာသိမ်းတော့တာပဲ။ အင်း...မနေ့က အကြီးမ Chanel လက်ပတ် နာရီ ဝယ်လာတယ်လို့ ပြောသံကြားလိုက်မိတယ်။ ဒီပယောဂပေပဲ။

စာရင်း၊ သောက်ရင်း၊ ကြားနေကြတဲ့ အသံတွေ၊ အလိုက်သင့် ဖော်လိုလိုက်ပေးနေတဲ့ အသံတွေကို ဥပေက္ခာပြုရင်း ဝေးဝေးတစ်နေရာမှာ ကျုပ် စာဖတ်နေမိတယ်။

"မင်းသမီးကလည်း ဘာတွေ ဝတ်ထားမှန်းမသိဘူး။ အောက်လိုက်တာ"

"အေးဟယ်၊ ဒီမှာ Oba San အဘွားကြီးတွေတောင် ဒါမျိုးမဝတ်ဘူး"

"ဟော...နောက်တစ်ယောက်လည်း ဘာထူးလဲ၊ ဝတ်ထားတာ ကြည့်ပါဦး။ အကျီကပွပွ၊ ကော်လံနဲ့ လက်ကလည်း တိုးလိုးတွဲလောင်းနဲ့"

"ခစ်ခစ်...ခစ်...ပန်းပွင့်တွေ၊ အလုံးတွေတောင် ပါလိုက်သေး"



"သူတို့ကိုယ်သူတို့တော့ တော်တော်လှနေပြီ ထင်မှာပဲနော်"

"အေးဟာ...မင်းသမီး လုပ်နေပြီ။ အောက်လိုက်တာ"

ဥပေက္ခာပြုလို့ မရအောင် ကြားနေရတဲ့ အတင်းပြောသံတွေလေ။ ကျုပ် သူတို့ကြည့်နေတဲ့ ဗီဒီယိုကားကို မသိမသာကြည့်လိုက်မိတယ်။ မင်းသား လွင်မိုးကို မင်းသမီးနှစ်ယောက် အပြိုင်ပိုးတဲ့ကား။

တစ်ကားလုံး အဝတ်အစားကြည့်လိုက်၊ ဆလင်းဘက်ကြည့်လိုက်၊ ဖိနပ်ကြည့်လိုက်နဲ့ အတင်းချနေကြတာလေ။ မင်းသမီး နှစ်ယောက်ကတော့ မသိရှာ။ သူတို့ကိစ္စနဲ့ သူတို့ အလုပ်ရှုပ်နေကြတယ်။ ကျုပ်သာ ကြားက မင်းသမီး နှစ်ယောက်ကို အားနာနေမိတော့တယ်။

တစ်နေကုန် ထိုင်ပြီး ကြားမယ်။ ဖော်လိုလိုက်မယ်။ အတင်းပြောမယ်။ ဝိုင်းထောက်ခံမယ်။ နောက်ဆုံး ကြားစရာ၊ အတင်းပြောစရာ မရှိတော့ရင် "ယောင်းမရေ မရီးရေ မရီးရေ ယောင်းမရေ" နဲ့ ကျုပ်ဘက် လှည့်လာတော့တယ်။

ကျုပ် ညီအစ်မနှစ်ယောက်လေ၊ တော်ရှာပါတယ်။ ကျုပ်ကိုလေ သူ့သူငယ်ချင်းတွေနဲ့ ဖြစ်စေချင်လို့ လော့်လိုက်ရတာ မောနေတာပဲ။ ကျုပ်က ဒီညီအစ်မနှစ်ယောက်ရော၊ သူတို့ သူငယ်ချင်းကိုရော ကြည့်မရ။ ဒီပုပ်ထဲက ဟာတွေချည်းပဲ။

သူတို့သူငယ်ချင်းတွေပဲ ကောင်းတယ်။ တခြား မိန်းကလေး

တွေဆို မကောင်းဘူးဆိုတဲ့ ပုံတွေနဲ့။ သူတို့ သဘောကျတဲ့သူနဲ့ပဲ ကျွန်ုပ်ကို ဖြစ်စေချင်တယ်လေ။

ကျွန်ုပ် ခုထိ မစုံဖြစ်နေရတာ သင်းတို့ နှစ်ယောက်ကြောင့်။ တကယ်တော့ ကျွန်ုပ်လည်း ခေသူမဟုတ်ပါဘူး။ ရန်ကုန်မှာလည်း ရန်ကုန်မို့လို့၊ ဂျပန်ရောက်တော့လည်း ဂျပန်မို့လို့၊ ဘာလိုလို ညာလိုလို နောက်ကွယ်မှာ ခုတ်ထားတာလေးတွေ ရှိခဲ့တာပေါ့။

ဒီနှစ်ယောက် ရောက်လာမှ အားလုံး အခင်မင်ပျက်လိုပျက်၊ အဆက်အသွယ် ပြတ်လိုပြတ် ဖြစ်ကုန်တော့တယ်။ ကျွန်ုပ်ဆီလာတဲ့ စာတွေ ပျောက်ကုန်တာ။ ဖုန်းလာရင်လည်း အနားမှာ မယောင်မလည် ရစ်သီရစ်သီနဲ့။ ကျွန်ုပ် မရှိတဲ့အချိန်လာတဲ့ ဖုန်းဆို "ဒီအိမ်မှာ မနေတော့ဘူး" လုပ်လိုလုပ်၊ "ကလေးအဖေ" လို့ ပြောလိုပြော၊ ကျွန်ုပ်မှာ နောက်ကျော လက်နက်ပုန်းနဲ့ ဆော်ခံနေရတာ နောက်မှ တဖြည်းဖြည်း သိခဲ့ရတယ်။

တွေးမိတိုင်း ရင်နာရတယ်။ ဒီဟာမ နှစ်ယောက် ရောက်လာမှ ကျွန်ုပ်ရဲ့ဘဝ လောင်းရိပ်မိတဲ့ ပင်ပျိုလေးလို ဖြစ်ခဲ့ရတယ်ဗျာ။ အမေ ဖုန်းဆက်တိုင်း "သားကြီး...ညီမလေးတွေကို စောင့်ရှောက်ပါ၊ စောင့်ရှောက်ပါ" နဲ့။ တစ်ခါတော့ ကျွန်ုပ်လည်း စိတ်တိုတိုနဲ့...

"အမေ့သမီးတွေကပဲ သားကို စောင့်ရှောက်နေတာ၊ သား စောင့်ရှောက်ဖို့ အလှည့် တစ်ခါမှ မကြုံတော့ဘူး အမေရေ" လို့ ပြန်ပြောလိုက်မိတယ်။



(၆)

'ဂျောက်' ခနဲ သော့ဖွင့်သံ ကြားလိုက်ရတယ်။ တံခါးဖွင့်သံနဲ့ အတူ...

"ဟော့...တို့အစ်ကိုကြီး တစ်ယောက်တည်း ပျင်းနေပလား။ သနားပါတယ်၊ ဘယ်ကောင်မလေးတွေဆီ ဖုန်းဆက်ပြီး ဒုက္ခပေးသေးလဲဟေ့"

"ဒင်း...လာခြင်းမကောင်းပါလား။ အကြောင်းသိတွေ ဖြစ်နေတာ ဆိုးပါတယ်"

ဝမ်းသာပျော်ရွှင်စွာနဲ့ နောက်ပြောင်ရင်း ဝင်လာတဲ့ အငယ်မလေး။

"ဒီအသံမျိုး နောက် နာရီဝက်လောက်အထိ ခံရင် ကောင်းမှာပဲ" လို့ ကျွန်ုပ် တွေးလိုက်မိတယ်။ ကျားတစ်ကောင်တော့ ပြန်လာပြီ။ နောက်တစ်ကောင်လည်း မကြာခင် လာတော့မယ်။

အငယ်မ ကျော့လေးက စိတ်ရင်းကောင်းပြီး သနားတတ်တယ်။ ဟိုအကြီးမ ပြန်မလာခင် သူ့ကို ဆွယ်ပြောလေး ပြောထားနိုင်ရင် ကျွန်ုပ်အတွက် အနာသက်သာမယ်။ ငါးဆယ်ရာခိုင်နှုန်း ကျွန်ုပ်ဘက်က ရှိနေပြီဆို နည်းလား။ ဒါနဲ့ ကျွန်ုပ်လည်း...

"ကျော့လေး...ကိုကြီးလေ တီဗီမှာလာသွားတဲ့ အင်္ဂလိပ်ကား ကြည့်လိုက်ရတယ်၊ ကျော့လေး ကြိုက်တဲ့ တိုက်တင်းနစ် မင်းသား ကာလီယိုမာရာဒိုနာ...လား"

"ခစ်...ခစ်...ကိုကြီးက မဟုတ်တာ လျှောက်ပြောနေ၊ လီယို နာဒိုပါ ကိုကြီးရ"

"အေး...အေး...ထားပါတော့၊ တိုက်ဆိုင်တာ ပြောပါတယ်၊ အဲဒီ မင်းသား စီးတဲ့ကားနဲ့ ကျော့လေး ဝယ်ထားတဲ့ ကားလေး၊ အရောင်အတူတူပဲ၊ အဲ...အဲ...အမျိုးအစား အတူတူပဲ ညီမလေးရဲ့ အမိုးဖွင့်လေး"

"ဟယ်...ပျော်လိုက်တာ၊ ကိုကြီး အဲဒီရုပ်ရှင် ကူးထားလိုက်သေးလား။ ကြည့်ချင်လိုက်တာ"

"အင်း...သတိတော့ရသား ညီမလေးရဲ့ ကိုကြီးလည်း တစ်ဝက်တစ်ပျက်နဲ့ ကြည့်လိုက်ရတာမို့လေ၊ နေဦး...နောက်မှ ကိုကြီး အဲဒီအခွေ ရှာဝယ်ပေးမယ်၊ သိလား"

"ဟေး...ဒါမှ တို့အစ်ကိုကြီးကွ"

လက်ခုပ်တောင်လို့ ကျူပ် ပလီတာလေ။ ကျူပ် တကယ် ကြည့်လိုက်ရတဲ့ ကားက အားနီး၊ ထရပ်ကားကြီးနဲ့လေ။ ဒါနဲ့ ကျူပ် လည်း...

"ဪ...ညီမလေး။ အမေတို့ဆီက ဖုန်းလာတယ်၊ ဝီလေး ကို ရှင်ပြုပေးဖို့ ကိစ္စလေ၊ ဆရာတော်ကိုလည်း လျှောက်ပြီးပြီ၊ ဓမ္မ ဖိတ်ခွေတွေကိုလည်း ပြောထားပြီးပြီ ဆိုတော့ အမေတို့ ဆန္ဒက ဘုန်းကြီးကျောင်းမှာပဲ လုပ်စေချင်ကြတယ်၊ ဟိုတယ်မှာ ဆိုတော့ အားလုံး ဘယ်လာနိုင်မလဲနော်၊ အဲဒါလေ...အားလုံး ပြောပြီးဆိုပြီး



မလုပ်ဖြစ်ခဲ့ရင် လူကြီးတွေ မျက်နှာပျက်ရတော့မယ်"

"ဟင်...ကျော့လေးတို့ မျက်နှာပျက်မှာတော့ ထည့်မစဉ်းစားတော့ဘူးလား"

"ဘုန်းကြီးကျောင်းမှာ လုပ်တာနဲ့ ညီမလေးတို့က ဘာဖြစ်လို့ မျက်နှာပျက်မှာလဲ"

"ဟာ...ကိုကြီး။ ညီမလေးတို့ ဂျပန်မှာ ရှိနေပြီး ကိုယ့်တူ၊ ကိုယ့်သား တစ်ယောက်ကို ဘုန်းကြီးကျောင်းမှာ ရှင်ပြုပေးရမှာလား။ ဒါဆို ညီမလေးတို့ ဂျပန် လာတာ ဘာ အဓိပ္ပာယ်ရှိတော့မှာလဲ၊ အပေါင်းအသင်း သူငယ်ချင်းတွေကြားမှာ ဘယ်လောက် အောက်တယ် ဆိုတာ ကိုကြီး မသိဘူးလား"

သွားပြီ။ ဘာမှမဆိုင်ပါလား။ ဘောပွဲဆို အနီကတ်ပဲ။ အငယ် ဆုံးလည်း အငယ်ဆုံး။ အပေါင်းအသင်းတွေကလည်း...

"ဂျောက်...!"

သော့ဖွင့်သံ ကြားလိုက်ရတယ်။ နောက်တစ်ကောင် ပြန်လာ လေပြီ။

"မကြီးရေ...အမေတို့ လွှတ်လိုက်တဲ့ တရားဟော ဆရာလေး တစ်ယောက် ရောက်နေတယ်၊ ကျော့လေးကိုလေ ဘုန်းကြီးကျောင်း မှာ ရှင်ပြုဖို့ လာဖွယ်နေတယ် သိလား။ နောက် ပြောသေးတယ်..."

"ဘာတွေ မတော်မတရား လာပြောနေလဲ"

"ကိုကြီးကလေ...ဒီည တီဗီမှာ သူကြည့်လိုက်ရတဲ့ ရုပ်ရှင်

လီယိုနာဒို မင်းသားလေးပါတဲ့ကားတဲ့၊ အဲဒီရုပ်ရှင်မှာ လီယိုနာဒို စီးတဲ့ ကားကတဲ့၊ ကျော့လေး ဝယ်ထားတဲ့ ကားနဲ့ အမျိုးအစား အတူတူပဲတဲ့"

"ဟယ်...ဟုတ်ရဲ့လား၊ မဖြစ်နိုင်ပါဘူး"

"နေဦး...မကြီးရဲ့ တိုက်တိုက်ဆိုင်ဆိုင် ကျော့လေးတို့ဆိုင်က ဂျပန်မလေး ပြောတာကတော့ ဒီည အာနိုးကား လာမှာတဲ့၊ သူ ကြည့်ချင်လိုက်တာတဲ့"

"ခစ်...ခစ်...မကြီး သဘောပေါက်ပြီ၊ ဒီလိုကို၊ တို့ကိုကြီးက တော့ ညာမယ် မထင်ပါဘူး၊ သေချာသိချင်ရင် တီဗီအစီအစဉ်စာအုပ် ကြည့်လိုက်ပါလား ညီမလေးရဲ့"

စိုးရိမ်ရေမှတ်ဆိုတာ ဒါ...ဒါလားဟင်။

ကျွပ်...ကျွပ် ရင်ထဲမှာလေ...

"မကြည့်တော့ပါဘူး မကြီးရာ၊ တစ်ယောက်နဲ့တစ်ယောက် မျက်နှာပျက်ရလိမ့်မယ်၊ အားနာစရာကြီး၊ ကျော့လေးလည်း ဆရာ လေး ဘာကြိုနေလဲ ဆိုတာ သိချင်လို့ မသိချင်ယောင် ဆောင်ပေး လိုက်ပါတယ်၊ နောက်မှ အမေတို့လွှတ်လိုက်တဲ့ တရားဟောဆရာမှန်း သိတော့တယ်"

"ခစ်ခစ်...ခစ်ခစ်...ကိုကြီးကလေ...နိုးချင်တာလည်း ပြာလို့ လက်နေးတာလည်း ချာလို့၊ ဒါကြောင့်မို့ လူမျိုးကြီးဖြစ်နေ..."

ကျွပ်လေ နောက်က လိုက်လာတဲ့ ဒီဟာမ နှစ်ယောက်ရဲ့



လျှောင်ရယ်သံတွေ အိမ်သာထဲ မဝင်နိုင်အောင် အိမ်သာတံခါးကို ဝုန်းခနဲ အမြန်ဆွဲပိတ်လိုက်တယ်။ ပိုပြီးသေချာအောင် အိမ်သာရေကို ဆွဲချလိုက်တယ်။

ကျွပ်...ကျွပ်လေ ဘယ်လို မျက်နှာပေးနဲ့ အိမ်သာထဲက ပြန်ထွက်ရမှာလဲဗျာ။

(၅)

"ဟဲလို...သား ဝီလေး မာမီပါ၊ မာမီ စုံစမ်းခိုင်းတာ သွား စုံစမ်းပြီးပြီလား"

ကျွပ် တူတော်မောင်နဲ့ သူ့အမေ ဖုန်းပြောနေတာ ကျွပ် အသာ နားထောင်နေမိတယ်။

"စုံစမ်းပြီးပြီ မာမီ၊ ဆီဒိုးနားမှာ သွားစုံစမ်းတာလေ၊ ထောပတ် ထမင်းနဲ့ တစ်ယောက်ကို သုံးထောင့်လေးရာ၊ ကော်ဖီနဲ့မုန့်ဆို သုံး ထောင့်နှစ်ရာတဲ့၊ ငွေရှင်းတော့ ဒေါ်လာနဲ့ရှင်းရမှာ မာမီ"

"နောက်ကော..."

"သား ဆီဒိုးနား တစ်ခုတည်း စုံစမ်းခဲ့တာ"

"ဟဲ့...တစ်ခုတည်း စုံစမ်းရလားဟဲ့၊ တခြား ဟိုတယ်တွေ လည်း စုံစမ်းမှပေါ့၊ နင်ကလေ မမှာရင် မမှာသလိုပဲ၊ အကျိုးဆောင် ရုံးတွေကကော ဘာပြောလဲ၊ ဘယ်လောက်တဲ့လဲ"

"သား အကျိုးဆောင်အဖွဲ့နှစ်ခုကို မေးကြည့်တာ ရှင်ပြူတဲ့ ကိစ္စ သူတို့မလုပ်ဘူးတဲ့ မာမီ"

"ဟင်...ရှင်ပြုတာ မလုပ်ဘူး ဟုတ်လား၊ ဒါဆို သူတို့က ဘာအကျိုးဆောင်လုပ်တာလဲ"

"သား မမေးမိဘူး မာမီ"

"ဟဲ့...ရှုးကြောင်ကြောင် လုပ်မနေနဲ့၊ နာမည်ကြီး ဟိုတယ်တွေ အားလုံး ထပ်စုံစမ်းခဲ့၊ လုပ်ပေးနိုင်တဲ့ အကျိုးဆောင်အဖွဲ့ တွေ့အောင်ရှာခဲ့၊ သိလား၊ အစစအရာရာ အားလုံး မေးခဲ့၊ ရှင်ဘုရင့်ယောက်ဖ ခွေးကြည့်နိုင်းသလို ထပ်မနိုင်းပရစေနဲ့၊ ကြားလား"

"ဟုတ်ကဲ့ပါ မာမီ"

ကျုပ်လေ ကြားရတာ နားကြားပြင်းကတ်လာလို့ ရိလိုက်ဦးမှဆိုပြီး အနားက လိုင်းခွဲဖုန်းကို ကပျာကရာ ကောက်ကိုင်လိုက်ပြီး...

"ဟော့...ဟော့...ဝီလေ။ ခဏနေဦး၊ တစ်လက်စတည်း လေးလေး အတွက်ပါ စုံစမ်းခဲ့စမ်းကွာ၊ ဈေးအကြီးဆုံးနဲ့ အကောင်းဆုံး ဟိုတယ်နော်၊ မင်္ဂလာဆောင်ဆို ဘယ်လောက်လဲ၊ ဒေါ်လာနဲ့ ရှင်းရမှာလား၊ ယန်းနဲ့ရှင်းရမှာလားလို့ မေးခဲ့စမ်းကွာ၊ လေးလေး ပြန်လာရင် မင်္ဂလာဆောင်မလို့ကွ"

"ဟာ...လေးလေးကလည်း...ဘိုးဘိုးနဲ့ဘွားဘွားကို ထပ်ပြီး ဒုက္ခမပေးပါနဲ့တော့၊ သူတို့ခမျာ လေးလေးအတွက် မိန်းမရှာရတာ တော်တော် စိတ်ထောင်းကိုယ်ကြေ ဖြစ်နေရရှာတယ်"

"တောက်...ဝဲစား၊ လဒ၊ မှင်စာကောင်၊ ဒါ...ဒါ မင်းပြောစရာလား"



"ဒွပ်!"

ကျုပ် ဖုန်းကို အမြန်ချပစ်လိုက်တယ်။ နားကြပ်ကို နားမှာ ကပျာကယာ အမြန်ကောက်စွပ်လိုက်တယ်။ ပြင်းထန်စွာ ပေါက်ကွဲနေတဲ့ ရော့ခ်ဂီတသံတွေကို ထိုးဖောက်ပြီး ဝင်လာတဲ့ ဟိုဟာမ နှစ်ယောက်ရဲ့ ရယ်သံဟာ ငှက်ဆိုးထိုးသံထက်တောင် နားကြားပြင်းကတ်ဖို့ ကောင်းတော့တယ်။

(၈)

တီတီ...တီတီ...

ကျုပ် ဘေးနားမှာရှိတဲ့ ဖုန်းကို ကောက်ကိုင်လိုက်တယ်။

"ဟဲလို...ဂျပန်ကပါလားရှင်"

"ဟုတ်ပါတယ် ခင်ဗျာ"

စမ်းရေစီးသံလေးတစ်ခုပါလား။

"ခဏ ကိုင်ထားနော်၊ မြန်မာပြည်က ခေါ်ပါတယ်"

"ဟုတ်ကဲ့ခင်ဗျာ"

အကြီးမနဲ့ အငယ်မကို ကျုပ် မသိမသာ ကြည့်လိုက်တော့ အသင့်အနေအထားနဲ့ တွေ့လိုက်ရတယ်။

"ဟဲ့...သားကြီးလား"

"ဟုတ်ပါတယ် အမေ"

"အကြီးမ ရှိလား။ ခေါ်လိုက်စမ်း"

ဘယ်လိုဖြစ်ပါလိမ့်။ ကြားရခဲ့တဲ့ အမေ့ရဲ့ အပူရောင် အသံ

လှိုင်းတွေပါလား။

'အေးစေ' အနေအထား ပြန်လည်ရောက်ရှိသွားတဲ့ ညီအစ်မနှစ်ယောက်ကို "အမေ့ဖုန်းပေါ့၊ မကြီးနဲ့ ပြောမလို့တဲ့" လို့ ပြောလိုက်တယ်။ အကြီးမ ဖုန်းခွက် ကောက်ကိုင်လိုက်တယ်။

"ဟဲ့...မိနီလာ၊ နင့်သား မိန်းမခိုးပြေးသွားပြီ"

စပီကာဖုန်းက ကြားလိုက်ရတဲ့ အမေ့စကားကြောင့် ကျုပ်တို့ "ဟင်"၊ "ဟာ"၊ "အို"ဆိုတဲ့ အံ့ဩသံတွေနဲ့ တုန်လှုပ်သွားကြတယ်။

"နင့် သားတော်မောင်က စာရေးသွားတယ်၊ အားလုံး အဆင်ပြေ စိတ်ချမ်းသာအောင် လုပ်ရတာပါတဲ့၊ နောက် သူ့မင်္ဂလာပွဲကိုလည်း မာမီတို့ ကြိုက်တဲ့ ဟိုတယ်ကြီးမှာ လုပ်ပါတဲ့၊ ကဲ...မိနီလာ အမြန်ဆုံးသာ ပြန်ကြွခဲ့ပေတော့၊ မိဘ စကား နားမထောင်ဘဲ ကိုယ်ထင်ရာ ကိုယ်လုပ်ချင်တဲ့ဟာတွေ၊ ဂုဏ်ပကာသန မက်တဲ့ဟာတွေ၊ ကြိုက်တဲ့ ဟိုတယ်ကြီးမှာ စိတ်တိုင်းကျသာ လုပ်ပေတော့ ဒါပဲ"

"ဝှစ်!"

"အင်း...မိဘစကား နားမထောင်ဘဲ ကလန်ကဆန် လုပ်ချင်တဲ့သူတွေ ဝဋ်လည်တာများ ကြောက်ဖို့ကောင်းလိုက်တာ၊ နောင်ဘဝ ထိတောင်..."

'ဒိုင်း'ခနဲ ရောက်လာတဲ့ မျက်စောင်း နှစ်စုံကြောင့် ကျုပ် ပါးစပ် အမြန်ပိတ်လိုက်ရတယ်။



နောက်...

ကျုပ် တူတော်မောင်ဆီ ပစ်လွှတ်မယ့် ဒေါသမြားတွေ လမ်းမှားပြီး ကျုပ်ဆီ ရောက်မလာမီ အိမ်သာထဲ အမြန်ပြေးဝင်ခဲ့ရတယ်။ အိမ်သာတံခါး အမြန်ဆွဲပိတ်ပြီး ရေဆွဲချလိုက်တယ်။

ဒီတစ်ခါ အိမ်သာထဲ ပြေးဝင်ခဲ့ရတာက ကျုပ်နောက်ကို လိုက်လာမယ့် လှောင်ရယ်သံတွေ ကြားရမှာစိုးလို့ မဟုတ်ဘူးနော်။

ကျုပ်ရဲ့ အူမြူးဝမ်းသာနေတဲ့ ရယ်သံတွေကို ဒေါသတကြီး ပေါက်ကွဲနေတဲ့ ဟိုညီအစ်မနှစ်ယောက် ကြားသွားမှာ စိုးမိလို့ပါ။ ။

■ ■ ■

(ရွှေအမြုတေ, JAN.2001)


ဗိုးမရဲ့ လွမ်းချင်းတစ်ပုဒ်

# ဂျူးမရဲ့ လွမ်းချင်းတစ်ပုဒ်

လှေအဆင်း မြင်းအတက်ဆိုတဲ့ စကားပုံ ကျပ်နဲ့ကျမှ ပြန်ပြောင်းရမလို ဖြစ်နေတော့တယ်။ ဆင်အဆင်း၊ မြင်းအတက်လို့။

လူကြီးတင်ပါးလောက် မြုပ်မယ်။ ရွှံ့နွံလမ်းအတိုင်း ပြန်ဆင်းသွားတဲ့ ဆင်ကို ကျပ် ကြည့်လိုက်မိတယ်။ ခမောက်မှော်ရွာကနေ ဒီကျွန်းပင်ဆိပ်ရွာကို လာရတဲ့ခရီးက မိုးတွင်းဆို လွယ်တာမှတ်လို့။ ခရီးက ဘာမှဝေးတာမဟုတ်ဘူး။ နှစ်မိုင်ပျော့ပျော့လောက်ပဲ ရှိမှာပေါ့။ မိုးတွင်းဆို လမ်းပျက်ပြီး ရွှံ့နွံတွေ ဖြစ်ကုန်ရော။ လှည်းတွေဝင်ရိုးထိနစ်ပြီး နွားမိုက် ရုန်းပေတယ်ဆို၊ နွားတွေဆိုတာ အရမ်းသနားနဲ့ ကောင်းတာ။

တစ်ခါတလေ ကံကောင်းရင် ခရီးသည်တွေ၊ ပစ္စည်းတွေ ပို့ပေးတဲ့ သစ်ထုတ်လုပ်ရေးက ဆင်တွေနဲ့ ကြုံတတ်တယ်။ အမြဲတော့ မရှိဘူးလေ။ အလုပ်အားရက် အခြေအနေအရ ဆိုပါတော့။

ကျုပ် ခမောက်မှော်ရောက်တော့ ညနေစောင်းနေပြီ။ ကျွန်းပင်ဆိပ် တက်ဖို့ ဘယ်လွယ်တော့မလဲ။ ကံကောင်းတာ ပြောပါတယ်။ ကျွန်းပင်ဆိပ် ပြန်တက်မယ်။ ဆင်နဲ့သွားကြို့တာလေ။ ကျုပ် ဒီရွာလာခဲ့တဲ့ အကြိမ်ပေါင်း ဘယ်နည်းတော့မလဲ။ တစ်ခါမှ ဆင်မစီးခဲ့ရဘူး။ လမ်းလျှောက်၊ လှည်းစီးပဲ။ လူကလေ မတန်မရာ လုပ်မိလို့ ထင်၊ ဆင်ပေါ်က အဆင်း ခြေခေါက်လဲပြီး ဒလိမ့်ခေါက်ကွေး ကျတော့တာပဲ။ အတော် ခံလိုက်ရတယ်။ လမ်းတောင် ကောင်းကောင်း မလျှောက်နိုင်တော့ဘူး။ အဲဒါနဲ့ မထူးဘူးဆိုပြီး လမ်းဘေးမှာ ထိုင်နေတာလေ။

ကျွန်းပင်ဆိပ်ရွာက တစ်စီးတည်းသော စက်လှေပိုင်ရှင် တောကျော်ဆိုတာ ကျုပ်ရဲ့ အပေါင်းအသင်း။ ကျုပ် ဆိုးသမျှ သည်းခံရှာတဲ့ ငယ်သူငယ်ချင်း။ ကျုပ်လို ခြေသလုံးအိမ်တိုင် လုပ်နေတဲ့ တစ်ကောင်ကြွက်သမား။ ဒီရွာကိုလာတာ ရှင်းပါတယ်။ တောကျော်အိမ်မှာ နေချင်သလောက် နေမယ်။ မပျော်ရင် ပြန်မယ်။ ဒါပဲပေါ့။

အင်း…ကျွန်းပင်ဆိပ်လို ချောင်ကျတဲ့ တောခေါင်ခေါင်မှာ စီးပွား လာရှာတဲ့ တောကျော်ကို ကျုပ် နားမလည်နိုင်အောင်ဘဲ။ ရွာသာဆိုတယ်၊ အိမ် ဘယ်နှလုံးရှိမှာလဲ။ နေဦး…ကျုပ် ရေကြည့်လိုက်ဦးမယ်။ ဒီဘက်ကမ်းမှာက တစ်၊ နှစ်၊ သုံး၊ လေး၊ လေးလုံး။ ချောင်းဟိုဘက်ကမ်းမှာက တစ်၊ နှစ်၊ သုံး။ သုံးလုံးဆိုတော့ လက်ဆယ်ချောင်းတောင် မပြည့်ဘူး။ တစ်အိမ်နဲ့တစ်အိမ် ဆိုတာလည်း



ခဲတစ်ပစ်စာ မကဘူး။ ဂွတစ်ပစ်စာနီးပါ။ အားနာပါးနာနဲ့ ခေါ်လို့လည်း အဆင်ပြေရအောင် ရှာလိုက်ရတယ်၊ ဘုရားစူးရှာလေ။

အဲ…ဘောမိရွာကြီးဘက်၊ ပင်လယ်ဘက် ထွက်မယ့်သူတွေအတွက်ကတော့ ဒီရွာက မဖြတ်လို့ကိုမရဘူး။ တောကျော်ရဲ့ စက်လှေ မစီးလို့ မရဘူး။ အဲဒါကြောင့် မရှိမဖြစ်မို့ ကျွန်းပင်ဆိပ်ရွာလို့ ခေါ်ဝေါ်သမုတ်လိုက်ပုံပဲ။

ခြေထောက်ကို နှိပ်နယ်ရင်း တွေးနေတာ၊ အတော်တောင် ကြာသွားတယ်။ သွားမှ။ ဟိုးအောက်ဘက် ချိုင့်ထဲက ကမ်းနားဘေးမှာ မြင်နေရတဲ့အိမ်။ အင်း…ဒီတစ်ခေါက် ဘယ်လောက်ထိ သောင်တင်နေဦးမယ် မသိ။ အားလည်း နာတယ်၊ ခင်လည်း ခင်တယ် တောကျော်ရေ…။ ငါလာပြီဟ။

ကျုပ် အသာရပ်လိုက်တယ်။ အား…ခြေကျင်းဝတ်က နာနေတုန်းပါလား။ မမှောင်ခင် အောက်ချိုင့်ထဲ ဆင်းပါမှ။ ဒီပုံစံအတိုင်း ဆင်းရင်တော့ အမြန်နှုန်းနဲ့ ဒလိမ့်ခေါက်ကွေး ချွေးကျ ဝက်ကျ ကျတော့မှာပဲ။ ကျုပ် အနီးတစ်ဝိုက်ကို ကြည့်လိုက်မိတယ်။

ဟာ…အတော်ပဲ၊ ကျုပ်ထိုင်နေတဲ့ နေရာနောက်မှာ မမချောင်းလား။ ဘာချောင်းလဲမသိ၊ သစ်သားချောင်းတွေ ပုံထားတာ။ ထောက်လို့ အဆင်ပြေမယ့် အနေတော် တစ်ချောင်း ရွေးယူပြီး သတိနဲ့ ဆင်းခဲ့တော့တယ်။

■

ပိတ်ထားတဲ့တံခါးကို အသာ ခေါက်လိုက်တယ်။ ဒီအိမ်မှာ လူသုံးယောက်ရှိတယ်။ တောကျော်ရယ်၊ သူ့မိန်းမ မယ်ရမ်းတင်ရယ်၊ သမီးလေး ပန်းစံပယ်ရယ်လေ။

ကျုပ် ဒီအိမ်လာတာ ကြည်ဖြူတဲ့သူ၊ ဝမ်းသာအားရကြိုဆိုမယ့်သူ နှစ်ယောက်ရှိတယ်။ ဟုတ်တယ်။ တောကျော်ရယ်၊ သမီးလေး ပန်းစံပယ်ရယ်လေ။ ကျုပ်လို တစ်ကောင်ကြွက်၊ သံယောဇဉ်မဲ့လူတစ်ယောက်မှာ သံယောဇဉ်အကြွင်း ရှိနေသေးတယ် ဆိုရင်...

အဲဒီ သံယောဇဉ်က သမီးလေး ပန်းစံပယ်အပေါ် ထားတဲ့ သံယောဇဉ်ပဲဖြစ်ရမယ်။

အဲ...ကျုပ် လာတာ အလိုမကျတဲ့သူကတော့၊ ရှင်းပါတယ်၊ မယ်ရမ်းတင်ပဲပေါ့။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ သဘာဝပဲလေ။ တစ်လကိုးသီတင်း အိမ်မှာ အခန့်သား လာနေတဲ့သူ၊ ညတိုင်းလိုလို အရက်ဝိုင်းထောင်၊ ယောကျ်ားကို ဖျက်ဆီးနေတဲ့သူကို ဘယ်လို အိမ်ရှင်မမျိုးက ကြည်ဖြူမှာလဲဗျာ။ ယောကျ်ားကို ချစ်ကြောက်ရှိသေလို့သာ ဘာမှမပြောတာယ်။ တောကျော်အလစ်မှာ ပစ်လွှတ်တဲ့ မယ်ရမ်းတင်ရဲ့ အကြည့်စိမ်းတွေ၊ ကျုပ် ရခဲ့ပေါင်း နည်းတော့တာမှ မဟုတ်တာ။

ကျုပ်ကလည်း ကျုပ်၊ သူကလည်း သူပါပဲဗျာ။

တောကျော် တံခါးလာဖွင့်ပေးရင် ဒီကောင် လန့်သွားအောင် ဘာလုပ်ရင် ကောင်းမလဲ။ သမီးလေးပန်းစံပယ်ဆိုရင်တော့ ပွေ့ချီပြီး နမ်းပစ်လိုက်မယ်။ အဲ...မယ်ရမ်းတင်ဆိုရင်တော့ ကျုပ် ကံဆိုးတာပဲ။



"အဟီး...နေကောင်းတယ်နော်"လို့ မေးပြီး မျက်နှာချိုသွေးရတော့မှာပေါ့။ ကြာလိုက်တာလို့ တွေးရင်း နောက်တစ်ကြိမ် တံခါးကို ထပ်ခေါက်လိုက်မိတယ်။ ခဏကြာတော့ တံခါးနားကပ်လာတဲ့ ခြေသံ ကြားလိုက်ရပြီး တံခါးပွင့်လာတော့တယ်။

အစ,မကောင်းပါလား။ ကံဆိုးပါတယ်။ မယ်ရမ်းတင်လေ။

"နေကောင်းတယ်နော်"လို့မေးပြီး ပြုံးပြလိုက်မိတယ်။ ကျောင်းမှာ သင်ခဲ့ရတာ 'သက်ရောက်မှုတိုင်းတွင် ယင်းနှင့် ညီမျှသော တန်ပြန်သက်ရောက်မှု တစ်ခုစီ ရှိသည်' ဆိုတဲ့ နယူတန်နိယာမ မှားတယ်။

ကျုပ်ရဲ့အပြုံးဟာ ဘေးချော်သွားတယ်ထင်။ ဒုက္ခိတပုံပေါက်နေတဲ့ ကျုပ်ကို မထင်မှတ်ဘဲ တွေ့လိုက်ရလို့ထင်၊ အလန့်တကြားကြည့်ပြီး "ကိုတိုက်မောင်း"လို့ အံ့ဩတကြီးနဲ့ ခေါ်လိုက်သံဟာ နှုတ်ဖျားက ထွက်လာခဲ့တော့တယ်။

ရှိသင့်ရှိထိုက်၊ ကြာသင့်ကြာထိုက်တဲ့ အချိန်ထက် ပိုကြာနေပြီ။ ကျုပ်ကို ခုထိ အိမ်ထဲဝင်ပါလို့လည်း မပြော၊ တံခါးဝကလည်း ဖယ်မပေး။ ဘာသဘောလဲ။ တံခါးမရှိ ဓားမရှိခဲ့တဲ့ အိမ်။

"မယ်ရမ်းတင်...ငါ အိမ်ထဲ မဝင်ရတော့ဘူးလား"လို့ မေးရင်း မယ်ရမ်းတင်ရဲ့ အံ့ဩကြောက်လန့်နေတဲ့ အကြည့်တွေကို ကျော်ဖြတ်ပြီး ကျုပ် အိမ်ထဲ တိုးဝင်ခဲ့တော့တယ်။

"ကိုတောကျော် မရှိဘူး ကိုတိုက်မောင်း။ ချောင်းဝရွာ သွား

ကြတယ်"ဆိုတဲ့ မယ်ရမ်းတင်ရဲ့ အသံဟာ ကျုပ်နောက်မှာ ကျန်ခဲ့တော့တယ်။

"သမီးလေး ပန်းစံပယ် ပါသွားလား"လို့ ကျုပ် မေးတော့ "သမီးလေးလည်း ပါသွားတယ်"တဲ့။

"ဘာနဲ့ သွားကြတာလဲ"

ကျုပ်အမေးကို ဖြေသံမကြားရလို့ မယ်ရမ်းတင်ကို ကြည့်လိုက်မိတယ်။

"မယ်ရမ်းတင်...ငါ မေးနေတယ်လေ၊ ဘာလဲ၊ ငါလာတာ မင်းအတွက် စိတ်အနှောင့်အယှက် ဖြစ်ပြီး စိတ်ဆင်းရဲသွားသလား"

"စက်လှေနဲ့ သွားကြတာ၊ သူတို့ ဒီည ပြန်လာမှာမဟုတ်ဘူး ကိုတိုက်မောင်။ ရှင် ဒီမှာ တည်းမလို့လား"

"ဟ...ငါ ဒီကိုလာတာ ဒီမှာမတည်းလို့ ဘယ်မှာ တည်းရမှာလဲ မယ်ရမ်းတင်၊ တည်းခိုခန်း ဒီနားမှာ ရှိလို့လား"

"ကိုတောကျော်မှ မရှိတာ၊ ရှင် ဒီမှာတည်းလို့ ဘယ်သင့်တော်ပါ့မလဲ၊ ဟိုး...ဟိုနှစ်ထပ်အိမ်ကြီးမှာ သွားတည်းပါလား"

ဘုရား...ဘုရား။ ကျုပ်ကို မယ်ရမ်းတင် အတော်မုန်းနေမှန်းခုမှ သေချာ သိလိုက်ရတော့တယ်။ စောစောက ကျွန်းပင်ဆိပ်ရွာမှာ ရှိတဲ့ အိမ်တွေရေတော့ အဲဒီနှစ်ထပ်အိမ်ကြီးကို ကျုပ်တွေ့ရဲ့နဲ့ ထည့်မရေခဲ့ဘူး။ ဒီရွာမှာ ဂုဏ်ယူစရာ နှစ်ထပ်အိမ်ဆိုလို့ ဒီတစ်လုံးပဲ ရှိတာ၊ အဲ...ဒါပေမယ့် လူမှမနေတာ။



ပင်လယ်ဘက်က ကျုပ်အသိတွေ မြို့ကအပြန် ဆုံမိကြတော့ အဲဒီနှစ်ထပ်အိမ်ကြီးမှာ စကားပြောရင်း တစ်ည သွားအိပ်ဖူးတယ်။

မနက်မိုးလင်းတော့ အသိ လင်မယားနှစ်ယောက် ပြန်ပြောပြတာ။ လမ်းမှာစားဖို့ ထည့်လာတဲ့ ထမင်းချိုင့်ကို တံခါးဘေးမှာထားပြီး အိပ်ကြတာ၊ သန်းခေါင်ကျော်လောက် ဆူဆူညံညံ အသံကြားလို့ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တာ၊ လားလား...မကြောက်နဲ့နော်၊ သုံးဆင့်ချိုင့်ကြီးက တုံးလုံးလဲပြီး ပတ်ချာလည်နေတာတဲ့။ သွားလည်း မကိုင်ရဲဘူး။ လင်မယားနှစ်ယောက် ဘုရားစာတွေရွတ်၊ အမျှဝေလုပ်မှ ငြိမ်သွားတယ်တဲ့။ ဒါတောင် အပေါ်ထပ်က ခြေသံတွေ ကြားရသေးတယ်တဲ့၊ အဲဒီချိုင့်ထဲမှာ ဝက်သားဆီပြန်၊ အမဲသားဆီပြန်၊ ဘူးဆန်းတာက ဒီလောက်လည်ပြီး တုံးလုံးလဲနေတာ ဆီတစ်စက်မှ မကျဘူးတဲ့။

နောက်...ဒီလောက် ဆူညံနေတာ ကျုပ် မနိုးလို့ အံ့ဩတယ်တဲ့။ သူတို့လင်မယားဆိုတာ ငုတ်တုတ် မိုးလင်းရောတဲ့။ အင်း... ကျုပ် မနိုးတာ ကံကောင်းသွားတယ်။ ဘယ်သူ ကံကောင်းတာလဲတော့ မသိဘူး။ နိုးရင် ကျုပ် တစ်ခုခုနဲ့ ကောက်ပစ်မိမှာ။ ဟုတ်တယ်၊ ကျုပ်ရှေ့ မျက်လှည့်ဆရာယောင်ယောင်၊ အောက်လမ်းဆရာယောင်ယောင် ကိုရှိုးကားရားတွေ လာလုပ်မပြနဲ့၊ မရဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင် မကြောက်ဘူး။ ကြက်သီးထတာကတော့ ငယ်ငယ်ကတည်းက အကျင့် ပါနေလို့ မတတ်နိုင်ဘူး။ တစ်ခုခုနဲ့

ကောက်ပစ်တာကတော့ အင်း...ကြောက်ကန် ကန်တာပေါ့နော်။

နောက်မှ တောကျော်ပြန်ပြောပြတာ။ အဲဒီအိမ်ပိုင်ရှင် မကျွတ်တာတဲ့။ သူ့အိမ်မှာ တည်းမယ်ဆို ခွင့်တောင်းပြီး တည်းရတယ်။ ခွင့်မတောင်းလို့ကတော့ "ငါ အိမ်ပိုင်ရှင်ကွ" ဆိုတဲ့ ဒီဇိုင်းမျိုးနဲ့ တစ်ခုခု လုပ်ပြတတ်တယ်တဲ့။

ပြဿနာရှာတာ။ ဘယ်သူ၊ ဘယ်ဧည့်သည်က ခွင့်တောင်းရမယ်ဆိုတာ သိမှာလဲ။ အဲ...သိမှတော့ သင်းအိမ် တည်းတောင် မတည်းတော့ဘူး။ ချောင်းထဲပဲ ဆင်းအိပ်တော့မယ်။

■

မယ်ရမ်းတင် အငြိုးကြီးပုံ၊ ကျုပ်ကို အဲဒီ နှစ်ထပ်အိမ်မှာ သွားအိပ်ခိုင်းတာလေ။ ဒီလောက်ထိ မရက်စက်သင့်ပါဘူးဗျာ။

တောကျော်ရေ...မင်းမိန်းမကတော့ ငါ့ကို ရက်စက်နေပြီဟ။

"မယ်ရမ်းတင်...မင်း အဲဒီအိမ်အကြောင်းလည်း သိရက်သားနဲ့၊ နောက် ငါ့မှာ ခြေထောက်က ဒဏ်ရာနဲ့၊ မပြေးနိုင် မလွှားနိုင်၊ နပမ်းလုံးရင်လုံး၊ မလုံးရင် ငုတ်တုတ်ခံရတော့မယ်၊ မင်း ငါ့အပေါ် ဒီလောက် အထိ မရက်စက်သင့်ပါဘူး။ ဒီမှာပဲ အိပ်ပါရစေ၊ ငါ တောင်းပန်တယ်"

"မဖြစ်လို့ပါ ကိုတိုက်မောင်းရယ်၊ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်း ဆိုတော့ ဘေးပတ်ဝန်းကျင်ရဲ့ ပြောစရာဖြစ်တော့မယ်၊ ဒီ တစ်ညတော့ တခြားမှာ သွားအိပ်ပါရှင်".



ကျုပ် မယ်ရမ်းတင်ကို သေသေချာချာ စိုက်ကြည့်လိုက်ပြီး ခေါင်းငုံ့လိုက်မိတယ်။ ခြေမအောက်က သွေးစက်ကို ခြေထောက်နဲ့ အသာပွတ်နေမိတယ်။ ကျုပ် ဘာလုပ်ရမလဲ။

"မယ်ရမ်းတင်...မင်း ငါ့အပေါ်ထားတဲ့ စေတနာကို လေးစားတယ်ကွာ၊ မင်းယောကျ်ားမရှိတာကို အကြောင်းပြပြီး ငါ့ကို ရက်ရက်စက်စက် နှင်လွှတ်တယ်၊ ငါ့အပေါ် ဒီလောက်အထိ မုန်းနေလိမ့်မယ်လို့ မထင်မိခဲ့ဘူး။ ဒါမှမဟုတ် ငါ့ကို မယုံကြည်လို့လား။ မင်း ငါ့ သိက္ခာကို စော်ကားတာလား"

မျက်စိမျက်နှာပျက်နေတဲ့ မယ်ရမ်းတင်ကို ကျုပ် အသံမာမာနဲ့ ပြောလိုက်မိတယ်။

"ငါ လာတိုင်း မင်းရဲ့ မကြည်ဖြူတဲ့ အကြည့်တွေကို ငါ ရင်ဆိုင်ခဲ့ရတယ်၊ ငါက အိမ်မရှိ၊ ယာမရှိ၊ ပိုက်ဆံမရှိတဲ့ ငမွဲဆိုပြီး အထင်သေး။ မကြည်ဖြူတာပေါ့ ဟုတ်လား"

ခုချိန်ထိ တံခါးဝ ကျောခိုင်းနေတဲ့ မယ်ရမ်းတင်ရဲ့ရှေ့ ကြမ်းပြင်ပေါ်ကို ကျုပ်လက်ထဲက လွယ်အိတ်ကို ပစ်ချလိုက်တယ်။ ဘိတ်ဆိတ်ငြိမ်သက်နေတဲ့ အိမ်လေးထဲမှာ လွယ်အိတ်ကျသံဟာ အတော်ကျယ်လောင်သွားတယ်။

မယ်ရမ်းတင် ကျုပ်ကို အလန့်တကြား လှမ်းကြည့်လိုက်တယ်။

ထိတ်လန့်တုန်လှုပ်နေတဲ့ မယ်ရမ်းတင်ကို ကြည့်ပြီး ကျုပ် အော်ပြောလိုက်မိတယ်။

"မယ်ရမ်းတင်…မင်းရှေ့က အိတ်ထဲ ဖွင့်ကြည့်လိုက်၊ ငါ ဒီတစ်ခေါက်လာတာ တောကျော်နဲ့ လက်တွဲ အလုပ်လုပ်ဖို့ဆိုပြီး လာခဲ့တာ၊ အဲဒီအိတ်ထဲမှာ စက္ကူတစ်စီးစာငွေ၊ ငါလိုကောင်မျိုးက ဒီငွေတွေ ဘယ်က မတရားရလာလဲလို့ မင်းထင်ဦးမယ်၊ တရားသဖြင့် ရလာတဲ့ ငွေ"

"ကိုတိုက်မောင်းရယ်၊ ကျွန်မ တောင်းပန်ပါတယ်၊ ရှင် ငွေ မရှိလို့၊ ရှင့်သိက္ခာကို မယုံကြည်လို့ မဟုတ်ရပါဘူး။ ဒီအိမ်မှာ နှစ်ယောက်တည်း မသင့်တော်လို့ပါ၊ မနက်ဖြန် ကိုတောကျော် ပြန်လာတော့ လာခဲ့ပါ၊ ကျွန်မ တောင်းပန်ပါတယ်"

ရှိုက်ငိုသံနဲ့ ပြောနေတဲ့ မယ်ရမ်းတင်ရဲ့ စကားသံတွေကို ကြားနေရတယ်။ ကျုပ် မကြားချင်တော့ဘူး။ ကျုပ် အံကို တင်းတင်း ကြိတ်လိုက်တယ်။

နောက် တံခါးဝနားမှာရှိတဲ့ ဒီဇယ်ပုံးတစ်ပုံးကို သွားယူလိုက်တယ်။

"ဒီမှာ မယ်ရမ်းတင်၊ ရှင်းရှင်းပြောရရင် ဒီငွေဟာ နင်တို့ အတွက်ပဲ၊ အရင်တစ်ခေါက် လာတုန်းက စီးပွားရေး သိပ်အဆင် မပြေဘူးလို့ တောကျော် ပြောခဲ့တယ်၊ ငါ့စေတနာကို နားမလည် နိုင်လင်မရှိတာကို အကြောင်းပြပြီး ငါ့ကိုရက်ရက်စက်စက် နှင်ထုတ်တဲ့ ဟာမ၊ ဒီလောက်တောင်ဖြစ်နေတာ နင့်အိမ် မီးရှို့ပစ်မယ်၊ နင်က ရက်စက်မှတော့ ငါကလည်း ရက်စက်ပြရတော့မှာပေါ့"



ကျုပ်ရှေ့က ဒီဇယ်ပုံးကို အဖုံးဖွင့်ပြီး သောင့်ကန်လိုက်တယ်။ ဒီဇယ်ဆီတွေ ကြမ်းပြင်တစ်ခုလုံး ရွှဲစိုသွားပြီး ဒီဇယ်နံ့တွေ တစ်အိမ်လုံး ပျံ့နှံ့သွားတော့တယ်"

"ဟားဟားဟားဟား…နင် မသေချင်သေးရင် တံခါးပေါက်က အမြန်ထွက်ပြေးလို့ရတယ်၊ တောကျော် မျက်နှာကိုထောက်ပြီး ချမ်းသာပေးလိုက်မယ်၊ အဲဒီငွေထုပ် လိုချင်ယူသွား။ မနက် တောကျော် ပြန်လာရင် ပြောလိုက်၊ ပြာပုံထဲမှာ ငါ့အရိုးရှိတယ်လို့"

"ကိုတိုက်မောင်းရယ်၊ ရှင် ကျွန်မကို မကျေနပ်ရင် သတ်လိုက်ပါ၊ အိမ်ကိုတော့ မီးမရှို့ပါနဲ့၊ ကျွန်မ ရှိခိုးတောင်းပန်ပါတယ်၊ ကျွန်မကို သတ်လိုက်ပါ ကိုတိုက်မောင်းရယ်"

ကျုပ်ကို ဒူးထောက်ရှိခိုး တောင်းပန်နေတယ်လေ။

"တောက်!"

ကျုပ် နာနာကျည်းကျည်း တောက်တစ်ချက် ပြင်းထန်စွာ ခေါက်လိုက်မိတယ်။ တောက်ခေါက်သံအဆုံးမှာ ကျုပ် ရှုမတတ်၊ သေမတတ် မျှော်လင့်စောင့်စားခဲ့ရတဲ့ အသံ၊ နောက်ကျောပေးထားတဲ့ အိပ်ခန်းတံခါးဝက ထွက်ပေါ်လာခဲ့တော့တယ်။

ကျုပ် တစ်ချက် ပြုံးလိုက်မိသလို ဖြစ်သွားလားမသိ။ ကျုပ် ရခဲ့တဲ့ အချက်တွေ အများကြီးပါ။ ကြီးကြီးကျယ်ကျယ် ပြောရရင် ဒီအော်ပရေးရှင်းမှာ နှစ်ချက် သုံးချက်နဲ့တင် ကျုပ်က ဇာတ်လမ်း အကြမ်း သိနေပြီ။

အိမ်တံခါးကို ခေါက်တော့ ကြားရတဲ့ အထဲက အသံတွေ၊ တံခါး ဖွင့်ပေးတဲ့ မယ်ရမ်းတင်ရဲ့ မျက်နှာပေါ်က အရိပ်စိမ်းတွေ။ တောကျော်တို့သားအဖ စက်လှေနဲ့သွားတာတဲ့။ ကမ်းနားမှာ စက်လှေ ရပ်ထားတာ ကျုပ် တွေ့ခဲ့တာပဲ။ မီးမှ ထားခဲ့ပြီး ညအိပ်သွားတဲ့ တောကျော်။ အိပ်ခန်းထဲဝင်သွားတဲ့ သွေးစက်တွေ၊ ကျုပ်ကိုကျော်ပြီး နောက်က အိပ်ခန်းတံခါးဝကို ကြည့်ကြည့်နေတဲ့ မယ်ရမ်းတင်။

များနေပြီ။ ကျုပ်အတွက် ဒီလောက်မလိုဘူးဆို။ မှားမယ် မထင်ဘူး။ ဖြည်းညင်းစွာ ထွက်ပေါ်လာတဲ့ တံခါးဖွင့်သံရဲ့ သံရှည် အဆုံးမှာ ကျုပ် ခေါင်းကို ဆတ်ခနဲ လှည့်လိုက်တယ်။ ဓားတစ်လက်နဲ့ ဝင်လာတဲ့အရိပ်။ တွေ့လား၊ မမှားဘူးဆို။

စဉ်းစားပြီး လုပ်နေစရာတောင် မလိုဘူး။ အလိုလို ဖြစ်သွားတာ။ ဘယ်ခြေကို ဗိလှည့်၊ နာနေတဲ့ ခြေထောက်ကို အနာခံ အားပြုပြီး နောက်ပြန်လှည့်လိုက်တယ်။ လက်ထဲက သစ်သားချောင်းနဲ့ ဝင်လာတဲ့အရိပ်ရဲ့ခေါင်း တိကျပိုင်နိုင်စွာ ပေါင်းစုံမိသွားကြတယ်။ မှန်တိုင်းစဲပြီ။

ကျုပ်ရဲ့ ရိုက်ချက်ကို အလွဲခံပြီး ဝင်လာတဲ့ ဓားလမ်းကြောင်းကို ရှောင်မယ်ဆို ရှောင်လို့ရပါတယ်။ ဒါပေမယ့်ဗျာ၊ ဝင်လာတဲ့ဓား ထုတ်ချင်းပေါက်သွားစေဦးတော့။ ရှေ့မှာ ပြိုလဲကျသွားတဲ့ ပုဂ္ဂိုလ်ကို ကြည့်ပြီး ကျုပ် ကျေနပ်မိမှာပါ။

ကျုပ် အခန်းထဲကို ကြည့်လိုက်မိတယ်။ အခန်းထောင့်မှာ



ပန်းစံပယ်လေးကို ထွေးပိုက်ထားတဲ့ တောကျော်၊ တောကျော်ရဲ့ ခေါင်းပေါ်က သွေးစက်တွေဟာ ကြောက်ရွံ့တုန်လှုပ်နေတဲ့ ပန်းစံပယ်လေး ကိုယ်ပေါ်မှာ စွန်းထင်းလို့နေလေရဲ့။

အံ့ဩတကြီး ကြည့်နေတဲ့ တောကျော်နဲ့ ကျုပ် အကြည့်ချင်း ဆုံမိလိုက်တယ်။

တောကျော်...ငါဟာ မင်းရဲ့သူငယ်ချင်းကောင်းဆိုတာ မယ်ရမ်းတင် သိအောင် ပြခဲ့ပါတယ်ကွာ။

ဟိုး...အဝေးက ဆင်အော်သံတွေကို နောက်ဆုံး ကြားလိုက်ရတယ်။

ပြန်ဖို့ ခေါ်နေပြီထင်...။ ။

■ ■ ■

(ရွှေအမြုတေ, AUG.2001)



သက်မဲ့ရုပ်တုနှင့် အပေါင်းပါများ

# သက်မဲ့ရုပ်တုနဲ့အာပေါင်းပါများ

မြူမှုန်တွေ အုံ့ဆိုင်းနေတဲ့ ညနေခင်း တစ်ခုမှာ ခရီးသွား ဘတ်စ်ကားတစ်စင်း ဘုရားကျောင်းဝင်းထဲ ဝင်လာတာ တွေ့လိုက်ရတယ်။

ခရီးဝေးက ခုန်းစိုင်းပြေးလာတဲ့ ဘတ်စ်ကား။ တောင်တန်းကြီးတွေ ဝန်းရံထားတဲ့ မီယာဂျီမှာ ဘုရားကျောင်းဝင်းထဲက ကားချပ်ကွင်းတစ်နေရာမှာ ဖက်သတ် ရပ်နားလိုက်တာကြည့်ပြီး ကျုပ်ချင်တွေခုန်နေမိတယ်။

တစ်ခါမှ ဒီလိုမဖြစ်ဖူးပါလား။

ကားရှေ့ခန်းတံခါး ပွင့်လာပြီး ဂိုက်ဝတ်စုံနဲ့ ဂျပန်မလေး တစ်ယောက် ထွက်ကျလာတယ်။ နောက် ကားတံခါးဘေးမှာ ရပ်ရင်း မီယာဂျီမှာ ကျောင်းမြေပေါ် ခြေချလာတဲ့ ခရီးသွားဧည့်သည်တွေကို တစ်ယောက်ပြီးတစ်ယောက် အရိုအသေပေး နှုတ်ဆက်နေလေရဲ့။

အင်း...ဂျပန်လူမျိုးတွေရဲ့ ခရီးသွားကား မဟုတ်ပါလား။ အနောက်နိုင်ငံက လာတဲ့သူတွေလည်း မဟုတ်။ နိုင်ငံခြားသားတော့ နိုင်ငံခြားသားတွေပဲ။ အရှေ့တိုင်းက ဖြစ်မယ်ထင်။ ဘယ်တိုင်း ဘယ် ဌာနီက ခရီးသွားတွေပါလိမ့်။

ကျုပ် သိချင်စိတ်နဲ့ ကွန်ပျူတာကို အမြန် ဖွင့်ကြည့်လိုက်မိ တယ်။ ဟာ...ရွှေတိုင်းဌာနီ ရွှေနိုင်ငံက ပုဂ္ဂိုလ်တွေပါလား။ ကျုပ် တစ်ကိုယ်လုံး ဝမ်းသာပီတိလှိုင်းတွေ၊ ရင်ခုန်သံတွေနဲ့ ပွဲတင်ရိုက်ခတ် သွားတော့တယ်။

ကမ္ဘာမှာ ထေရဝါဒ ဗုဒ္ဓသာသနာရောင် နေလိုလလို ထွန်း လင်း တောက်ပနေတဲ့ နိုင်ငံက ပုဂ္ဂိုလ်ထူးတွေပါလား။ ကုသိုလ်ထူး တဲ့သူတွေ မီယာဂျီမှာ ကျောင်းဝင်းထဲ ရောက်လာကြပါလား။

အေးချမ်းတဲ့ ညနေခင်းလေးမှာ မီယာဂျီမှာ ဘုရားကျောင်း ဝင်း တစ်ခုလုံး တောရနံ့၊ တောင်ရနံ့၊ မြူနံ့တွေနဲ့ သင်းပျံ့သွားတော့ တယ်။

■

တစ်နေ့တစ်နေ့ အနီးအဝေး ဒေသစုံက ဘုရားဖူး ရောက်လာ ကြတဲ့သူတွေ ဘယ်နည်းတော့မလဲ။ ခုလို တနင်္ဂနွေ ပိတ်ရက်မျိုးဆို ခရီးသွား ဘတ်စ်ကားတွေ တစ်စင်းပြီးတစ်စင်း ဝင်လိုက်ထွက်လိုက်။

ဂျပန်လူမျိုးတွေ၊ ဂျပန်မှာ ရောက်နေကြတဲ့ နိုင်ငံခြားသားတွေ၊ နိုင်ငံရပ်ခြားက ရောက်လာကြတဲ့သူတွေ၊ လူမျိုးပေါင်းစုံ၊ နိုင်ငံစုံ...။



အနောက်က လာတဲ့ လူအများစုကတော့ ကျုပ်အကြောင်း မသိလို့လား။ ဒါမှမဟုတ် အယုံအကြည် မရှိလေရော့ထင့်၊ ကျုပ်ဆီ သိပ်မလာကြဘူး။ မနီးမဝေးကပဲ ကြည့်ကြည့်သွားကြတယ်။

ဂျပန်လူမျိုးတွေပါတဲ့ ဘတ်စ်ကားဆို ဘယ်ပြောကောင်းမလဲ။ အနည်းဆုံး ကားရဲ့တစ်ဝက်ကျော်ဟာ ကျုပ်ဆီ ရောက်ကြတော့ တယ်။ တချို့ ဘုရား အရင်ရှိခိုးဖို့တောင် မေ့နေတယ်ဆို။ ကား ပေါ်က ဆင်းတာနဲ့ ကျုပ်ဆီ တန်းလာကြတော့တာပဲ။ ကျုပ်မှာ တစ်နေ့တစ်နေ့ သူတို့ ပြောသမျှ၊ တောင်းသမျှ၊ ငိုပြသမျှတွေကို စိတ်ရှည်ရှည်နဲ့ နားထောင်ခဲ့ရတာ နှစ်ပေါင်းများစွာ ကြာခဲ့မှပေါ့။

သူတို့ရဲ့ လိုအင်ဆန္ဒ၊ အပူလောဘတွေ ကျုပ်ဆီ လာပို့နေ ကြတာလေ။

■

ရွှေနိုင်ငံက ပုဂ္ဂိုလ်ထူးတွေ ကားပေါ်က ဆင်းလာကြတာ ကျုပ် လိုက်ကြည့်နေမိတယ်။ နောက် ကွန်ပျူတာခလုတ်တွေ လျှောက်နှိပ် ကြည့်လိုက်မိတော့တယ်။

တိုကျိုကလာကြတဲ့ ခရီးသွား အယောက်သုံးဆယ်ပါလား။ ညော်...ညော်...ဂျပန်မှာ အလုပ်လာလုပ်ကြတဲ့ ခေတ္တ ဂျပန်တွေကိုး။ အဲ...ခေတ္တဂျပန်သားဆိုတယ်။ ရှစ်နှစ်၊ ကိုးနှစ်၊ ဆယ်နှစ် နှစ်ကြီးသမား တွေပါလား။ နောက်နားက ဖရက်ရှာလေးတွေ ထင်ရဲ့။ ဟိုကြည့် ဒီငေး။ ဝေါင်တောင်တောင်နဲ့။

ကွန်ပျူတာ မောက်စ်ကို ဆက်နှိပ်ကြည့်လိုက်မိတယ်။ ဆရာကြီး တစ်ယောက် နှစ်ယောက်က လွဲရင် အားလုံး ရှိုးရှိုးသားသား အလုပ်လာလုပ်ကြတဲ့သူတွေပါလား။ အေးလေ...ရွှေနိုင်ငံက လာကြတဲ့သူတွေမို့ ကျုပ် ဝမ်းသာဂုဏ်ယူစွာ ကြိုဆိုမိတော့တယ်။

ကျုပ် ဘာဖြစ်လို့ ဝမ်းသာဂုဏ်ယူစွာ ကြိုဆိုရတာလဲဆိုတော့ စောစောက ပြောခဲ့သလိုပဲ ပြည်တွင်ခရီးသွား ဘတ်စ်ကားတစ်စီး ဆိုက်ရင် အနည်းဆုံး တစ်ဝက်ကျော် ကျုပ်ဆီ ရောက်လာကြပြီး သူတို့ရဲ့ အပူမီးတွေ လာလာပို့တတ်ကြတယ်။

တရားစစ် တရားမှန်တွေ တောက်ပနေတဲ့မြေမှာ လူဖြစ်လာခဲ့ရတဲ့ သူတို့အတွက်ကတော့ အအေးဆုံးအရိပ်ရဲ့ တန်ဖိုးကို သိနားလည်ထားတယ်ဆိုတော့ အရိပ်တုအရိပ်ယောင်အောက်ကို ဘယ်သွားတော့မလဲ။

ကျုပ်ကို တစ်ချက်လောက် လှည့်ကြည့်သွားဖော်ရရင်ပဲ ကျုပ် ဝမ်းသာပီတိ ဖြစ်ရပါပြီဗျာ။

တွေ့လား။ အားလုံး ဘုရားကျောင်းဘက် သွားနေကြပြီ။ အအေးဆုံး အရိပ်အောက်က ကုသိုလ်ထူးတဲ့သူတွေကို ကျုပ် မုဒိတာစိတ်နဲ့ ကြည့်နေမိတော့တယ်။

"ဂလောက်...ဂလောက်...ဂလောက်"

ကျုပ်ရှေ့က အလှူခံပုံးကြီးထဲ အကြွေကျသံကြောင့် အလန့်တကြား ကြည့်လိုက်မိတယ်။



ဟာ...ကျုပ်ရှေ့မှာ ရွှေမောင်မယ် ငါးယောက် ရောက်နေပါလား။ မယုံကြည်နိုင်မှု၊ အံ့သြတုန်လှုပ်မှုတွေနဲ့ ကျုပ် မင်သက်မိနေတော့တယ်။ ခဏကြာမှ မောက်စ်ကို အမြန်နှိပ်ပြီး ရှေ့မှာရောက်နေတဲ့ ငါးယောက်ရဲ့ ကိုယ်ရေးဖိုင်တွေကို ရှာလိုက်မိတယ်။

အဖြူအမည်း လိုင်းရိပ်တွေ ပြေးနေတဲ့ ဖိုင်ငါးခုကို တွေ့လိုက်ရတယ်။ ရှေ့ဆုံးမှာ လက်အုပ်ချီရပ်နေတဲ့ အမျိုးသမီးရဲ့ဖိုင်ကို ကြည့်လိုက်မိတယ်။ ဖိုင်ရဲ့အဖုံးဟာ အဖြူရောင်လိုင်းရိပ်တွေ ပိုများနေလေရဲ့။

ဘာသာပြန် စက်ခလုတ်ကို အသာဖွင့်လိုက်မိတယ်။ အမျိုးသမီးရဲ့ ဆုတောင်းသံဟာ ကွန်ပျူတာရဲ့ စပီကာက ထွက်ပေါ်လာခဲ့တော့တယ်။

"တပည့်တော်မ မြန်မာပြည် ပြန်ချင်လှပါပြီ အရှင်နတ်မင်းကြီး။ မပြန်ခင် မြန်မာပြည်မှာ လုပ်ကိုင်စားသောက်ဖို့ အရင်းအနှီးလေးရအောင် ဂျမ်ဘိုထီပေါက်အောင် စောင့်ရှောက်တော်မူပါ အရှင်နတ်မင်းကြီး"

ဟိုက်...ရှားဘား...။

ဂျပန်လူမျိုး ငါးယောက်လာရင် သုံးယောက်လောက် တောင်းတဲ့ ဆု၊ အတောင်းခံရဆုံးဆု၊ Top 10 ရဲ့ ထိပ်ဆုံးနေရာမှာ သံမှိုစွဲထားသလို မြဲနေတာ နှစ်ပေါင်းများစွာ ကြာမှပေါ့။

ဂျပန်လူမျိုးတွေရဲ့ အိပ်မက်ကို သင်းက တောင်းတယ်လား။

လောဘကလည်း ကြီးပုံ။ ဂျပန်မှာလည်း အလုပ် လာလုပ်သေး။ အမြင့်ဆုံး ဂျမ်ဘိုထီကလည်း ပေါက်ချင်သေး။

ကျုပ် အမျိုးသမီးရဲ့ဗိုင်ကို လှမ်းကြည့်လိုက်မိတယ်။ စေတနာ ထက်သန်စွာနဲ့ လှူဒါန်း ပေးဝေထားတာတွေ တွေ့လိုက်ရတယ်။ အင်း...ဒါကြောင့် ဗိုင်အဖုံးက အဖြူရောင်သမ်းနေတာကိုး။ ကျုပ် ထင်ထားသလို လောဘလည်း မရှိပါလား။ စုဆောင်းထားတာနဲ့ ရင်းနှီးပေါ့။ ဘာဖြစ်လို့ ထီပေါက်ချင်ရတာပါလိမ့်။

ကျုပ် နားမလည်စွာနဲ့ ပြန်သွားတဲ့လူတွေရဲ့ ဗိုင်တွေကို လှမ်း ကြည့်လိုက်တော့မှ အမျိုးသမီးအပေါ် နားလည် ခွင့်လွှတ်မိတော့ တယ်။

ကြက်ယက်သလို ပင်ပင်ပန်းပန်း ရှာဖွေ စုဆောင်းထားတဲ့ အထုပ်လေးတွေ ဟိုရောက်တော့ ပရုတ်လုံးလို တဖြည်းဖြည်းသေးပြီး ပျောက်သွားတာ အလန့်တကြား တွေ့လိုက်ရတယ်။ မမြဲတဲ့ အနိစ္စ သဘောပါလား။

အေးလေ...ရှေးဘဝ ကုသိုလ်ကံ ပါရင်တော့ ပေါက်မှာပေါ့ ကွယ်။

ကျုပ် စိတ်မကောင်းစွာနဲ့ ညည်းတွားလိုက်မိတော့တယ်။

■

ကောင်မလေးတစ်ယောက် ရှေ့ကို မဝံ့မရဲတိုးလာပြီး အလှူခံ ပုံးထဲ ယမ်းတစ်ရာစေ့တစ်စေ့ကို ကန့်ကလျနဲ့ လှမ်းပစ်ထည့်လိုက်



တယ်။ ကျုပ် ကြည့်ကောင်းကောင်းနဲ့ ကြည့်နေမိတယ်။ နောက် ဗိုင်တွဲကို ကြည့်လိုက်မိတယ်။

ဟင်...

ကျုပ် အလန့်တကြား ဖြစ်သွားရတယ်။ ဗိုင်တွဲထဲမှာ ရေး သားတာ ယောကျ်ားလေး...။ အလှူခံပုံးရှေ့ ပြန်ကြည့်လိုက်တယ်။ မိန်းကလေး။

ကွန်ပျူတာပဲမှားလား။ ကျုပ် မျက်စိပဲ မကောင်းတော့တာ လား မသိ။ တစ်ခုခုတော့ မှားနေပြီ။ ဖဝေဖဝါနဲ့ ကောင်မလေးကို သေသေချာချာ ထပ်ကြည့်လိုက်မိတယ်။

ဟိုက်...ရှားဘာ။

မှန်ဝါးဝါးမီးရောင်အောက်မှာ ထွက်နေတဲ့ လည်ပင်းက ငုတ်တို ကို တွေ့လိုက်ရတယ်။

အဲဒီကောင်မ...အဲ...အဲဒီကောင်။ အဲ...တော်တော်ရှုပ်တဲ့ ဘာမ။ တစ်ခါမှ ဒီလိုမျိုး မကြုံဖူးတော့ ကျုပ် စိတ်တိုသွားတာပေါ့။ နောက် ဘာသာပြန်စက်က ထွက်ပေါ်လာမယ့် အသံကို စိုးတထိတ် ထိတ်နဲ့ နားစွင့်နေမိတော့တယ်။

"မီးလေ...ရထားပေါ်မှာ အကိုင်ခံရရင် လျော်ကြေးရတယ် ဆိုလို့ မီးလေ...ကိုင်တာနာမည်ကြီးတဲ့ ဆိုင်းခရောရထားကို ခေါက် နဲ့ ခေါက်ပြန် စီးပေမယ့် ခုထိ ဘာမှမထူးခြားသေးပါဘူး မင်းမင်း ရယ် အဲ...ဘွာတေး...အရှင်နတ်မင်းကြီးရယ်၊ အဲဒါလေ...အမြန်

ထူးခြားလာအောင် မီးကို စောင်မကြည့်ရှုပေးပါ အရှင်နတ်မင်းကြီး ရယ်၊ မီးလေ...အားကိုးပါတယ်"

တယ်...တယ်လေ...ငါ စိတ်ရှိတိုင်းသာ ကိုင်လိုက်ရရင်... အဲ...ဘွားတေး...စိတ်ရှိတိုင်းသာလုပ်ရရင် ကောင်မ...အဲ...အကောင် တော့ နာတော့မှာပဲ...ဟင်းနော်...ဟင်း။

တောက်...ဘယ်လိုဟာနဲ့ လာတွေ့နေပါလိမ့်။ နတ်သမိုင်း မှာ ဒါမျိုးဆု ဘယ်နတ်မှ တောင်းခံရမှာ မဟုတ်ပါဘူး။ ကံဆိုးပါ တယ်။

■

"ဂလောက်!"

အလှူခံပုံးထဲ အကြွေကျသံဟာ ငါးရာစေ့မို့လို့ ထင်။ ကျုပ် နားကို ခပ်ပြင်းပြင်း ဝင်ရောက်ရိုက်ခတ်သွားလေရဲ့။ ကျုပ်ရှေ့ကို ကြည့်လိုက်တော့ အမျိုးသားတစ်ဦး အလှူခံပုံးထဲ နောက်ထပ် တစ် ထောင်တန် တစ်ရွက် ထပ်ထည့်တာ တွေ့လိုက်ရတယ်။ ယမ်း တစ် ထောင့်ငါးရာတောင် လှူနေပါလား။

ကွန်ပျူတာထဲက ဗိုင်ကို ကြည့်လိုက်တော့ အဖြူရောင် အနက်ရောင်တွေ ပြေးနေတဲ့ ဗိုင်ကို တွေ့လိုက်ရတယ်။ ဘာသာပြန် စက်က ထွက်ပေါ်လာမယ့် ဆုတောင်းသံကို နားစွင့်လိုက်မိတယ်။

"ကျွန်တော်မျိုးနဲ့ မနက်ဆိုင်မှာ အတူအလုပ်လုပ်တဲ့ ဂျမ်မ လေးကို အရမ်းချစ်နေမိပါပြီ အရှင်နတ်မင်းကြီး။ အဲဒါ အမြန်ဆုံး



အဆင်ပြေအောင် စောင့်ရှောက်တော်မူပါ အရှင်နတ်မင်းကြီးခင်ဗျား"

ဟိုက်...ရှားဘာ။

ဒါလေးများကွာ ငါ့ဆီ လာဆုတောင်းနေရသေးတယ်။ ကိုယ့် လူကလည်း ယောက်ျား မဟုတ်တာကျနေတာပဲ၊ နေရာချင်းသာ လဲ လိုက်ချင်တော့တယ်။

တီ...တီ...

တီ...တီ...

ကွန်ပျူတာထဲက ထွက်ပေါ်လာတဲ့ အသံကြောင့် ကျုပ် အလန့်တကြား ကြည့်လိုက်မိတယ်။ ကွန်ပျူတာမျက်နှာပြင်ပေါ်မှာ အနီကာတ်တစ်ခုနဲ့အတူ နတ်ဘာသာနဲ့ရေးထားတဲ့ သတိပေးချက်ကို အထိတ်တလန့် တွေ့လိုက်ရတယ်။

"နေရာချင်း လဲရအောင် မင်းအရာလား။ နတ်က နတ်လို မနေဘဲ လူ့အရှုပ်ထဲ ဝင်ချင်သေးတယ်၊ အဲဒီလူအကြောင်း ဗိုင်ထဲ ကြည့်ပြီးမှ ပြော၊ နာချင်လို့...ဟင်း"

ကျုပ် တုန်တုန်ရီရီနဲ့ ဗိုင်ကိုဖွင့်ကြည့်လိုက်မိတယ်။ ဟင်... သင်း...သင်းက မိန်းမနဲ့ ကလေးနှစ်ယောက်နဲ့ပါလား။ တောက်... ကြားထဲ ရှုပ်ထားတာတွေ ရှိသေးတယ်။ တယ်...ငါလေ...သင်း ကြောင့် အဆူခံရတယ်။ လဒကောင်...။

တင်းပုတ်ကို ဆုပ်ကိုင်ထားတဲ့ ကျုပ်ညာလက်ဟာ တင်းခနဲ ဖြစ်သွားတယ်။ ဒေါသတွေ...ဒေါသတွေ...ဟင်း။

တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး...ကိုးဆယ့်ရှစ်၊ ကိုးဆယ့်ကိုး၊ တစ်ရာ။ တစ်၊ နှစ်၊ သုံးလေး...တစ်ရာအထိ ရေလိုက်တော့မှ ကျုပ်ဒေါသတွေ အတော်လျော့သွားတော့တယ်။ ရှေ့ကို လှမ်းကြည့်လိုက်တော့ စောစောက ဆုတောင်းတဲ့ပုဂ္ဂိုလ် မရှိတော့ဘူး။ ကျုပ်ဒေါသကို သိနားလည်တယ်ထင်။ ဟိုး...အဝေးဘတ်စ်ကားနားကနေ ကျုပ်ဆီ ကွက်ကြည့်ကွက်ကြည့် လုပ်နေလေရဲ့။

ဟင်း...သင်းတော့ သိမယ်။ လဝကနဲ့ ရဲကို လက်တို့လိုက်ဦးမယ်။ ပြည်တော်ပြန်ဖို့သာ ပြင်ပေတော့။ ဟင်း...။

■

ဆူညံစွာ ထွက်ပေါ်လာတဲ့ အကြွေသံတွေကြောင့် ကျုပ်အလှူခံပုံးဆီ အကြည့်တစ်ချက်ပေးလိုက်တယ်။ အမျိုးသမီးတစ်ဦး။ သေချာတယ်။ မှားစရာအကြောင်းမရှိဘူး။ အကြွေတွေထည့်ထားတဲ့ အိတ်ကိုဖွင့်ပြီး အကုန်လှူနေတာ။

စေတနာ ရက်ရောလှချည်လား။ ဒါမျိုးလှူတာ တွေ့ရခဲပါဘိ။ ထူးတော့ ထူးခြားနေပြန်ပါပြီ။ အဲ...စောစောက ပုဂ္ဂိုလ်လည်း ထူးထူးခြားခြား တစ်ထောင့်ငါးရာ လှူသွားတာ။ သူတို့ဟာက ထူးခြားရင်ကြောက်ရတယ်။

"မီးလေ...အရှင်နတ်မင်းကြီးကို အားကိုးပါတယ်၊ မီးရဲ့ရင်ထဲက အပူတွေ ငြိမ်းအောင် ကူညီစောင့်ရှောက်တော်မူပါ အရှင်နတ်မင်းကြီး"



လာပြန်ပြီ မီး။ စောစောက အခြောက်မကာလည်း မီး...မီးနဲ့။ မီးဆိုရင်တော့ နာတော့မယ် ထင်တယ်။ ကျုပ် ဆက်နားထောင်လိုက်မိတယ်။

"မီးနဲ့ ဆိုင်မှာ အတူအလုပ်လုပ်တဲ့ ဂျပန်ကောင်လေးလေ၊ မီးအပေါ် ရိုးရိုးသားသား ဆက်ဆံနေပါတယ် အရှင်နတ်မင်းကြီး။ အဲဒါလေ မီးအနေနဲ့ပေါ့၊ ရိုးရိုးသားသား ဆက်ဆံတာကို ဘဝင်မကျပါဘူး။ မရိုးမသားစိတ်နဲ့ ဆက်ဆံအောင် ကူညီပေးပါ၊ အရှင်နတ်မင်းကြီးရယ်"

ဟင်...

ကျုပ် ဘာသာပြန်စက်ကို တစ်ချက် ကြည့်လိုက်မိတယ်။ စက်ကပဲ မှားပြီး ဘာသာပြန်လေရော့သလား။ ကျုပ်ပဲ နားကြားလွဲလေရော့သလား မသိ။ ရိုးရိုးသားသား ဆက်ဆံတာကို မကြိုက်လို့ မရိုးမသား ဆက်ဆံစေချင်တာတဲ့။

ဘာပါလိမ့်။

ကျုပ် ဘာသာပြန်စက်ကို နည်းနည်းကိုင်လှုပ်ပြီး ပြန်ဖွင့်ကြည့်မိတယ်။

"...မရိုးမသားစိတ်နဲ့ ဆက်ဆံအောင် ကူညီပေးပါ အရှင်နတ်မင်းကြီးရယ်"

ကျုပ် အမျိုးသမီးကို သေသေချာချာ ကြည့်လိုက်မိတယ်။ အသက်လေးဆယ်လောက်၊ မီးသွေးအိတ် အဝတ်ပတ်ထားသလို

မည်းမည်း၀၀ ကိုယ်လုံးနဲ့ အနီရောင် အကြေကြောက် ဆံပင်တို့၊ မျက်နှာပေါ်မှာ ရောင်စုံဖြာလို့ လှချင်တိုင်းကို လှနေတော့တယ်။

ဆုတောင်းကောင်းတဲ့ မီးလေးရယ်၊ အဲ…မီးကြီးရယ်။ စိတ်လျှော့လိုက်ပါတော့လို့ ကျုပ် ရေရွတ်နေမိတော့တယ်။

■

မငုံ့မရဲနဲ့ ရှေ့မှာ လက်အုပ်ချီရပ်နေတဲ့ လူငယ်တစ်ယောက်ကို တွေ့လိုက်ရတယ်။ ဗိုင်ကိုကြည့်လိုက်တော့ အဖြူရောင်တွေ သမ်းနေတာ တွေ့လိုက်ရတယ်။ ကျုပ် နည်းနည်းတော့ စိတ်အေးသွားရတယ်။

"ကျွန်တော်မျိုးနဲ့ မနက်ဆိုင်မှာ အတူ အလုပ်လုပ်တဲ့သူရဲ့ မိန်းမ မြန်မာပြည်မှာ ကလေးအမွှာပူး ဗိုက်ခွဲမွေးရမယ်၊ အရေးတကြီး ငွေလိုတယ် ဆိုလို့ ကျွန်တော်မျိုး ငွေတော်တော်များများ ချေးလိုက်မိပါတယ်၊ ပိုက်ဆံချေးပြီး မကြာခင်မှာပဲ ဒီလူ ဆိုင်ကအလုပ်ထွက်သွားပါတယ် အရှင်နတ်မင်းကြီး"

"နောက်မှ ကျွန်တော်မျိုး စဉ်းစားမိပါတယ်၊ ဒီလူ ဂျပန်ရောက်တာ ဆယ်နှစ်ကျော်ပြီမို့ သူ့မိန်းမ ကလေးမွေးတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ သူ့အိမ်လည်းမသိ၊ ဖုန်းဆက်လို့လည်းမရနဲ့ ကျွန်တော်မျိုး စိတ်မချမ်းမသာ ဖြစ်နေရပါတယ်၊ ကျွန်တော်မျိုးရဲ့ ငွေတွေ ပြန်ရအောင် စောင့်ရှောက်ကူညီပေးပါ အရှင်နတ်မင်းကြီး"

ရှေ့က ပုဂ္ဂိုလ်ရဲ့ စကားအဆုံးမှာ ကျုပ် ကွန်ပျူတာခလုတ်



အမြန် နှိပ်ပြီး နတ်လွှမ်းချင်း တစ်ပုဒ်ကို ဖွင့်နားထောင်နေမိတော့တယ်။

တောက်…ဒီလောက်တောင် တုံးရ အ,ရလားဟဲ့ လဒစုတ်ရဲ့။ ဂျပန်ရောက်တာ ဆယ်နှစ်ကျော်ပြီဆိုတဲ့လူရဲ့ မိန်းမက ခုမှကလေး မွေးတယ်ဆိုတာ နင်မို့လို့ ယုံ။ ခံ…ခံ။ ခံရတာတောင် နည်းသေး။

ဘယ်လိုဟာတွေနဲ့ လာတွေ့နေတယ် မသိပါဘူး။

■

ဟိုး…ရှေးနှစ်ပေါင်းများစွာကတည်းက ခုချိန်ထိ ကျုပ်ဆီ လာဆုတောင်းကြတဲ့သူတွေ ဘယ်နည်းတော့မလဲ။ တောက်လျှောက်ကန်လာခဲ့တဲ့ ကမ္ဘာ့ဖလား ဘောလုံးပိုင်နယ်ပွဲ ပွဲကြည့်ပရိသတ်လူဦးရေ အားလုံးပေါင်းလိုက်။ ကျုပ်ဆီ လာဆုတောင်းတဲ့လူ အရေအတွက်ကို မမီသေးဘူးဆိုတာ ယုံ။

ဆုတောင်းပြည့်မပြည့်တော့ မပြောတတ်ဘူးလေ။ နာမည်ကြီးလာတာတော့ အမှန်ပဲ။ မတော်တဆ တောင်းတဲ့ဆု၊ လိုအင်ဆန္ဒပြည့်သွားရင် ကျုပ် လက်ချက်၊ ကျုပ် မ,ပေးလို့လို့ ထင်မယ်။ ကောင်းလေစွ။ တောင်းတဲ့ဆုမပြည့်ရင်လည်း ကျုပ်ကို အပြစ်မမြင်ဘဲ ကြာတော့ သူတို့ဘာသာသူတို့ မေ့သွားကြတာပဲ။ ကောင်းလေစွ။

ကျုပ်ဘက်က စွမ်းဆောင်ပေး။ လုပ်ပေးနိုင်လား ဆိုတော့ ကျုပ် နမူနာ တစ်ခု ပြောပြမယ်။ လွန်ခဲ့တဲ့ တစ်လကျော်ကျော်လောက်က လူငယ်တစ်ယောက် လာဆုတောင်းသွားဖူးတယ်။ ဘာ

ဆုတောင်းလဲ ဆိုတော့ နာမည်ကြီး အဆိုတော် မင်းသမီးလေး အိခဲဒါမိဖုယုကို လက်ထပ်ခွင့်ရပါစေဆိုတဲ့ ဆု။

တကယ်ချစ်၊ တကယ်အရူးအမူးဖြစ်နေပုံပါပဲ။

နောက် တစ်နှစ်ကျော်လောက်မှာ ဂျပန်အဘိုးကြီး အဘွားကြီးတွေရဲ့ ခရီးသွား ဘတ်စ်ကားတစ်စီး ရောက်လာတယ်။

အသက်ခြောက်ဆယ်ကျော်လောက် ရှိမယ့် ခေါက်ဆွဲဆိုင်ပိုင်ရှင် အဘိုးကြီးတစ်ယောက် ဘာဆုတောင်းလဲ သိလား။ အရင်ကောင်လေး လက်ထပ်ခွင့်ရပါစေဆိုတဲ့ အဆိုတော် မင်းသမီးလေးကို သဘောကျလို့ လက်ထပ်ရအောင် ကျုပ်ကို စောင့်ရှောက်ကူညီပါတဲ့။

အဘိုးကြီး ကဲ့တာ ပြောပါတယ်။ ကိုယ့်အရွယ်ဝတ်ဆိုက်လည်း မဟုတ်၊ သင်းအသက်အရွယ်နဲ့ သမီးအရွယ်လောက်လေးကို တောင်းစရာလား။ သင်းမလို့ မရှက်မကြောက် တောင်းရဲတယ်။

သင်းပဲ ပထမတစ်ခေါက် လာတုန်းက ခေါက်ဆွဲဆိုင်တစ်ဆိုင်ကနေ သုံးလေးငါးဆိုင် ပိုင်ဆိုင်ပါရစေလို့ ဆုတောင်းသွားတာ။ ခုသူ့ဘာသာသူ ကြိုးစားလို့ ခေါက်ဆွဲဆိုင်သုံးဆိုင် ပိုင်နေပြီ။ ဟင်း... ပိုက်ဆံလေး ရှိလာတော့ မဖွယ်မရာ လုပ်ချင်လာတယ်။ စိတ်ရှိတိုင်းသာ လုပ်ရရင် ခေါက်ဆွဲဆိုင်တွေ ညစ်ပတ်လို့ဆိုပြီး အပိတ်ခံရတော့မယ်။

ကျုပ် ပြောချင်တာက ဟိုကောင်လေးကလည်း အဆိုတော်မလေးကို လက်ထပ်ချင်တယ်၊ အဘိုးကြီးကလည်းလိုချင်တယ်။ တခြား



နေရာက နတ်တွေဆီမှာလည်း ဒီလို ဆုတောင်းတဲ့သူ မရှိဘူးလို့ ဘယ်ပြောနိုင်မလဲ။

ကဲ... ဆုတောင်းတိုင်းသာ ဖြစ်ရမယ်ဆို အဆိုတော် ကောင်မလေး ယောကျ်ားတွေ အများကြီး ဖြစ်ကုန်ရော့မယ်။ ဒီလိုဆို သေရချည်ရဲ့။

ရှေးဘဝ ကုသိုလ်ကံ အကြောင်းအကျိုးကြောင့် ဖြစ်ပျက်သွားကြတာ ကျုပ်တို့က ဘာလုပ်လို့ရမှာလဲ။ အဲ... မှားလို့ ရတယ်။ မီးစင်ကြည့်ကလို့ရတယ်။ သံစဉ်နားထောင်ပြီး ပါးစပ်လှုပ်လို့ရတယ်။ ဒါပဲပေါ့။

ဒီလိုနဲ့ နာမည်ကြီးခဲ့ရတယ် ဆိုပါတော့...။

■

"ဂလောက်...ဂလောက်"

ကျုပ် စဉ်းစားလို့ကောင်းနေတုန်း ဂလောက်၊ ဂလောက်သံကို အလန့်တကြား ကြားလိုက်ရတယ်။ ရှေ့ကိုကြည့်လိုက်မိတယ်။

ဟိုက်...ရှားဘား။

ကျုပ် ဒီအဖွဲ့နဲ့တွေ့မှ ဟိုက်ရှားဘားတွေ တ,နေရတာလည်း မနည်းတော့။ အလှူခံပုံးရှေ့မှာ ဆုတောင်းဖို့ ရပ်နေကြတာ နောက်ထပ် ငါးယောက်။ ဘုရားကျောင်းပိတ်ဖို့ အချိန်ကလည်း လိုသေးတယ်။

အင်း...ပေးဆပ်ဖို့ ကျန်နေပါသေးလား။

အမျိုးသမီး ခပ်ဝဝတစ်ယောက် လက်အုပ်ချီနေတာ တွေ့လိုက်ရတယ်။ ဆုတောင်းသံကို မရဲတရဲနဲ့ နားထောင်နေမိတယ်။

"အရှင်နတ်မင်းကြီးရှင့်၊ မီးရဲ့ စားသောက်ဆိုင် ဧည့်သည်မလာလို့ ကြာလာရင် ကိုယ်ကျိုးနည်းရပါတော့မယ်၊ မီးကို ဧည့်သည်တွေ အများကြီးလာပြီး ရောင်းကောင်းအောင် စောင့်ရှောက်ပေးပါနော်၊ မီး အားကိုးပါရစေ အရှင်နတ်မင်းကြီးရယ်"

အင်း...ဧည့်သည်မလာလို့ လာအောင် စောင့်ရှောက်ရမယ်ဆိုပါတော့။ ကွန်ပျူတာ ခလုတ်တွေကို လိုက်ကလိရင်း မီးဆိုင်နဲ့ ပတ်သက်တဲ့ ဖိုင်ကို ကြည့်လိုက်မိတယ်။

အလား...အပြစ်တွေ မနည်းပါလား မီးလေးရယ်။

ဘူတာအဝ ခလုတ်တိုက်မယ့် နေရာမှာ ဆိုင်မဖွင့်တာက တစ်ပြစ်၊ ကာရာအိုကေ မထား။ စားပွဲတိုးကောင်မလေး မထားတာက တစ်ပြစ်၊ စားပွဲပေါ် Cat Walk လျှောက်နေတဲ့ ပိုးဟပ်လေးတွေ၊ အရေးတကြီး အလျှဉ်စလို ပုံစံနဲ့ ထွက်ထွက်လာပြီး ကိုယ်ရောင်ပြတတ်တဲ့ ကြွက်တွေ မွေးထားတာက တစ်ပြစ်၊ ပိုက်ဆံပေးစားတဲ့ လူချင်းအတူတူ ဂျပန်ကိုဆက်ဆံတော့ ဖားယားပြီး ဆက်ဆံ၊ ကိုယ့်လူမျိုးကျတော့ အထင်မကြီး။ ဂရုမစိုက်တဲ့ ပုံစံချိုးတာက တစ်ပြစ်၊ ကျသင့်ငွေထက် ပိုမှတ်၊ ပိုတောင်းတာက တစ်ပြစ်...။

မပြီးသေးဘူး ရှိသေးတယ်။

အတိတ်မှာ ချဉ်ခဲ့မယ်၊ ပစ္စုပ္ပန်မှာ ငံနေမယ်၊ အနာဂတ်မှာ



တော့ စပ်မယ်။ ဟင်းတစ်မျိုးတည်းကို တစ်နေ့တစ်မျိုး အရသာမတူအောင် ချက်တတ်တာက တစ်ပြစ်။

အပြစ်တွေ တော်တော်များနေတယ် မီး။

အေးလေ...အားကိုးတကြီး ရောက်လာမှတော့ ပြောလိုက်ပါ့မယ်။ "တို့ပြောချင်တာက မီးရယ်...မီးအပြစ်တွေ အမြင်မှန်ရပြီး ပြင်မယ်ဆိုရင် မီးရဲ့ဆိုင်ဟာ ဧည့်သည် တရုန်းရုန်းနဲ့ စည်ကားလာမှာပါ မီးလေးရယ်"

အနီရောင်ကတ်တစ်ခုနဲ့အတူ ဆူညံစွာ သတိပေးတဲ့အသံတွေ ကွန်ပျူတာက ထွက်ပေါ်လာခဲ့တော့တယ်။

■

စိမ့်မှန်သန့်ရှင်းတဲ့ အရိပ်အောက်က လူတွေဆိုတော့ ကျုပ်ဆီ လာမယ် မထင်မိခဲ့ဘူး။ ဒါပေမယ့် တချို့ ရောက်လာကြတယ်။ မှားမှန်းသိရက်နဲ့ ဖွတ်မှားနေတာလည်း ရှိမယ်။ မသိလို့၊ မစဉ်းစားတတ်လို့ မှားနေတာလည်း ရှိမယ်ဆိုတော့...

ထားတော့။ ရောက်လာပြီး သာမန်တောင်းခံနေကျဆုမျိုးပဲ တောင်းမယ်လို့ ထင်ခဲ့မိတယ်လေ။ အထင်မှားခဲ့သမျှတွေထဲမှာ အဆိုးဆုံးအမှား ဖြစ်ခဲ့တော့တယ်။ တစ်ခါမှအတောင်းမခံခဲ့ရဖူးတဲ့ ဆုတွေနဲ့ နတ်ကို သင်ခန်းစာအသစ်တွေ ပေးသွားကြတယ်။ နတ်လေ...ရသပေါင်းစုံ ခံစားလိုက်ရတယ်။ လူ့ဘဝထဲလိုက်မျော်ဝင်မိလို့ နှစ်ကြိမ် ဝမ်းနင်ပေးခံလိုက်ရတယ်။ အင်း...နည်းနည်းချောင် နေပြီထင်ရဲ့။

"အဟမ်း...အဟမ်း"

ဟိုက်...ရှားဘား။

အကြွေမထည့်ဘဲ ခပ်တည်တည်နဲ့ ရှေ့လာရပ်ပြီး အဟမ်း...အဟမ်း လုပ်နေပါလား။

"အဟမ်း...အဟမ်း...ကျွန်တော်မျိုး တောင်းမယ့်ဆုက အများအကျိုးအတွက်ပါ အရှင်နတ်မင်းကြီး"

အင်း...တစ်ခါမှ မကြားဖူးတာတွေ လာပြောနေပါလား။ ခံရဦးမယ်နဲ့ တူတယ်။ ဘုရားဘုရား။

"ဂျပန်ကို ရောက်လာတဲ့ ရွှေတွေကိုကြည့်ရင် အမျိုးသားအရေအတွက်ဟာ အလွန်များပြီး အမျိုးသမီး အရေအတွက်ဟာ အလွန်နည်းနေပါတယ် အရှင်နတ်မင်းကြီး"

ဘုရား...ဘုရား။ ဒီပုဂ္ဂိုလ် ပြဿနာရှာတော့မယ်နဲ့ တူတယ်။

"အဲဒီလို အမျိုးသားအရေအတွက်ဟာ အလွန်များပြီး ချိန်ခွင်လျှာ ဖောက်ထိုးဖြစ်နေတဲ့အတွက် ဂျပန်မှာ လူပျိုကြီး အရေအတွက်ဟာ တစ်နေ့တခြား ပိုမိုများပြားလို့လာခဲ့ရပါတယ် အရှင်နတ်မင်းကြီး"

တယ်...မပြောလိုက်ချင်ဘူး။

များမှာပေါ့။ မုဆိုးဖို တစ်ခုလပ်၊ အိမ်ထောင်ပျက်ကလည်း လူပျိုလုပ်၊ မိန်းမနဲ့ ကလေးနှစ်ယောက်အဖေကလည်း လူပျိုလုပ်နေကြတာတော့ ထည့်မပြောဘူး။



"အရှင်နတ်မင်းကြီးအနေနဲ့ ဂျပန်ဝင်ခွင့် ဗီဇာကို စိစစ်ပြီး ကောင်မလေးတွေကိုသာ လွယ်လွယ်ကူကူနဲ့ ဝင်ခွင့်ပေးစေချင်ပါတယ်"

ဟိုက်...ရှားဘား။

"နောက်...ကျွန်တော်မျိုး အကြံပြု တောင်းဆိုချင်တာကတော့ ဂျပန်နဲ့ မြန်မာပြည်ကို သွားလိုက်ပြန်လိုက် လုပ်ပြီး အောင်သွယ်ပေးမယ့် မြားနတ်မယ် ရှာပေးပါလို့ လူပျိုကြီးများ အကျိုးအတွက် ကျွန်တော်မျိုး ဆုတောင်းပါတယ် အရှင်နတ်မင်းကြီးခင်ဗျား"

ဒယီးဒယိုင်ဖြစ်သွားတဲ့ ကျုပ်ခန္ဓာကိုယ်ကို ပြိုလဲမသွားအောင် အတွင်းအားသုံးပြီး ပြန်ထိန်းလိုက်ရတယ်။ ကျုပ် ဒီမှာရပ်နေခဲ့တာ နှစ်ပေါင်းများစွာ ကြာပါပြီ။ တစ်ခါမှ ဒီလိုမဖြစ်ဖူးခဲ့။ ဒီပုဂ္ဂိုလ်နဲ့တွေ့မှ ကျုပ် အတော်ခံစားခဲ့ရတယ်။

အင်း...'လူမစွမ်း နတ်မ' ဆိုတဲ့ စကားပုံဟာ ဒီမိန်းမကိစ္စတွေ ဒါမယ် မထင်ဘူး။ ကိုယ်အသုံးမကျတဲ့ဟာ နတ်ကိုလာပြီး အမှုအခင်းနေတော့တယ်။

ကျုပ် အခြေအနေကို ကျုပ် သိလိုက်တယ်။ အခြေအနေ ကောင်းတော့။ ရှေ့မှာ သုံးယောက် ကျန်သေးတယ်။ နောက် တစ်ယောက်နဲ့တင် ကျုပ် နတ်သက်ကြွေတော့မယ် ထင်။

ကျုပ် အမြန်လှုပ်ရှားလိုက်တယ်။ ကွန်ပျူတာမျက်နှာပြင်ပေါ်က မြား အရှိန်လွန်ပြီး ပျောက်သွားလေရဲ့။ အရေးထဲ...။

ဟိုမှာ အကြွေပစ်ထည့်ပြီး ဆုတောင်းမလို့လုပ်နေပြီ။ လက်ကို ငြိမ်အောင်ထားပြီး မောက်စ်ကို ဖိလိုက်တယ်။ နတ်ကွန်းထဲမှာရှိတဲ့ မီးတွေ အကုန်ပိတ်သွားတော့တယ်။

"ဟာ...မီးပျက်သွားပြီ"

"ဂျပန်မှာ မီးပျက်တာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ အထူး အဆန်းပဲ"

"အချိန်ပြည့်သွားလို့ ပိတ်တော့မယ်နဲ့တူတယ်"

"ဟ...ဟိုမှာ ငါးနာရီကျော်အထိလို့ ရေးထားတာ၊ ခုမှ လေး နာရီကျော်ပဲ ရှိသေးတယ်"

"ရောက်မှတော့ မထူးတော့ပါဘူး။ ခဏ စောင့်ကြည့်ရအောင် နောက်တစ်ခေါက် လာဆုတောင်းဖို့ဆိုတာ လွယ်တာမဟုတ်ဘူး"

"အမှောင်ထဲဆုတောင်းလည်း ရတာပဲဟာ"

ဘုရား...ဘုရား...။ ဒီပုဂ္ဂိုလ်တွေကတော့ လျှော့မယ့်ပုံမပေါ်။ မဖြစ်ချေဘူး။ ကျုပ် ခလုတ်တစ်ခုကို ထပ်နှိပ်လိုက်တယ်။ ဂေါပက ယူနီဖောင်းဝတ်ထားတဲ့ လူကြီးတစ်ယောက် အပြေးအလွှား ရောက် လာပြီး မီးတွေပိတ်နေတာကို ပြူးတူးပြဲတဲ ကြည့်နေတယ်။

ဟာ...အရေးထဲ ဂေါပက,က တစ်မျိုး။ သူ့ကို မီးပျက်တာ ခေါ်ပြတယ် ထင်နေလား မသိ။ ကျုပ် နောက်ထပ် ခလုတ်တစ်ခု ထပ်နှိပ်လိုက်တော့မှ ဂေါပကလူကြီး ကျုပ်ရှေ့က တံခါးကို ဝုန်းခနဲ ဆွဲပိတ်ပစ်လိုက်တယ်။ ပြီးပြီ။



သက်ပြင်းအသာချရင်း ကွန်ပျူတာမျက်နှာပြင်ပေါ်မှာ ပေါ် နေတဲ့ အပြင်ဘက်က ပုံရိပ်တွေကို ကြည့်လိုက်မိတယ်။

လက်က နာရီကို ကြည့်လိုက်၊ ပိတ်ထားတဲ့ တံခါးကိုကြည့် လိုက်နဲ့ ဖဝေဖဝါ ပါးစပ်ဟောင်းလောင်း ဖြစ်နေတဲ့ ဂေါပကလူကြီး။ ဘေးပတ်လည်မှာတော့ ဆုမတောင်းလိုက်ရလို့ မအီမလည်ဖြစ်နေတဲ့ ရွှေနိုင်ငံက ပုဂ္ဂိုလ်သုံးဦး။

■

မကြာမီ ပြန်လည်ထွက်ခွာတော့မယ့် အဝေးပြေး ခရီးသွား ဘတ်စ်ကားရဲ့ တံခါးပေါက်နားမှာ ဂိုက်ဂျပန်မလေး ရပ်နေတာ တွေ့ လိုက်ရတယ်။ ကားပေါ်ပြန်တက်လာကြတဲ့ ရွှေနိုင်ငံက ဧည့်သည် တစ်ယောက်ချင်းကို ခါးလေးညွှတ်လို့ ကြိုဆိုနေလေရဲ့။

ကားမထွက်ခင် ကွန်ပျူတာ မျက်နှာပြင်ပေါ်မှာ မြင်နေရတဲ့ ရွှေဧည့်သည်တွေကို ကျုပ် လိုက်ကြည့်နေမိတယ်။ ကျုပ်ဆီ ရောက် မလာဘဲ ပြန်သွားကြတဲ့ ပုဂ္ဂိုလ်တွေကို မငံ့မရဲနဲ့ လေးလေးစားစား ကြည့်နေမိတယ်။

နတ်ရုပ်မှန်သမျှ 'နတ်လှောင်ကျောင်း' ထဲမှာ သော့ပိတ် လှောင်ခဲ့တဲ့ ပုဂံခေတ် ရှေးမြန်မာကြီးတွေရဲ့ သားစဉ် မြေးဆက် တွေ...။

'သင်သည် ဗုဒ္ဓဝါဒကို အမှန်တကယ် စိတ်ပါမြတ်နိုး၍ လက် တွေ့ကျကျ လေ့လာလိုပါလျှင် မြန်မာနိုင်ငံသို့သွားပါ' ဆိုတဲ့ ကမ္ဘာ

ကျော် ဆိုထုံးနဲ့ မွှေးရနံ့ သင်းပျံ့နေသော နိုင်ငံက ကုသိုလ်ထူးတဲ့ သူတွေ။

ပြန်ကြတော့မယ်။

ထေရဝါဒဗုဒ္ဓသာသနာတော် နေလိုလလိုထွန်းလင်းတောက်ပ နေတဲ့ အရပ်မှာ မှန်ကန်တဲ့ အသိတရားလေးနဲ့ ကြိုးစားအားထုတ် လိုက်ရင်ဖြင့် သူတို့ရဲ့ အပြန်ခရီးဟာ...။

အမှောင်ထုတွေ ဖုံးလွှမ်းထားမှုကြောင့် အပြန်လမ်း တစ် လျှောက်ဟာ မှောင်ပိတ်လို့နေလေရဲ့။ စူးရှတောက်ပတဲ့ ကားရှေ့ မီးရောင်ဟာ အမှောင်ထုကို ထိုးဖောက်ခွဲလိုက်တာ တွေ့လိုက်ရ တယ်။

တိုးတိတ်ညင်သာတဲ့ ကားစက်နှိုးသံဟာ ကျုပ်ရဲ့ရင်ကို ပြင်း ထန်စွာ လာရောက် ရိုက်ခတ်သွားတော့တယ်။

ပြန်ကြတော့မယ်။

လာခြင်းကောင်းတဲ့သူတွေ၊ ပြန်ခြင်းကောင်းကြပေရော့မယ်။

ကျုပ်မှာတော့...

နက်ရှိုင်းတဲ့ တစ်နေရာမှာ ပြန်လည်ဆုံစည်းကြမယ့် အပေါင်းပါ တွေက ကျုပ်ကို ဂုဏ်တင်ပြောကြတယ်။

နာမည်ကျော် ဆုတောင်းပြည့် နတ်မင်းကြီး မိယာဂျီမာတဲ့။

ဟင်း...ဟင်း...မိယာဂျီမာကတော့ မှောင်မိုက်တဲ့ အခန်းကျဉ်း လေးထဲမှာ ဂျပန်ကျွန်းကြီး ရှိနေသရွေ့ ရှိနေရဦးမယ်။




အင်း...တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့...။

အမှောင်ထုကြား တဖြည်းဖြည်း ဝေးကွာသွားတဲ့ ခရီးသွား ဘတ်စ်ကားရဲ့ နောက်မီးနီလေးကို ကျုပ်လေ တမ်းတမ်းတတ ကြည့် နေမိတော့တယ်။ ။

■ ■ ■

(ရွှေအမြုတေ,JAN.2001)





မရဏာမင်းရဲ့ကွန်ပျူတာစုတ်

## မရဲကျောမင်းရဲ့ ကွန်ပျူတာစုတ်

ကျွဲ ကြည့်လိုက်ရတဲ့ အာနီးကားလေ။

လေယာဉ်ပေါ်မှာ လူဆိုးက အာနီးကို သေနတ်နဲ့ပစ်တယ်။ မသေဘူး။

အာနီး လေယာဉ်ပေါ်က ခုန်ချတယ်။ လေထီး မပါဘူး။ လေထီးက အရင်ကျသွားပြီး အာနီး လေထီးအိတ်ကို မိသွားတယ်။ မသေတော့ဘူး။

လူဆိုး လေယာဉ်ဖျံ ပြန်ကွေ့လာပြီး အာနီးကို လိုက်တိုက်တယ်။

လေယာဉ်နဲ့ တိုက်သတ်တာ ကျွဲ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်။

ဖလေယာဉ်ဝင်တိုက်လို့ အာနီးရဲ့လေထီးကြိုးတွေပြီး အောက်ကို ပြုတ်ကျတယ်။

ကံကောင်းတာ...အဲ...ဒါရိုက်တာ ကောင်းတာ။

ကားတစ်စီးရဲ့အမိုးပေါ် တည့်တည့်ကျတယ်။ မသေဘူး။

ဘာဖြစ်သေးလဲ။ ဒါရိုက်တာ အာနီးဘက်မှာရှိတယ်။ ရုပ်ရှင်ဖို့ ဇာတ်လမ်းအရ ဒီလောက်တော့လုပ်ရမှာပေါ့။

ကျုပ် နားလည်ခွင့်လွှတ်တယ်။

အာနီးသေရင် ပရိသတ်က ဒါရိုက်တာကို မေတ္တာပို့မှာကိုး။

■

အိမ်ဘေးက ကျုပ်သူငယ်ချင်းအဖေ ဦးနီတာကြီး...။

တောသွားရင်းနဲ့ တစ်ဖက်ကမ်းမှာ အရက်သွားသောက်တယ်။ အပြန် မိုးချုပ်တော့ ကူးတို့ မရှိတော့ဘူး။ ကူးတို့သိမ်းချိန်မှ မသိဘဲကိုး။

မပြန်လို့ကလည်း မဖြစ်ဆိုတော့ မူးမူးရူးရူးနဲ့ လူကြီးအရပ် သုံးရပ်လောက်နက်ပြီး ဝါးတစ်ပြန်ကျော်လောက်ကျယ်တဲ့ ချောင်းထဲ လမ်းဆင်းလျှောက်သတဲ့။ မွန်းလိုက်၊ ရေပေါ်တက် အသက်ရှူလိုက်၊ ပြန်လျှောက်လိုက်နဲ့ ဒီဘက်ကမ်း ရောက်လာတာ၊ ခါးထိုးထားတဲ့ ဖိနပ်တောင် မကျန်ခဲ့ဘူးဆိုပဲ။

ကျုပ်တို့က သူကြွားပြောတယ် ထင်တာပေါ့။

လူကြီးလည်းလူကြီး။ သူငယ်ချင်းရဲ့ အဖေဆိုတော့ ကျုပ်တို့ ဘာမှတော့ မပြောပါဘူး။ ဒါပေမယ့် သူနဲ့ အမြဲအတိုက်အခံလုပ်ပြီး ဆန့်ကျင်လေ့ရှိတဲ့ သူ့မိန်းမက ဝင်ထောက်ခံတော့ ကျုပ်တို့ စိတ်ချ



လက်ချ ယုံကြည်လိုက်ကြတယ်။

"တော်...အဲဒီတုန်းကသာ စောစောစီးစီးကြွသွားရင် ကျုပ် အရက်သမားမိန်းမဘဝက စောစောစီးစီး ကျွတ်တာပေါ့"တဲ့။

ကဲ...ဦးနီတာကြီးဘက်မှာ ဒါရိုက်တာ မပြောနဲ့၊ သူ့မိန်းမ တောင် မရှိဘူးဆို။ ရေလည်းမကူးတတ်ဘဲနဲ့ သေမယ်ဆို သေလို့ရ တာပေါ့။ မသေဘူး။

"သေနေ့မစေ့လို့ဘဲ"လို့ ပြောကြမယ် မဟုတ်လား။

ကျုပ် နားလည်ပေးပါတယ်။

■

ဦးနီတာကြီးရဲ့ မိန်းမနဲ့ သမီးအလတ်။

ရန်ကုန်ကအပြန် ရန်ကုန်–မြောင်းမြ–ပုသိမ် ကြားသင်္ဘော နစ်တော့ ပါသွားရှာတယ်။ နေ့တိုင်း မြစ်ထဲမှာ တဝုန်းဝုန်းနဲ့ ရေဆင်း ချိုးနေတဲ့သူတွေ အလောင်းတောင် ပြန်မရရှာဘူး။

ဦးနီတာကြီးရဲ့ မကျန်းမာတဲ့ သမီးအကြီး...။

အဲဒီမနက် ဆွမ်းထအချက် မိုးမရွာဘဲ တစ်ကိုယ်လုံး ရေ တွေ စိုရွှဲနေတဲ့ အမေနဲ့ ညီမကို ခြံဝမှာ ရပ်နေတာ တွေ့လိုက်ရ တယ်တဲ့။

မပြန်ခင် နောက်ဆုံး လာနှုတ်ဆက်လေရော့ထင်။

ပုသိမ်–မြောင်းမြ အပြန်ကုန်တွေနဲ့ ညမှောင်မှောင်၊ မိုးကြား လေကြား မုန်တိုင်းမိပြီး ရုတ်တရက် မှောက်သွားတာဆိုတော့ ကျုပ်

တွေးတောင် မတွေးဝံ့ပါဘူး။ သေနေ့စေ့တယ်ပြော၊ ကျုပ် ဘာပြောရမှာလဲဗျာ။

■

"ဟေ့...ချောင်းထဲ၊ မြစ်ထဲနေပြီး လှေမှောက်မှာ ကြောက်လားကွ"

"ယောက်ျားမဟုတ်တဲ့အတိုင်းပဲ၊ ကြောက်တဲ့ကောင် ထဘီပြန်ဝတ်ဟေ့"

"သွားမယ်ဟေ့၊ အချိန်မရှိဘူး။ တရားပွဲစတော့မယ်၊ လှေမှောက်ရင် ရေစိုနဲ့ သွားမယ်ဟေ့"

ဝါးတစ်ပြန်လောက်ပဲရှိမယ့် ချောင်းလေးဘေးက အသံတွေလေ။ တစ်ဖက်ကမ်းမှာရှိတဲ့ တောင်ကျောင်းအလှူကို သွားကြမှာ။ အားလုံး ရှိုးနဲ့မိုးနဲ့။ ခေါက်ရိုးကျိုးနေတဲ့ တစ်ထည်တည်းသော အလှူသွား ဝတ်စုံကိုယ်စီနဲ့။

ခုနစ်ယောက်၊ ရှစ်ယောက်လောက် ဆံ့တဲ့လှေကို လူဆယ့်တစ်ယောက် ပြွတ်နေတာ။

ဘယ်ရမလဲ။

ရေလယ်တောင် မရောက်ဘူး။ မှောက်ပြီ။

ဝူးဝူးဝါးဝါး အသံမျိုးစုံနဲ့ ဆူညံပြီး ပျော်ပျော်ပါးပါး ပြန်ပေါ်လာမယ် ထင်လား။

တစ်ယောက်မှ ပြန်ပေါ်မလာတော့ဘူး။



တောင်ကျောင်းအလှူက တရားသံတွေ ထွက်ပေါ်မလာတော့ဘဲ ချောင်းကျဉ်းလေးဘေးမှာ ငိုရှိုက်သံတွေနဲ့ ကမ္ဘာပျက်ခဲ့ရတော့တယ်။

အဲဒီနေ့က တစ်ရွာလုံးရဲ့ မျက်ရည်တွေ ချောင်းကျဉ်းလေးထဲ စီးကျခဲ့ရရှာတယ်။

လူဆယ့်တစ်ယောက်ပါ။ ဆယ့်သုံးယောက် မဟုတ်။

အမေတို့ အဖေတို့ မကြိုက်တဲ့ ကိုးယောက်လည်း မဟုတ်ဘူးဆိုတော့...

မောင်ကျောက်ခဲတို့၊ မောင်မြေကြီးခဲတို့ ခေါ်စရာ မလိုတဲ့ ခရီး...။

တရုတ်အမဲမပြောနဲ့၊ ကုလားအမဲတောင် မပါဘူး။

ကောင်းမှုကုသိုလ်ပြုဖို့ အလှူသွားကြမှာ။

ကယ်တင်ရှင် ဒါရိုက်တာမဲ့ ဇာတ်လမ်း။

ကျုပ်အဖေ၊ အဒေါ်တို့ ပြန်ပြောပြတဲ့ ကဝနယ်၊ ရွာလေးတစ်ရွာက တကယ့်အဖြစ်အပျက်တစ်ခု။

မြစ်ထဲ၊ ချောင်းထဲမှာ ငယ်ငယ်လေးကတည်းက ကြီးပြင်းခဲ့ရတဲ့ ယောက်ျားဆယ့်တစ်ယောက်ပါ။

အဲဒီရက်၊ အဲဒီအချိန်၊ ဒီနေရာလေးမှာ ရေတိမ်နစ်ခဲ့ရရှာတယ်။

မယုံနိုင်လောက်တဲ့ ဝမ်းနည်းကြေကွဲစရာ အဖြစ်အပျက်ပါ။

'သေနေ့စေ့တယ်'လို့ ပြောကြဦးမှာလားဗျာ။

တကယ်လို့ အဲဒီဆယ့်တစ်ယောက်နေရာမှာ အာနီး၊ ဂျက်ကီချန်း၊ တွမ်ခရု စတဲ့ ကမ္ဘာကျော်မင်းသားတွေ၊ ကျုပ်တို့ ပရိသတ်ကြီးလည်း ပြည့်ပြည့်ဝဝ ခံစားနိုင်အောင် မြန်မာကျော်မင်းသားတွေပါ ထည့်ပြီး ရုပ်ရှင်ရိုက်မယ်ဆိုရင်...

ဒါရိုက်တာကို ပရိသတ်က ဘာပြောမလဲဆိုတာ...

ကျုပ် အလွန်သိချင်မိပါတယ်ဗျာ...။ ။

■ ■ ■

(မြားနတ်မောင်, FEB.2001)



ကျိန်စာသင့်နတ်ဆိုး

## ကျိန်စာသင့်နတ်ဆိုး

မကြာမီ ပျောက်ကွယ်တော့မယ့် လိမ္မော်ရောင် နေလုံးကြီးဟာ 'မိယာခဲဂျိမ' တောင်ကြီးရဲ့ အနောက်ဘက် အရပ်မှာ တဖြည်းဖြည်း နစ်မြုပ်နေတော့တယ်။

မနက်ဖြန်...

ဂျပန်နိုင်ငံရဲ့အရှေ့အရပ် ပင်လယ်ကြီးထဲက နေလုံးကြီး ပြန်လည် ထွက်ပေါ်လာတဲ့အချိန်မှာတော့ နွေဦးပေါက်ရာသီ(HARU)၊ နွေရာသီ(NATSU)၊ ဆောင်းဦးပေါက်ရာသီ(AKI)၊ ဆောင်းရာသီ (FUYU)တွေကို နှစ်ပေါင်းလေးဆယ်ကျော် အတူလျှောက်လှမ်းခဲ့တဲ့ ကျုပ်ရဲ့ဘဝခရီးဖော် အမယ်ကြီး။

ကျုပ်ကို တစ်နှစ်ကျော် ထားရစ်ခဲ့တဲ့ အမယ်ကြီး။

မနက်ဖြန်ဆို ပြန်လာတော့မယ်လေ။

ကျုပ် သိပ်ဝမ်းသာပျော်နေမိတယ်။

နေမင်းကြီးရယ်...အမြန်ဝင်ပြီး အမြန်ပြန်ထွက်လာခဲ့ပါတော့။

ကျုပ်လေ...အမယ်ကြီးကို တွေ့ချင်လှပါပြီ။

■

လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက ကျုပ်အတွက် အမယ်ကြီး ပေးထားခဲ့တဲ့ ပန်းအိုးလေးကို ကြည့်လိုက်မိတယ်။

အမယ်ကြီး ရှိစဉ်တုန်းကတော့လေ...

ပန်းအိုးလေးဟာ သန့်ရှင်းပြောင်လက်နေပြီး သုံးရက်တစ်ခါ ပြောင်းလဲသွားတဲ့ ရောင်စုံပန်းမျိုးစုံဟာ ကျုပ်အပေါ်မှာ ထားရှိတဲ့ အမယ်ကြီးရဲ့ရင်ထဲက စေတနာနဲ့ ကြင်နာမှုတွေပဲပေါ့။

ကျုပ်ရဲ့ ပတ်ဝန်းကျင်တစ်ပိုက်မှာဆိုလည်း အလေ့ကျပေါက်နေတဲ့ ယာဂုယုမဆို(YAGURUMASO) ရောင်စုံပန်းပွင့်လေးတွေဟာ ပင်လယ်ပြင်ကို ဖြတ်သန်းလာတဲ့ လေပြည်လေးတွေနဲ့ ယိမ်းနွဲ့ဆော့ကစားနေကြလေရဲ့။

လမ်းမတစ်လျှောက်မှာလည်း တစ်နှစ်တစ်ခါ ရောက်လာလေ့ရှိတဲ့ အဖြူရောင်၊ ပန်းနုရောင် ချယ်ရီပွင့်လေးတွေနဲ့ လှချင်တိုင်းလှလို့နေခဲ့ကြတယ်။

ခုတော့ အရာရာဟာ ပြောင်းလဲခဲ့ရလေပြီ။

မည်းပေနေတဲ့ ပန်းအိုးလေးထဲမှာ ချော်မှုန့်၊ ပြာမှုန့်၊ လေပူတွေကြောင့် ခြောက်သွေ့နေတဲ့ ပန်းအရိုးတံလေးပဲ ကျန်ခဲ့ရတော့တယ်။

ကျုပ် ပတ်ဝန်းကျင်တစ်ပိုက်မှာလည်း ချော်စ၊ ပြာမှုန်စတွေ ပြန့်ကျဲလို့နေလေရဲ့။ ကျွန်းပေါ်က အိမ်၊ အဆောက်အအုံ၊ လမ်း၊ သစ်ပင်တွေဟာ မြင်မကောင်းအောင် အားလုံး ပေါက်ကွဲပျက်စီး ပြိုလဲခဲ့ရှာတယ်။



ဒါတွေအားလုံးဟာ......

ကျုပ်ရဲ့ရှေ့ ဟိုးအဝေး ကြယ်ရောင်လရောင်အောက်မှာ မှောင်ရိပ်ခို လဲလျောင်းနေတဲ့ မိယာခဲဂျိမ နတ်ဆိုးကောင်ကြီးကို စူးစူးစိုက်စိုက် ကြည့်လိုက်မိတယ်။

ပန်းအိုးထဲမှာ ရောင်စုံလှပနေတဲ့ ပန်းမျိုးစုံရဲ့အလှ မမြင်ရတော့တာ သင်းကြောင့်။ မြက်ခင်းပြင်ပေါ်က ယာဂုယုမဆို ပန်းရိုင်းလေးတွေ ပျောက်ကွယ်သွားရတာ သင်းကြောင့်။ ချယ်ရီပန်းလေးတွေ ရောက်မလာအောင် ဖန်ဆင်းလိုက်တာ သင်း...။

ကျုပ်ရဲ့ဘဝအဖော် အမယ်ကြီးကို အဝေး နှင်ထုတ်ပစ်လိုက်တာ သင်း...နတ်ဆိုးကောင် မိယာခဲဂျိမ ဝီးတောင် စိတ်ဆိုးပေါက်ကွဲခဲ့လို့...။

တစ်ကျွန်းလုံး ထွက်ပြေးခဲ့ရရှာတယ်။

တစ်ကျွန်းလုံး အနိဋ္ဌာရုံတွေနဲ့ တိတ်ဆိတ် ငြိမ်သက်ခဲ့ရရှာတော့တယ်။

■

အသက်ခုနစ်ဆယ်ကျော်မှ မွေးရပ်မြေကို စွန့်ခွာခဲ့ရတဲ့ အမယ်ကြီး၊ တိုကျိုမြို့ကြီးမှာ ကုန်တိုက်သန့်ရှင်းရေးအလုပ် ဝင်လုပ်ပြီး ပင်ပင်ပန်းပန်း ရုန်းကန်နေရရှာတယ်။ ရတဲ့ငွေ အနည်းငယ်နဲ့ အစားဆင်းရဲ၊ အနေဆင်းရဲ၊ နောက်ဆုံး အချိန်ထိ ခရီးကြမ်းကို လျှောက်လှမ်းရပေတော့မယ်။

အမယ်ကြီးနဲ့အတူ မိသားစုပေါင်း သုံးထောင့်ခုနစ်ရာကျော် အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ရပြီး ခုချိန်မှ ဘဝကို ပင်ပင်ပန်းပန်း အသစ်ပြန်လျှောက်လှမ်းကြရပေတော့မယ်။

ဟင်း...

ဒါတွေအားလုံးဟာ ဟိုအဝေးမှာ မမြင်ချင်ဘဲနဲ့ မြင်နေရတဲ့၊ မကြည့်ဘဲနဲ့ ရှိမှန်းသိနေရတဲ့ နတ်ဆိုးကောင်ကြောင့်။

တွေးမိတိုင်း ခံစားခဲ့ရပါတယ်။ ခံစားရတိုင်း သင်းကို အမုန်းချပြီး ပင်လယ်ကြီးထဲ မြှုပ်ပစ်လိုက်ချင်မိတော့တယ်။

■

အရှေ့ဘက် ပင်လယ်ပြင်က ထွက်ပေါ်လာတဲ့ နေမင်းကြီးရဲ့ အလင်းရောင်တွေကြောင့် ပင်လယ်ပြင်တစ်ခုလုံးဟာ သာယာလှပလို့ နေတော့တယ်။

အမယ်ကြီး ပြန်လာမယ့် ပင်လယ်ဘက်ဆီ ကျုပ် မျှော်နေတာလေ။

ကျုပ် သိပ်ပျော်နေမိတယ်။

အမယ်ကြီးနဲ့ ဝေးခဲ့ရတာ တစ်နှစ်ကျော် ကြာခဲ့ပြီ မဟုတ်လား။ ဟိုအဝေးက နတ်ဆိုးကောင်ကတော့ ကျုပ်နဲ့ အမယ်ကြီး ပြန်လည်ဆုံမှာကို မနာလိုဖြစ်ပြီး မကျေမနပ် ခံစားနေရတော့မယ်ထင်။

ဟင်း...ဟင်း။

ဟိုး...အဝေး ပင်လယ်ပြင်တစ်နေရာက အစက်လေး တစ်



စက်၊ ဟုတ်တယ်။ အမယ်ကြီးကို ပြန်ခေါ်လာတဲ့သင်္ဘော။ အမယ်ကြီး ပြန်လာပြီ။ တဖြည်းဖြည်း နီးလာလေ ကျုပ်ရဲ့စိတ်တွေဟာလည်း ပိုလို့လှုပ်ရှားခဲ့ရတော့တယ်။

ဆိပ်ခံတံတားကို သင်္ဘောဝင်ကပ်လို့ ထွက်ပေါ်လာတဲ့အသံဟာ ကျုပ်ရင်ကို ဒုန်းခနဲ လာရောက်ရိုက်ခတ်သွားတော့တယ်။

ဆင်းလာကြပြီ။

ဝမ်းနည်းညှိုးငယ်နေတဲ့ မျက်နှာတွေနဲ့ အိမ်အပြန်ခရီး။ လူပေါင်း ခုနစ်ရာကျော်လောက် ရှိမယ်ထင်။ သင်္ဘောကို ကျောခိုင်းပြီး လေးလံတဲ့ ခြေလှမ်းတွေနဲ့။

လူအုပ်ကြားမှာ ကျုပ် အမယ်ကြီးကို အလျင်စလို ရှာနေမိတယ်။ အိမ်ဘက်ကို ထိုးထွက်လာတဲ့ လူအုပ်ကြားမှာ အမယ်ကြီးကို တွေ့လိုက်ရတယ်။

ဟင်း...။ အမယ်ကြီး မျက်နှာမကောင်းပါလား။

အမယ်ကြီး ပြန်လာမှာကို တွေးပြီး ကျုပ် တစ်ညလုံး ဝမ်းသာခဲ့ရတာတွေ လွင့်ပျောက်ကုန်တော့တယ်။

တစ်နှစ်ကျော်ကြာ အချိန်အတွင်းမှာ စိတ်ပင်ပန်း၊ လူပင်ပန်းလို့ ထင်၊ အတော်ကို ပိန်သွားရှာပါလား။

ပန်းစည်းကြီးကို ရင်ခွင်ထဲပွေ့၊ အိတ်တစ်လုံးဆွဲရင်း တဖြည်းဖြည်း လျှောက်လာနေတဲ့ အမယ်ကြီးကိုကြည့်ပြီး ကျုပ်ရင်ထဲ နာကျင်သလို ခံစားလိုက်ရတော့တယ်။

ကျုပ်ရှေ့ရောက်တော့ အိတ်ကို အသာချပြီး အနားတစ်ဝိုက်ကို လိုက်ကြည့်နေလေရဲ့။ နောက်...ကျုပ်ရှေ့ ပန်းအိုးထဲက ခြောက်သွေ့နေတဲ့ ပန်းအရိုးတံတွေကို လွှင့်ပစ်ပြီး ပန်းအိုးကို အဝတ်တစ်ခုနဲ့ သုတ်နေတော့တယ်။

ပန်းအိုးကို ကျုပ်ရှေ့ အသာပြန်ချထားပြီး အိတ်ထဲက ရေဘူးတစ်ဘူးကို ထုတ်ယူလိုက်တယ်။ ပန်းအိုးထဲ ရေနည်းနည်းထည့်ပြီး ပန်းတစ်စည်းကို အိုးထဲထိုးလိုက်တာ တွေ့လိုက်ရတယ်။

နောက် ကျုပ်ရှေ့မှာရပ်ပြီး လက်အုပ်ချီ ဆုတောင်းပြောဆိုနေတော့တယ်။

အမယ်ကြီးရယ်...

■

အိမ်ဘက်ကို လျှောက်သွားတဲ့ အမယ်ကြီးနောက်က ကျုပ် အသာလိုက်သွားမိတယ်။ သော့ခတ်မထားတဲ့ အိမ်ထဲ လှမ်းဝင်ပြီး မီးခလုတ်ဖွင့်တာ တွေ့လိုက်ရတယ်။

ကျွန်းတစ်ကျွန်းလုံး မီးဖြတ်ထားတာ အမယ်ကြီး မသိရှာပါလား။ အမယ်ကြီး အတွင်းခွဲတံခါးကို တွန်းဝင်လိုက်တော့ ရှဉ့်လေးတစ်ကောင် ပြတင်းပေါက်က ခုန်ထွက်သွားလေရဲ့။

အမယ်ကြီး ဗီရိုထဲက ဖယောင်းတိုင်တွေ ယူလာပြီး မီးထွန်းညှိလိုက်တယ်။ ခေါင်းရင်းခန်းက ခုံတစ်ခုဆီသွားပြီး ခုံပေါ်ကပစ္စည်းတွေနဲ့ ခုံကို သန့်ရှင်းလို့နေလေရဲ့။



နောက် ပစ္စည်းတွေကို နေရာတကျ ပြန်တင်ထားပြီး ပန်းအားလုံး ပန်းအိုးထဲထိုးလိုက်တာ တွေ့လိုက်ရတယ်။

ကျုပ် သဘောကျ နှစ်သက်တဲ့ ပန်းလေးတွေပါလား။

နောက် အိတ်ထဲက ပစ္စည်းတွေကို တစ်ခုချင်း ခုံပေါ်တင်နေတော့တယ်။ အူမဲ့ပိုင်တစ်ပုလင်း။ ကော်ဖီတစ်ဘူး။ စီးကရက်တစ်ဘူး။ ပန်းသီးတစ်လုံး။ ထမင်းဆုပ်တစ်လုံး။ ခေါက်ဆွဲခြောက်တစ်ဘူး။

အားလုံး ကျုပ် ကြိုက်နှစ်သက်တဲ့ အစားအသောက်တွေပါ။

ကျုပ် ရင်တစ်ခုလုံး တုန်ခါသွားလေရဲ့။

ပင်ပင်ပန်းပန်း လုပ်လို့ရတဲ့ ငွေလေးနဲ့ ကျုပ်အတွက် ဝယ်လာခဲ့တာတွေပါလား။ ကျုပ် ဘယ်လိုလုပ် စားသောက်ရက်မှာလဲ အမယ်ကြီးရယ်။ ပန်းစည်းလောက်ဆိုရင်ပဲ ကျုပ် ဝမ်းသာကျေနပ်နေပါပြီ။

အမယ်ကြီးရယ်...ကျုပ်အပေါ် ခုချိန်ထိ သတိတရနဲ့ ကြင်နာမှု ရှိနေတုန်းပါလား။

ဖယောင်းတိုင်သုံးတိုင်ကို ခုံပေါ်မှာ ထွန်းလိုက်ပြီး ခုံပေါ်မှာ ထောင်ထားတဲ့ ကျုပ်ဓာတ်ပုံကြီးကို စိုက်ကြည့်နေတာ တွေ့လိုက်ရတယ်။

ခဏကြာတော့...

လက်အုပ်ချီ ဆုတောင်း ကန်တော့လိုက်တော့တယ်။

■

ဝမ်းနည်းကြေကွဲနေတဲ့ မျက်နှာ၊ လေးလံတဲ့ ခြေလှမ်းတွေနဲ့ ဖယောင်းတိုင်တစ်တိုင်ကိုင်ပြီး တစ်အိမ်လုံး လျှောက်ကြည့်နေတဲ့ အမယ်ကြီး။

ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်းတွေ။ ကျုပ်တို့ နှစ်ယောက် နှစ်ပေါင်းများစွာ နေလာခဲ့ကြတဲ့ နေရာတွေကို အချိန်အတော်ကြာ လိုက်ကြည့်နေတာ တွေ့လိုက်ရတယ်။

သတိတရဖြစ်ပြီး စိတ်မကောင်း ဖြစ်နေပေရော့မယ်။ ဗီရိုအံဆွဲတစ်ခုကို ဖွင့်ပြီး အထဲက ဓာတ်ပုံ အယ်လ်ဘမ် တစ်ခုကို ယူတာ တွေ့လိုက်ရတယ်။ ကျုပ်တို့မိသားစုပုံတွေလေ။

ဟင်း…သာယာကြည်နူး ပျော်ရွှင်ခဲ့ရတဲ့ ဟိုးတစ်ချိန်က ပုံတွေပါ။ ကျုပ်ရယ်၊ အမယ်ကြီးရယ်၊ သားလေးရယ်…။

အင်း…ကျုပ်သားသမီးတွေ…။

အတောင်မစုံဘဲ ပျံသွားတဲ့သူနဲ့၊ အတောင်စုံလို့ ပျံသွားတဲ့သူနဲ့။ ကျုပ်တို့ သားဆို ဆယ်ခြောက်နှစ်တောင် မပြည့်သေးဘူး။ ကျုပ်နဲ့ အမယ်ကြီးကို ပစ်ပြီး တိုကျိုကို တက်သွားလေရဲ့။ နှစ်ခါလောက်ပဲ ပြန်လာပြီး ပြန်မလာတော့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။

ခုချိန်သာ အမယ်ကြီးရဲ့အနားမှာ သားလေးရှိနေရင် သိပ်ကောင်းမှာပဲ။ ကျုပ် အမယ်ကြီးအတွက် အတော်စိတ်ချမ်းသာမိရမှာပါ။



တောရှာတွေ၊ ကျွန်းတွေမှာ လူငယ်တွေရဲ့ စွန့်ပစ်ခြင်းခံရတဲ့ အဘိုးကြီး၊ အဘွားကြီးတွေဟာလေ သက်မဲ့ရုပ်တုကြီးတွေလို တိတ်ဆိတ် ငြိမ်သက်စွာနဲ့ ကျန်ခဲ့ရရှာတော့တယ်။

အမယ်ကြီး ဓာတ်ပုံအယ်လ်ဘမ်ကို အိတ်ဘေးမှာ အသာချပြီး အိတ်ထဲက ပစ္စည်းတစ်ခုကို ဆွဲထုတ်တာ တွေ့လိုက်ရတယ်။

အနက်ရောင် မာဖလာလေးပါလား။

ခုံရှေ့ ရောက်လာပြီး ကျုပ်ရဲ့ ဓာတ်ပုံပေါ်မှာ မာဖလာကို ပတ်ပြီး တင်ထားလိုက်တော့တယ်။

ကျုပ်အတွက် မာဖလာ အမယ်ကြီး အမြဲထိုးပေးနေကျပါ။ ဒီတစ်ခါတော့ ကျုပ် မယူပါရစေနဲ့ အမယ်ကြီးရယ်။ ပိန်လှီသေးသွယ်တဲ့ လက်ချောင်းလေးတွေနဲ့ ပင်ပင်ပန်းပန်း ထိုးထားရတာ။ အမယ်ကြီး ကျုပ်အပေါ် ဘယ်လောက်ထိ ကြင်နာတယ်ဆိုတာ ကျုပ်သိပါတယ် အမယ်ကြီးရယ်။

ပြန်ယူသွားပါ။ အေးတဲ့အချိန်တွေမှာ အမယ်ကြီး ပတ်ထားရင် ကျုပ်ရင်ထဲအထိ နွေးမှာပါ အမယ်ကြီးရယ်။

ကျုပ်ပြောတာ မသိလေရော့ထင်၊ မာဖလာကို ဓာတ်ပုံကြီးပေါ် တင်ပြီး စိုက်ကြည့်နေတော့တယ်။

■

ထွန်းထားတဲ့ ဖယောင်းတိုင်မီး ငြိမ်းခါနီး နောက်ဆုံးတစ်တိုင်ကို အမယ်ကြီး မီးကူးလိုက်တာ တွေ့ရတော့ ကျုပ်ရင်ထဲ တုန်လှုပ်

သွားခဲ့ရတော့တယ်။

သဘော်ာဆိပ်နဲ့ ကျွန်းတစ်ပိုက်မှာ လိုက်လံ သတိပေးနေတဲ့ အသံတွေဟာ ရင်ထဲက နာကျင်မှုကို လာရောက် ရိုက်ခတ်လို့နေတော့တယ်။

"ယိုကိုဟားမား သဘော်ာနဲ့ လိုက်ပါလာကြတဲ့ ကျွန်းသူ ကျွန်းသား အပေါင်းတို့ခင်ဗျား။ ညနေ ငါးနာရီအချိန်မှာ သဘော်ာ ပြန်လည် ထွက်ခွာမည်ဖြစ်ပါ၍ သဘော်ာဆိပ်သို့ လေးနာရီအရောက် ပြန်လာကြပါရန် လေးစားစွာ သတိပေးအပ်ပါသည်ခင်ဗျား"

မီယာခဲဂျီမ မီးတောင်ပေါက်ကွဲလို့ အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ရတဲ့ ကျွန်းသူကျွန်းသားတွေကို တစ်နှစ်ကျော်ကြာမှ လိုချင်တဲ့ ပစ္စည်းလေးတွေ ပြန်ယူနိုင်အောင် သက်ဆိုင်ရာက လိုက်ပို့ပေးတာလေ။

နတ်ဆိုးကောင် နောက်ထပ် ပေါက်ကွဲမယ့် အလားအလာတွေ ရှိနေတော့ ဒီကျွန်းမှာ ပြန်လည် နေထိုင်ခွင့် ဆုံးရှုံးခဲ့ရပြီး ပြန်လည်ခေါ်ဆောင်သွားပေရော့မယ်။

လေးလံတဲ့ခြေလှမ်းတွေနဲ့ အမယ်ကြီး ဗီရိုရှေ့လျှောက်သွားပြီး ဗီရိုထဲက အညိုရောင် မာဖလာတစ်ထည်ကို ထုတ်ယူလိုက်တယ်။ အရင် အမယ်ကြီး ကျုပ်ကိုထိုးပေးထားတဲ့ မာဖလာပါလား။ အမယ်ကြီး လည်ပင်းမှာ ပတ်တာ တွေ့လိုက်ရတော့ ကျုပ် ဝမ်းသာဝမ်းနည်းခံစားလိုက်ရတယ်။



ဩော်...အမယ်ကြီးရယ်။

နောက် ဗီရိုပေါ်မှာ တင်ထားတဲ့ ကျုပ်ဓာတ်ပုံကြီးကို ယူလိုက်တာ တွေ့လိုက်ရတယ်။

ဟာ...

ကျုပ် အထိတ်တလန့် ဖြစ်သွားတော့တယ်။

ကျုပ်ဓာတ်ပုံကြီး လာပြန်ယူတာလား အမယ်ကြီးရယ်။ ကျုပ်ဓာတ်ပုံကြီးကို ယူမသွားပါနဲ့ အမယ်ကြီးရယ်။

ကျုပ်ပုံကြီး ယူသွားပြီး အခန်းကျဉ်းလေးထဲမှာ အမြဲ မြင်တွေ့နေရရင် အမယ်ကြီး စိတ်မကောင်း ဖြစ်,ဖြစ်နေရတော့မယ်။ အမယ်ကြီး ရှေ့ဆက်ရမယ့် ခရီးက ပင်ပန်းကြမ်းတမ်းလှပါတယ်။ ဒီပုံကြောင့် အမယ်ကြီးရဲ့ ခိုင်မာတဲ့ စိတ်ဓာတ်တွေ၊ ခွန်အားတွေ ယုတ်လျော့သွားမှာ စိုးပါတယ်။

ကျုပ်ကို မေ့ပျောက်ပြီး ရှေ့ခရီးကို ဆက်ပါ အမယ်ကြီးရယ်။

အကြာကြီးကြာမှ...

ကျုပ် ပြောတာ သိနားလည်လို့ထင်၊ ကျုပ် ဓာတ်ပုံကြီးကို ဗီရိုပေါ် ပြန်တင်ထားလိုက်ပြီး မိသားစု အယ်လ်ဘမ်ကို အိတ်ထဲ သည့်တာ တွေ့လိုက်ရတော့တယ်။

သဘော်ာဆိပ်နဲ့ တစ်ကျွန်းလုံး သဘော်ာဆီ အချိန်မီ ပြန်လာကြဖို့ လိုက်လံ သတိပေးနေတဲ့ အသံတွေဟာ တဖြည်းဖြည်းနဲ့ ငိပ်လာခဲ့တော့တယ်။

အမယ်ကြီးလေ…

ခုံပေါ်တင်ထားတဲ့ ကျုပ်ဓာတ်ပုံကြီးကို အသာမ,ယူပြီး ဦးတိုက် ရှိခိုးရင်း နှုတ်ဖျားက တိုးတိတ်ညင်သာစွာ ဆုတောင်းပြောဆိုနေတော့တယ်။

ကျုပ်ဓာတ်ပုံကြီးကို ခုံပေါ်ပြန်တင်ထားလိုက်ချိန်မှာပဲ နောက်ဆုံး ဖယောင်းတိုင် ငြိမ်းသွားတော့တယ်။

ကျုပ်ဓာတ်ပုံကြီးကို တစ်ချက်လှမ်းကြည့်ပြီး ကျောင်းထွက်သွားတော့တယ်။

ဟာ…

ကျုပ် အမယ်ကြီးရဲ့နောက်က အမြန်လိုက်သွားမိတယ်။

အမယ်ကြီး ကျုပ်ကို ထားရစ်ခဲ့တော့မှာလား အမယ်ကြီးရယ်။ ကျုပ်ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့။ အမယ်ကြီး မပြန်ပါနဲ့။ ကျုပ်နဲ့ ဒီကျွန်းပေါ်မှာနေခဲ့ပါ အမယ်ကြီးရယ်။

ကျုပ် အမယ်ကြီးကို လိုက်ပြောတယ်၊ မကြားဘူး။

မပြန်ဖို့ အတင်းလိုက်တားတယ်၊ မရဘူး။ တဖြည်းဖြည်း ကျောင်းထွက်သွားတော့တယ်။

အမယ်ကြီးရယ်…တကယ်ပြန်တော့မှာလား။

အမယ်ကြီးရဲ့စိတ်ဓာတ် ပြင်းထန်နိုင်မာလှပေမယ့် သေးငယ်ကြုံလှီ အားနည်းနေတဲ့ ခြေလှမ်းလေးတွေနဲ့ ခရီးကြမ်းကို ရှေ့ဆက်လျှောက်မလို့လား အမယ်ကြီးရယ်။ ကျုပ်နဲ့ ကျွန်းပေါ်မှာ အတူနေ



ရစ်ခဲ့ပါလား အမယ်ကြီးရယ်။

နွေးကွေးလေးလံတဲ့ ခြေလှမ်းကျဉ်းလေးတွေနဲ့ အမယ်ကြီးလေ…ကျုပ်ကို ထားရစ်ခဲ့တော့တယ်။

ညှိုးငယ်ဝမ်းနည်းနေတဲ့ မျက်နှာကိုယ်စီနဲ့ အထုပ်အပိုးတွေဆွဲပြီး ပြန်ရောက်လာကြတဲ့ လူတွေကြားထဲမှာ အမယ်ကြီး ပျောက်ကွယ်သွားတော့တယ်။

■

မိုးထစ်ချုန်းလိုက်သလို ကျယ်လောင်လှတဲ့ သင်္ဘော နောက်ဆုံး ဟွန်းသံဟာ ကျုပ်ရင်ကို အဟုန်ပြင်းစွာနဲ့ လာရောက် ရိုက်ခတ်သွားခဲ့တယ်။

တဖြည်းဖြည်း ထွက်ခွာသွားတဲ့ သင်္ဘောကို ကျုပ် စိုက်ကြည့်နေမိတယ်။

ဟာ…သင်္ဘောရဲ့ လက်တန်းတစ်လျှောက်မှာ ကျွန်းဘက်ကိုကြည့်ပြီး လက်ကိုင်ပဝါတွေ၊ ဦးထုပ်တွေနဲ့ လက်ပြနေကြပါလား။ ခံစားမှုမရှိတဲ့ သက်မဲ့ကျွန်းကြီးကို လက်ပြနှုတ်ဆက်နေကြပါလား။

အင်း…သူတို့အားလုံး အဆိုးစွန် ကြေကွဲဝမ်းနည်း ခံစားနေရပြီ ထင်ရဲ့။ ခဏကြာတော့ စောစောက ဇွဲ့ယမ်းနှုတ်ဆက်နေတဲ့ သူတို့ရဲ့လက်တွေ…၊ ရင်ထဲ အသည်းထဲက စီးဆင်းလာတဲ့ မျက်ရည်စက်တွေနဲ့ မျက်နှာပြင်ပေါ်မှာ ပေါင်းဆုံမိသွားကြတော့တယ်။

သူတို့ငိုနေကြပြီ။

ကျွန်းဘက်ကို ကြည့်နေကြတဲ့ လူတန်းကြီးကြားမှာ အညိုရောင် မာဖလာနဲ့ အမယ်ကြီးကို တွေ့လိုက်ရတယ်။

ဟင်း…ကျုပ်အမယ်ကြီးလည်း ငိုနေပါလား။

စိတ်ဓာတ်နိုင်မာလှတဲ့ အမယ်ကြီး ငိုနေပြီ။

**ကျုပ်တို့သား အိမ်ကထွက်သွားတဲ့နေ့က တစ်ခါ၊ ကျုပ်နဲ့အမယ်ကြီး ဘ၀ခြားသွားတဲ့နေ့က တစ်ခါ။**

အမယ်ကြီးငိုတာ နှစ်ခါပဲ ကျုပ်တွေ့ဖူးခဲ့ရတယ်။ ခု နောက်တစ်ခါ ငိုနေတာ တွေ့လိုက်ရတော့ ကျုပ် ရင်နင့်အောင် ခံစားရတော့တယ်။

အမယ်ကြီးရဲ့မျက်ရည်တွေ ပင်လယ်ထဲ ကျခဲ့ရပေပြီ။

အမယ်ကြီးရယ်…မငိုပါနဲ့။ ရှေ့ဆက်ရမယ့်ခရီးအတွက် အားတင်းထားပါ အမယ်ကြီးရယ်၊ မငိုပါနဲ့။

အမယ်ကြီးရယ်…

နောက်ဆုံးပြန်ချိန်ထိ ရှေ့ဆက်လျှောက်ရမယ့် အမယ်ကြီးရဲ့ဘ၀ခရီး ကြမ်းတမ်းမယ်ဆိုတာ ကျုပ် မထင်မိခဲ့ရိုး အမှန်ပါ။

ဟင်း………

အပြန်ခရီးမှာ ကျုပ်လေ အမယ်ကြီးကို တစ်ယောက်တည်းထားရစ်ခဲ့ပြီး အရင် ပြန်ခဲ့ရတာ ခု ကျုပ် စိတ်မကောင်းဖြစ်နေရပြီ အမယ်ကြီးရယ်။

ကျုပ်ကို နားလည်ပေးပါတော့ အမယ်ကြီးရယ်။



ကျုပ် သင်္ဘောကို ကျောခိုင်းလိုက်မိတယ်။ အဝေးက နတ်ဆိုးကောင်ကို စူးစူးစိုက်စိုက် ကြည့်လိုက်မိတယ်။ ပြန်တော့မယ့် လိမ္မော်ရောင် နေလုံးကြီးဟာ နတ်ဆိုးကောင်ရဲ့ ခေါင်းပေါ်မှာ။

နေမင်းကြီးရယ်…

နတ်ဆိုးကောင် 'မိယာခဲဂျိမ'ကြောင့် အမယ်ကြီးနဲ့ ကျွန်းသူကျွန်းသား အားလုံးရဲ့ မျက်ရည်တွေ ပင်လယ်ထဲ စီးကျခဲ့ရပါတယ်။ သူတို့ရဲ့ မျက်ရည်တွေ ပင်လယ်ထဲ စီးကျခဲ့ရသလို နတ်ဆိုးကောင်လည်း တစ်နေ့ ပေါက်ကွဲ ပျက်စီးပြီး ပင်လယ်ထဲ နစ်မြုပ်ရပါစေသား…။

(ရှေ့ဆက်ရဦးမယ့်အမေများသို့)

**ဒန်ခံချက်** ။'မိယာခဲဂျိမ'ကျွန်းမှ ပြန်လည်ထွက်ခွာသွားတဲ့ သင်္ဘောတစ်စင်းရဲ့ ပုံရိပ်များကို ခံစားရေးဖွဲ့မိပါသည်။

■ ■ ■

(ကလျာ, JUL.2002)

[illegible]

[illegible]

[illegible]

([illegible])

[illegible]

([illegible] 2002)



[illegible]

## ပန်းမှုင့်ညှ၊ပန်းသက်ဆောင်၊

တီတော်...တီတော်...တီတော်...

အလန့်တကြား ထအော်လာတဲ့ ကျုပ်ရဲ့ ဟန်းဖုန်းသံလေး။ ခလုတ်နှိပ်ပြီး အသံနားထောင်လိုက်တယ်။

"ရှင်...ဘယ်ရောက်နေတာလဲ၊ ခုချိန်ထိ မပြန်သေးဘူးလား"

ချည်နှောင်မယ့် သံယောဇဉ်ကြိုးရဲ့ ရိုက်ခတ်သံပါလား။

"မိန်းမရေ...ပြန်ရောက်ပြီလား။ ဘာစားချင်လဲ၊ ဘာဝယ်ခဲ့ရမလဲ"

ကျုပ် လေပြေအေးနဲ့ ရွှေနားတော်သွင်းလိုက်မိတယ်။

"အပိုတွေ ပြောမနေနဲ့ ခု ရှင် ဘယ်ရောက်နေလဲ၊ နောက်ဆုံး ရထားချိန် ကျော်သွားပြီ၊ ခုထိ အိမ်ပြန်မရောက်သေးဘူး"

ရွှေနားတော်သွင်းချေင်း ဘေးချော်လေရော့ထင့်။

"အဟီး...ရှင်ကျုကုက အီဇာကါရ(ဂျပန်စားသောက်ဆိုင်)ဆိုင် မှာ နေမျိုးတို့၊ မင်းသားကြီးတို့နဲ့ တွေ့လို့ကွာ"

"ရှင် ဒီအရက်သမားတွေနဲ့ ပေါင်းပြီး သောက်နေပြန်ပြီလား။ ရှင့်ကို ဆရာဝန်က ဘာပြောထားလဲ၊ ရှင့်အရိုးအိုး ပိုက်ပြီး ကျုပ် ဘစ်ယောက်တည်း ပြန်စေချင်လို့လား"

"ဟာ...မိန်းမကလည်း မဟုတ်တာ၊ တစ်ခါတလေ နည်းနည်း ပါးပါးပါ မိန်းမရ"

"ပြောမရ ဆိုမရ၊ ရှင်လုပ်ချင်တာသာ လုပ်တော့၊ အိမ်ကို လည်း ပြန်မလာနဲ့တော့၊ ရှင့်ယောက်ဖတွေနဲ့ပဲ တစ်သက်လုံး သွား နေတော့"

ဟီးဟီး...မိန်းမကတော့ စိတ်ဆိုးသွားပြီ။ ကျုပ် ဟန်းဖုန်း ခလုတ်ကို ပိတ်လိုက်ပြီး အခန်း ၄၀၃ ရဲ့ တံခါးသော့ အသာ ဖွင့်ဝင် လိုက်တယ်။ နောက် တံခါးဝကနေ...

"မိန်းမရေ...ယောက်ဖတွေက သူတို့အစ်မ စိတ်ဆိုးနေမယ်၊ ပြန်တော့ဆိုလို့ ပြန်လာပြီဟေ့"လို့ လှမ်းအော်ပြောလိုက်တယ်။ ဆက်ပြီး...

"မိန်းမရာ...မင်းမကြိုက်တာ ဘယ်လုပ်ပါ့မလဲ၊ မိန်းမစကားကို မြေဝယ်မကျ နားထောင်မယ့် ယောက်ျားပါကွာ"လို့ ပိုပိုသာသာ လေး ထပ်ကွန့်ပေးလိုက်တယ်။

ထင်ထားသလို အရက်ဆိုင်မှာ မဟုတ်တာက တစ်ပွင့်...

အချိန်မီ အိမ်ပြန်ရောက်လာတာက တစ်ပွင့်...

မိန်းမ စကားကို မြေဝယ်မကျ နားထောင်မယ် ဆိုတာက တစ်ပွင့်...။ အပြုံးပန်းသုံးပွင့်နဲ့ ကြိုနေတဲ့ မိန်းမကို တွေ့လိုက်ရတော့ တယ်။

■■■

(ကလျာ, DEC.2001)





နတ်ဆိုး၊ လူဆိုး၊ ကျွန်တော်မျိုး

## နတ်ဆိုး၊ လူဆိုး၊ ကျွန်တော်မျိုး

ရွာတောင်ကျောင်း အုံးမောင်းခေါက်သံကြောင့် မှေးခနဲ အိပ်ပျော်သွားရာက ကျုပ် လန့်နိုးသွားတယ်။

ကြမ်းခင်းကြားက အိမ်အောက်ကို ငုံ့ကြည့်လိုက်မိတယ်။

"ဟာ...မရှိတော့ဘူး။ ပါသွားပြီဟေ့"

ကျုပ် အလန့်တကြား ထအော်လိုက်မိတယ်။ နောက် ထရံမှာ ချိတ်ဆွဲထားတဲ့ ငှက်ကြီးတောင်ဓားကို ပြေးဆွဲရင်း ကျုပ်မိန်းမ မယ်ရမ်းတင်ကို လှမ်းအော်ပြောလိုက်တယ်။

"မယ်ရမ်းတင်...ပြောင်းဖူးဖက်ဆေးလိပ်နဲ့ လက်ဖက် အမြန်ထုတ်ပေးစမ်း"

နောက်...လှေကားထစ်တွေကို ကျော်ဆင်းရင်း...

"သား...အောင်ဗလ၊ လူကြီးတွေကို ဘီလူးမတောင်ခြေကတော်ကွန်း လိုက်ခဲ့ဖို့ သွားပြော၊ မယ်ရမ်းတင်...ငါ ဆရာလေး ဝင်ခေါ်သွားမယ်၊ ဘာမှစိတ်မပူနဲ့"လို့ အော်ပြောခဲ့တော့တယ်။

ဟင်း...သားနှစ်ကောင် မရှိရင်တော့ ကျုပ် ခြေလက်တွေကျိုးပါပြီဗျာ။

■

ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးကိုဆွဲပြီး ဆရာလေး ကျောင်းပေါ်က ခုန်ဆင်းချလာတယ်။

"ဆရာလေး...ကျွဲပေါက်ထန်းတော ခဏ ဝင်ရအောင်"လို့ ပြေးရင်း ကျုပ် လှမ်းပြောလိုက်တယ်။ ဆရာလေး သိနားလည်တယ် ထင်။ ဘာမှမပြောဘဲ ပြေးလိုက်ခဲ့တော့တယ်။

ရွာထိပ်ကင်းတဲရောက်တော့...

"ဦးကြီးတောကျော်တို့ပါလား၊ ဘယ်သွားကြမလို့လဲ"

"ဘီးလူးမတောင်ဘက် ခဏကွာ၊ ဒါနဲ့ ဘာထူးခြားသေးလဲ မိုးကြီး"

"ပြီးခဲ့တဲ့ နာရီဝက်လောက်ကတော့ ရွာရှေ့ဖျားက ခွေးဟောင်သံ ကြားလိုက်ရတယ်၊ ပေတူးတို့ အိပ်မျှားနေကြလား၊ ဘာမှမထူး ဘူးနဲ့ တူပါတယ်"

"မင်းတို့ကတော့ တစ်ရေးရပြီးပြီပေါ့၊ ဟုတ်လား"

"ဟာ...ဆရာလေးက နောက်ပြီ၊ ကိုဖိုးထူးဆီက ကြက် တစ်ကောင် ရလို့ ချက်စားကြတာ စောစောကမှ စားပြီးသွားတယ်၊ သူ့အတွက် တစ်ခွက် ဖယ်ထားတာ ရှိတယ်၊ မြည်းသွားပါဦးလား ဆရာလေး"

ဆရာလေး ကျုပ်ကို လှမ်းကြည့်လိုက်တယ်။ ကျုပ် ခေါင်း ညိတ်ပြလိုက်မိတယ်။

"မိုးကြီး...အဲဒီကြက်သားဟင်း ငါ ယူသွားမယ်၊ ဖိုးထူးကို ငါ ယူသွားတယ် ပြောလိုက်"

မိုးကြီးတို့ ကင်းသမားအုပ်စု နားမလည်နိုင်တဲ့ ပုံစံကိုယ်စီနဲ့



ပြိုင်တူသရုပ်ဆောင်ရင်း ကျန်ခဲ့ကြတော့တယ်။

■

ထန်းတောထဲက ကျွဲပေါက်တဲထဲ လှမ်းဝင်ရင်း...

"ဟေ့ကောင် ကျွဲပေါက်၊ အမြန် ထစမ်း၊ ငါ့ကို ထန်းရည် တစ်အိုး အမြန်ပေးစမ်း"လို့ ကျုပ် အော်ပြောလိုက်တယ်။

"ကိုကြီး တောကျော်၊ ကျွဲပေါက်ပါ ခေါ်ခဲ့ပါလား"

"ဟာ...ကောင်းတယ် ဆရာလေး"

"ကျွဲပေါက်...ငါတို့နဲ့လိုက်ခဲ့စမ်း၊ အရေးကြီးလို့"

ကျွဲပေါက် ဘာမှမပြော။ ကျုပ်ကျောမှာလွယ်ထားတဲ့ ဓားကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ နောက်...

တဲထောင့်မှာ ထောင်ထားတဲ့ မှိန်းကို လှမ်းဆွဲပြီး ပြေးလိုက် လာခဲ့တော့တယ်။

"ကိုကြီးတောကျော်၊ ကျုပ် အထင်မှားသွားရင် ခွင့်လွှတ် ပါဗျာ"

ပြေးလွှားနေရင်း ဆရာလေး လှမ်းတောင်းပန်နေတဲ့အသံကို ကြားလိုက်ရတယ်။

"ဟာ...မဟုတ်တာ ဆရာလေးရာ၊ ကျုပ်ကိုယ်တိုင်က ဖြစ် နိုင်မယ် ထင်လို့ ဟိုကောင်တွေနောက် ခြေရာခံမလိုက်ဘဲ ဒီဘက် ထွက်လာတာပေါ့"

■

နတ်ကွန်းတစ်ပိုက်မှာ တိတ်ဆိတ်ငြိမ်သက်နေလေရဲ့။ ကျုပ်တို့ဦးတာတော့ သေချာသွားပြီ။ ပါလာတဲ့ ထန်းရည်၊ ကြက်သားဟင်း၊ ပြောင်းဖူးဖက်ဆေးလိပ်၊ လက်ဖက်တို့ကို အမြန်ထုတ်ပြီး အမေ့ကို ပူဇော်ပသ တင်မြှောက်လိုက်တယ်။

"ကိုကြီးတောကျော်...ကျွန်တော့်ရွာက လူတွေအလာ ကြိုစောင့်ပြီး ဒီကောင်တွေကို ဂိုင်းဖမ်းဖို့ စီစဉ်လိုက်မယ်၊ တရားဥပဒေအတိုင်း လုပ်ကြရအောင်နော်"

"ဟုတ်ကဲ့ ဆရာလေး။ ဆရာလေး ကောင်းမယ်ထင်သလို စီစဉ်ပါ"

ကျုပ်နဲ့ ကျွဲပေါက် နတ်စင်ရဲ့နောက် မလှမ်းမကမ်း တောင်ကမူလေးပေါ်က သစ်ပင်တွေကြားမှာ နေရာယူလိုက်ကြတယ်။

ဆရာလေး ကျုပ်ကို ပြောပြခဲ့တာလေ။ နတ်အကြောင်း ရေးထားတဲ့ စာအုပ်တစ်အုပ်ထဲမှာတဲ့၊ နွားသူခိုးတွေကို စောင့်ရှောက်တဲ့ စပယ်ရှယ်နတ် ရှိတယ်ဆိုတဲ့အကြောင်း။ အဲဒီ အမေနတ်ကို ခိုးလာတဲ့နွားနဲ့အတူ ပူဇော်ပသလိုက်ရင် နွားရဲ့ အမွေးအရောင်ကို ပိုင်ရှင်မမှတ်မိအောင် အရောင်ပြောင်းပေးနိုင်တယ်တဲ့။

ဆရာလေး ပြောလို့သာ လက်ခံလိုက်ရတယ်။ ကျုပ်စိတ်ထဲမှာတော့ မတင်မကျနဲ့ အလွန်ပဲ အံ့ဩခဲ့ရတယ်။

ကျုပ်တို့နယ်ဘက်မှာ ခိုင်းနွားတွေ မကြာခဏ အခိုးခံနေရတဲ့ အချိန်၊ အခိုးခံရတယ် ကြားတဲ့နေ့၊ ဒီနတ်ကွန်းကို ဆရာလေး လာကြည့်တာ နှစ်ခါရှိပြီတဲ့။ နှစ်ခါစလုံး အမေနတ် ကြိုက်တဲ့ အစားအသောက်တွေနဲ့ ပူဇော်ပသထားတာ တွေ့ခဲ့တယ်တဲ့။



အဲဒါနဲ့ ကျုပ် နောက်တစ်ခါသွားရင် ခေါ်ဖို့ ပြောထားမိတယ်။ ဟင်းဟင်း...ဖြစ်ချင်တော့ နောက်တစ်ခါ အခိုးခံရတော့ ကျုပ်နွားနစ်ကောင် ဖြစ်နေတော့တယ်ဗျာ။

ပြောသေးတယ်...

အခိုးခံရတဲ့ နွားရှင်က အမေ့ကို အရင် ပူဇော်ပသနိုင်ခဲ့ရင်တဲ့၊ နွားသူခိုးဟာ ခိုးတဲ့နွားနဲ့အတူ နတ်ကွန်းကိုရောက်လာအောင် အမေက ခေါ်ပေးတယ်တဲ့။

ဟင်...ဟုတ်တယ်။

ကျုပ်ကပဲ ဦးအောင် အရင်ပူဇော်ပသနိုင်လို့လား၊ ဒါမှမဟုတ် သူတို့ဘာသာသူတို့ ပူဇော်ပသဖို့ လာတာလား မသိ။

ဟိုးအဝေးမှာ လာနေကြပြီ။

နွားခိုးငါးယောက်နဲ့ နွားနှစ်ကောင်။

အံ့တကြိတ်ကြိတ်ဖြစ်နေတဲ့ ကျွဲပေါက်ရဲ့လက်မောင်းကို ကျုပ်အတင်းဆုပ်ကိုင်ထားလိုက်ရတယ်။

■

ကျုပ်တို့ရှိနေတဲ့ နေရာက ကြည့်ရင် လောက်လေးခွပုံ ဖြစ်နေတဲ့ ရွာသုံးရွာရဲ့ လမ်းဆုံကို လှမ်းမြင်နေရတယ်။ ကျွန်းတစ်ပင်ရွာကလာတဲ့ လှည်းလမ်းမရှည်ကြီးဟာ နတ်ကွန်းရဲ့ရှေ့မှာ လမ်းခွဲနှစ်ခု

ကွဲထွက်သွားလေရဲ့။

တစ်လမ်းက ကျုပ်တို့ရွာ ကြိုကန်ကို သွားတဲ့လမ်း။ နောက်တစ်လမ်းက ကျုပ်တို့ရွာရဲ့ အရှေ့ဘက် တစ်မိုင်လောက်မှာ ရှိတဲ့ ရှမ်းရေကျော်ရွာကိုသွားလမ်း။

ရှမ်းရေကျော်ရွာ လမ်းမကြီးကနေ နွားနှစ်ကောင်ကို အပြင်းမောင်းပြီး လာနေကြတာလေ။ ကျုပ်တို့နေရာက ကြည့်ရင် တဖြောင့်တည်းဖြစ်နေတဲ့ ရှမ်းရေကျော်လမ်းမကြီးကို အတိုင်းသား မြင်နေရလေရဲ့။

စောစောက ဒီကောင်တွေကို ကျုပ်တို့ မမြင်တာ ကျွေ ဒီကောင်တွေ တောတိုးလာပြီး ဒီနားရောက်မှ လမ်းမကြီးပေါ်တက်လာကြတာ ဖြစ်မယ်။

နည်းနည်းတော့ လှမ်းနေသေးလေရဲ့။

ဆရာလေးနဲ့ ရွာကလူတွေ မတွေ့သေးဘူး။ အချိန်မီရောက်ပါ့မလား။ သစ်ပင်တွေ အုံ့ဆိုင်းနေတဲ့ ရွာလမ်းမကြီးဘက် ကျုပ် ကြည့်လိုက်မိတယ်။

ဟင်...စက်ဘီးတစ်စီးပါလား။

ကျုပ်တို့ ရွာလမ်းမဘက်က ထွက်လာတဲ့ စက်ဘီးတစ်စီးကို မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်။

ကောင်မလေးတစ်ယောက်ကို ရှေ့ဘားတန်းပေါ်တင်ပြီး အမြန်နင်းလာတာ။



ဟာ...မယ်ရွှေညိုရဲ့သမီး 'ပန်းခရေ'လေးပါလား။

ဟင်...ငိုလို့ပါလား။

ကျုပ်အိမ်ရှေ့အိမ်က ဆီစက်ပိုင်ရှင် မုဆိုးမ မယ်ရွှေညိုရဲ့ အသည်း တစ်ဦးတည်းသော သမီးလေး ပန်းခရေလေ။

ဘယ့်နှယ် ဘယ်လိုဖြစ်လာကြတာပါလိမ့်။

နတ်ကွန်းရှေ့ကအဖြတ် စက်ဘီးနင်းတဲ့လူကို ကျုပ် သေချာ လိုက်ကြည့်မိတယ်။ မျက်မှန်အနက်ကြီးတပ်၊ ခမောက်ကို ငိုက်ပြီး ဆောင်းထားတာမို့ ဘယ်သူမှန်း မသိလိုက်။

လှည်းလမ်းအတိုင်း ကျွန်းတစ်ပင်ရွာဘက်ကို အတင်းနင်း သွားတော့တယ်။

ဘယ်သူပါလိမ့်။

စောစောစီးစီး ဘာလို့ စက်ဘီးရှေ့ ငိုပြီး ထိုင်လိုက်လာရတာလဲ။ ခိုးရာလိုက်ပြေးတာများလား။ သူ့အမေကော သိရဲ့လား။

ကျုပ်ခေါင်းထဲ မေးခွန်းပေါင်းစုံနဲ့ တဖြည်းဖြည်းဝေးသွားတဲ့ စက်ဘီးကို လိုက်ကြည့်နေမိတယ်။

"ဟာ..."

ကျုပ် အလန့်တကြား ထအော်လိုက်မိတယ်။ လွယ်အိတ်ကို လွယ်သိုင်း စက်ဘီးနင်းသွားတဲ့ကောင်။ ဒီနယ်မှာ ဒီလို လွယ်အိတ်မျိုး နှစ်လုံး မရှိနိုင်။ အရောင်ကွဲ သက်န်းစမျိုးစုံနဲ့ စပ်ချုပ်ထားတဲ့ လွယ်အိတ်။

လွန်ခဲ့တဲ့ သုံးရက်လောက်က မယ်ရွှေညိုအိမ်ကို ကြာသပတေး နာမ် ခြေနှစ်ချောင်း ထွက်ကိန်းမြင်တယ်ဆိုပြီး ကုန်အောင်ဆေးဆိုတဲ့ ဘိုးတော်တစ်ပါး ကြွလာတယ်။

အဲဒီအချိန်မှာ မယ်ရွှေညိုရဲ့သမီး ပန်းခရေလေး နေမကောင်း ဖြစ်နေတဲ့အချိန်။ စာခြောက်ရုပ်လှုပ်လည်း ရယ်၊ အုန်းသီးကြွေလည်း ရယ်တဲ့အရွယ်။ အပျိုမလေး သူ့ဘာသာသူ သွေးရိုးသားရိုး နေမကောင်း ဖြစ်တာ ပေါက်ဆိန်နဲ့ပေါက်ဖို့ ရောက်လာတာလေ။

မယ်ရွှေညို ဘာစဉ်းစားတော့မှာလဲ။ တုန်နေအောင်ချစ်ရတဲ့ သမီးကို။ ဘိုးတော်ကို အိမ်ဦးခန်းတင် ကိုးကွယ်တော့တာပေါ့။

စရောက်တဲ့နေ့က မယ်ရွှေညို ကျုပ်ကို အတင်းခေါ်လို့ သွားခဲ့ရသေးတယ်။ သတ္တဝါတွေရဲ့အသက်ကယ်ဖို့ ရောဂါအန္တရာယ်တွေ ကုန်အောင်ဆေးဖို့ အထက်ကလိုလို၊ အပေါ်ကလိုလို လွှတ်လိုက်လို့ ကြွလာရတယ်ဆိုပဲ။

ကျုပ် စဉ်းစားမိတာလေ။

ပန်းခရေလေးထက်ပိုပြီး အသက်အန္တရာယ်စိုးရိမ်ရတဲ့ လူတွေ အများကြီးရှိတာ သွားကယ်ပါလား။ မဟုတ်ဘူး။ သွေးရိုးသားရိုး နေမကောင်းဖြစ်တဲ့အပျိုလေးဆီ မပင့်ဘဲရောက်လာရတယ်ဆိုတော့...။

အေးလေ...အေးလေ...ဘိုးတော် ဓာတ်ကျလို့ပဲနေမှာပေါ့။

အဲဒီကတည်းက ကျုပ် ဘဝင်မကျ၊ ကြည့်မရခဲ့တာ။ အဲ... အပြန်မှာ သင်းကို ရှိတော့ ရှိခိုးခဲ့ရသေးတယ်ဗျာ။



ခုတော့ မယ်ရွှေညိုရဲ့အသည်းနှလုံးကို အိမ်ဦးခန်းက ပုဂ္ဂိုလ် ခိုးပြေးပြီလေ။ ဟင်း...ဟင်း...ရောဂါပျောက်အောင် မနက်စောစော စက်ဘီးရှေ့တင်ပြီး ရင်ငွေ့လုံ့ ကုပေးနေတာတော့ ဟုတ်မယ်မထင်။

ကျုပ် ခြေလက်ကျိုးတာက ကိစ္စမရှိ၊ မယ်ရွှေညို တစ်သက်လုံး ခင်ကျိုးရပေတော့မယ်။

ကျုပ်...ကွဲပေါက်လက်မောင်းကို ဆုပ်ကိုင်ပြီး အမြန် ပြောလိုက်မိတယ်။

"ကွဲပေါက်...လာဟေ့၊ စောစောက စက်ဘီးနဲ့ လူယုတ်မာနောက် လိုက်ကြရအောင်"

"ကိုကြီးတောကျော်၊ ဟိုမှာ နွားခိုးတဲ့ကောင်တွေ လာနေပြီလေ"

"ဟေ့ကောင်...နွားက ပိုက်ဆံရှိ ပြန်ဝယ်လို့ရတယ်၊ သမီးက ပြန်ဝယ်လို့မရဘူးကွ၊ လိုက်ကြစို့"

ကျုပ်တို့ တောလမ်းအတိုင်း ကဆုန်ပေါက် ပြေးလိုက်သွားကြတော့တယ်။ သင်း ဘာကောင်မှန်းမသိလို့ ကျုပ် ရှိခိုးခဲ့ရတယ်။ ကျုပ် ဘာကောင်ဆိုတာ သင်း သိစေရမယ်။ ဟင်း...တွေ့ကြသေးတာပေါ့ကွာ။ ။

■ ■ ■

(ချယ်ရီ၊ SEP.2002)

[illegible]




တောင်ဖို့အောင်ကျား

# ဗောင်ပို့အောင်းကျား

နံပါတ်တစ် အရေးအကြီးဆုံး ပိုက်ဆံအိတ်ကို လွယ်အိတ်ထဲ ထည့်လိုက်တယ်။ နံပါတ်တစ် ဖြစ်ခြေင်းက ဒီပိုက်ဆံအိတ်ပျောက်ရင် "ရှင် အိမ်ရိပ်တောင် ပြန်မနင်းနဲ့"လို့ ကျုပ်မိန်းမ မယ်ရမ်းတင်က ရာဇသံပေးထားသကိုး။ ရာဇသံပြင်းတယ် မထင်ပါဘူး။ အဟီး... တစ်ခါပျောက်ပြီးမှကိုး။

နံပါတ်နှစ် နေရာယူထားတဲ့ စာရင်းစာရွက်။ ဒီနေ့ ဝယ်ရမယ့် ပစ္စည်းစာရင်း မကြာခဏ ပျောက်ဖူးတယ်။ ပျောက်တဲ့နေ့ဆို အိမ်မှာ မယ်ရမ်းတင်ရဲ့ လော်စပီကာသံ တစ်နေ့လုံးကြားရပြီမှတ်။

ကျုပ် တော်ကြောင်းကောင်းကြောင်းတွေ ဖွင့်ပြောနေတာလေ။ ဈေးဝယ်တဲ့သူလာမှ နားတယ်။ ကျုပ် အသုံးမကျတာ လူသိမှာစိုးလို့ မဟုတ်ဘူး။ အသုံးမကျတဲ့ ယောက်ျား ယူထားမိတာ သူသိမှာစိုးလို့တဲ့။ ကျုပ်မှာ အဲဒီနေ့ဆို ဈေးဝယ်တဲ့သူတွေ မပြတ်ပါစေနဲ့လို့ ဗိုက်ကွက်ရုပ် ကြည့်ကြည့်ပြီး ဆုတောင်းနေရတော့တယ်။

နံပါတ်သုံးကတော့ ကျုပ်အတွက်ပဲ။

ကျူပ် နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါလောက် မြို့မှာ ဈေးတက်ဝယ်ရင်း စာအုပ်ဆိုင်ဝင် စာအုပ်ငှားတယ်လေ။ ဖတ်ပြီးသား စာအုပ် ပြန်အပ်ဖို့ မေ့ကျန်ခဲ့ရင် လွမ်းစရာတွေ ဖြစ်ကုန်တော့တယ်။

စာအုပ် ရက်ကျော်ကြေး ပေးရတယ်။

နောက် မယ်ရမ်းတင် သိသွားရင် သင်းရဲ့ လော်စပီကာသံကို အလူခံမဏ္ဍပ်မှာ တစ်မနက်ခင်းစာ ဖွင့်သလောက် ခံစားရတော့တယ်။

အရေးကြီးတဲ့ သုံးခု လွယ်အိတ်ထဲ ထည့်၊ စလွယ်သိုင်း၊ စီးတော်ယာဉ် စက်ဘီးကို အသာမ၊ အိမ်ထဲက ထွက်ခဲ့တော့တယ်။

လမ်းပေါ်ရောက်တော့ စက်ဘီးကို အပြေးလေးတွန်း၊ တင်ပါးကို ဖင်ထိုင်ခုံပေါ် ပစ်တင်၊ တွံတေးသိန်းတန် တက်နည်းနဲ့တက်ပြီး နင်းထွက်ခဲ့တော့တယ်။

■

ရွာထိပ်နားက ခြံကြီးထဲ ကွေ့ဝင်ရင်း…

"မျို့…ဘကြီးသိုက်ရေ…ပိန္နဲသီး ယူသွားမယ်ဗျို့" လို့ လှမ်းဟစ်လိုက်တယ်။

"လာဟေ့ မောင်တောကျော်၊ ပိန္နဲသီးကတော့ကွာ ဖြောင်စိန်ပဲဟေ့၊ ဘုန်းကြီးကျောင်း လှူမယ်ဆိုလို့ အကောင်းဆုံး အလုံးကို ဖယ်ထားတာဟ၊ ငါလည်း ကုသိုလ်ရတာပေါ့ကွာ"

"ဟီး…ကျေးဇူးပဲ ဘကြီးသိုက်ရေ ယူသွားပြီဗျို့"



ပိန္နဲသီးကို နောက်ကယ်ရီယာပေါ်က ခြင်းတောင်းထဲထည့်၊ အမြန်နင်း ပြေးထွက်ခဲ့တော့တယ်။

မနက်ဈေးမဖွင့်မီ အချိန်မီသွင်းဖို့၊ ဈေးဖွင့်ချိန် ကိုယ်တိုင်ရောင်းဖို့ အနီးအနားရွာက တက်လာလိုက်ကြတဲ့သူတွေ။ ခြံထွက်၊ ဥယျာဉ်ထွက် အသီးအနှံ၊ အရွက်၊ ပန်းမျိုးစုံ။ ထမ်းလို့ ရွက်လို့၊ သုတ်သုတ်သုတ်သုတ်နဲ့။ ကြာတော့ ကျူပ်နဲ့ လားရာဘက်တူတဲ့ ခရီးသွားမိတ်ဆွေတွေ ဖြစ်ခဲ့ကြတော့တယ်။

■

"ကိုကြီးတောကျော်…ဒီနေ့ နည်းနည်းစောတယ်နော်"

ဆိုင်ဘေးနား စက်ဘီးကပ် သော့ခတ်နေတုန်း ကြားလိုက်ရတဲ့ ဆိုင်ရှင် ညိုထွေးရဲ့ စမ်းရေစီးသံလေးလေ။

မယ်ရမ်းတင်နဲ့တော့ တခြားစီပဲလို့ တွေးရင်း…

"ဟုတ်တယ် အထွေး။ ဝယ်စရာ နည်းနည်းများလို့ စောစောထွက်လာခဲ့တာ၊ ဪ…အထွေး…ပိန္နဲသီး တစ်လုံး ပါလာတယ်၊ သပ်ရိုက်ထားတာ၊ မနက်ဖြန်လောက်ဆို စားလို့ရပြီ၊ အထွေးကြိုက်တဲ့ အိပ်မာလေ"

"ဟာ…ကိုကြီးတောကျော်ကလည်း ယူလာပြန်ပြီ၊ အရင်ယူလာတဲ့ ရွှေငှက်ပျောသီးတွေတောင် အများကြီး ကျန်သေးတယ်၊ အမေက ကိုကြီးတောကျော်ကို ခဏခဏ ဒုက္ခပေးရမလားဆိုပြီး ညိုထွေးကို ဆူနေတာ"

"ဘယ်ကလာ ဒုက္ခရမှာလဲ၊ ဒါလေးများ၊ အစ်မကိုပြောလိုက်၊ ကိုကြီးက ဒီထက်မက ကျွေးချင်မွေးချင်တာလို့၊ ကိုကြီးရဲ့ရင်ထဲမှာ စေတနာတွေ အများကြီး ရှိနေတာလို့"

ဟီးဟီး...ညိုထွေးနဲ့တွေ့တိုင်း အာစလျှာစတွေရှည်၊ စကားတွေ တတ်၊ မျက်လုံးအရောင်တွေလည်း လက်နေပေရော့မယ်။

ခေါင်းငုံ့ပြီး ရှက်သွေးဖြာနေတဲ့ ညိုထွေးကို...

"ရော့...အထွေးရေ၊ ဒီနေ့စာရင်း"လို့ပြောရင်း ကူးလာတဲ့ စာရင်းစာရွက်တစ်ရွက်ကို လှမ်းပေးလိုက်တယ်။

"ကိုကြီးတော်ကျော်...ဒီနေ့ မုန့်ဟင်းခါးလား၊ ခေါက်ဆွဲလား ဟင်"

"မုန့်ဟင်းခါးပဲ အထွေး၊ ကဲ...ကိုကြီး ဈေးလျှောက်ဝယ်လိုက် ဦးမယ်နော်"

ဟင်းဟင်း...မပွင့်မလင်း ပြောရရင် ကျုပ်တို့က ရိုးရိုးသားသား ပါဗျာ။

ဈေးထဲက ညိုထွေးရဲ့ဆိုင်မှာ စက်ဘီးထားနေကျ။ ညိုထွေး ဆိုင်က ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စတဲ့ ပစ္စည်းတွေကို မယ်ရမ်းတင် မှာလိုက်တဲ့ စာရင်းအတိုင်း ပေးနေကျ။ ပြန်လာရင် အားလုံး အဆင်သင့် ထုပ်ပိုး၊ ချိန်ပြီးသား...။ ကျသင့်ငွေရှင်း၊ အထွေး ကျွေးတဲ့ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ တစ်ခုခုစားပြီး ပြန် နေကျ။



မုန့်ဟင်းခါးဆို ဘူးသီးကြော်၊ နံနံပင်များများ၊ ငရုတ်သီး မထည့်တာ၊ အုန်းနို့ခေါက်ဆွဲဆို ကြက်သွန်နည်းနည်း၊ သံပုရာသီး လေး ညှစ်ထည့်တာ၊ အထွေး မပြောနဲ့၊ တစ်နေ့တစ်နေ့ ပွဲပေါင်း များစွာ ထည့်နေတဲ့ မုန့်ဟင်းခါးသည်ကြီးတောင် အလွတ်ရနေ ပြီဆို...။

ညိုထွေးရဲ့ အေးချမ်းတဲ့ မျက်နှာလေး၊ သာယာတဲ့ စမ်းရေ စီးသံလေးတွေ၊ သိတတ်တဲ့ ကြင်နာမှုလေးတွေကြောင့် ကြာလာတော့ ရင်ထဲ ဒိန်းတပ်တပ် ဖြစ်လာခဲ့ရတယ်လို့ ပြောရင် စိတ်ဆိုးကြမှာ လားဟင်။

ဒီအချိန်လာပြီး ရွာမှာလို မယ်ရမ်းတင်ကလွဲလို့ အားလုံး ဒွံနဲ့ဆန်ကွဲလားလို့ လာမမေးနဲ့။ ဘုကြည့်ကြည့်ပစ်လိုက်မယ်။

မေးစရာလား။

ရွာမှာ မယ်ရမ်းတင်ရဲ့ စက်ကွင်းထဲမို့ မဆိုင်းမတွ "ဟုတ် ဘယ်"လို့ ပြောမိမယ်။ ဟင်း...ဒီမှာတော့ ဆောဒီးပဲ။

ညိုထွေးကလည်း ကျုပ်ကို လူပျိုလား၊ အိမ်ထောင်ရှိလားလို့ ဘယ်ခါမှမမေးဘူး။ ကျုပ်ကလည်း အိမ်ထောင်နဲ့ လူပျိုမဟုတ်ဘူးလို့ ဘယ်ခါမှမပြောမိဘူး။

နှစ်ယောက်စလုံး စကားနည်းကြတာ ပြောပါတယ်။ ဟီး...။

အလာတုန်းက နောက်ကယ်ရီယာပေါ်က ဈေးခြင်းတောင်း ကြီးဟာ ညိုထွေးအတွက် စားစရာ အသီးအနှံတစ်ခုခုနဲ့ ပေါ့ရွှတ်နေ

ပေမယ့် အပြန်ခရီးမှာတော့ မယ်ရမ်းတင်အတွက် ရောင်းစရာပစ္စည်းတွေနဲ့ လေးထော်လို့နေတော့တယ်။

■

ဈေးနဲ့ မလှမ်းမကမ်းမှာရှိတဲ့ ရဲရင့် စာအုပ်ဆိုင်ရှေ့မှာ ရပ်လိုက်တယ်။ ဦးလေး ဦးထွန်းသောင်း ဆိုင်ဖွင့်ဖို့ ပြင်ဆင်နေတာ တွေ့လိုက်ရတယ်။

"ဦးလေးရေ...ဒီနေ့ ဘာစာအုပ်ရမလဲဗျို့"

"လာဟေ့...တောကျော်၊ မြားနတ်မောင်မဂ္ဂဇင်း ချန်ထားတာ ရှိတယ်"

စာအုပ်ပြန်အပ်၊ မဂ္ဂဇင်းစာအုပ် ယူပြီး ရွာဘက် ဦးတည် ဒုန်းစိုင်းခဲ့တော့တယ်။

■

မေလထုတ် မြားနတ်မောင် မဂ္ဂဇင်းထဲက ဆရာ ဦးတင်ဦး (ကျူရှင်)ရေးတဲ့ 'ဆင်တစ်ကောင်တည်းအပေါ် နှစ်ယောက်အတူစီး၍ စီးချင်းထိုးခြင်း' ဆောင်းပါးကို စဖတ်မိတယ်။

*...ကုန်းဘောင်မင်းတို့၏ မိဖုရား စာရင်းကို စစ်ကြည့်လျှင် အလောင်းဘုရား ၇၊ နောင်တော်ကြီး ၇၊ ဆင်ဖြူရှင် ၁၄၊ စဉ့်ကူး ၁၁၊ မောင်းကားစား ၂၊ ဘိုးတော် ၅၃၊ ဘကြီးတော် ၉၊ ရွှေဘို (သာယာဝတီ) ၁၈၊ ပုဂံ ၂၄၊ မင်းတုန်း ၅၀၊ သီပေါ ၃၊ တောကျော်...အဟီး...တောကျော်...*



"ကိုတောကျော်...တော် ဘယ်နှယောက်လောက် ထပ်ရမယ်လို့ ထင်လဲ"

"အဟီး...နောက်တစ်ယောက်လောက်ဆို တော်ပါပြီ အများကြီးလည်း..."

"တော် ဘာတွေ ပြောနေတာလဲ၊ မနေ့က ကြွေးတောင်းခိုင်းလိုက်တာ ငါးယောက်ကျန်ခဲ့တယ် မဟုတ်လား။ ဒီနေ့ ဘယ်နှစ်ယောက် ထပ်ရမလဲလို့ မေးနေတာတော့"

"အဟီး...အကုန်ရမှာ၊ မပူနဲ့ မယ်ရမ်းတင်၊ အကုန်ရမှာ"

"တော့်စကား တော် မှတ်ထား။ အကုန်မရလိုက်တော့ တော်နဲ့ ကျုပ် အတွေ့ပဲ"

ဟာ...သွားပြီ။

ကျုပ် ရုက်ကိုးရုက်ကန်းနဲ့ ရမ်းပြောလိုက်မိတာ။ အဲဒီ ကြွေးကျန် ပုဂ္ဂိုလ်ငါးယောက် ကြွေးရဖို့အသာထား၊ လူတောင် တွေ့အောင် မနည်း မြေလှန်ရှာရမယ်။

ဟင်း...တော်နဲ့ကျုပ်ကတော့ တွေ့ကြတော့မှာပါလား။

■

"အထွေးရေ...ရော့"

ဈေးဝယ်သူတွေ ရှင်းချိန်၊ ညိုထွေး တူမလေး မုန့်ဟင်းခါး ပန်းကန်ပြန်ပို့ချိန် ကျုပ် ညိုထွေးကို အထုပ်ကလေးတစ်ထုပ် လှမ်းပေးလိုက်တယ်။

"ဘာလဲ...ကိုကြီးတောကျော်ရဲ့"

"အထွေးအတွက် ကိုကြီးတောကျော်ရဲ့ အမှတ်တရ မွေးနေ့လက်ဆောင် လက်စွပ်ပါ"

"ဟာ...ကိုကြီးတောကျော်ကလည်း မဟုတ်တာ၊ တန်ဖိုးကြီးတာကြီး ညိုထွေး မယူပါရစေနဲ့"

"အဲဒီလို မလုပ်နဲ့၊ ကိုကြီးက ညိုထွေးကို ခင်လို့ပေးတာ ကိုကြီးစေတနာကို မစော်ကားရဘူး"

"မလုပ်ပါနဲ့ ကိုကြီးတောကျော်ရယ်၊ ပြန်ယူသွားပါ"

"အထွေး...ကိုကြီး စိတ်မကောင်းဖြစ်အောင် မလုပ်နဲ့နော်၊ ဒီမှာထားခဲ့မယ်၊ သွားပြီနော် အထွေး"

ကျုပ် ပြောပြီး လှည့်အထွက် ညိုထွေးအကြည့်နဲ့ အကြည့်ချင်း တစ်ချက် ဆုံမိလိုက်တယ်။

နှစ်ပေါင်းများစွာ ပျောက်ကွယ်ခဲ့တဲ့ ရင်ခုန်သံတွေနဲ့ ပြန်ခဲ့တော့တယ်။

"အောင်မယ်...မောင်တောကျော်၊ ပြုံးပြုံးပြုံးပြုံးနဲ့၊ ဘာလဲ... မွို့ရလာတယ်နဲ့ တူတယ်"



"အဟီး...မဟုတ်ပါဘူး ဦးလေးရဲ၊ ဒီနေ့ ဘာစာအုပ်ရမလဲ ဦးလေး"

"အလို...မောင်တောကျော်...အတင်း စကားလွှဲလေရော့ သလားကွယ်"

"ဟာ...ဦးလေးကလည်း...ဟီးဟီးဟီး..."

■

ကျုပ် ဒီနေ့ မေလထုတ် ကလျာမဂ္ဂဇင်း ရလာတယ်လေ။ ဈေးရောင်းရင်း ပက်လက်ကုလားထိုင်မှာ ဇိမ်နဲ့ဖတ်နေတာ။ ခင်ခင်ထူးရဲ့ 'မြို့ကလေးသူ' ဝတ္ထုရှည်ကို။

..."မိကြာမှာ ကိုယ်ဝန်ကြီးနဲ့တော့"

ဒေါ်အေးကြီးက စပြီး သတင်းဖြန့်လိုက်သည်နှင့် လှုပ်လှုပ်ရွားရွား ဖြစ်ကုန်ကြသည်။ စိတ်ကစင့်ကလျား မိကြာကို မြို့ကလေးက စောင့်ရှောက်လာကြသည့် သုံးလေးနှစ်အတွင်း သည်သတင်းကတော့ အကျည်းတန်ဆုံး သတင်း ဖြစ်သည်။ မြို့ကလေး နာမည်ပျက်ရတော့မည်။ ဂုဏ်သိက္ခာ မဲ့ရတော့မည်။ စိတ္တဇဝေဒနာ၏ သားကောင်ဖြစ်ရတဲ့ကြားက အခုလို ကိုယ်ဝန်ကြီးနဲ့ ဖြစ်ကြရတော့ စိတ်ချမ်းမသာဖြစ်သူကဖြစ်၊ ဒေါသဖြစ်သူကဖြစ်။ သည်ကိစ္စ ရအောင် ဖော်ထုတ်ချင်သူတွေကလည်း ရှိသည်။

ဒေါ်အေးကြီးက မိကြာကို ချော့မော့ မေးကြည့်ဖူးသည်။

"မိကြာရယ်...သည်ကိုယ်ဝန် ညည်း ဘယ်သူနဲ့ ရလာတာ

တုံး၊ ငါတော့ သေသာ သေချင်တော့တယ်"

"ဘာကိုယ်ဝန်လဲ၊ ကျုပ်မှမသိတာ"

"သည်ဟာလေ...ဟောသည့် ညည်းဗိုက်ထဲက ကလေးလေး ဘယ်သူ ထည့်ပေးတာလဲ၊ ပြောစမ်း၊ ငါ ခေါက်ဆွဲကြော် ဝယ်ကျွေးမယ်"

"ကျုပ်ဗိုက်ထဲ...ခုက္ခ...ဗိုက်ထဲ ဘယ့်နှယ်လုပ် ကလေးထည့်လို့ရမှာလဲတော်"တဲ့။

မေးပါများလာတော့ မိကြာက...

"ကျုပ်ဗိုက်ထဲကို..."...

"ကိုတောကျော်...တောကျော်"

"ဟဲ့...ဘာတုံးဟ၊ ဒီမှာ စာဖတ်နေတာကွ၊ ကောင်းခန်းရောက်မှ မင်းဟာ အလန့်တကြား"

"တော် အရည်မရ အဖတ်မရ ဒီစာတွေပဲဖတ်နေ၊ သိလား၊ ဟိုမှာ မိုးမွှားလေးတွေ ကျလာပြီ၊ ဘူးစင်ပေါ်မှာ ထမင်းခြောက်တွေ လှန်းထားတာ၊ သွားရုတ်လိုက်စမ်းပါ၊ ကျုပ် လက်မအားလို့"

ဟင်း...'စာအုပ်စာပေလူ့မိတ်ဆွေ'ဆိုတာ မသိတဲ့မိန်းမ၊ အလကား မိန်းမ၊ စိတ်ရှိတိုင်းသာ လုပ်လိုက်ရရင်တော့ နာတော့မယ်။

"ဟာ...လုပ်ပေးရမှာပေါ့၊ ပြေးကြည့်မှ ဒီမိန်းမတစ်ယောက်တည်း ရှိတာ...ဟီးဟီး"

■



"အောင်မယ်...အောင်မယ်...ဆရာလေး၊ ဒါက ဘာသဘောလဲ၊ လာ...ဝင်ခဲ့၊ မသိချင်ယောင်ဆောင်ပြီး ဆိုင်ရှေ့က ဖြတ်မလို့ပေါ့လေ"

"ဟဲဟဲ...စာအုပ်တွေ ပါလာတော့ ရှုပ်ရှုပ်ယှက်ယှက် ငှားမှာစိုးလို့လေ"

"ဟင်း...ဘယ်ရမလဲ၊ လာ...အကြမ်းသောက်၊ ကောက်ညှင်းပေါင်းစား၊ ဘာစာအုပ်တွေလဲ၊ ရှိတာ အကုန်ထုတ်"

"မြို့က သူငယ်ချင်းတွေ ပေးလိုက်တဲ့ မဂ္ဂဇင်း အဟောင်းတွေပါ၊ မဖတ်ရသေးတာရှိ ယူထားလိုက်လေ"

"မပူနဲ့...ယူမှာ"

ဆရာလေးဆီက ၂၀၀၁ ခုနှစ် ဇန်နဝါရီလထုတ် ရွှေအမြုတေတစ်အုပ် မဖတ်ရသေးလို့ ယူထားလိုက်တယ်။ အဲဒီ စာအုပ်ထဲက မဝင့်(မြစ်ငယ်)ရဲ့ 'ချစ်စရာ မကောင်းတဲ့ ခြစ်ရာတွေနဲ့' ဝတ္ထုတိုကို ဖတ်မိတယ်။

...တစ်လခွဲကြာတော့ ကိုဘတင့် ရောက်လာပြန်တယ်။ အရင်အချိုးအတိုင်း ဝန်ချတောင်းပန်ရင်းပေါ့။

"ကြာကြာရယ်...ကိုယ်က သူများသားသမီးကို ကျူးလွန်မိသားတာ မဟုတ်လား၊ ကောင်မလေးမှာ ကိုယ်ဝန်ကြီးနဲ့ဆိုတော့"

နှစ်ကိုယ်ကြား တောင်းပန်ရင်ပဲ မကြာကြီးမှာ ခေါင်းတညိတ်ညိတ်။ ရှင်က လူစိတ်ရှိတာကို။ ဒီမှာနေရင်း လှမ်းပြီးထောက်ပံ့ပေါ့။

ဒီကောင်မ ဘာလုပ်ကိုင်စားတတ်မှာလဲ။ ကြာတို့က ပေးရုံပေါ့တဲ့ ထောက်ခံလို့တောင် ပြောလိုက်သေးတယ်။

ဟီး...မယ်ရမ်းတင်သာ ဂလိုမျိုး သိတတ်ရင် ကောင်းမှာပဲလို့ ကျုပ် တွေးမိလိုက်တယ်။ နောက် ကျုပ် ဆက်ဖတ်မိတယ်။

တတိယအချီ ထွက်သွားပြန်တော့ ဆယ့်ငါးရက်နဲ့ ပြန်ရောက်လာတယ်။ ထုံးစံအတိုင်း တောင်းပန်ဖို့ ကြိုးစားတုန်း...

"ကိုဘတင့်...ရှင့်မျက်နှာပေါ်က ခြစ်ရာဖုံရာတွေက ဘာဖြစ်လာသတုံး"

"ဟိုမိန်းမယုတ် လုပ်လွှတ်လိုက်တာလေ၊ ကိုကိုက သူ့ကို မပေါ့မပါးကြီးနဲ့ဆိုပြီး သည်းခံနေခဲ့တာ"

"ရှင့်မိန်းမက ကိုယ်ဝန် ဘယ်နှစ်လလွယ်ထားလို့လဲ"

"ခြောက်လရှိပြီကွယ့်၊ မွေးခါနီးပြီ မဟုတ်လား"

"ကြီးကြီးစည်ရာရှင်၊ ကျွန်မ စုံစမ်းပြီးပြီ၊ ရှင့်မိန်းမမှာ ဘာကိုယ်ဝန်မှ မရှိဘူး။ ရှင့်မျက်နှာပေါ်က ခြစ်ရာတွေကလည်း သနားစရာ မကောင်းတဲ့အပြင် ရွံ့ဖို့တောင် ကောင်းနေပြီ၊ ကဲ...ရှင်ပြန်ပါတော့ရှင်၊ ရှင့်ကိုမြင်ရင် သားသမီးတွေ ရှဲကြီးလွှန်းလို့"

"ဝုန်း!"

"ဟဲ့...သောက်ပလုပ်တုပ်၊ ကုလားနဲ့ငါနဲ့ရ"

"မယ်ရမ်းတင်...ဘာဖြစ်ရတာတုံး။ အထိတ်တလန့်ကွာ"

"တော် နားပင်းနေလား။ တော့်စက်ဘီး လဲသွားပြီ၊ ခေါက်ကို သေသေချာချာ မထောက်ဘူး။ အလုပ်လုပ်တာ ပေါ့တီး ပေါ့ဆနဲ့"

"ဆောဒီး...မယ်ရမ်းတင်၊ ဆောဒီး။ ကိုတောကျော် အမှားပါ၊ နောက် မဖြစ်စေရဘူး။ ကိုတောကျော် တောင်းပန်ပါတယ်"

အင်း...ဝတ္ထုထဲမှာ ကိုဘတင့်က ဆိုးတယ်။ ကြာကြာက သဘောကောင်းတယ်။ အပြင်မှာ မယ်ရမ်းတင်က ဆိုးတယ်။ ကိုတောကျော်က သဘောကောင်းတယ်။ ဟီး...။

■

"ကိုကြီးတောကျော်...လက်စွပ်ပေးတာ ကျေးဇူးပါပဲ၊ ဒါပေမယ့်လေ နောက် ဘာမှ မပေးနဲ့တော့နော်၊ နောက်တစ်ခါပေးရင် ညိုထွေး စိတ်ဆိုးမှာပဲ"

"ဟာ...ဒါဆို ပေးကိုပေးရမယ်"

"ညိုထွေး တကယ်စိတ်ဆိုးမှာနော် ကိုကြီးတောကျော်"

"အထွေးစိတ်ဆိုးရင် ကိုကြီး ချော့မှာပေါ့"

ဟာ...သွားပြီ။ သွက်လိုက်တဲ့ ပါးစပ်။ ကျုပ်ကိုယ်ကျုပ်တောင် ပြန်အံ့သြနေမိတယ်။ အချစ်ကြောင့် ပေါက်ဖွားလာတဲ့ ခေတ်ဆွေးဒိုင်ကြောင်ပါလား။

"ဟော့...မောင်တောကျော်...မဝင်တော့ဘူးလားကွ"

အတွေးလွန် စမြုံပြန်လာတဲ့ ကျုပ်။ ဦးလေး ဦးထွန်းသောင်းလှမ်းခေါ်မှ စာအုပ်ဆိုင်ဝင်ဖို့ သတိရတော့တယ်။

"ကျွိ..."

စက်ဘီးကို ဘရိတ်ဆွဲ၊ ကပျာကယာ ရပ်လိုက်ရတယ်။

"အတွေးတွေ လွန်လာတယ်ပေါ့လေ၊ ငါ လှမ်းခေါ်လို့ မခေါ်ရင် ရွာထိ ပြန်ရောက်မယ့်ပုံပဲ"

"အဟီး...ဘာစာအုပ်ရမလဲ ဦးလေး"

"ဖွန်လထုတ် ပြစ်မှုမဂ္ဂဇင်းတစ်အုပ်ကျန်တာ ရှိတယ်"

"ကိုယ်က အေးအေးဆေးဆေး ရိုးရိုးသားသားနေတဲ့သူဆိုတော့ ပြစ်မှုတို့၊ မှုခင်းတို့နဲ့ သိပ်သဟဇာတမဖြစ်ဘူး ဦးလေးရ"

"ဟေ...ကိုယ်က ရိုးသားအေးဆေးပေမယ့် သူများ မကောင်းကြံရင် မခံရအောင် သိထားဖို့တော့ လိုတာပေါ့ဟ"

"ဟားဟားဟား...အလကား နောက်တာပါ ဦးလေးရာ၊ ကျွန်ုပ်ကိုယ်တိုင်လည်း လိုအပ်ရင် ဒီထဲကနည်းတွေ သုံးသင့်သုံးရတာပေါ့"

"ဟာ...ငါလခွေး၊ အကောင်းမှတ်လို့"

■

စားသောက်ပြီး ဆိုင်စောင့်ရင်း ပြစ်မှုမဂ္ဂဇင်းဖတ်နေမိတယ်။ ဝန်းရှိန်လင်းရဲ့ အကြောင်းကြောင်းကြောင့် ဖြစ်သော အကျိုးတဲ့ ဘာအကြောင်းကြောင့် ဘာအကျိုးတွေ ဖြစ်လာပါလိမ့်။

*"မွေးပြီတော့...မွေးပြီ ယောက်ျားလေးတော့"ဟူသော လက်သည်ကြီး ဒေါ်ဖော့၏ အသံကို ကြားလိုက်ရသည်။ အောင်ဘသည်* 



*မွေးပြီဟု ကြားကြားချင်း ဘုန်းနိမ့်မည်၊ ကံနိမ့်မည်ဟု မစဉ်းစားနိုင်တော့ဘဲ မီးနေခန်းထဲ အပြေးဝင်ကာ လက်သည်ဒေါ်ကြီးလက်ထဲမှ သူ၏သားကို တောင်းယူလိုက်သည်။*

*အောင်ဘသည် လက်ထဲရောက်နေသော သားကို ကြည့်ပြီးသောအခါ "သားရယ်"ဟု တစ်ခွန်း ညည်းတွားကာ ကြမ်းပြင်ပေါ်သို့ ဒူးထောက်လျက် ကျသွားလေသည်။*

*အောင်ဘ၏ လက်ထဲမှာတော့ ကိုယ်ဝန်ဖျက်ဆေးများ၏ဒဏ်ကို ခံရကာ အသက်မသေဘဲ ခြေလက်အင်္ဂါမစုံမလင်နှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ကလေးငယ်...။*

"မောင်တောကျော်...ဟဲ့...မောင်တောကျော်၊ ရှင် ဈေးရောင်းမှာလား၊ စာအုပ် ဖတ်မှာလား၊ တကယ်တည်း...ခေါ်မကြား အော်မကြားနဲ့"

"ဟာ...အရီး၊ ဘာယူမလို့လဲ၊ ဈေးရောင်းရင်းနဲ့ စာဖတ်နေတာလေ"

"ဒီလိုပဲ အရီးလေးရေ...၊ ဝယ်သူလာ အမြဲ ခေါ်မကြား အော်မကြား။ ထမင်းမစားရတဲ့ စာအုပ်တွေပဲ သဲသဲမဲမဲ ဖတ်နေတာ၊ ထမင်းကျွေးတဲ့အလုပ်ကျ စိတ်ဝင်စားတာ မဟုတ်ဘူး"

"မယ်ရှမ်းတင်ကလည်းကွာ...စာအုပ်စာပေ လူ့မိတ်ဆွေ၊ အလိမ္မာ စာမှာရှိတဲ့၊ ဒီစာအုပ်တွေ ဖတ်လို့ ကျွန်ုပ် လိမ္မာနေတာပဲဟာ"

"ဟုတ်သားပဲ မယ်ရမ်းတင်ရဲ့ မောင်တောကျော်က အရက်မသောက်၊ ဖဲမရိုက်၊ ဗီဒီယိုတောင် ကြည့်တာမှမဟုတ်တာ"

"ဘုရားလေး...အဓိုးရေ အရမ်းကာရော ချီးမွမ်းမစောလိုက်နဲ့ဦး။ ဖွတ်မထွက်သေးလို့၊ နောက်မှ တောင်ပို့မှန်းသိမယ်"

ဘုရား...ဘုရား...သိနေသလိုပါပဲလား။

■

ဖွန်လထုတ် ရုပ်ရှင်အောင်လံမဂ္ဂဇင်းထဲက ကိုမောင်ဌေးသိန်း (ပွေးလှ)ရဲ့ 'ကဖေးဆိုင်ကလေးရဲ့ပြတင်းပေါက်' ဝတ္ထုတိုကို ဖတ်ကြည့်မိတယ်။

*...ကမ္ဘာကြီးသည် ၂၀ ရာစုအတွင်း AIDS ဝေဒနာရှင် ၃၆.၁ သန်းနှင့်အတူ ဝင်ရောက်ခဲ့ရကြောင်း ကြားသိရ၏။ ယခု ဆိုလျှင် ဘယ်လောက်အထိ တိုးပွားများပြားနေပြီလဲ မသိနိုင်။ သန္ဓေသား ဘဝမှာပဲ HIV ပိုးရပ်စ် စွဲကပ်ခံနေရသည့် အဖြစ်တွေ၊ အနာဂတ်မဲ့ နေကြသော လူသားတွေ၊ တစ်ပါးသူတို့၏ မိုက်မဲမှုကို မဆီမဆိုင် ကြားဝင်ခံနေကြရသော အပြစ်မဲ့ ကလေးငယ်တွေ...*

"ကိုတောကျော်...ကိုတောကျော်"

ဟင်း...ဟင်း...ခေါ်မှခေါ်ပုံမလားလို့၊ စာဖတ်လို့ကောင်းပြီး မယ်ရမ်းတင်တို့အသံ ကြားရပြီ။

"ပြောဟေ့ ပြော၊ ဘာဖြစ်ရပြန်ပလဲ မိန်းမရဲ့"

"ကွန်ဒုံးဆိုတာ ဘာလဲဟင်"



ဟိုက်ရှားဘား...ကျုပ် အလန့်တကြား ဖြစ်သွားရတယ်။

"နေပါဦး၊ ဒီစကား မင်း ဘယ်သူပြောတာလဲ၊ ဘယ်က ကြားတာလဲ"

"ကာလသားခေါင်း ချိုတူး ပြောတာ၊ အစ်မ ကွန်ဒုံး တင်ရောင်းပါလားတဲ့၊ အရမ်းရောင်းရတာပဲတဲ့"

"ခွေးမသား...လာ၊ လာပစေဦး၊ နောက်စရာရှားလို့"

"တော်က ဘာဖြစ်ရတာတုံး၊ သူက စေတနာနဲ့ပြောတဲ့ဟာ"

"မယ်ရမ်းတင်...ကွန်ဒုံးဆိုတာ မြို့က သူကြီးတော်ယောကျ်ားခေါ်မည်ဟဲ့၊ တော်တော်တုံး"

■

"ကိုကြီးတောကျော်...မနက်ဖြန် ဥပုသ်နေ့ ဘုန်းကြီးတွေ သည်း ကပ်ရင်း အိမ်မှာ မုန့်ဟင်းခါး၊ ခေါက်ဆွဲချက်မလို့၊ အားရင် လာခဲ့ပါလားဟင်"

ကျုပ်မျက်လုံး အရောင်တွေ လက်သွားပေရော့မယ်။

"လာမှာ...လာမှာ၊ မအားလည်း လာမှာ၊ ကိုကြီးက အထွေး ချက်တာ စားချင်နေတာ"

သွက်နေတာ။ မယ်ရမ်းတင်နဲ့ မရခင်တုန်းက ပြောမိခဲ့တဲ့ စကားတွေ...။

"ဪ...အထွေး၊ ကိုကြီးလည်း ပြန်လိုက်လာလိုက်နဲ့ အလုပ် ရှုပ်နေရော့မယ်၊ အထွေးတို့လည်း ချက်ရပြုတ်ရတာ ပင်ပန်းနေရော့

မယ်၊ နှစ်ဦးနှစ်ဖက် အဆင်ပြေသွားအောင် ကိုကြီး မပြန်တော့ဘဲ အဝေးတို့အိမ် လိုက်ကူညီမယ်လေ၊ မကောင်းဘူးလား"

ညိုထွေး ခေါင်းငုံ့ပြီး ပြုံးနေတာ တွေ့လိုက်ရတယ်။ နောက်မှ...

"အစ်မက ညိုထွေးကို ဆူမှာပေါ့။ မနက်ကျမှ လာခဲ့ပါ ကိုကြီး တောကျော်"တဲ့။ ဟင်းဟင်း...ကျုပ်လည်း ခေသူ မဟုတ်ဘူး ဆိုတာ ယုံ...။

■

"ဟေး...မောင်တောကျော်၊ ဦးလေး ဒီနေ့ ဘာစာအုပ်ထွက်လဲလို့ ဝင်မမေးတော့ဘူးလားဟ"

ကျို...

ကျုပ် စက်ဘီးဘဲရိတ်ကို အထိတ်တလန့် ညှစ်လိုက်မိတယ်။ ပီတီတွေ ဖုံးလာတာ။

"မောင်တောကျော်...တွေးတာလည်း တွေးပေါ့။ မော်တော်ကားတွေလည်း သတိထားဦးဟေ့၊ တော်ကြာ ငါ့ဆိုင် စာဖတ်ပရိသတ် တစ်ယောက် လျော့သွားပါဦးမယ်"

"ဟာ...ဦးလေးကလည်း မပြောကောင်း မဆိုကောင်း။ ဖွ ဟဲ့...လွဲပါစေ၊ ကျုပ် နောက်အိမ်ထောင်တောင် မပြုရသေးဘူး။ လွဲပါစေ၊ ဖယ်ပါစေ"

"ဟားဟားဟား...ကျသကွာ၊ မောင်တောကျော်၊ မောင်တောကျော်၊ မင်းလည်း ခေသူ မဟုတ်ပါလား"



"အလကား နောက်တာပါ ဦးလေးရာ၊ ဘာစာအုပ် ရှိလဲ ဦးလေး"

"ဆရာ အောင်သစ်ရဲ့ 'ကိုယ်ကျင့်တရားဖြင့် နေထိုင်ခြင်း' စာအုပ်တစ်အုပ် ရှိတယ်"

"ဦးလေးကလည်း ကျုပ်အတွက် ဒီစာအုပ်မျိုးတွေ မလိုတော့ ပါဘူး"

"တယ်ဟုတ်ပါလား မောင်တောကျော်ရဲ့၊ အေးကွာ၊ ကိုယ့် အသိနဲ့ ကိုယ်သိတာ ပိုတန်ဖိုးရှိတာပေါ့ကွယ်"

"အဟီး...မဟုတ်ဘူး ဦးလေးရေ၊ မကောင်းတဲ့ အကျင့်တွေ ပျက်အစဉ် ပြင်မရတော့လို့ပါ"

"ဟာ...နောက်တီးနောက်တောက်ကွာ၊ ငါက အဟုတ်မှတ် လို့..."

ကျုပ် ဦးလေးဦးထွန်းသောင်းကို အားနာလို့သာ ဒီစာအုပ် ယူလာရတယ်။

အရှိက်ကိုတီးမယ့် လက်သီးလုံးတွေ ပါမယ်ဆိုတာ ကြိုသိနေ မိတယ်။

ဟင်းဟင်း...ကျုပ် မဖတ်ဘဲ ထားလိုက်လည်း ရတာပဲဟာ။

■

ကျုပ် မဖတ်ဘဲ ထားလိုက်လည်း ရတယ်လို့ ဆိုပေမယ့် ဖတ် ရော မရှိတော့ ဟိုကျော်ဖတ် ဒီကျော်လှန် လှန်ကြည့်မိတယ်။

'ယောက်ျားကောင်း မောင်းမတစ်ထောင်' ဆိုတဲ့စကား ဖတ်မိတော့ အားတက်သွားတယ်။ ရှေးပညာရှိ ကဝိ တစ်ယောက်ရဲ့ စကားထင်။ ဒီစကား ခေတ်အဆက်ဆက် မတိမ်ကောဘဲ ခုချိန်ထိ ရှိနေတာ ကျုပ်လို ယောက်ျားကောင်း ဖြစ်လိုသူတွေအတွက် တန်ဖိုးကြီးမားလှတဲ့ သမိုင်းအမွေအနှစ်ပေပဲ။ အဲ...ဒီပညာရှိအမည် မသိရတာ၊ ပညာရှိနာမည် သမိုင်းမှာမကျန်ရစ်ခဲ့တာကိုတော့ ကျုပ် ယူကျုံးမရ နှမြောတသနေမိတော့တယ်။

အားတက်တော့ ဆက်ဖတ်မိတယ်။

*...ယောက်ျားကောင်း မောင်းမတစ်ထောင် ဆိုတဲ့အတိုင်း မယားအများအပြား ယူချင်တာ၊ မိမိရဲ့ ကာမပိုင်မယား တစ်ယောက်တည်းနဲ့ မတင်းတိမ် မရောင့်ရဲဘဲ တခြား တစ်ပါးသော မိန်းမနဲ့ လွန်ကျူးတာ၊ အပျော်မယားထားတာ၊ ကြေးစားမိန်းမများနဲ့ ပျော်ပါးတာ အားလုံးဟာ ပျက်စီးရာ ပျက်စီးကြောင်း တရားတွေချည်းပါပဲ။*

*ကာမဂုဏ်ကို လိုက်စားလို့ တဏှာလောဘ အစိုးမရတဲ့ လူတွေဟာ ဆန့်ကျင်ဘက် မိန်းမနဲ့ တွေ့လိုက်တာနဲ့ ကိုယ်နှုတ် အမူအရာပါ ပြောင်းလဲသွားတတ်ကြပါတယ်။ အာစလျှာစ ထွက်လာတယ်။ မျက်စိတွေက အရောင်လက်ပြီး ပြောင်းလဲလာတယ်။ မိန်းမသား ဆိုတာနဲ့ အရာရာမှာ ဦးစားပေး ဆက်ဆံလာတတ်ကြပါတယ်။...*

ဟင်း...ဒါ ကျုပ်ကို တည့်တည့် ပြောနေတာ။ သည်းခံပြီး



ဆက်ဖတ်ကြည့်လိုက်ဦးမယ်။ ကျုပ် စာမျက်နှာတွေကျော်ပြီး ဆက်ဖတ်ကြည့်လိုက်တယ်။

*...မိမိရဲ့ လက်ရှိ ဇနီးမယားကို ပစ်ပယ်ပြီး အသစ်အသစ်တွေသာ မက်မောဖွေရှာ အာသာငမ်းငမ်း တပ်မက် လိုက်စားနေတဲ့အတွက် မိမိ အိမ်ရှိ ဇနီးမယားဟာလည်း လိုလားချက်မပြည့်၊ စိတ်မချမ်းမြေ့တာကြောင့် တစ်ပါးအခြားသောယောက်ျားနဲ့ဖောက်ပြားတတ်ပါသေးတယ်။*

*စိတ်ဓာတ်ခိုင်မာ ဂုဏ်သိက္ခာနဲ့ နေရမယ့် ယောက်ျား ဖြစ်သူက စိတ်ဓာတ်မခိုင်မာ ဂုဏ်သိက္ခာမဲ့ ကာမဂုဏ် လိုက်စားပြီး တစ်ပါးသော မိန်းမတွေအပေါ်မှာ အပျော်ကြူးတဲ့အတွက် ဇနီးမယားမှာလည်း တစ်ပါးသော ယောက်ျားနဲ့ လွန်ကြူးပျော်ပါးဖို့ အခွင့်အရေးပါသလို ဖြစ်တတ်...*

"ဘုတ်!"

စာအုပ်ကို ကြမ်းပြင်ပေါ် ပစ်ချပစ်လိုက်တယ်။

ဒါ ဦးလေးဦးထွန်းသောင်း မျက်နှာထောက်ပြီး အစွမ်းကုန် သည်းခံလိုက်တာပဲ။ စိတ်ရှိတိုင်းသာဆို ဒီစာအုပ် တစ်စစီ ဖြစ်နေပြီ။ အဓိပ္ပာယ်မှ မရှိတာ။ ကျုပ် ဖောက်ပြန်...အဲအဲ...ကျုပ်လုပ်တာနဲ့ပဲ ကျုပ်မိန်းမ မယ်ရမ်းတင်က ဖောက်ပြန်မယ်တဲ့လား။ ဝေးသေး။

မယ်ရမ်းတင်အကြောင်း ကျုပ် အသိဆုံး။

စကားပြောတာ ကျုပ်အပေါ် မာရေကျောရေ ရှိချင်ရှိမယ်။

ရင်ထဲက ကျုပ်အပေါ် ဘယ်လောက် မေတ္တာရှိတယ်ဆိုတာ ကျုပ်သိတယ်။ ကလီကမာစိတ် လုံးဝမရှိဘူး။

ကျုပ်ကကော။ ကျုပ်ခေါင်းအုံး သူများအုံးမှာ အဖြစ်ခံမယ့် သူလား။ ဝေးသေး။ ဟင်း...သူရေးထားသလို မဖြစ်အောင် ကျုပ်လုပ်ပြလိုက်ဦးမယ်။ ခြိလုံအောင် လုပ်ပြီး အပြင် ခုန်ထွက်ပြလိုက်ဦးမယ်။

တောကျော်ကွ၊ တစ်တောထဲ ရှိတယ်။

ကြုံးဝါးလိုက်တယ်။ စိတ်ထဲက။ အားမရဘူး။ ဟင်း...မယ်ရမ်းတင်က မလှမ်းမကမ်းမှာ ငုတ်တုတ်...။

■

"အောင်မယ်...ကိုတောကျော်၊ ဒီလိုဆိုတော့လည်း တော်ကျော်ဆွေထက်တောင် ပိုချောနေပါလား"

"အဟီး...မယ်ရမ်းတင်၊ ကိုတောကျော် အနေခက်အောင်ကွယ်၊ မြှောက်နေပြန်ပါပြီ"

"မြှောက်ချင်လို့မြှောက်တာ မဟုတ်ဘူး တော်ရေ့ ခေါက်ဆွဲကြော် စားချင်လို့၊ အလှူကအပြန် တစ်ခါတလေ ကြုံတုန်း ခေါက်ဆွဲကြော်လေး ဘာလေး ဝယ်လာခဲ့ပါလားတော်၊ ကျုပ် မစားရတာတောင် အတော်ကြာသွားပြီ"

"ဟာ...အဟုတ်မှတ်လို့၊ အေးအေး...ဝယ်ခဲ့မယ်၊ ဝယ်ကျွေးရမှာပေါ့၊ ပြေးကြည့်မှ ဒီမိန်းမ တစ်ယောက်တည်းရှိတာ၊ အဟီး...



သွားပြီ မယ်ရမ်းတင်ရေ"

လွယ်အိတ်မပါ၊ ဆွဲခြင်းတောင်းမပါ ဆိုတော့ 'ကိုယ်ကျင့်တရားဖြင့် နေထိုင်ခြင်း' စာအုပ်ကို ခါးကြားထိုးလိုက်တယ်။ ကြုံတုန်းဖြန့်အဝ်မှ။ အိမ်မှာ ကြာကြာထားလို့ မကောင်းဘူး။ ဒီစာအုပ် မြင်နေရရင် စိတ်အနှောင့်အယှက်ဖြစ်ရတယ်။

သွားပြီ...မယ်ရမ်းတင်ရေ...လို့ နှုတ်ဆက်ရင်း စက်ဘီးပေါ် အသာခုန်တက် နင်းထွက်ခဲ့တော့တယ်။

ရွာပြင်ရောက်တော့...ကြို့နှင့်တော့ညိုထွေးရေ...

ကိုတောကျော်လေ ကိုယ်ကျင့်တရားဖြင့်နေထိုင်ခြင်း စာအုပ်ခါးကြားထိုးလို့ ချီတက်လာခဲ့ပြီ အထွေးရေ...။

■

အုံ့ပုံးချစ်တစ်ရက်လောက် ချစ်ရတာရယ်...လင်မယားအချစ်ဘစ်သက်လိုက်လို့မမီပါတယ်...ကမ္ဘာမဆီပါတယ်...စဉ်းစားလေလေချစ်လေလေပါပဲခင်ရယ်...အဲ...ညိုထွေးရယ်...။

ကတ္တရာလမ်းမတစ်လျှောက် သွက်လက်ပေါ့ပါးစွာ နင်းရင်းကျုပ်လေ ရင်ထဲက ခံစားချက်တွေကို လွှမ်းလွှမ်းတတ ဟစ်နေမိတော့တယ်။ လမ်းတစ်ဖက်တစ်ချက်မှာရှိတဲ့ သစ်ပင် ခြုံနွယ်တွေ၊ သယ်ကွက်တွေကတော့ ကျုပ်ခံစားချက်ကိုနားလည်ပေးရင်း တရိပ်ရိပ်ကျန်ခဲ့လေရဲ့။

ယဉ်ဆိုသမျှရယ် ပင်ကိုလှတယ် ခင်ညိုထွေးရယ်...

အလို့...ဘာတုံးဟဲ့။ ဟီးဟီး...ဂီတစာဆိုမြောင်းမြတောကျော်လားဟဲ့...ကောင်လေး။

ပီတီတွေပုံ။ သံစဉ်တွေသုံးလို့ မျောလာလိုက်တာ သဇင်ကုန်းကြီး ရွာနား အရောက် 'ဒိုင်း'ခနဲ အသံတစ်ချက် ကြားလိုက်ရပြီး စီးတော်ယာဉ် သစ္စာဖောက်ပြီဆိုတာ သိလိုက်ရတယ်။

ဟုတ်တယ်။ ရှေ့ဘီး ပေါက်သွားတာ။ ကိစ္စမရှိ။ ရွာထဲမှာ စက်ဘီးပြင်ဆိုင်ရှိတယ်။ အသာတွန်း။ ရွာထဲဝင်ခဲ့တော့တယ်။

စက်ဘီးအပြင် စောင့်ရင်း ခါးကြားကစာအုပ်ယူ ဟိုလှန်ဒီလှန် လှန်ကြည့်မိတယ်။

*...အရွယ်လွန် အဘိုးကြီးတွေဟာ သမီးအရွယ်၊ မြေးအရွယ်လေးတွေကို မိမိရဲ့ ဂုဏ်သိက္ခာမှ မထောက်ထားဘဲ မယားအဖြစ် သိမ်းပိုက်ထားတာ တွေ့နေရလို့ပါပဲ။ အရွယ်လွန်ဆိုတာ ခုနစ်ဆယ် အရွယ်၊ ရှစ်ဆယ် အရွယ်တွေမှလို့ တွက်လို့မရပါဘူး။ လေးဆယ်ကျော်၊ ငါးဆယ်အတွင်း ရောက်နေရင်ပဲ လူကြီးပိုင်းစာရင်းဝင်နေပြီဖြစ်တဲ့အတွက်...*

*...သမီးရဲ့ဦး ဇာတ်လမ်းတွေကို ခေတ်မီတယ် ထင်နေတဲ့ အန်ကယ်ကြီး။ အန်ကယ်လေးတွေ များနေသလို အန်ကယ်ကြီး အန်ကယ်လေးတွေကိုမှ သဘောကျတတ်တဲ့ မိန်းမရွယ်လေးတွေကလည်း ပေါ်မှပေါ် ဖြစ်နေပါတယ်။...*

*...မိမိက ဆင်းရဲလို့ မှီတွယ်ရာ ရှာချင်တဲ့အတွက်ကြောင့်ပဲ*



*ဖြစ်ဖြစ်၊ မကောင်းရာမကောင်းကြောင်း ကျေးဇူးထောက်ထားသောအားဖြင့် သူ့အို ယောကျ်ားကို လင်သားပြုနေရပေမယ့် သူမရဲ့ အတွင်းစိတ် အဇ္ဈတ္တ အမှန်မှာတော့ လင်အိုယောကျ်ားအပေါ် ဘယ်လိုမှ နှစ်သက် ကြည်ဖြူနိုင်မယ်၊ ပျော်ရွှင်နိုင်လိမ့်မယ် မဟုတ်ပါဘူး။...*

*...မိမိမှာ သားကြီးမယားကြီး ရှိပါလျက်နဲ့ သူတစ်ပါးသားမျိုး သမီးမျိုးကို ဖျက်ဆီးခြင်း။ အပျော်အပါး သွားလာခြင်း။ အငယ်အနှောင်း ထားခြင်း။ သူတစ်ပါး သားမယားကို ပြစ်မှားကျူးလွန်မိခြင်း စတဲ့ လောကီ၊ လောကုတ္တရာ ပျက်စီးရာ ပျက်စီးကြောင်းတရားတွေကို ဆင်ခြင်စဉ်းစား ဉာဏ်ဆင့်ပွားပြီး ရှောင်ရှားနိုင်ကြလိမ့်မယ် ထင်ပါ တယ်။...*

ကျုပ် စာအုပ်ကို ပိတ်လိုက်တယ်။

ကျုပ်ဟာ...

ခဏတာ သာယာလိုမှု အတွက် စိတ်ဝေဒနာရှင်ကို ဒုက္ခ ရောက်အောင် ပြုလုပ်တဲ့ ယောကျ်ားမျိုးလား။

မယားကြီးနဲ့ မယားငယ်ကြားမှာ ဗျာများနေပြီး ယောကျ်ား ဂုဏ်သိက္ခာ၊ မိဘဂုဏ်သိက္ခာတွေ စွန့်လွှတ်ရဲတဲ့ ယောကျ်ားမျိုးလား။

ခဏတာ သာယာလိုမှုအတွက် မှားခဲ့တဲ့ အမှားတွေကြောင့် ကိုယ်ဝန်ဖျက်ဆေးဒဏ် ခံရပြီး ခြေလက်အင်္ဂါ မစုံမလင်၊ ရုပ်ပျက် ဆင်းပျက်နဲ့ လူ့လောကထဲ ရောက်လာတဲ့ အပြစ်မဲ့ ကလေးငယ်ရဲ့ ခင်ဆိုးလား။

အပြစ်မဲ့ကလေးငယ်တွေ သန္ဓေသားဘဝမှာပဲ HIVပိုးရပ်စ်စွဲကပ်ခံရအောင် မိုက်မဲတဲ့ ယောက်ျားမျိုးလား။

■

စက်ဘီးပြင်ဆိုင်က စပြီး ခုနစ်လမ်း လမ်းထိပ် မီးပွိုင့်အထိ အတွေးတွေ ရှည်လျားစွာ အမျှင်တန်း ပါလာခဲ့တော့တယ်။

နှစ်ပေါင်းများစွာ အတူလက်တွဲခဲ့တဲ့ မယ်ရမ်းတင်။ စမ်းရေစီးသံနဲ့ ကြင်နာတတ်တဲ့ ညိုထွေး။

မီးပွိုင့်စောင့်ရင်း ဆုံးဖြတ်ချက်တစ်ခုအတွက် ကျုပ် ချီတုံချတုံ ဇဝေဇဝါ ဖြစ်နေခဲ့ရတယ်။ လမ်းရဲ့ဘယ်ဘက်ကိုကွေ့ရင် ညိုထွေးတို့အိမ် ရောက်မယ်။ ညာဘက်ကိုကွေ့ရင် ကမ်းနားက စားသောက်ဆိုင်တန်းကို ရောက်မယ်။

မီးပွိုင့်အစိမ်း။ တိကျတဲ့ ဆုံးဖြတ်ချက်နဲ့ ကျုပ်လေ ဘယ်ဘက်ကို ကွေ့နင်းခဲ့တော့တယ်။

ကျုပ်အလာကို မျှော်နေမယ့် ညိုထွေးရဲ့ ချစ်စဖွယ် မျက်နှာလေးဟာ အရာရာကို ဖုံးလွှမ်းသွားခဲ့တော့တယ်။

ဒီမျက်နှာလေးကို ကျုပ် ဘယ်လိုလုပ် ဥပေက္ခာပြုထားရက်မှာလဲဗျာ။

■

ကျုပ်ရဲ့ အိမ်အပြန်ခရီးဟာ အလာတုန်းကထက် ပိုမို သွက်လက် ပေါ့ပါးနေလေတော့တယ်။ လေကိုခွဲပြီး ပြေးနေတဲ့ စီးတော်



ယာဉ်ဟာ ဘေးဝဲယာတစ်လျှောက်က သစ်ပင်တွေ၊ ကြေးနန်းကြိုးတိုင်တွေ၊ လယ်ကွင်းတွေကို တရိပ်ရိပ် ထားရစ်ခဲ့တော့တယ်။

လက်ကိုင်တန်းမှာ စွပ်ထားတဲ့ ကြွပ်ကြွပ်အိတ်လေးဟာ လေတိုးတိုက်ခတ်မှုကြောင့် တဖျပ်ဖျပ် မြည်နေလေရဲ့။ အိတ်ထဲမှာတော့ နွေး၊ မိုး၊ ဆောင်း ရာသီတွေကို နှစ်ပေါင်းနှစ်ဆယ်ကျော် အတူလျှောက်လှမ်းခဲ့တဲ့ အိမ်သူ မယ်ရမ်းတင်အကြိုက် အိမ်အပြန်လက်ဆောင် ခေါက်ဆွဲကြော်ထုပ်။

ပန်းနှစ်ပွင့်ရဲ့ မျက်နှာတွေကို မြင်ယောင်မိလိုက်တယ်။

အလိမ္မာစာမှာရှိတယ် ဆိုတဲ့အကြောင်း ကျုပ်ကိုယ်တွေ့ကိုမင်း သိနားလည်အောင် ဘယ်လို ပြန်ပြောရမှာလဲ မယ်ရမ်းတင်ငယ်...။

"ကိုကြီးတောကျော်မိန်းမ နေမကောင်းလို့ ဆေးခန်းလိုက်ပို့တာ ညိုထွေး။ ဆေးခန်း ပြန်သွားရဦးမှာမို့ အချိန်မရလို့ မဝင်တော့ဘူးနော်"လို့ ပြောတော့ ရောင်စုံဖြာသွားတဲ့ ညိုထွေးရဲ့မျက်နှာလေး...။

ခွင့်လွှတ်ပါ ညိုထွေးရယ်။

ခြံထဲက အဖြူရောင် ပန်းတစ်ပွင့်နဲ့ ခြံပြင်က အဖြူရောင်ပန်းရိုင်းတစ်ပွင့် ကျုပ်ကြောင့် ညှိုးနွမ်းသွားမှာ စိုးမိပါတယ်။

■

ရွာကအထွက် အုံ့ပုန်းချစ်သီချင်း ဟစ်ခဲ့တဲ့နေရာရောက်တော့ ဂီတာစာဆို မြောင်းမြတောကျော်ရဲ့ မျက်နှာကြီး ထွအမ်းအမ်း ဖြစ်သွားလေရဲ့။

အဟီး...ခုနစ်၊ ခုနစ်၊ ဆယ့်လေး၊ ဆယ့်တစ်၊ နှစ်၊ ငါးဆယ့်သုံး၊ ကိုး၊ ဆယ့်ရှစ်၊ နှစ်ဆယ့်လေး၊ ငါးဆယ်၊ သုံး...ရှက်ရှက်နဲ့ အလွတ်ရနေတဲ့ နံပါတ်တွေကို အော်ပစ်လိုက်မိတော့တယ်။

နောက်...

"တောကျော် တစ်"လို့ အားရပါးရ အော်လိုက်တော့တယ်။ ကျောဘက်က တိုက်ခတ်နေတဲ့ လေပြင်းငယ်တွေဟာ ကျုပ်ရင်ထဲက နိုင်မာတဲ့ အသံလှိုင်းတွေကို ရွာဆီ သယ်ဆောင်သွားကြတော့တယ်။ ။

■ ■ ■

(ရွှေအမြုတေ, OCT.2002)

# ယာမာနိုတာယ်စက်ခေါင်းအမှတ်23.G

သတင်းခေါင်းစဉ်...

အုံ့မခန်း မှန်ကန်တိကျ မြန်ဆန်တဲ့ စက်မှုနည်းပညာတွေနဲ့ ခေတ်မီတိုးတက်သော်လည်း လူသားတို့၏ ပေါ့ဆမှုကြောင့် ဝမ်းနည်းကြေကွဲစရာများ ဖြစ်ခဲ့ရခြင်း။

ဟင်း...မပြောလိုက်ချင်ဘူး။

သူတို့ကိုယ်သူတို့ ခေတ်မီတိုးတက်ပါတယ်၊ အနောက်နိုင်ငံကြီးတွေနဲ့ ရင်ပေါင်တန်းလိုက်နိုင်တယ် ထင်နေကြပြီး ခုထိ "မိုရှိ မိုရှိ" လုပ်နေတုန်း။

"ဟယ်လို၊ ဟယ်လို" လုပ်ပါလား။ မဟုတ်ဘူး။ မိုရှိ မိုရှိတဲ့။ အီခဲဘုခုရို(IKEBUKURO)ဘူတာ ပလက်ဖောင်း အမှတ် ၅.၆ ပေါ်မှာရှိတဲ့ ရုံးခန်းကျဉ်းလေးထဲမှာ ကျုပ် ဒီ မိုရှိ၊ မိုရှိ ဆိုတဲ့ ငှက်ဆိုးအော်သံကို စိုးတထိတ်ထိတ်နဲ့ နားထောင်နေရတယ်။

ရှေ့မှာ မှိုရှိ မှိုရှိ လုပ်နေတဲ့ မီးရထားဝန်ထမ်းနဲ့ နောက်တစ်ဦး။ ကျုပ်ဘေးမှာ ဒေါသတွေကိုအတင်းမျိုသိပ် သည်းခံနေရတဲ့ ကျုပ်ရဲ့ ကောင်မလေး မီနီအောင်။ ဘေးမှာ အပေါင်းပါ ချယ်ရီသင်းကြူနဲ့ မေသင်းနွယ်...။

မီနီအောင်ရဲ့ မီးတဝင်းဝင်းတောက်နေတဲ့ အကြည့်ဟာ ကျုပ်ခေါင်းပေါ် ဝဲနေမယ်ဆိုတာ သိနေမိတယ်။ ကျုပ် အကြည့်ချင်းမဆုံမိအောင် ခေါင်းငုံ့ထားရင်း ဝပ်ကင်းရှူးပေါ်က အမှုန်တံဆိပ်လေးကို ကြည့်နေမိတယ်။

ကျုပ် အမှားပါ။

ကျုပ်ရဲ့ ပေါ့ဆမှုကြောင့် အားလုံး စိတ်မကောင်း ဖြစ်နေကြမှာပါ။ အခန်းကျဉ်းလေးထဲမှာ ကျုပ် ချောင်ပိတ်မိနေရပြီ။ အရင်က မျက်လုံးချင်းဆုံ ရင်ခုန်ခဲ့ရတဲ့ အကြည့်တွေဟာ ခုတော့ မျက်လုံးချင်းဆုံ ရင်တုန်မှာ စိုးရလေပြီ။ ပြဿနာ နရပေတော့မယ်။

ဂျပန်နိုင်ငံ တိုကျိုမြို့ကြီးရဲ့ တစ်ခုတည်းသော မြို့ပတ်ရထား ယာမာနိုတယ်စံဟာ နာမည်ကြီး မြို့များစွာအပါအဝင် ဘူတာပေါင်း နှစ်ဆယ့်ကိုးဘူတာကို ပိုင်ဆိုင်ထားလေရဲ့။

ဘယ်မြို့မှာမှမရနိုင်တဲ့ အစားအစာတွေ၊ ပစ္စည်းပေါင်းစုံ အဝတ်အစစ်တွေ၊ ဈေးပေါ ပေါချောင်ကောင်းပစ္စည်းတွေနဲ့ နိုင်ငံခြားသားတွေကို ဆွဲဆောင်နိုင်တဲ့ အုအဲနိုမြို့ဟာ ယာမာနိုတယ်လိုင်းပေါ်မှာရှိလေရဲ့။

အမျိုးသမီးတစ်ယောက်ရဲ့ တစ်ကိုယ်လုံး လိုရာသုံး။ အယ်...



ဟုတ်တယ်၊ တစ်ကိုယ်လုံး လိုရာသုံး။ မိမွေးတိုင်း၊ ဖမွေးတိုင်း... အယ်...ဒါလည်း ဟုတ်တယ်။ မိမွေးတိုင်း ဖမွေးတိုင်းထက် လှပစေဖို့ ဖန်ဆင်းရှင် ကုမ္ပဏီ ပေါင်းစုံရဲ့ ဖန်ဆင်းချက်တွေကြားမှာ အာမလည်နဲ့ ကျုပ် ရောက်နေရတယ်။

ဆိုင်ရှေ့ လမ်းမကြီးမှာတော့ လူမျိုးပေါင်းစုံရဲ့ စီးကြောင်းကြီးဟာ တရွေ့ရွေ့ အစုန်အဆန်၊ တစ်လမ်းလုံးအပြည့်၊ စာကလေးမျှ မကျ။ ဆိုင်ထဲမှာလည်း ဖန်ဆင်းရှင်တို့ရဲ့ပစ္စည်းပေါင်းစုံနဲ့ ကျပ်ညပ်ပြီး ခြေတစ်လှမ်းချဖို့တောင် အနိုင်နိုင်။

လူစီးကြောင်းကြီးထဲ မျောပါသွားမှာစိုးလို့ ဆိုင်အဝင်ဝနားမှာ ရပ်နေတဲ့ ကျုပ်ကို ဂျပန်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် ဝင်တိုက်လိုက်၊ တောင်းပန်လိုက်နဲ့ လူနှစ်ယောက် ကောင်းကောင်း ချောင်မရတဲ့ဆိုင်ထဲမှာ ကျုပ် စိတ်မကောင်းဖြစ်နေရတယ်။ ယုံပါ။

ကျုပ်ကောင်မလေးနဲ့ အပေါင်းပါနှစ်ယောက်ကတော့ ဒုတိယထပ်မှာ တက်မွှေနေလေရဲ့။ တစ်ချိုကွယ် တစ်မယ်မေ့တဲ့အထဲမှာ ပါမှာစိုးလို့ ကောင်မလေး ပြန်ဆင်းလာမယ့် လှေကားကိုလည်း မမေ့မလျော့ ကြည့်ကြည့်နေရတယ်။

မျှော်မှန်းထားတဲ့ အကြိမ်ထက်...အဲ...ညှာမနေချင်တော့ပါဘူး ဟုတ်တယ်၊ ပိုပိုသာသာလေး အတိုက်ခံရပြီးချိန်မှာတော့ မချောမငံသိုက် ပြန်ဆင်းလာတာ တွေ့လိုက်ရတယ်။

"ဟော့...အစ်ကိုကြီး။ စောင့်ရတာကြာလို့ စိတ်ဆိုးနေပြီလား"

"ဟင့်အင်း...မြန်လို့တောင် စိတ်မကောင်း ဖြစ်နေရတယ်"

"ဟင်း...ဘာလဲ...ရိတာလား"

ကျုပ်က ရိုးရိုးသားသား ပြောတဲ့ဟာ သူတို့ကိုရိတယ် ထင်နေတယ်။

ကောင်မလေးတွေ လက်ထဲမှာ ကြွပ်ကြွပ်အိတ်ကိုယ်စီ ကိုင်လာတာ တွေ့လိုက်ရတယ်။ ကျုပ်ကောင်မလေးနဲ့ ရည်ငံ၊ ချစ်၊ ကြင်စ အချိန်ဆိုတော့ ဘယ်နည်းနဲ့ အမှတ်ရအောင်လုပ်ရမယ်ဆိုတာ ချက်ချင်း မြင်လိုက်တယ်။

အိုင်ကျူ ဝါသနာပါလို့ အမြဲ ကွက်ကျော်မြင်,မြင်နေတာ ပြောပါတယ်။ တစ်နဲ့သုံးပြီးရင် ငါးလာမယ်ဆိုတာ၊ အနက်ကယ်ကြီးနဲ့ နိုက်ကာလပ်ပြီးရင် အေအိုင်ဒီအက်စ်လာမယ်ဆိုတာ...။

ဂျပန်မှာ ပစ္စည်းတွေကို ကြွပ်ကြွပ်အိတ်နဲ့ သယ်သွားကြတာမှ မဟုတ်တာ။ စက္ကူအိတ်၊ ပလတ်စတစ်အိတ် တစ်ခုခုထဲထည့်ပြီး ယူသွားတတ်ကြတာ ဆိုတော့ ကျုပ် အနီးနားဆိုင်က စက္ကူအိတ် တစ်အိတ် ပြေးဝယ်ပြီး ကြွပ်ကြွပ်အိတ်နဲ့ ထည့်ထားတဲ့ အလှပြင်ပစ္စည်းပေါင်းစုံကို စုထည့်လိုက်တယ်။

နောက် ကျုပ်ကောင်မလေးကို တစ်ချက်ပြုံးပြပြီး ပြောလိုက်တယ်။

"သူ သိပ်တော်တာပဲ"လို့ ပြောတော့လေ။

"ဟင်း...ပြောစရာလား။ အရင်ရည်းစားတွေလည်း ဒီလောက်



တော့ လုပ်ပေးခဲ့ကြတာပဲဟာ"

ချယ်ရီသင်းကြူနဲ့ မေသင်းနွယ်တို့ရဲ့ ရယ်သံတွေ ကြားလိုက်ရတယ်။

ဟင်း...မပြောလိုက်ချင်ဘူး။ စိတ်လျှော့ပြီး အပျိုကြီးလုပ်မယ် ပြောပြောနေတဲ့သူကများ။ ငါ ကယ်လို့...။

ကျုပ် မအီမလည်နဲ့ အပြန် လူစီးကြောင်းထဲ ဝင်တိုးရင်း စက္ကူအိတ်ဆွဲ၊ ရှေ့က ထွက်ခဲ့တော့တယ်။

■

ဂျပန်ရောက် ကျုပ်တို့ရွှေတွေလေ။ တစ်ပတ်တာရဲ့ တနင်္ဂနွေ ရက်အားလေးမှာ အလှူလုပ်မယ်၊ အိမ်သစ်တက်မယ်၊ မင်္ဂလာဆောင်မယ်၊ မွေးနေ့လုပ်မယ်၊ ဘာသွမ်းညာသွမ်း ကျွေးမယ်။ ဟိုကိစ္စဒီကိစ္စနဲ့ အလုပ်တွေ ရှုပ်နေတတ်ကြတယ်။

ဒီနေ့လည်း ကျုပ်တို့ရဲ့ သူငယ်ချင်း ကျော့ကေခိုင် အိမ်မှာ ဆုံကြမယ်။ 'ဟက်ပီးဘတ်ဒေးတူးယူ'ကို ကီးမကိုက်တဲ့ အသံတွေနဲ့ ဆိုကြမယ်။ ထုံးစံအတိုင်း မွေးနေ့ရှင် ကောင်မလေးက ဖယောင်းတိုင်ကို ဖူးဖူးနဲ့ လိုက်မှုတ်မယ်။ နောက် အားလုံး ဝတ္တရားရှိတဲ့အတိုင်း "ဟေး"လို့ အသံပြဲကြီးတွေနဲ့ နားမခံသာအောင် အော်ကြမယ်။

ပြီးရင် စားကြသောက်ကြမယ်။

ညဉ့်နက်ရထား မသိမ်းခင် အိမ်ကို ကုပ်ကုပ်ကုပ်ကုပ်နဲ့ ပြန်ကြမယ်။ အိပ်မယ်။ နောက်နေ့ အလုပ်ပြန်ဆင်းမယ်။ နားရက်ရတဲ့

တနင်္ဂနွေ ပျောက်သွားပြီ။

တစ်ပတ်စာ အဝတ်တွေ အဝတ်ခြင်းထဲမှာ နေမြဲအတိုင်း နေစေ။ တစ်ပတ်စာ ရှုပ်ပွနေတဲ့အိမ်လည်း ရှိမြဲအတိုင်း ရှိစေ။ ဒါ ကျုပ်တို့ရဲ့ စတိုင်ပဲ။

စတိုင်ရှိမှ စတားဖြစ်တယ်ဆို။ ဒါဆို ကျုပ်တို့အားလုံး စတား တွေပေါ့။ အဝတ်တွေ ပုံချင်သလောက်ပုံ၊ အိမ်ရှုပ်ချင်သလောက်ရှုပ်၊ ထုံးစံအတိုင်း တနင်္ဂနွေနားရက် နားစွင့်နေကြတော့တယ်။ ထိခနဲ အသံကြားလိုက်တော့ သန့်ခနဲပဲ။

ဒီတနင်္ဂနွေ ကျောကေခိုင် မွေးနေ့၊ နေ့လယ် မုန့်ဟင်းခါး ည ဂျပန် စားသောက်ဆိုင် အီဇာကာရမှာ ထပ်ကျွေးမှာဆိုတော့... ဟေးဟေး...။ ဖစ်ပြွတ်နေတဲ့ ဂျင်းဘောင်းဘီနဲ့ စံအိမ်တော်ကို လေး ဖက်ထောက် ဝင်ရမယ့်ကိန်းပဲ။

■

မွေးနေ့လက်ဆောင်ကို မေသကြိန်ထွန်း အိခဲဘုခုရှိမြို့က ပါကို(PACO)တိုက်မှာ ဝယ်ပြီး စောင့်နေမယ်။ ကျုပ်တို့ မေသကြိန် ထွန်းကို ဝင်ခေါ်ပြီး အိုးစခိမြို့က ကျောကေခိုင်တို့အိမ် ချီတက်ကြမယ်။

ကျုပ်တို့ အုအဲနိုဘူတာမှာ ရထားစောင့်နေရင်း မေသကြိန် ထွန်းဆီ ဖုန်းဆက်ကြတယ်။

"ဟော့...ယောင်းမ၊ ဝယ်ပြီးပလား။ ကျုပ်တို့ ခု ရထားစောင့် နေတယ်၊ နောက် မိနစ်နှစ်ဆယ်လောက်ဆို ရောက်မယ်၊ ညည်း



နောက်ဆုံးတွဲမှာ စောင့်နေ"

ညည်းနဲ့ ကျုပ်တို့ အိခဲဘုခုရှိဘူတာမှာ ဖာတ်ပေါင်းကြမယ်။ လေးယောက်။ မချောသုံးယောက်၊ ကိုယ်တစ်ယောက်၊ ယာမာနိုတယ် စီးတော်ယာဉ်နဲ့ ယွန်းကြတော့တယ်။

အိခဲဘုခုရှိဘူတာ မရောက်ခင်...

ကျုပ် သိပ်တက်ကြွနေတာလေ။ လူလည်လုပ်ပြီး...

"ဟော့...နင်တို့ ဒီမှာပဲထိုင်နေ၊ ဘူတာရောက်ရင် မေသကြိန် ထွန်း စောင့်နေလားလို့ ငါကြည့်လိုက်မယ်၊ သူရောက်နေရင် ဒီရထား နဲ့ပဲ ဆက်သွားကြမယ်"လို့ စီမံညွှန်ကြားလိုက်တယ်။

ဘူတာထဲ ရထားအဝင် ကျုပ် တံခါးနား သွားကြည့်တော့ ပလက်ဖောင်းပေါ်မှာ မေသကြိန်ထွန်း စောင့်နေတာမတွေ့၊ မရောက် သေးဘူး ထင်တယ်။

ကျုပ် အလောတကြီးနဲ့...

"ဟော့ဟော့...မရောက်သေးဘူးဟ၊ ဆင်းမယ်...ဆင်းကြမယ် ဟေ့" ဆိုပြီး ရထားတံခါး ပြန်မပိတ်ခင် ကော့ကော့ကော့ကော့နဲ့ ခုန်ဆင်းလိုက်ကြတယ်။

ဖုန်းဆက်ကြည့်တော့ မချောက "ခု ငွေရှင်းနေပြီ၊ နောက် ငါးမိနစ်လောက်ဆို ရောက်ပြီ"ဆိုလို့ ကျုပ်တို့ ပလက်ဖောင်းပေါ်ကပဲ စောင့်နေလိုက်ကြတော့တယ်။

မေသကြိန်ထွန်း ရောက်လာတော့...

"ဟဲ့...နင်တို့ ဘာတွေ ဝယ်လာကြလဲ"တဲ့။ စပ်စုတာလေး ဘာဝယ်ဝယ်ပေါ့။

"ဟဲ့...ကုန်အောင်ဆေး။ ပစ္စည်းတွေထည့်ထားတဲ့အိတ်ရော"

နွေခေါင်ခေါင် မိုးကြိုးနဲ့ညားပြီဆိုတာ အထိတ်တလန့် သိလိုက်ရတယ်။ အလုကုန် ပစ္စည်းတွေ ထည့်ထားတဲ့အိတ် မြို့ပတ်ရထား ဆက်စီးသွားပြီလေ။ ကျုပ် စက္ကူအိတ်ကို အပေါ်က ပစ္စည်းတင်တဲ့ စင်ပေါ် တင်ထားခဲ့တာ။ မေသကြိန်ထွန်းကို ဘူတာမှာ စောင့်နေတာ မတွေ့တော့ ကော့ကော့ကော့ကော့နဲ့အဆင်း အထုပ်တွေ မေ့ထားခဲ့လေပြီ။

ပလက်ဖောင်းပေါ်က ကောင်းချီးပေးသံတွေ ကြားလိုက်ရတယ်။

"ကိုယ့်ဘာသာကိုယ် သယ်ရင် ဒီလို ဖြစ်မှာ မဟုတ်ဘူး။ သင်းက မျက်နှာလိုမျက်နှာရ ဝင်လုပ်ပြီး မေ့ထားခဲ့ရတယ်လို့"

"ဘာမှန်းလဲမသိဘူး၊ ဖားသလို ယားသလိုနဲ့၊ မေ့တတ်တဲ့ အဘိုးကြီး ခေါ်လာမိတာကျနေတာပဲ၊ ရှက်ဖို့ကောင်းတယ်"

"ခြယ်သလိုလို လည်သလိုလိုနဲ့ သူများပစ္စည်းတွေ ထားပြီး များ ဆင်းပြေးရတယ်လို့၊ နည်းတဲ့တန်ဖိုး မဟုတ်ဘူး။ အကုန် ပြန် လျော်ပေး"

စောစောက ကိုယ့်ရွာက ကြက်ဖပုံ၊ အခုတော့ သူများရွာ ရောက်တဲ့ ကြက်ဖပုံ။ ကျုပ် မျက်နှာငယ်လေးနဲ့ ဗိမ္ဗိသာရသီချင်း



ပြေးသတိရလိုက်တယ်။

ဟောမာနေဝင်းလား။ တင့်တင့်ထွန်းလား မသိ၊ ဆိုထားတာ။

"ဖခင် ဘုရင်ကြီးမှာ မကြားလိုပါ၊ မကြားလိုပါ၊ သတ်လိုလျှင် သတ်ပါစေတော့..."

ပြွတ်သမျှ နူးရမယ့်ပဲပေမို့...

"ဟော့...လာလာ...မီးရထားဝန်ထမ်းကို သွားပြောပြီး ရထား ရောက်တဲ့ ဘူတာမှာ ဆင်းယူနိုင်းလို့ရတယ်၊ လာလာ"

အားလုံး ပလက်ဖောင်းပေါ်က မီးရထား ဝန်ထမ်းတွေရဲ့ ရုံးခန်းလေးဆီ ပြေးကြတော့တယ်။

ဘယ်နှနာရီ၊ ဘယ်အချိန်လောက်က စီးလာတဲ့ ရထားလဲ၊ ဘယ်တွဲ၊ ဘယ်နေရာက စီးလာတာလဲ၊ ဘာပစ္စည်းတွေလဲ၊ ဘာနဲ့ ထည့်ထားတာလဲ၊ ဘယ်လောက် တန်လဲ"

ဘယ်နဲ့ဘာ မေးခွန်းတွေကို လေးလေးစားစား ပြန်ဖြေရင်း ခင်ခုန်သံကိုယ်စီနဲ့ ပထမဦးဆုံး အတွေ့အကြုံရဲ့အရသာကို မြိုင်တူ ခံစားနေမိကြတော့တယ်။

■

မီးရထားဝန်ထမ်း ဖုန်းတစ်လုံးနဲ့ မိုရှိ...မိုရှိ စလုပ်တော့တယ်။ ပထမဦးဆုံး အီခဲဘုခုရိုဘူတာက ကိုးမိနစ်ဝေးတဲ့ ရှင်ကျူကုဘူတာကို ဆက်ခေါ်တယ်။ ရှင်ကျူကုဘူတာ ပလက်ဖောင်းဝန်ထမ်း အိပ်ပျော်နေ သို့ ထင်။ မိုရှိ အတော်များများ ပေးလိုက်မှ တက်လာတာ ကြားလိုက်

ရတယ်။ ခဏကြာတော့ မီးရထားဝန်ထမ်း ကျုပ်တို့ဘက်လှည့်ပြီး...

"အဲဒီရထား ရှင်ကျူကု ဘူတာကို ကျော်သွားပြီ" တဲ့။

ကျုပ် ကောင်မလေးဆီ မဝံ့မရဲနဲ့ တစ်ချက်ခိုးကြည့်မိလိုက်တယ်။

မီးဝင်းဝင်းတောက်နေတဲ့ မိန်းအောင်ရဲ့ မျက်လုံးနဲ့ ထိပ်တိုက်တိုးမိတယ်။ ကမျာကယာ ခေါင်းငုံ့လိုက်ရင်း...

"ပြန်မရလည်း ကိစ္စမရှိပါဘူး။ ငါ ပြန်လျော်ပေးပါမယ်" လို့ စိတ်မကောင်း ဝမ်းနည်းသံနဲ့ ပြောလိုက်မိတယ်။

"လျော်မပေးလို့ ရမလား။ တစ်ယောက် နှစ်သောင်းကျော်ဖိုးလောက် ရှိတာ၊ အလကား ရလာတာ မဟုတ်ဘူး"

အစန်းကျဉ်းထဲမှ ထိန်းထားရတဲ့ သံစဉ် နားထဲ အပူလုံးကြီး စီးဝင်သွားသလိုခံစားလိုက်ရတယ်။ ငြိမ်နေရင် သက်သာမယ် ထင်တယ်။

ဟိုကောင်မလေးနှစ်ယောက် နေနိုင်လိုက်တာ လွန်ပါရော။

"မလျော်ပါနဲ့၊ ရပါတယ်"

"တမင်မေ့တာမှ မဟုတ်တာ"

"မေ့ချင်ယောင်ဆောင်ပြီး ထားခဲ့တာမှမဟုတ်တာ"

"သနားပါတယ်၊ မလျော်ပါနဲ့" လို့ တစ်ခွန်းဝင်မပြော။

မကောင်းတတ်လို့ မီးလောင်ရာ လေမပင့်ချင်တဲ့ပုံနဲ့။ ဟင်း... နေစိမ့်နိုင်လွန်းတယ်။



မီးရထားဝန်ထမ်း အိခဲဘုခုရှိ ဘူတာက ဆယ့်ခြောက်မိနစ်ဝေးတဲ့ ရှိဘူရာဘူတာကို ခေါ်နေသံ ကြားလိုက်ရတယ်။ မှိုရှိုသံတွေဟာ ကျုပ်ရင်ကို လာလို့ရိုက်ခတ်နေလေရဲ့။ ခဏကြာမှ တစ်ဖက်က အသံ ကြားလိုက်ရပြီး ရထား အခုပဲ ထွက်သွားပြီဆိုတာ သိလိုက်ရတယ်။

"ဟာ..."

ကျုပ် ရင်ထဲက 'ဟာ'သံဟာ လိုတာထက် ပိုကျယ်သွားလေရော့ထင့်။ အားလုံး ဝိုင်းအကြည့်ကို ခံလိုက်ရတယ်။

ရှိဘူရာဘူတာက လူကြီး အမြန်ဆင်းမရှာလို့ ရထားလွတ်သွားတာ နေမှာပေါ့။ ဒီရှေ့က လူကြီးကလည်း ဖုန်းခေါ်တာ ဆံပင်ညှပ်တဲ့လူ စကားပြောရင်း ဆံပင်ညှပ်သလို စိတ်မပါဘဲ လုပ်နေတာကိုး။

သူတို့သားဆို ဒီလိုလုပ်မှာမဟုတ်ဘူး။ ဒီမှာ ဝေသာလီပြည်ဘီလူးဝိုင်းသလိုမျိုး ခံစားနေရတာ မသိဘူးလား။ သူများသားလေး ဒုက္ခရောက်နေရပါပြီ။

■

အင်း...တစ်ယောက် နှစ်သောင်းကျော်၊ ခြောက်သောင်းကျော်ဦး လျော်ရမှာဆိုတော့ ထမင်းအိုးပူတွေ၊ ရေနွေးအိုးပူတွေကို သတိရမိလိုက်တယ်။

ဒါလည်း အိုင်ကျူပဲထင်။

ကျုပ် မနက်ပိုင်း အလုပ်မှာ ထမင်းအိုး၊ ရေနွေးအိုး၊ ဟင်းချိုအိုးတွေ တည်ရတယ်။ ထမင်းထည့်၊ ရေနွေးထည့်၊ ဖန်ခွက်ဆေး၊ ရေနွေးခွက်ဆေး၊ တစ်နေ့ လေးနာရီ တစ်လလုံး လုပ်ပါမှ ခြောက်သောင်းကျော်လောက် ရတာဆိုတော့...

အပူတွေကြားထဲမှာ မောင်ရှင်လေးရဲ့ တစ်လစာတော့ ကံဆိုးရှာရှာမယ်။

ရှေ့ကလူကြီး ရှိဘူးရက ဆယ့်နှစ်မိနစ်ဝေးတဲ့ ရှိနငါဝဘူတာကို မှိုရိုသံပေးရင်း ရထားနောက်က ပြေးလိုက်နေရဲ့။ အင်း...ရှိဘူးရနဲ့ ရှိနငါဝ ဘူတာကြား အကွာအဝေး ဆယ့်နှစ်မိနစ်ဆိုတော့ မီတန်ကောင်းပါရဲ့။

ရှေ့ကလူကြီး မှိုရိုကို စက်သေနတ်ပစ်သလို မခေါ်ဘူး။ ရှိနငါဝဘူတာက ပုဂ္ဂိုလ် ဘာလုပ်နေလဲ၊ အိပ်နေတာလား။ အလုပ်ထဲ အိပ်စရာလား၊ ခေါ်တာ ထူးမှပေါ့။ သူများသားလေး ဒုက္ခရောက်နေပါတယ် ဆိုမှ။

ရထားမောင်းတဲ့ လူကြီးကလည်း ဘာဖြစ်လို့ ဒီလောက်တောင် အမြန် မောင်းနေရတာလဲ။ သူများ ပစ္စည်း နိုးပြေးတာကျနေတာပဲ။ ကြားဘူတာတွေမှာ လူပြည့်အောင် စောင့်တင်တာမဟုတ်ဘူး။

ကျုပ် ကောင်မလေးကို မသိမသာ နိုးကြည့်မိတယ်။

စိတ်ပျက်နေတဲ့ပုံ တွေ့လိုက်ရတော့ ဘယ်စိတ်ကောင်းပါ့



မလဲ။ အားပေး နှစ်သိမ့်စကား ပြောချင်ပေမယ့် အိပ်နေတဲ့ဘီလူးမနိုးရဲပါဘူး။

မေသင်းနွယ်နဲ့ ချယ်ရီသင်းကြူ နှစ်ယောက်ကလည်း ငေါင်စင်းစင်းနဲ့ ပြေရာပြေကြောင်း မပြော။ ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှု နားလည်မှုနဲ့ ပျောက်အောင် မလုပ်။ ပြန်လျော်ပေးမယ့်ဟာကို။

တကယ်လျော်မှာ ဟုတ်ရဲ့လား။ ခွေးပူနေတုန်း ယူမယ်ပြောပြီး...အဲ...ဘွာတေး...လျော်မယ်ပြောပြီး နောက်တော့ မေ့သွားမှာလား၊ ဒဲ့တည်ကြီးတာ ဖြစ်ပါစေလို့ တွေးများတွေးနေကြတာလားမသိ။

ရှိနာဂါဝ ဘူတာက တက်လာတဲ့ အသံ ကြားလိုက်ရတယ်။ အားလုံး ငြိမ်ပြီး ရှေ့ကလူကြီးရဲ့ စကားသံကို နားစွင့်နေကြတယ်။ နောက် ကျုပ်တို့ကို လှည့်ပြောတယ်။ "ရှိနငါဝဘူတာကို ရထားမရောက်သေးဘူး"တဲ့။

မျက်နှာပေါ်က အရောင်တွေဟာ အခန်းကျဉ်းလေးထဲ လင်းလက်သွားစေခဲ့တော့တယ်။ ရထားတွဲအမှတ်၊ နေရာ၊ ပစ္စည်း၊ အိတ်ပုံသဏ္ဍာန်တွေ ပြောနေသံ ကြားနေရတယ်။ ကောင်မလေးတွေရဲ့ အပျော်ထဲ ဝင်ရောဖို့အလှည့်၊ မိနီအောင်နဲ့ မျက်လုံးချင်း ဆုံမိလိုက်တယ်။

"ရှင့်ပါးစပ် ဝိတ်ထား၊ ဘာမှဝင်မပြောနဲ့၊ ပစ္စည်းက တွေ့

သေးတာ မဟုတ်ဘူး။ ရထား မရောက်သေးတာပဲ ရှိတယ်၊ တစ်ယောက်ယောက် ယူသွားလို့ကတော့ ရှင်လျှော်ဖို့ပြင်ထား”

ဟာ…

ဒီတစ်ခါ ‘ဟာ’ ကတော့ အရှိက်ထိသွားတဲ့ ‘ဟာ’။ ဟုတ်တယ်၊ ကျုပ် မတွေးမိတာ။ တစ်ဘူတာဝင်၊ တစ်ဘူတာထွက်။ တစ်ယောက်ဆင်း၊ တစ်ယောက်တက်၊ ပိုင်ရှင်မဲ့ဒီပစ္စည်းဟာ…

ဟင်း…ရင်မောရပါလား စောနန်းနွယ်ရယ်။

■

ပိတ်လှောင်နေတဲ့ အခန်းကျဉ်းလေးထဲမှာ တစ်ဖက်က ပြန်လာမယ့် ဖုန်းသံဟာ ကျုပ်ရင်ကို တိုက်ရိုက်ထိမှန်ပေရော့မယ်။

ကိုအောင်မောင်း အသက်ရှူမဝသလိုလို၊ ခေါင်းမူးသလိုလို ခံစားနေရပြီး မတောင့်နိုင်တော့။ အင်း…ပြန်မရလို့ လျှော်မယ်ဆိုရင်နဲ့ ဂယက်ထနေတဲ့ ကန့်ရေပြင် ငြိမ်သွားမယ်မထင်။ အမာရွတ်ကတော့ ကျန်ရစ်ခဲ့ပေတော့မယ်။ ရေတော့နစ်ပြီ။

နတ်လူသတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုးလိုအင်ဆန္ဒ ပြည့်ဝကြပါစေ။

တစ်ခါမှ ဒီလောက် လေးလေးနက်နက် မေတ္တာမပို့ဖူးပါဘူး။ ကောက်ရိုးမျှင် ဖမ်းဆွဲတာလေ။

တိတ်ဆိတ်ငြိမ်သက်နေတဲ့ အခန်းကျဉ်းလေးထဲ ရင်ခုန်သံ



ကိုယ်စီနဲ့ မီးရထားဝန်ထမ်းရဲ့ အခြေအနေကို စောင့်ကြည့်နေမိတော့တယ်။ ရှိနငါဝက ပို့လိုက်တဲ့ အသံလှိုင်းက ဖောက်ခွဲပစ်လိုက်တယ်။ ခဏကြာ မီးရထားဝန်ထမ်း ကျုပ်တို့ကို တစ်ချက်ကြည့်ပြီး စိတ်မကောင်းဟန်နဲ့ ပြောလိုက်တယ်။

“ရှိနငါဝ ဘူတာမှာ ရထားပေါ် တက်ရှာတယ်၊ မေ့ပါသွားတဲ့ ပစ္စည်း မတွေ့တော့ဘူးတဲ့”

အခန်းကျဉ်းလေးထဲ ခဏသာ ငြိမ်သက်သွားတော့တယ်။

မီးရထားဝန်ထမ်း စာရွက်လေး တစ်ရွက်ကို မိနီအောင်ကို ထုမ်းပေးရင်း…

“မင်းတို့စီးလာတဲ့ ရထားနဲ့ ရှေ့တစ်စင်း၊ နောက်တစ်စင်း၊ ဒီဘူတာကို ပြန်ဝင်မယ့် အချိန်ပဲ၊ စောင့်ကြည့်ချင်ရင် စောင့်ကြည့်ပေါ့”လို့ ပြောသံကြားလိုက်ရတယ်။

မိနီအောင် မီးရထားဝန်ထမ်း ပေးတဲ့ စာရွက်လေး ကျုပ်အိတ်ထဲ ခေါင့်ထည့်ပေးရင်း…

“ရော့…အဲဒီရထားတွေ စောင့်ကြည့်၊ ပစ္စည်းတွေ ပြန်မရတဲ့ကတော့ ကျုပ်တို့နောက် လိုက်မလာနဲ့၊ ရှင့်မျက်နှာ မကြည့်ချင်ဘူး”

မွေးနေ့ပွဲဆီ ထွက်ခွာတော့မယ့် ယာမာနိုတယ် ရထားပေါ် တက်သွားကြတော့တယ်။

ကျုပ်ရဲ့ ပေါ့ဆမှုကြောင့် အားလုံး စိတ်မကောင်းဖြစ်ခဲ့ကြ

ရလေပြီ။ ထွက်ခွာသွားတဲ့ ယာမာနိုတယ် ရထားကို ကြည့်ရင်း...

"လခထုတ်ရင် အားလုံး ငါ ပြန်လျော်ပေးပါ့မယ်ဟာ"လို့ တိုးတိုးလေး ပြောလိုက်မိတော့တယ်။

■

ပလက်ဖောင်းနံပါတ် ၆ မှာ ကျုပ်တစ်ယောက်တည်း ကျန်ခဲ့ရပြီ။ မီးရထားဝန်ထမ်း ပေးထားတဲ့ စာရွက်လေးကို စိတ်ပျက်လက်ပျက်နဲ့ ကြည့်လိုက်မိတယ်။

10.G - 11:35

23.G - 11:39

69.G - 11:42

ရထားသုံးစင်းရဲ့ စက်ခေါင်းနံပါတ်နဲ့ ဒီဘူတာကို ဝင်မယ့် အချိန်။ ဘာလုပ်ရမှာလဲ။ ရှိနငါဝ ဘူတာက လူကြီး တက်ရှာလို့ မတွေ့ဘူးဆိုတဲ့ဟာ၊ ဘာကိစ္စနဲ့ ကျုပ်ကို စောင့်ကြည့်နိုင်းရတာလဲ။ အဓိပ္ပာယ်မရှိ စောင့်နေရမှာလား။ မစောင့်ဘူး။ ကျုပ် အရူးမဟုတ်ဘူး။

အိမ်ပြန်မယ်။ ဒါမှမဟုတ် မျက်နှာပြောင်တိုက်ပြီး မွေးနေ့ လိုက်သွားရမလား။ ပစ္စည်းမပါဘဲ လိုက်သွားရင်...။ ပစ္စည်းအစား ပြန်ဝယ်ပေးဖို့ ဆိုတာကလည်း အိတ်ထဲ တစ်သောင်းတောင် မပြည့်

ပလက်ဖောင်းပေါ်က ဆီကိုနာရီရဲ့ မျက်နှာကို ကြည့်လိုက်တော့ ၁၁ နာရီ ၁၅ မှာ ပြနေလေရဲ့။ ၆၄ မိနစ်ကြာ မြို့တစ်ပတ်ပတ်ပြီး ပြန်လာမယ့်ရထား စောင့်မလား။ နောက် မိနစ်နှစ်ဆယ် ဆက်



စောင့်ရမယ်။

ပြန်မလား။ အိမ်လည်း မပြန်ချင်။ ချိတုံ့ချတုံ့ ဘာလုပ်ရမယ် ဆိုတာ ဆုံးဖြတ်မရရှာ့ စိတ်လေလေနဲ့ သုံးမိနစ်တစ်ခါ၊ လေးမိနစ်တစ်ခါ လျှောတိုက်ဝင်လာတဲ့ ယာမာနိုတယ်စံတွေကို ကြည့်နေမိတယ်။

ခုလောက်ဆို ကောင်မလေးတွေ ကျော့ကေမိုင်အိမ် ရောက်သွားပြီး ဖြစ်ကြောင်းရယ်တဲ့ကုန်စင် နတ်သံနောနေရောပေါ့။ ပြီး စားကြ၊ သောက်ကြ၊ ပျော်ကြပေရောမယ်။ မိုက်ကယ်ဂျက်ဆင်သောတုန်းက ဂျပန်မလေးတွေ မိုက်ကယ်ဂျက်ဆင်နောက် မလိုက်ရလို့ဆိုပြီး ရထားလမ်းပေါ် ခုန်ချကြတယ်တဲ့။

ကျုပ်လည်း ရည်းစားနောက် မလိုက်ရလို့ ဆိုပြီး ခုန်ချရင် ကောင်းမလား။ မကောင်းဘူး။ ပေါကြောင်ကြောင်နဲ့၊ လုပ်စရာလား။

ရှိနငါဝဘူတာက လူကြီး မမြင်လို့၊ ရထား မှားကြည့်လို့ ဆင်းမရှာဘဲ မတွေ့ဘူး လုပ်တာဆိုရင်၊ ဘယ်သူမှ ယူမသွားခဲ့ရင်...

မဖြစ်နိုင်မှန်း သိပေမယ့် သွေးရူးသွေးတန်း လျှောက်တွေးနေမိတယ်။ နောက်ဆယ်မိနစ်ဆို ဒီဘူတာက လူကြီး ရေးပေးလိုက်တဲ့ ရထားသုံးစီးထဲက ပထမရထား 10 G လာတော့မယ်။ နေမထူး၊ ပြန်မထူး၊ မထူးတော့ပြီမို့ စောင့်ကြည့်ဖို့ ဆုံးဖြတ်မိလိုက်တယ်။

လူတွေ ပစ္စည်းမယူဘဲ ထားခဲ့ပါစေ၊ နတ်လူသတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ကောင်းကျိုးလိုအင်ဆန္ဒ ပြည့်ဝကြပါစေ။

ဗုဒ္ဓသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ…အင်း…ပစ္စည်းပြန်ရဖို့ ဘုရားစာနဲ့ မဆိုင်ဘူးထင်တယ်။ ဂါထာရွတ်ရင်ကော၊ ဘယ်ဂါထာ ကောင်းမလဲ။

အောင်ခြင်းရှစ်ပါး ဂါထာ အစမေ့နေတယ်။ မောရသုတ်ဂါထာ ဟုတ်ဘူး ထင်တယ်။ မောတော့ မောနေရတယ်။ စက်ကြီး တစ်ဆယ့်သုံးပါး ဂါထာ။ သူတော်ကောင်း နတ်ကောင်းမ,တဲ့။ ဂါထာ ဆိုတော့ သူတော်ကောင်းတွေအတွက်ပဲနဲ့ တူတယ်…ဟင်း။ နတ် လူသတ္တဝါအားလုံး ဘေးရန်ကြောင့်…ဟာသစ္စာဆိုမယ်။ မှန်ကန်တဲ့ သစ္စာဆိုရင် အကျိုးထူးတတ်တယ်တဲ့။ ဘာသစ္စာဆိုမလဲ။ အင်း… ကောင်းတာလည်း ဘာတစ်ခုမှ မလုပ်မိခဲ့ပါလား။ အေးလေ…ကိစ္စ မရှိပါဘူး။ သစ္စာဆိုတာ မကောင်းတာဖြစ်ဖြစ်၊ ကောင်းတာဖြစ်ဖြစ် မှန်ကန်တဲ့သစ္စာ ဖြစ်ဖို့ပဲ အရေးကြီးတယ်တဲ့။ မကောင်းတာတွေက တော့ တထောကြီးပဲ။ အင်း…

"ကျွန်ုပ်သည် ငါးပါးသီလကို လုံခြုံအောင် နေ့စဉ် စောင့်ထိန်း ခဲ့ပါသည်၊ သို့ပါသော်လည်း တစ်နေ့တစ်မျိုး၊ တစ်ခါတလေ တစ်နေ့ နှစ်မျိုး လုည့်၍ ဖောက်ပြန်မိခဲ့ပါသည်၊ ဤမှန်သော သစ္စာစကား ကြောင့် မေ့ပါသွားသောပစ္စည်းများ ပြန်ရပါစေသား"

ဟင်းဟင်း…'ဤမှန်သောသစ္စာစကားကြောင့်' ဆိုတဲ့ ဘာသာ ပြန် ဝတ္ထုတစ်ပုဒ်ရဲ့ ခေါင်းစဉ်တောင် သွားသတိရလိုက်မိတယ်။



ဟာ…သတိရလို့ ပလက်ဖောင်းပေါ်က ဆီကိုနာရီရဲ့မျက်နှာ ကို ကြည့်လိုက်တော့ 11:34 မှာ ပြနေလေရဲ့။

"မကြာမီ အချိန်အတွင်းမှာ ရထားလာတော့မည် ဖြစ်ပါ၍ အဝါရောင်စည်းနောက်က ရပ်စောင့်ကြပါ" လို့ စပီကာက သတိပေး အော်သံ ကြားလိုက်ရတယ်။

ဆရာမလုပ်နဲ့၊ သိတယ်။

ဘူတာထဲ ပြေးဝင်လာတဲ့ ယာမာနိုတယ် မြို့ပတ်ရထားရဲ့ ခေါင်းတွဲနံပါတ်ကို အမြန်လှမ်းကြည့်မိလိုက်တယ်။ 10.G…။ သူတို့ လာကြလေပြီ။

တွဲပေါင်းဆယ်တွဲ၊ အရှိန်အမျိုးမျိုးနဲ့ ဖြတ်ပြသွားပြီး နောက်ဆုံး အမှတ် ၁၁ အတွဲဟာ ကျုပ်ရှေ့မှာ စက်သတ် ရပ်နားလိုက်တယ်။

ပစ္စည်းမေ့ကျန်ခဲ့တဲ့ နေရာကို ကြည့်လိုက်မိတယ်။ ဟား… ယာမာနိုတယ်စံ 10.G ပြန်လည်ထွက်သွားချိန်မှာတော့ ကျုပ်လေ နတ်လူသတ္တဝါအပေါင်း ကျန်းမာချမ်းသာဖို့ မေတ္တာတွေ လှိုင်လှိုင် ပို့ရင်း ကျန်ရစ်ခဲ့တော့တယ်။

■

နောက်လေးမိနစ်ဆို ကျုပ်တို့ စီးခဲ့တဲ့ ရထား ဘူတာပေါင်း ၂၉ ဘူတာကို ဖြတ်သန်းပြီး အစစ်ဆေးခံ ဝင်လာတော့မယ်။

အိမ်ပြန်အလာ ချစ်ရတဲ့သူဆီက အဖြေတောင်းထားတဲ့ သီချင်းတစ်ပုဒ် သတိရလိုက်မိတယ်။ တွံတေးသိန်းတန်လား။ မင်းမင်း

လတ်လား မသိဘူး၊ ဆိုတာ။ ယုဇနပင်နဲ့ဖဲကြိုးဝါ။

ယုဇနပင်မှာ အဝါရောင်ဖဲကြိုးလေးတွေ တွေ့ရရင် ချစ်မယ် မတွေ့ရရင် မချစ်ဘူး။ အိမ်အပြန်ခရီးမှာ ကိုယ်တော်လေးက စိုးတထိတ်ထိတ်နဲ့ ကြည့်တဲ့ သီချင်း...။ ကျုပ်က မေ့ပါသွားတဲ့ ပစ္စည်း ပြန်ပါလာ,မလာကို စိုးတထိတ်ထိတ်နဲ့ ကြည့်ရမယ့်သူ။ ကိုယ်တော်လေးကတော့ ဖဲကြိုးဝါ တွေ့လိုက်ရလို့ 'အား' ခနဲတောင် အော်သွားတယ်။ ဟင်း...ကျုပ်အလှည့် တွေ့များ တွေ့လိုက်လို့ကတော့ကွာ။

ပလက်ဖောင်းပေါ်က စပီကာရဲ့ ဆရာလုပ်သံ ထပ်ကြားလိုက်ရတယ်။ ယာမာနိုတယ် စက်ခေါင်းအမှတ် 23.G ဟာ အရှိန်လျှော့ရင်း ကျုပ်ကို ဖြတ်ကျော်သွားလေရဲ့။ တွဲအမှတ် ၁၁ နောက်ဆုံးတွဲဟာ တဖြည်းဖြည်းနဲ့ ကျုပ်ရှေ့ကို ရွေ့လာနေပြီ။

သတ်မှတ်ထားတဲ့ နေရာမှာ ကြည့်ရှုခံရဖို့ အသင့် အနေအထားနဲ့ စက်သတ် ရပ်နားလိုက်တော့တယ်။ လွန်ခဲ့တဲ့ တစ်နာရီကျော်က ကျုပ်ထိုင်ခဲ့တဲ့နေရာဟာ ကျုပ်ရှေ့တည့်တည့်မှာ။ ရထားပြတင်းပေါက်ကနေ ပစ္စည်းတင် စင်ပေါ်ကို စိုးတထိတ်ထိတ်နဲ့ကြည့်မိလိုက်တော့တယ်။

ကျုပ် ဟမ်းဖုန်းကို ထုတ်ပြီး မွေးနေ့ရှင် ကောင်မလေးကို လှမ်းခေါ်လိုက်တယ်။

"ကျော့လေးလား...ဟုတ်တယ်"

"............"



"မိနီအောင်က အစ်ကို့ကို ပစ္စည်းပြန်မရဘဲ လိုက်မလာနဲ့၊ ရှင့်မျက်နှာ မကြည့်ချင်ဘူးလို့ ပြောသွားတယ်"

"............"

"ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် ကျော့လေးရယ် အစ်ကို ယောက်ျားပါ၊ သူက ဒီလိုပြောတဲ့ဟာ၊ ပစ္စည်း ပြန်မရဘဲ ဘယ်တော့မှ လိုက်မလာဘူးလို့"

ကျုပ် ဖုန်းပိတ်လိုက်တယ်။ အသားကျနေတဲ့ လက်ချောင်းလေးတွေဟာ ဖုန်းရဲ့မျက်နှာပြင်ပေါ်မှာ ပြေးလွှားနေလေရဲ့။ ဟက်ပီးဘတ်ဒေးတူးယူ ဆိုတဲ့ တေးသွားဟာ အဝေးက ပြေးလာနေတဲ့ ယာမာနိုတယ်စက်ခေါင်းအမှတ် 69.G ကို ကြိုဆိုလို့နေတော့တယ်။

■

ရထားဝန်ထမ်းရဲ့ ပေါ့ဆမှုကြောင့် ရည်ငံနေတဲ့ သမီးရည်းစားစုံတွဲနဲ့ အပေါင်းအပါတစ်စု ဝမ်းနည်းကြေကွဲ ခံစားခဲ့ကြရပါသည်။ သို့ပေမယ့်လည်း 'မှန်ကန်သော သစ္စာစကားကြောင့်' သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ၊ ဘုတာစောင့်၊ ရထားစောင့်နတ်များ မနေသာတော့ဘဲ ပစ္စည်း ပြန်လည်ရရှိအောင် စွမ်းစွမ်းတမံ ကာကွယ်ခန်ဆင်းပေးလိုက်ကြပါတော့တယ်။

ဤတွင် နိုင်ငံခြားသတင်းများကို ကြေညာလိုပြီးပါပြီရှင်...။ ။

■■■

(ရွှေအမြုတေ, MAY.2003)



ကမ္ဘာမြေရဲ့ နွေးထွေးသောလက်များ

## ကမ္ဘာမြေရဲ့ နွေးထွေးသောလက်များ

မြို့မှာတော့ ယပ်တောင်ကလေးကိုင်၊ ခေါင်းတိုင်က ထွက်လာတဲ့ မီးခိုးငွေ့လေးတွေကို ကြည့်ကြည့်ပြီး လွမ်းတတ်ကြတယ်။

တောမှာတော့ မြေကြီးခဲလေးတွေကို တွင်းထဲ ပစ်ပစ်ချပြီး လွမ်းတတ်ကြတယ်။

နောက်ဆုံးအလွမ်း ဆိုပါတော့...။

■■■

နေ့လယ်က မြေတွင်းအောင်းသွားတဲ့ ဘကြီးကောင်းရဲ့တဲအိမ်ကလေးထဲမှာ လူကြီးတွေ စကားဝိုင်းပြောနေကြတာကို ကျုပ်တို့ကာလသားတစ်စု နောက်နားက အသာနားထောင်နေမိတယ်။

ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်တွေ နေတဲ့ ကယ်လီဖိုးနီးယားနယ်မြေဟာ ကျုပ်တို့ မြန်မာပြည်လောက် ကျယ်တယ် ဆိုပဲ။ ကယ်လီဖိုးနီးယား နယ်မြေထဲက လူဦးရေ ငါးထောင်ကျော် ရှိတဲ့ ဘောင်ပေါ်မြို့လေးမှာ ဟောလီဝုဒ်က စူပါ မင်းသား မင်းသမီးတွေ နေတယ်တဲ့။

"တို့ဆီက ရှုပါမင်းသားမင်းသမီးတွေလည်း အဲဒီမှာပဲ နေတာလားဟင်"လို့ နောက်နားက တစ်ယောက် တိုးတိုးတိတ်တိတ် မေးတယ်။

"ဟ…နေတာပေါ့ တော့်းရဲ့"

"ဟာ…ဟုတ်ပါ့မလား"

"ဘာလို့ မဟုတ်ရမှာလဲ၊ နှစ်နဲ့ချီပြီး ကားရိုက်ဆက်နေတာ၊ ဒီလောက်တော့ နေမှာပေါ့ဟ"

ဒီကောင်တွေ ပြောနေတာ နားထောင်ပြီး ကျုပ် အားမလို အားမရ ဖြစ်လာတယ်။ လူကြီးတွေ ကြားသွားရင် ဒီကောင်တွေ ဒီလောက်တောင် အသိနည်းရသလားလို့ အပြောခံထိတော့မယ်။

မနေသာလို့ ဝင်ပြောလိုက်ရတယ်။

"မင်းတို့ကွာ…ဒီလောက်တောင် တုံးရ အ,ရသလား၊ ဒါလေးကတော့ သိဖို့ကောင်းတာပေါ့၊ မင်းတို့ပြောတဲ့ ဟောလိဝုဒ်က ဖြင်ဦးလွင်ထက်ပဲ သာရဦးမှာလား"

အားလုံး ငြိမ်သွားကြပြီး ပါးစပ်ဟောင်းလောင်းနဲ့ ကျုပ်ကို ကြည့်နေကြတော့တယ်။

ကျုပ် မသိချင်ယောင်ဆောင်ပြီး လူကြီးတွေ စကားဝိုင်းကို နားစွင့်လိုက်မိတယ်။

တချို့မြို့တွေမှာ ကားနဲ့ပဲ သွားကြလို့ လမ်းလျှောက်တဲ့သူ မရှိဘူးဆိုတာတွေ၊ အသက်သုံးဆယ်လောက်ဆို အလုပ်မလုပ်ဘဲ အနားယူလိုက်ကြတာတွေ၊ ပါတီလုပ်ရင် ဟယ်လီကော်ပတာနဲ့ လာကြတာတွေ၊ ကားအစီးနှစ်ဆယ်လောက် ပိုင်တာတွေ၊ အနည်းဆုံး ဒေါ်လာတစ်သန်းခွဲတန် အိမ်နဲ့ ငါးကေလောက်ကျယ်တဲ့ခြံမှာ ဒေါ်လာ ၁၅,၀၀၀ တန် အရက်သောက်ကြတယ် ဆိုတာတွေ…။

လူကြီးဝိုင်းတွေက ပြောနေကြတဲ့ 'ဆိုတာတွေ'ကို ကျုပ်တို့ တအံ့တသြနဲ့ နားထောင်နေမိကြတယ်။

ကျုပ်တို့အတွက်တော့ အဲဒီလောက်မလိုပါဘူး ဆိုတာတွေ၊ လယ်လုပ်ဖို့ ငါးကေလောက်ရပြီး ပင်ကျရည်စစ်စစ်လေး သောက်နေရရင်ပဲ…အဟီး…ပြည့်စုံပါပြီ ဆိုတာတွေ၊ နောက်ဘက်မှာ တိုးတိုးတိတ်တိတ် ပြောဖြစ်ကြတယ်။

အဲဒီအထိ စကားဝိုင်းက ငြိမ်လို့။

တစ်ယောက်ပြောတာ တစ်ယောက် ထောက်ခံလိုက်၊ ခေါင်းလေး တညိတ်ညိတ် လုပ်လိုက်နဲ့။

အဲ…မီလနီတာနဲ့ ဘီလနီတာ ကိစ္စမှာ ငြင်းကြတော့တယ်။

သန်းပေါင်းတစ်ရာရှိတဲ့သူကို မီလနီတာ၊ သန်းပေါင်းတစ်ရာ ကျော်ရင် ဘီလနီတာတဲ့။ ဒါကို ကျွန်းမာရေးမှူးက "မဟုတ်ဘူး၊ သန်းပေါင်းတစ်ထောင်ရှိမှ ဘီလနီတာ"လို့ ငြင်းတယ်။ နောက်ဆုံးလေးယောက်တစ်ယောက် ဖြစ်နေတော့ မအီမလည်နဲ့ ငြိမ်သွားတယ်။

မကျေနပ်ဘူး။ ခဏအကြာ…

"ဒါဆို ဘီလနီတာက ဘယ်လောက် ချမ်းသာရမှာလဲ"လို့

အထွန့်တက်တယ်။

"သန်းပေါင်း တစ်ရာကျော်ရင် ဘီလန်တာ"လို့ ကျောင်းဆရာက ပြောတော့...

"ဒါဆို သန်းပေါင်းတစ်ရာနဲ့တစ်ကျပ်ရှိရင် ဘီလန်တာပေါ့"လို့ ငေါ့တယ်။

အားလုံး ဘုကြည့်ပိုင်းကြည့်လိုက်မှ ငြိမ်သွားတော့တယ်။

ဟင်း...ဒီလူကြီးတွေ ကိုယ့်ကိုယ်ကိုယ် သံမဏိတုံးများ မှတ်နေကြလား မသိ။ နေမကောင်း ထိုင်မကောင်း ဖြစ်ရင်တော့ ခက်ရချည်ရဲ့။ သူ့ဘာသာသူ အယူတိမ်း နတ်စိမ်းဖြစ်ခါမှဖြစ်ရော ကျုပ်သာဆို အတိုက်အခံ မပြောဝံ့ပါဘူး။ နေထိုင်မကောင်းဖြစ်ရင် သူ့ပဲအားကိုးနေရတာ ဆိုတော့။

"အဲဒီဆေး ကျုပ်မှာ မရှိဘူး။ ကုန်နေတယ်"ဆို သေရော။

■

ကယ်လီဖိုးနီးယားမှာ ကမ္ဘာ့ အချမ်းသာဆုံး ကွန်ပျူတာ သူဌေးကြီးလည်း နေသတဲ့။ အတူ နားထောင်နေကြတဲ့ ကာလသားတွေ တိုးတိုးတိတ်တိတ်နဲ့ "ကွန်ပျူတာဆိုတာ ဘာလဲ"၊ "ဘာလုပ်တဲ့ဟာလဲ" ဖြစ်ကုန်တော့တယ်။

အရမ်းမဟုသုတနည်းတဲ့ကောင်တွေ။ ဒီလောက်တောင် ညံ့ရသလားလို့ ကျုပ် သူတို့ကိုကြည့်ပြီး အားမလိုအားမရ ဖြစ်နေမိတယ်။

ဗီဒီယိုကားထဲမှာ မင်းသားလား။ လူရွှင်တော်လား။ အင်း...



မင်းသားက လူရွှင်တော်လုပ်၊ လူရွှင်တော်က မင်းသားလုပ်နဲ့ ဆိုတော့ ဘယ်သူ ပြောသွားမှန်းတောင် မသိတော့ပါဘူး။ ကွန်ပျူတာဆိုတာ တီဗီနဲ့လက်နှိပ်စက်တဲ့။

ကျုပ် အပေါင်းအသင်းတွေကို ကရုဏာ ဒေါသောနဲ့ ပြောမိတယ်။

"မင်းတို့ကွာ...ဒီလောက်လေးကတော့ သိမှပေါ့၊ တခြားရွာကလူတွေရှေ့ သွားမေးမိရင် ဘယ်လောက် ရှက်ဖို့ကောင်းလဲ၊ ကိုယ့်ရွာသိက္ခာကျတာပေါ့၊ မှတ်ထား။ ကွန်ပျူတာဆိုတာ တီဗီနဲ့ လက်နှိပ်စက်ကို ဓာတ်ကြိုးနဲ့ဆက်ထားတာ၊ အရုပ်ကြည့်လို့ရတယ်၊ စာဖတ်လို့ရတယ်၊ ကစားလို့လည်း ရတယ်"

အားလုံး ပါးစပ်ပေါင်းလောင်းနဲ့ ကျုပ်ကို ကြည့်နေကြတော့တယ်။ ကျုပ်ကို "သိလှချည်လား"လို့ အထင်တကြီး ဖြစ်နေကြပေရော့မယ်။

ဟင်း...ဒီရွာမှာ ကျုပ်တို့ ကျောင်းဆရာတို့ ရှိနေလို့သာပေါ့။

■

ကွန်ပျူတာသူဌေးကြီးလင်မယားက ဆင်းရဲတဲ့ နိုင်ငံတွေမှာ ကျောင်းတွေဆောက်ပေး၊ မိခင်နဲ့ကလေး စောင့်ရှောက်ရေး လုပ်ငန်းတွေ လုပ်၊ ကျန်းမာရေး လုပ်ငန်းတွေ၊ ကြိုတင်ကာကွယ်ရေးတွေ၊ လူအချင်းချင်း စောင့်ရှောက်ကူညီတဲ့ ပရဟိတ လုပ်ငန်းတွေ လုပ်နေတာ ကြားလိုက်ရတယ်။

အားရဝမ်းသာလိုက်တာဗျာ။

ကျုပ် မလှူနိုင်ပေမယ့် ဒီလို ချမ်းသာတဲ့လူတွေ၊ ကြင်နာသနားတတ်တဲ့လူတွေ လှူတယ်ဆိုတဲ့သတင်းကြား၊ တအား ပီတိဖြစ်ရတာ။

လှူချင်ပါတယ် ဆိုပေမယ့် ဆင်းရဲလို့ မလှူနိုင်တဲ့သူတွေရှိပုံ၊ ဥပမာ...ဝေးဝေးမကြည့်နဲ့၊ ကျုပ်။

ချမ်းသာတဲ့လူတွေ ကြင်နာသနား လှူဒါန်းပါမှ...

နည်းမျိုးစုံ၊ အကြောင်းမျိုးစုံနဲ့ ဒုက္ခရောက်နေတဲ့လူတွေ တဖြည်းဖြည်း လူဖြစ်ရဆိုးကျိုးက လွတ်မြောက်နိုင်ကြမှာ။

အဟီး...မပြောကောင်းမဆိုကောင်း ဆိုပါတော့။

ကျုပ်သာ လူတွေရဲ့ စိတ်ကို လိုသလိုပြောင်းလဲနိုင်တဲ့ပုဂ္ဂိုလ်ထူးဆို ကယ်လီဖိုးနီးယား နယ်မြေက လူတွေအားလုံး အလှူရေစက်လက်နဲ့မပြတ် ဖြစ်ကုန်လိမ့်မယ်။

ဟင်း...ဟင်း...ခြကြားကနေ ကြီးကြီးကျယ်ကျယ်တွေ တွေးနေတာလေ။

■

ကျုပ်နဲ့ ဘကြီးကောင်းဆိုတာ သွေးမတော် သားမစပ်ပေမယ့် သူကလည်း တစ်ယောက်တည်းသမား၊ ကျုပ်ကလည်း တစ်ကောင်တည်း...ကြွက်။ ဝင်ထွက်သွားလာ ကူညီလုပ်ကိုင်ပေးရင်း သံယောဇဉ်တွေ ဖြစ်ခဲ့ကြရတယ်။



ကျုပ် ဘကြီး၊ ဦးလေး တစ်ယောက်လို သဘောထားပြီး ကူညီစောင့်ရှောက်ခဲ့တဲ့ မေတ္တာ ရောင်ပြန်ဟပ်လေရော့ထင့်။

ဘကြီးကောင်းဆုံးတော့ သူ့ခေါင်းအုံးထဲက အိတ်ရှည်လေးနဲ့ ထည့်ထားတဲ့ ငွေတွေရယ်၊ စာတစ်စောင်ရယ် တွေ့ခဲ့ကြတယ်။ သူ့ရဲ့ အိမ်နဲ့ ခြံလေးကို ရွာအတွက် စာကြည့်တိုက် ဖွင့်ဖို့ လှူထားခဲ့ပြီး ပိုက်ဆံတွေကိုတော့ ကျုပ်ကိုပေးဖို့ ရေးမှာထားခဲ့ရှာတယ်။

ဘကြီးကောင်း ကျုပ်အပေါ်ထားတဲ့ စေတနာရယ်၊ မသုံးရက် မစွဲရက် စုထားခဲ့တာရယ် တွေးမိပြီး ကျုပ် အံ့သြဝမ်းနည်း၊ စိတ်မကောင်း ဖြစ်ခဲ့ရတော့တယ်။

အင်း...ဒီနေ့တော့ အိမ်ခဏပြန်ဦးမှ။

ဘကြီးကောင်း မဆုံးခင်ကတည်းက အိမ်ပြန်မရောက်တာ တစ်ပတ်ကျော်ရော့မယ်။

ဘာတွေ ဖြစ်ကုန်မလဲတော့ မသိ။

စိတ်တိုတဲ့သူနိုး ဆိုရင်တော့ "ဒီလောက်တောင် ချမ်းသာရလား"ဟဲ့ ဆိုပြီး အိမ်ပေါ်မှာ ချေးပုံလေးတွေ ထားခဲ့ပေရော့မယ်။

သနားတတ်တဲ့ သူခိုးဆိုရင်တော့ "ငါ နင့်သနားလို့ ပုဆိုး ချွတ်ထားခဲ့ပြီး ဘောင်းဘီတိုနဲ့ ပြန်သွားပြီ၊ ငါ့အတွက် မပူနဲ့"လို့ စာရေးထားခဲ့ပေရော့မယ်။

အဟီး...အိမ်က စိတ်ချရတာ ပြောပါတယ်။

စံအိမ်တော် ပြန်ဖို့အတွက်...ဟိုက်!...ပြဿနာပဲ။

ကျုပ်ရဲ့ ဖိနပ် အသစ်လေး ပိုင်ရှင်သစ်နောက် လိုက်သွားလေရဲ့။

ဟင်း...ကျုပ်ညံ့လို့ ကျုပ် ခံလိုက်ရတာပါ။

လူများတဲ့နေရာ ဖိနပ် စုံချွတ်ထားလို့ကတော့ "ဆရာရယ် ကျေးဇူးတင်လိုက်တာ"လို့ ပြောသွားမယ်။

"ဘယ်ကို ရန်ကုန်မှာချွတ်၊ ညာကို မန္တလေးမှာချွတ်ရမယ်ဟဲ့ တော့်းရဲ့"ဆိုတဲ့အသံ ပြန်လည်ကြားယောင်မိလိုက်တယ်။

■

ဟင်...မယ်ညိုရဲ့သမီးပါလား။

ရွာလမ်းမပေါ်မှာ ငိုပြီး လျှောက်လာတဲ့ မယ်ညို့သမီးလေးကို တွေ့လိုက်ရတယ်။

"ဟဲ့...ကောင်မလေး၊ ဒါက ဘယ်လိုဖြစ်လာရတာတုံး"

"သမီး ဆေးသွားဝယ်တာ ကြီးကြီး ဒေါ်စိန်ချစ်က အကြွေး မပေးနိုင်ဘူး။ ပိုက်ဆံမပါဘဲ နောက်မလာနဲ့တဲ့...ဟင့်ဟင့်..."

"ဟဲ့...ဘယ်သူ နေမကောင်းလို့လဲ"

"အမေနဲ့ မောင်လေး"

"ဟာ..."

ကျုပ် စိတ်မကောင်းဖြစ်သွားရတယ်။

မယ်ညိုဆိုတာ ပြီးခဲ့တဲ့နှစ်က ငှက်ဖျားကြောင့် ဆုံးသွားရတဲ့ ကျုပ် သူငယ်ချင်း ဖိုးမောင်ရဲ့ မိန်းမ။ နှစ်နှစ်အရွယ် သားလေးနဲ့ ...းနှစ်အရွယ် သမီးလေး ကျန်ခဲ့ပြီး ဆင်းဆင်းရဲရဲ ရုန်းကန်နေရတဲ့ အမျိုးသမီး။



"ဟဲ့...လာ၊ ဦးကြီးနဲ့လိုက်ခဲ့"

ကျုပ် မယ်ညို့သမီး လက်ကိုဆွဲပြီး ဒေါ်စိန်ချစ် ဆိုင်ဘက် အပြင်းနှင်ခဲ့တော့တယ်။ နောက်မှ သတိရလို့ အမြန် လှမ်းနေတဲ့ ခြေလှမ်းနဲ့ ကောင်မလေးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားတဲ့ ကျုပ်ရဲ့လက်ကို လျှော့လိုက်ရတယ်။

■

"ဟဲ့ကောင်မလေး...လာပြန်ပြီလား၊ ပိုက်ဆံပါလို့လား။ ...ိုက်ဆံမပါဘဲ မလာနဲ့လို့ နင့်ကိုပြောလိုက်တယ် မဟုတ်လား"

ကျုပ် လည်ပင်းမှာဆွဲထားတဲ့ အိတ်ရှုံလေးထဲက ပိုက်ဆံတွေ ...ကို နှိုက်ပြီး ကြက်သွန်နီဗန်းပေါ် ပစ်ချလိုက်တယ်။

ဟင်းဟင်း...တစ်သက်မှာ တစ်ခါသာ လုပ်ပြခွင့်ရမယ့်ပြကွက် ...ကြည့်၊ မြိန်လိုက်တာဗျာ။

ငွေမြင်လို့ ပြူးပြဲတောက်ပနေတဲ့ ဒေါ်စိန်ချစ်ရဲ့ မျက်လုံးနဲ့ ...ဆပ်လေးဟာ၊ တအံ့တသြ ကြည့်နေတဲ့ မယ်ညို့သမီးလေးရဲ့ အငို ...ျက်လုံး။ ကွာချင်တိုင်း ကွာနေတော့တယ်။

"ဒီမှာ အန်တီစိန်၊ သိပ်အံ့သြနေတာလား။ ဟင်းဟင်း... ...သာကျင်းတွေ။ ရေတွင်းဆယ်၊ အိုင်ပက်တဲ့အခါ ရှိသလို၊ အုန်းပင် ...က် ထန်းပင်တက်၊ အိမ်ခေါင်မိုးတက်မိုးတဲ့အခါလည်း ရှိပေမပေါ့။

ဟဲဟဲ...အမြဲတမ်း အောက်မှာမနေပါဘူး"

ဆိုင်ဆိုင်မဆိုင်ဆိုင် ပါးစပ်ထဲရှိတာ လွှတ်ပြောလိုက်တယ်။ ဒီအချိန် ကျုပ်က မင်းသားဟာကိုး။ ဒီလောက်တော့ ပြောမှာပေါ့။

"ဟဲ့...မင်းဒင်၊ နင် ဒီငွေတွေ ဘယ်ကရလာတာလဲ"

"ကျုပ်လာတာ ဒီငွေတွေရတဲ့နေရာ ပြောဖို့လာတာ မဟုတ်ဘူး အန်တီစိန်၊ မယ်ညိုတို့ သားအမိ နေမကောင်းဖြစ်နေလို့ လူ အချင်းချင်း ကူညီဖို့လာတာပဲ"

"အောင်မယ်...သေနာက ကြီးကြီးကျယ်ကျယ်၊ ဟင်း... မပြောလိုက်ချင်ဘူး။ ဟေ့...တို့ကတော့ လူသား အချင်းချင်းတွေ ဘာတွေ နားမလည်ဘူး၊ ကိုယ့်မရှိရင် ဘယ်သူ့မှ တစ်ပြားလာပေး တာ မဟုတ်ဘူး၊ ပိုက်ဆံရရင် ရောင်းမယ်၊ ပိုက်ဆံမပါလို့ကတော့ ဆိုင်ဝတောင် လာမရပ်နဲ့၊ ဘယ့်နှယ်တော်၊ ယူထားတဲ့ကြွေး ဆပ်ဖို့ တော့ သတိမရဘူး၊ ကြွေးယူဖို့ဆို မျက်နှာငယ်လေးနဲ့ ရောက်လာပြီ ဟဲ့...အကောင်၊ နင်ယူထားတဲ့ ဖိနပ်ဖိုး"

"မပူနဲ့၊ ခုပေးမယ်၊ မယ်ညိုတို့ ယူထားတဲ့ အကြွေး ဘယ် လောက်လဲ၊ အကုန်ပေးမယ်၊ ကွေးသောလက် မဆန့်မီ၊ ဆန့်သော လက် မကွေးမီတဲ့၊ သေရင် ကိုယ့်နောက် ပါမှာ မဟုတ်ဘူး။ ဟို ကောင်မလေး...သိပ်အံ့ဩမနေနဲ့ ဘာစားမလဲ၊ စားချင်တာ အကုန် ယူ၊ နင့်အမေနဲ့ မောင်လေးအတွက်လည်း ရော့...ယူသွား၊ မြန်မာ ဆေး၊ အင်္ဂလိပ်ဆေး၊ ရှိတာအကုန်ပေး"



"အောင်မယ်လေး...လေး၊ ကယ်တင်ရှင် ဗမ္ဗကထိကကြီးပါ လား။ သာဓုတော်...သာဓု"

အိတ်ရှုံ့လေးထဲက ပိုက်ဆံ အကုန်ရှင်း၊ အကုန်ဝယ်ပစ်လိုက် တယ်။ ရှိပူရသေး၊ ကုန်မှအေး။

နောက်...

ဖိနပ်သစ်ကို အသာနင်း၊ အိပ်မက်မက်နေတဲ့ မယ်ညို့သမီး သက်ဆွဲ၊ အထုပ်အပိုးတွေနဲ့ ရင်ကော့ပြီး ထွက်ခဲ့တော့တယ်။

"ဟဲ့...ကယ်တင်ရှင် အကောင်...၊ မနက်ဖြန် ခြံထဲသွားပြီး အုန်းသီးခြောက်တွေ ချထားဦး၊ သန်ဘက်ခါ စက်လှေ မြို့တက်မှာ သည်း မေ့မနေနဲ့ဦး၊ ပိုက်ဆံလေး တစ်ခါ ကိုင်သုံးရတယ် ဆိုပြီး ချိန်းကြား လေနိုး၊ ဘဝင် လေဟာပ်မနေနဲ့၊ ကိုယ့်တာဝကိုယ်သိ သေနာ ကောင်ရေ၊ ဟင်း...မပြောလိုက်ချင်ဘူး"

ဟင်း...မပြောလိုက်ချင်ဘူး ဆိုပြီး ကျုပ်ကို ပြောသွားလိုက် ဘာ ကော့နေတဲ့ရင်တောင် ကျုံ့ဝင်သွားလေရဲ့။

■

လူကြီးတွေ စကားဝိုင်းမှာ ပြောခဲ့တာတွေ သတိရလိုက်မိ တယ်။

နောက်ဆုံးပေါ် သီပွံစက်တွေ တပ်ဆင်ထားတဲ့ ကွန်ပျူတာ သူဌေးကြီး အိမ်က ဒေါ်လာငါးဆယ့်တစ်သန်း တန်တယ်တဲ့။

ဟင်းဟင်း...ကျုပ်အိမ်က...

ကြွားတယ်လို့ ထင်ကြပေရော့မယ်။

လသာတဲ့ည၊ အိမ်ထဲမှာ ပုဆိုးနဲ့ အမြင်မတော်လို့ စောင်ပတ်နေရတဲ့ အိမ်။ ရွာလူကြီးတွေ ကျုပ်ကို မေတ္တာရပ်ခံ၊ တောင်းပန်မကြာခဏ ပူဆာနေလေရဲ့။ ရွာချီစည်းရိုး ပြန်ခတ်မယ်ဆို...

ကျုပ်အိမ် လေးဖက်လေးတန်မှာ ကျားကန်ထားတဲ့ သစ်သားချောင်းတွေနဲ့တင် လုံလောက်တာမို့ ရွာအကျိုးအတွက်လှူဖို့ အပြောခံနေရတဲ့ အိမ်။

ကြမ်းခင်းက ရဲရဲနင်းမိရင် ကျွံကျမှာစိုးလို့ နီးရာထုပ်တန်းနိုလျှောက်နေရတဲ့ အိမ်။ ဟင်းဟင်း...ကျုပ်မှာ တန်ဖိုးမဖြတ်နိုင်တဲ့ အိမ် ရှိတယ်။

ကွန်မြူတာသူဌေးကြီးက ဒေါ်လာသန်းပေါင်း တစ်နောက်က သုညရှစ်လုံး ပိုင်တယ်တဲ့။ ဟင်းဟင်း...ရှစ်လုံးတည်း။ နည်းလိုက်တာ။

ကျုပ်မှာ အလုံးတွေ အများကြီး...။ လောက်စာလုံးတွေ လေးထောင့်သံပုံးနဲ့အပြည့်၊ ဘယ်နှစ်လုံးလဲတော့ မသိ။

ဆရာကြီးဦးသုခရဲ့ 'ရဟန်းစားရသော ဆွမ်းတစ်နပ်' ကားထဲက မင်းသားကြီး ဇော်လင်းရဲ့ ပုံကို မျက်စိထဲ မြင်ယောင်မိလိုက်တယ်။

ကျုပ် ရွာလမ်းတစ်လျှောက် တစ်ချက် ကြည့်လိုက်မိတယ်။ နောက် တိုင်လေးငါးတိုင်သာ ကျန်တော့တဲ့ ခြံအဝမှာ အသာရပ်လိုက်တယ်။



"အဟမ်း...အဟမ်း..."

တမင် လည်ချောင်းရှင်းလိုက်တာလေ။

"မလှူလို့မရှိ၊ မရှိလို့မလှူ၊ ငါလိုလူ ဇမ္ဗူမှာရှိရိုးလားဟေ့"

ကျူးရင့်လိုက်တဲ့ ကျုပ်ရဲ့အသံကြောင့် တစ်ရွာလုံး တိတ်ဆိတ်သွားသလို ခံစားလိုက်ရတယ်။

"ဟဲ့...အကောင်...စောစောစီးစီး ငှက်ဆိုးထိုးသံနဲ့၊ သူတောင်းစား ပါးစပ်က နတ်စကားထွက်လို့၊ မတန်မရာတွေ အော်နေရသလား။ ရွာ ကျက်သရေယုတ်တယ်ဟဲ့၊ ဟင်း...ငါ မပြောလိုက်ချင်ဘူး"

ခေါင်းရင်းအိမ်က အာပြဲမ မယ်လွန်းလေ။

ငယ်ကြောက်ပါးစပ်မို့ မယှဉ်သာ၊ နှုတ်ဆိတ်ခဲ့ရတယ်။

စိတ်ထဲမှာတော့...

အာပြဲမ၊ သရဲမ၊ ပြိတ္တာမ၊ စုန်းမ၊ ကဝေမ၊ ဖုတ်မ၊ မှင်စာမ၊ ကြွတ်မ၊ တစ္ဆေမ...နောက်...ဘာကျန်သေးလဲ...။

ဟင်း...ငါ မပြောလိုက်ချင်လို့...။ ။

■ ■ ■

(ကလျာ, JUN.2003)



တောင်ပေါ်မှာ မိုးတွေညှို့နေပြီ

## တောင်ပေါ်မှာမိုးတွေညိုနေပြီ

➪ **ပထမမြား**

မြို့နယ်ပြည်သူ့ဆေးရုံကြီးရဲ့ ဖျားနာဆောင် ခုတင် အမှတ်ကိုးမှာ ကျုပ် တစ်လနီးပါး စံမြန်းခဲ့ရတယ်။ ရောဂါအမည်က တိုက်ဖွိုက်...။

ကျုပ်ရဲ့ဘေး နံရံနားက ခုတင်အမှတ်တစ်ဆယ်မှာ ငါးနှစ်အရွယ် ကလေးငယ်လေး ဦးနှောက်အမြှေးပါးရောင် ရောဂါနဲ့ ရောက်နေတာ တစ်ပတ်ကျော်ပြီ။ ညည ထဲလို့ ကျုပ် အိပ်ရေးပျက်ခဲ့ရတယ်။ သိပ်မကြည့်ချင်တော့။ ကလေး အဖေက ချော့မော့ပြီး ပြန်သိပ်၊ ကျုပ်ကိုလည်း အားနာစွာနဲ့ တောင်းပန်ဆိုတော့...

တစ်ည...ကလေး ထငိုအပြီး ခဏ အကြာ သူ့အဖေကို တိုးတိုးလေး ပြောလိုက်တဲ့စကား ကြားရတော့ ကျုပ်ရင်ထဲမှာ မြားတစ်စင်း စိုက်ဝင်သွားလေရဲ့။ သေးငယ်တဲ့ မြားပေမယ့် အဆိပ်ပြင်းလေရော့ထင်။ ရင်ထဲ နင့်ခနဲဖြစ်အောင် ခံစားလိုက်ရတော့တယ်။

**➪ ဒုတိယမြား**

ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ ညနေခင်း လေပြည် လေအေးဟာ ကျုပ်ရင်ထဲက အပူတွေကို မသိကျိုးကျွန်ပြုလို့ ထားရစ်ခဲ့လေရဲ့။

ကျုပ်နဲ့ ရည်ငံနေတဲ့ အဝေးကရည်းစား ဓာတ်ပြားဟောင်းကြီး ဖွင့်ပြီး ကသွားတာလေ။ ကျုပ်ကိုပစ်ပြီး ဆန်စက်ပိုင်ရှင်နဲ့ ယူတော့မယ်။

မီးဝေးချိတ်မိုထင်၊ မာရက်လေအာ။ အဲ...စိမ်းရက်လေအာ။

ပုသိမ် ကောလိပ်နယ်မြေမှာ လေးနှစ်လေးမိုး ရည်ငံခဲ့တာ ကန်သုံးဆင့်အသိ။ ရေတမာပင်တွေ အသိ။ ပုသိမ်၊ မြောင်းမြ ရန်ကုန် အမြန်သင်္ဘောတွေအသိ။

ဟင်း...စိမ်းရက်သူကြီးရယ်...ခုတော့ ကျုပ် ပရဟိတ ကန်ဘေးမှာ လွှမ်းနေရပါပြီ။ အသည်းကွဲ,မကွဲတော့ မသိဘူး။ ဓာတ်မှန်ရိုက်ကြည့်မှ သိမယ်။ ခံစားနေရတာကတော့ အမှန်ပဲ။

စိုက်ပျိုးရေးကျောင်းကအပြန် ပရဟိတ ကျောင်းဝင်းထဲက ကန်ဘေးမှာ ကျုပ် လာထိုင်တာ ဘယ်နှရက် ရှိပြီလဲ မသိတော့။ ရှေ့လထဲမှာ မင်္ဂလာဆောင်မှာဆိုတော့ ရင်ထဲကအပူ ငြိမ်းတဲ့အထိတော့ ဒီကန်ဘေး လာလာထိုင်နေရပေဦးမယ်။

ဟာ...

ကျုပ် ထိုင်နေတဲ့နေရာနဲ့ မလှမ်းမကမ်း ချုံဘေးက ငိုနေသံကြားလိုက်ရတယ်။ ကျုပ်ထက်ပိုခံစားရတဲ့သူ ရှိနေပြီထင်။ မဝံ့မရဲနဲ့ ငိုသံကြားရတဲ့ချုံနား အသာကပ်သွားမိတယ်။

ဟင်...

ကလေးတစ်ယောက်ပါလား။ ချုံဘေးမှာ ဆောင့်ဆောင့်လေး ထိုင်ပြီး ငိုနေတာ တွေ့လိုက်ရတယ်။ ပရဟိတကျောင်းဝတ်စုံအနွမ်းလေးနဲ့။ ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်။ ကျုပ်ကိုမြင်တော့ အငိုမျက်နှာနဲ့ မော့ကြည့်ရှာတယ်။ ကျုပ်လည်း ချော့မော့၊ မျက်ရည်တွေ သုတ်ပေးရင်း...

"ဘာဖြစ်လို့ ဒီမှာ လာငိုနေတာလဲ"လို့ မေးလိုက်မိတယ်။

ရှိုက်သံတွေနဲ့ ရောထွေးပြောလိုက်တဲ့ အဖြေစကားက ကျုပ်ရင်ထဲ စိုက်ဝင်သွားတဲ့ မြားတစ်စင်း ဖြစ်သွားလေရော့တယ်။

ကျုပ်ရင်တစ်ခုလုံး ဗြောင်းဆန်သွားခဲ့ရတော့တယ်။

ကျုပ်ရင်ထဲက အပူတွေ ဘယ်ရောက်ကုန်မှန်း မသိတော့။ ရည်းစားနဲ့ကွဲလို့ မကြီးမငယ် ကန်ဘေး လာလွှမ်းနေတဲ့ ကျုပ်...။ ကလေးရဲ့ရင်ထဲက တမ်းချင်းအပူ၊ ဘဝတစ်လျှောက်လုံးအတွက် အပူနဲ့ ယှဉ်လိုက်တော့ တောမီးနဲ့ မီးခြစ်ဆံမီးလောက် ကွာပေရော့မယ်။

လုပ်သင့် မလုပ်သင့် မသိတော့။ ကျုပ်တန် လေးငါးရွက်နဲ့ အကြွေတွေပေး၊ မငိုဖို့ ပြောဆိုပြီး ကျောင်းကို ချော့မော့ပြန်နိုင်းလိုက်ရတယ်။

မလှမ်းမကမ်းက ပျော်ရွှင်စွာ ဆော့ကစားနေကြတဲ့ ကလေးငယ်တွေရဲ့ အသံဟာ ကျုပ်ရင်ထဲ ဝမ်းသာကြည်နူးမှု ခံစားနိုင်စွမ်း မရှိတော့တာ သိလိုက်ရတယ်။

■

**⇨ တတိယမြွား**

မပြောမပြီး မတီးမမြည် ဆိုသကိုး။ တီးရဦးမယ်။

အပေါ်ထပ်နဲ့အောက်ထပ် ဖိုက်တင်ခန်း။

အပေါ်ထပ်က အဘွားကြီး ဒေါ်ထိပ်တင်ထား။ အားနေသူမို့ ရှေ့ပြတင်းပေါက်ကနေ တစ်လောကလုံးကို မျက်စိဒေါက်ထောက် ကြည့်နေတတ်တယ်။

ပြတင်းပေါက်တစ်ချပ်စာ လောကကြီးထဲမှာ ကျုပ်ဟာ သူ့အတွက် ထော်လော်ကန့်လန့် ဖြစ်နေလေရော့ထင့်၊ ကျုပ် စံအိမ်တော် အဝင်အထွက် အပေါ်ကနေ ထွီခနဲ အသံတစ်ချက်ပေးတယ်။

ဘာပြောရမှာလဲ၊ သူ့ရောဂါနဲ့သူပဲဟာ။ အဲ...စိတ်ထဲ အလိုမကျတဲ့နေ့မျိုး ဆိုရင်တော့ 'ထွမ်'ခနဲ တစ်ချက်ပြန်ပေး ပြေးတော့တယ်။

အပေါ်ထပ်ကနေ တဒုန်းဒုန်းနဲ့ ပညာပေး ဆုံးမတာလည်း သည်းခံခဲ့ပါတယ်။ ကျုပ်က လူငယ်ဆိုတော့ လူကြီးနဲ့ ဖက်ဖြစ်လို့ ဘယ်သင့်တော်ပါ့မလဲ။ လူငယ်လေး ခံရအခက်ဆုံးကတော့ ကျုပ် ခြံထဲဝင်ချိန်ထွက်ချိန် ခြံထဲ၊ ခြံဝမှာ ခွေးတစ်ကောင်ရှိနေရင် လွှမ်းစရာ ဖြစ်တော့တယ်။



အပေါ်ထပ်ကနေ "ဟဲ့...ခွေး"ဆိုတဲ့ ငှက်ဆိုးသံဟာ အရိုက်ကို အထိုးခံရသလို ခံစားရတယ်။ ပထမတော့ ကျုပ် ပြောတာမဟုတ် ပြီးရော သဘောထားနေနိုင်ခဲ့တယ်။ ဒုတိယ အဝင်အထွက်မှာ "ဟဲ့ခွေး"သံတွေ ကြားရတာ များလာတော့ ရင်ထဲ မအီမလည် ဖြစ်လာရတယ်။

"အဘွားကြီး...ကျုပ်ကို ဘာစကားပြောတာလဲ"လို့ သွားရန်တွေ့လို့လည်း မဖြစ်။ "ဟင်...နင့်ပြောရအောင် နင်က ခွေးလား အကောင်ရဲ့"ဆို သေရော။

အေးလေ...ရပ်ကွက်ထဲက ခွေးတွေ လွန်တာလည်း ပါတာပေါ့နော်။ ခြံဝက အုတ်ခုံ အိမ်သာလို့များ သတ်မှတ်ထားသလားမသိ။ ခြေထောင်တစ်ချောင်း ထောင်ပေးရတာနဲ့၊ ခြသေ့်ထိုင်ထိုင်၊ နောက်ခြေထောက်နှစ်ချောင်း အသာညွှတ်ပြီး လာပေးရတာနဲ့၊ ဒီဇိုင်းပဲကွဲတယ်။

"ဟဲ့ခွေး"အသံကတော့ အတူတူပဲ။

ကျုပ်မှာ ခြံပြင်ထွက်ခါနီး၊ ဝင်ခါနီး ခြံဝမှာ သင်းတို့ အလုပ်ရှုပ်နေလား ကြည့်၊ သင်းတို့ကိစ္စပြီးမှ ဝင်ရဲထွက်ရဲတော့တယ်။

အပေါ်နဲ့အောက် အဆင်မပြေတာ ဒီလောက်ပါပဲ။

'ထွီ'ဆိုလည်း သည်းခံ၊ 'ဒုန်းဒိုင်း'ဆိုလည်း သည်းခံ၊ 'ဟဲ့ခွေး' ဆိုလည်း သည်းခံနိုင်ခဲ့ပါတယ်။ ဘယ်...လူကြီးနဲ့ ဖက်ဖြစ်လို့ သင့်တော်ပါ့မလဲ။

အဲဒီလောက် သည်းခံနိုင်တဲ့ လူငယ်လေး။ ဒေါ်ထိပ်တင်ထား အသတ်ခံရတော့ နယ်ထိန်းက "ညီလေး ခဏလိုက်ခဲ့ပါ" ဆိုလို့ ပါသွားတာ။ သူ့ခဏ တစ်ည အိပ်လိုက်ရတယ်ဆို။ အဲဒီည အချုပ် ထဲမှာ သူ့အတွက်လည်း စိတ်မကောင်း၊ ကျုပ်အတွက်လည်း စိတ် မကောင်း။ အတော်ခံစားလိုက်ရတယ်။

အသတ်ခံရတဲ့အချိန် ကျုပ်က ကျောင်းမှာ ကထိက တစ် ယောက်ရဲ့ ရထား နှစ်လုံး။ မြင်းတစ်ကောင် တိုက်စစ်ကို ဘုရင်မ တစ်ကောင်တည်းနဲ့ အသည်းအသန်ပတ်ပြေးနေရတဲ့အချိန်။ ဒါက တစ်ကြောင်း၊ လူကြီးတွေ အာမခံရဲတင်းလွန်းတာက တစ်ကြောင်း လီမွာရေးခြားရှိတဲ့လူတော်လူကောင်းလေးဆိုတာ တစ်မြို့လုံးသိတာက တစ်ကြောင်း။ အဲဒီသုံးကြောင်းကြောင့် တစ်ညပဲ အိပ်ခဲ့ရတယ်လေ။

ကျုပ်ရဲ့ အိမ်အပြန် ခြေလှမ်းတွေဟာ နေးကွေးလေးလံခဲ့ရ တယ်။ ရဲအချုပ်ထဲမှာ ရှမ်းရေကျော်ရွာက ရိုက်မှုနဲ့ ရောက်လာတဲ့ ကိုမောင်ကြီးဆိုသူနဲ့ ရင်းနှီးခဲ့ရတယ်။ လူက လူရိုး။ သူ့ခြံထဲဝင်စား တဲ့ နွားပိုင်ရှင်နဲ့ စကားများ ရန်ဖြစ်ကြတာ။ နွားပိုင်ရှင် ခေါင်းကွဲပြီး သူအဖမ်းခံရတာ။

မိန်းမနဲ့ လသားအရွယ် သားလေး ကျန်ခဲ့ပြီး သူမရှိရင် ရွာမှာ ဒုက္ခရောက်မှာမို့ အိမ်နဲ့မြေလေးရောင်း၊ သူ့အမေရွာ ပြန်နေစေချင် တာ။ ဒေါသအလျောက် မှားခဲ့တာ နောင်တရမိတယ်ဆိုတဲ့အကြောင်း ပြောပြတော့ စိတ်မကောင်းဖြစ်ခဲ့ရတယ်။



ပြန်ခါနီး နှုတ်ဆက်တော့ ပြောလိုက်တဲ့ စကားတစ်ခွန်းဟာ ကျုပ်ရင်ကို နက်ရှိုင်းစွာ ဖောက်ဝင်သွားတော့တယ်။

■

ဖူကျိုယာမရိပ်မှာ ခိုလှုံနေကြတဲ့ ကျုပ်တို့ အဝေးပြန်ငှက်တွေကို ဒီနေ့ပြန်ချင်တယ်ပြော၊ မနက်ဖြန် ပြန်ရမယ်ဆို ဆယ်ယောက်မှာ သုံးယောက်လောက်က ဖုတ်ဖက်ခါ ထပြန်ကြလိမ့်မယ်။

ကျန်တဲ့လူတွေ စဉ်းစားနေမယ်။ တစ်ဆင့် တက်ပေးကြည့် ုိက်။ အချိန်မရွေး ပြန်လာလို့ရမယ်လို့၊ ခြောက်ယောက်က တကယ် လား၊ မနောက်နဲ့နော်ဆိုပြီး ပြန်ကြလိမ့်မယ်။

အင်း...ကျန်တစ်ယောက်ကတော့ ဂျပန်မြေနှင်းခါစ ပူပူနွေး နွေး ဖရက်ရှာဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ် အများထက် တစ်ခုခုထူးခြား နေတဲ့သူ ဖြစ်လိမ့်မယ်။

ရာစုဟောင်းက ထူးအိမ်သင်ရဲ့ 'အမေ့အိမ်' သီချင်းဟာ ဘယ်နေရာမှာ ကြားကြားရ ကျုပ်တို့ရဲ့ ဟတ်ကို လာထိတယ်။ ကျုပ်တို့ အနည်းနဲ့အများ ခံစားကြရတော့တယ်။

ကျုပ်အိပ်မက်ထဲမှာ မြန်မာပြည်ကို မကြာခဏ ပြန်ရောက်နေ ဘတ်တယ်။ အဲ...ရောက်နေပြီ ဆိုတာ သိလိုက်ရတဲ့အချိန်က,စပြီး ပြူးတူးပြဲတဲနဲ့ ပြန်ဖို့ကြိုးစားမိတော့တယ်။ ရောက်တုန်းရောက်ခိုက် ဂိုတယ်တို့၊ စားသောက်ဆိုင်တို့တောင် မသွားနိုင်တော့ဘူး။ ဘုရား ဆိုတာ ဝေးရော။ အဲ...ဘုရားတော့ တ,မိတယ်။

တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်၊ မက်တဲ့အိပ်မက်။ ကျုပ်အိပ်မက် ဆိုင်ကမိတ်ဆွေကို ပြောပြတော့ ကော်ပီကူးစက်က ထွက်လာသလို တစ်ထပ်တည်းကျတဲ့အိပ်မက် သူလည်းမက်တယ်တဲ့။

သောက်ကျိုးနည်း...

ဒီလိုမျိုး အိပ်မက်နဲ့ ရှေ့ဆက်လျှောက်နေရတဲ့ ပုဂ္ဂိုလ်တွေ နည်းမယ်မထင်။ သိစိတ်က ပြန်ချင်တာလား၊ မသိစိတ်က မပြန်ချင်တာလား၊ မခွဲခြားတတ်တော့။

ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလို အကြောင်းအမျိုးမျိုး၊ မမြင်ရတဲ့ ကြိုးအမျိုးမျိုးရဲ့ ရစ်ပတ်နှောင်ဖွဲ့မှုကြောင့် ရှေ့ဆက်ကြရပေဦးမယ်။

ကျုပ်တို့ရင်ထဲမှာတော့...

ပြန်ချင်ပေမယ့် မပြန်ဖြစ်သေးတဲ့ ကျုပ်တို့ဘဝ၊ အချိန်ယူကြိုးစား ပြန်မယ်ဆို ပြန်လို့ရကြတယ်ဆိုတော့ ကျုပ်တို့ဘဝ လွမ်းလောက်စရာ မရှိဘူးဆိုလည်း ဟုတ်ပါတယ်။ အဝေးပြန် ဆောင်းငှက်တွေရဲ့ တောင်ပံစုံမှာ ဒဏ်ရာကိုယ်စီနဲ့...။

■

➪ **နောက်ဆုံးမြား**

ဆေးရုံပေါ်က ကလေး လန့်နိုးပြီး သူ့အဖေကို...

"အဖေကြီးရယ်...အိမ်ပြန်ချင်လိုက်တာ" လို့ တိုးတိတ်ညင်သာတဲ့ အသံလေးနဲ့ သနားစဖွယ်ပြောသံ ကြားရတော့ ကျုပ်ရင်တစ်ခုလုံး နာကျင်သွားတယ်။



ဖြစ်နိုင်မယ်ဆိုရင် ကလေး ခံစားနေရတဲ့ ဝေဒနာတွေ ကျုပ်ယူထားပြီး ပျော်ရွှင်စွာနဲ့ အိမ်ပြန်သွားတာ မြင်ချင်မိပါတယ်။

ပရဟိတကျောင်းက ကလေး ရှိုက်ငိုသံတွေနဲ့ "အိမ်ပြန်ချင်လို့ပါ ဦးကြီးရယ်..." လို့ ပြောတော့၊ ဘယ်ဒေသ၊ ဘယ်နေရာ၊ ဘယ်ဘဝ ရောက်နေမှန်း မသိတဲ့ ကလေးရဲ့ မိဘတွေကို ကျုပ်ဘမ်းတမ်းတတ သတိရလိုက်မိတယ်။


အချုပ်ထဲမှာ ပြန်ခါနီး ကိုမောင်ကြီး ကျုပ်လက်ကိုကိုင်ပြီး "ညီလေးရယ်...အစ်ကိုလည်း အိမ်ပြန်ချင်လိုက်တာ" လို့ ပြောခဲ့ရှာတယ်။ ကျုပ်ရဲ့ အိမ်အပြန်ခရီးမှာ ဝမ်းသာပျော်ရွှင်မှုတွေ ဆိတ်သုဉ်းခဲ့ရတော့တယ်။

■

ကြိုးကြာငှက်တွေ...အိမ်ပြန်ကြလေပြီ။
တောကျွဲရိုင်းတို့...အိမ်ပြန်ကြလေပြီ။
ဆော်လမွန်ငါးတွေ...အိမ်ပြန်ကြလေပြီ။
ကမ္ဘာမြေရဲ့အအေးမြဆုံးအရိပ်ဆီ အားလုံးပြန်နိုင်ကြပါစေ။ ။

■ ■ ■

(မြားနတ်မောင်,JUL.2003)



ဆိုင်း ၊ သုံး ၊ ပန်းလက်ဆောင် ၊ သက်တံပေါ်မှအပြန်လမ်း

## သင်္ကြံတာပေါ်မှအပြန်လမ်း၊၊ပန်းသက်ဆောင်၊

"ရှင်မရယ်...ရာသီဥတုကပူ၊ ရေကပူနဲ့ ဒီအချိန် ဟာဝိုင်ယီသွားပြီး ရေခဲစိမ် ဘီယာလေး သောက်လိုက်ရရင် အရမ်းကောင်းမှာပဲကွာ"

"ကိုခေါင်းတို့...တော် အလုပ်မရှိ အကိုင်မရှိ အားအားယားယား စိတ်ကူးယဉ်မနေနဲ့၊ တော်တစ်ကောင်တည်း ပူနေတာ မဟုတ်ဘူး။ အားလုံး ပူနေတာ"

"မယ်ခေါင်းတို့ကလည်း...စိတ်တိုရန်ကော၊ ကျုပ်က နောက်တာ..."

ဝုန်း...

"မယ်ခေါင်းတို့...မယ်ခေါင်းတို့...မင်းဘယ်မှာလဲ"

"ကိုခေါင်းတို့...ကိုခေါင်းတို့...ကျုပ် ဒီမှာ"

"အမယ်လေး...လန့်လိုက်တာ မယ်ခေါင်းတို့ရယ်၊ ဘာဖြစ်တာလဲဟင်၊ ကျုပ်...ကျုပ်လေ လေထဲအထိမြောက်တက်သွားတယ်"

"တော်ကလေ...ငါးထိုးဖြစ်ပြီး ကြောက်နေလိုက်တာ၊ ပြောကို မပြောချင်ဘူး။ ဒီလိုပဲ ကျုပ်တို့မြောင်းထဲ မင်းသားတွေ ခဏခဏ ပြွတ်ကျလာတာ သိရက်သားနဲ့၊ သတိ ဝီရိယနဲ့ မနေဘူး။ မတော်

ကုန်းပေါ်ရောက်သွားမှဖြင့်၊ ကျုပ်တို့က အရင်လို တန်ဖိုးမရှိတဲ့ငါးတွေ မဟုတ်တော့ဘူးတော့"

"အေးကွာ…သတိထားနေရဲ့နော်၊ ဒီတစ်ခါ ကျတဲ့ မင်းသား အရှိန်ပိုပြင်းသလား မသိဘူး"

"ပြင်းမှာပေါ့ တော်ရဲ့၊ ဒီမင်းသားက အကယ်ဒမီမင်းသားကိုး"

"အင်း…မင်းသားတွေ ဘဝ ကောက်ရိုးမီးလိုပါလား။ နာမည်ကြီးပြီး မကြာဘူး။ ကျတော့တာပဲ၊ ဒီလိုပဲ တစ်ယောက်ပြီးတစ်ယောက် ကျနေတော့မှာလား မယ်ခေါင်းတို့ရယ်"

"ကိုခေါင်းတို့…ရှင် တော်တော်တုံးတဲ့ငါးပဲ၊ ဒီလိုသာ ကျကြေဆို ကျုပ်တို့ နေစရာတောင် ရှိမှာ မဟုတ်တော့ဘူး။ မင်းသားကြီး တစ်ယောက်ဆို အနေအထိုင် တော်လို့၊ လိမ္မာလို့ ပြောင်းနားရောက်ပြီးမှ ပြန်ပြန်သွားတာ ဘယ်နှခါရှိပြီလဲ"

"အေးကွာ…ဒီလို မင်းသားမျိုးတွေ ရှိလို့ တော်သေးတာပေါ့"

"တော်မနေနဲ့၊ တော်က ဘာမှ မသိဘဲ ရမ်းပြောနေ၊ ပရိသတ်က သူတို့ကြိုက်တဲ့မင်းသား တစ်ယောက်နှစ်ယောက်ကို မျက်စိမှိတ် အားပေးနေတာ၊ အခြေအနေကောင်းတာ မဟုတ်ဘူး သတိဝီရိယနဲ့ နေဦး။ တော့်ကိုချစ်လို့ ပြောနေတာမဟုတ်ဘူး၊ ကျုပ် မုဆိုးမဖြစ်မှာစိုးလို့ ပြောနေတာ ကိုခေါင်းတို့ရဲ့"

■■■

(ချယ်ရီ၊ MAY.2001)



# သွေးရိုင်းခွင်းပွဲ

"ဒကာကြီး...ဒီခုတင်ကြီးလားဟဲ့"

"မှန်လှပါ၊ ခုတင်ရော၊ မွေ့ရာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ စောင်၊ ဒီအခန်းထဲမှာရှိတဲ့ ပစ္စည်းအားလုံးပါ ဘုရား"

"ဟော..."

ကပ္ပိယလုပ်သက် နှစ်နှစ်ဆယ်ကျော်ခဲ့ပါပြီ။ တစ်ခါမှ ဒီလို အလှူမျိုး မတွေ့ဖူးခဲ့တာ အမှန်ပါ။ ဦးပဉ္စင်းကြီး 'ဟော' မယ်ဆိုလည်း ဟောလောက်ပါရဲ့။ ကျုပ်လည်း ပါးစပ်ဟောင်းလောင်းနဲ့ အခန်းထဲက ပစ္စည်းတွေကို လိုက်ကြည့်နေမိတယ်။ သတို့သား၊ သတို့သမီး မင်္ဂလာခန်းဝင် အိပ်ခန်းဆောင်လေ။ ကျုပ် ဒီလိုအပြင်အဆင်မျိုး ပထမဦးဆုံး တွေ့ဖူးတာပါ။ ဟင်း...ဖြစ်မှဖြစ်ရလေတယ်။ ဒီအခန်း ထဲက မြင်ရတဲ့ဟာတွေ အားလုံး ကျုပ်တို့ကျောင်းကို လှူမလို့တဲ့။ အင်း...ရဟန်းသံဃာတော်တွေနဲ့ မအပ်စပ်တဲ့ပစ္စည်းတွေ ကျုပ်အခန်း ထဲ ရောက်လာတော့မှာပါလား။ ဒါတွေ နေ့တိုင်း ကျုပ် မြင်နေရရင်...။

စားပွဲပေါ်မှာလည်း ကတ်ထူစက္ကူဘူးတွေ၊ လုလုပပ ထုပ်ထားတဲ့ အထုပ်ကြီး အထုပ်ငယ်တွေဆိုတာ အပြည့်။ ဘာတွေပါလို့။

"ဟို...ဖလားထဲက လက်ဖွဲ့ငွေတွေရော ပါ,ပါတယ် ဘုရား"

"ဟော..."

ကျုပ်ပါးစပ်က ခုန်ထွက်သွားတဲ့ 'ဟော'လေ။ ဦးဇင်းကြီး ကျုပ်ကို အကြည့်ရဲရဲတစ်ချက် ပေးလိုက်တယ်။

သူ'ဟော'ရမယ့်ကိစ္စ၊ ကျုပ် ဝင်'ဟော'လိုက်မိလို့ထင်။

■

မကောင်းကျောင်းပို့...အဲ...ဘုန်းကြီးကျောင်းကို ပစ္စည်းပေါင်းစုံ လာလှူကြတာ ကပ္ပိယတစ်ယောက် အနေနဲ့ အမြဲမြင်တွေ့နေရတာပဲ။ ရိုးနေပြီ ဆိုပါတော့။ သေသွားတဲ့လူတွေရဲ့ ပစ္စည်း လာလှူကြတာလည်း ရှိပ့ါ။ အိမ်မှာထားရမှာကြောက်လို့၊ ဆက်သုံးရမှာ သရိုးသရီဖြစ်လို့နဲ့ လာ,လာလှူကြတာ၊ ကျုပ်အိပ်တဲ့ စတိုခန်းကြီး တစ်ဝက်ကျော်လို့ ကျုပ် အပြင်ရောက်တော့မယ်။

ဘုရားရိပ်၊ တရားရိပ်မှာ နေတယ် ဆိုပေမယ့် ကျုပ်လည်း ပုထုဇဉ်ပဲဟာ၊ ကြောက်တာပေါ့။ လာပို့ပါလား။ သေသွားသူရဲ့ လက်ဝတ် ရတနာတွေ၊ လက်ကိုင်ဖုန်းတွေ၊ မော်တော်ကားတွေ။ တစ်ခါမှ ယောင်ပြီးတောင် လာမပို့ပါဘူး။

ဟင်း...မကောင်းကျောင်းပို့ ကောင်းတာပို့လို့ပြောရင် စိတ်ဆိုးကြဦးမယ်။



အင်း...ခု အလှူကတော့ တွေးမိရင် စိတ်မကောင်း ဖြစ်ရပါဘယ်။ သေသွားတဲ့လူတွေရဲ့ ပစ္စည်းတွေဟာ တစ်ပတ်လောက်ပဲ ကျုပ်စိတ်ထဲ သရိုးသရီဖြစ်ရတယ်။ ကြာတော့ ရင်းနှီးသွားတယ် ပြောရမှာပဲ။

မင်္ဂလာခန်းဝင်ပစ္စည်းတွေကတော့ ဘယ်အချိန်အတိုင်းအတာအထိ မြင်တိုင်း စိတ်မကောင်းဖြစ် ခံစားရမယ်ဆိုတာ မသိနိုင်တော့။

■

လမ်းသစ်လမ်းထဲက စက်သူဌေးကြီး ဦးတောကျော်၊ ရွှေဆိုင် ပိုင်ရှင် ဒေါ်မယ်ရမ်းတင်တို့ရဲ့သား အောင်ချမ်းသာနဲ့ အထူးကုဆရာဝန်ကြီး ဦးမင်းအင်၊ ဆရာဝန်မကြီး ဒေါ်ပန်းမြတ်သဇင်ရဲ့သမီး နှင်းဂျူလိုင်တို့ ရည်ငံနေကြတာ တစ်မြို့လုံးအသိ။

ပညာတတ်၊ ဂုဏ်သရေရှိ အသိုင်းအဝိုင်းနဲ့ ပစ္စည်းဥစ္စာချမ်းသာတဲ့ အသိုင်းအဝိုင်းနှစ်ခု ဂဟေဆက်မယ့်ကိစ္စ။ အောင်ချမ်းသာတို့အိမ်က ကျုပ်တို့ ဒီပါရုံကျောင်းနဲ့ ကပ်ရက်။ နှင်းဂျူလိုင်တို့အိမ်က ကျောင်းနဲ့ ဓားလွှယ်ခုတ်၊ ဓာတ်တိုင် နှစ်တိုင်လောက် အကွာမှာ။ ရွှေလမ်းငွေလမ်းဖောက်မယ်ဆို သက်သက်သာသာနဲ့ အလွယ်တကူပြီးမယ့်ကိစ္စ၊ မပြီးဘူးဖြစ်နေတယ်။

သတို့သားဘက်က ပိုက်ဆံ ချမ်းသာတော့ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်ချင်တယ်။ ဖြစ်နိုင်ရင် ဟာဝိုင်ယီမှာသွားလုပ်ချင်တယ်ဆိုတဲ့ အသံမျိုး ပြောနေလေရဲ့။ သတို့သမီးဘက်က

လည်း အမီမလိုက်နိုင်မှာ စိုးလို့လား၊ မကုန်သင့်တာ မကုန်ရအောင် ချင့်ချိန်တာလားမသိ၊ ဘုန်းကြီးကျောင်းမှာပဲ မင်္ဂလာဆွမ်းကျွေးချင်တဲ့ အသံမျိုး ပြောနေတော့...။

ဒါတင်ပဲလား ဒကာကြီး ဆိုတော့...ဟုတ်ဘူး၊ အဲ...ကျန်ပါသေးတယ် ဘုရားလို့ ပြောရမှာပဲ။ သတို့သား၊ သတို့သမီးဝတ်စုံ အရောင်ရွေးတာက,အစ၊ ဘယ်အိမ်မှာ နေမယ်အဆုံး တစ်ဖက်နဲ့ တစ်ဖက် ညှိမရ ဖြစ်နေလေရဲ့။

လူငယ်တွေကတော့ လူကြီးတွေလောက် ဘယ်စဉ်းစားပါ့မလဲ။

"ကြာတယ်ဟာ"ဆိုပြီး ခိုးပြေးကြတော့တယ်။ တစ်မြို့လုံးရဲ့ မျက်နှာတွေ ဝင်းလက်သွားတော့တယ်။ အဲဒီတော့မှ နှစ်ဖက်မိဘ 'ထိမ်းမြားခြင်းလျှင်'ဆိုတဲ့ မိဘကျင့်ဝတ်ထဲကတစ်ပါး ပျက်ကွက်မှာ စိုးလေရော့ထင်၊ ဝါကျွတ်ရင် မင်္ဂလာဆောင်ပေးပါ့မယ်ဆိုပြီး ချော့မော့ ပြန်ခေါ်ထားလိုက်ကြတယ်။

ဝါကျွတ်တော့ ပညာတတ် မာန ငါးမူးဖိုး၊ လူချမ်းသာမာန ငါးမူးဖိုးစီ လျှော့လိုက်မှ မင်္ဂလာဆောင်ဖို့ ညှိမရတဲ့ဟာတွေ မအီမလည်နဲ့ ငြိမ်သက်သွားတော့တယ်။

ကပ္ပိယ တစ်ယောက် အနေနဲ့ ဒါတွေ သိလှချည်လားလို့ ထင်ရော့မယ်။ သိဆို စပ်စုတတ်...အဲ...ပြောတော့မယ်၊ ကျောင်းအတွက် မနက် အရုဏ်ဆွမ်းဟင်းချိုင့်ကို အဲဒီအိမ်နှစ်အိမ်က တစ်လှည့်စီ ကျုပ် သွားယူနေရတာကို။



ရဟန်းသံဃာတော်တွေအတွက် ဆွမ်းဟင်းကပ်လှူလိုက်ပြီး ကျုပ်အတွက် သူတို့ရဲ့ တော်လုံး၊ ကြွားလုံးတွေ နားဆင်စေခဲ့တော့တယ်။

"ငါတို့လည်း ငယ်ရာက ကြီးလာတာပါ"လို့ လူကြီးတွေပြောသလိုမျိုး အောင်ချမ်းသာ ဆိုတဲ့ ကောင်လေးနဲ့ နိုင်းဂျူလိုင်ဆိုတဲ့ ကောင်မလေးလည်း ကျုပ် မျက်စိအောက်မှာပဲ ငယ်ရာက ကြီးလာကြတာ ဆိုတော့...

အားလုံးရဲ့အကြောင်း မကြားချင်လည်းကြား၊ မသိချင်လည်းသိ၊ မမြင်ချင်လည်း မြင်ခဲ့ရတော့တယ်။

■

မနက်က ကျုပ်တို့မြို့ရဲ့ အခမ်းအနားဆုံး၊ အကောင်းဆုံးဆိုတဲ့ ရွှေနှင်းဆီ နန်းတော် ဟိုတယ်ကြီးမှာ မင်္ဂလာပွဲတစ်ခု ပြီးမြောက်သွားတာ တစ်မြို့လုံး သိလိုက်တယ်။ တစ်မြို့လုံး နားအေးပြီဟဲ့ဆိုပြီး ဝမ်းသာနေကြတော့တယ်။

ဟင်းဟင်း...အကြွားခံ ကပ္ပိယတစ်ယောက်ကို ဖိတ်ဖို့ဆိုတာ ယောင်လို့တောင် စိတ်ကူးမိမှာ မဟုတ်ပါဘူး။

"ဟာ...ကပ္ပိယကြီး လာပါ၊ ကြွပါ၊ တစ်ယောက်တည်းလား၊ ခေါင်းရင်းခန်းကိုကြွပါ"ဆိုတဲ့ အသံ၊ အတိတ်မှာလည်း မရှိခဲ့ဘူးထင်၊ ပစ္စုပ္ပန်မှာလည်း မရှိ၊ အနာဂတ်မှာလည်း ရှိမယ် မဟုတ်ဘူး ဆိုတာ ယုံ။

ဒါပေမယ့်ဗျာ...ကျုပ်ကတော့ ခုလို ကြီးကျယ် ခမ်းနားစွာနဲ့ အောင်အောင်မြင်မြင်ဖြစ်သွားတာကိုပဲ ဝမ်းသာပီတိ ဖြစ်နေရပါပြီ။

တစိမ့်စိမ့်တွေး၊ တသိမ့်သိမ့် ခံစားရမယ့် ပီတိ။

ကဗျာယကုသိုလ်ကံ မကောင်းပုံများ ပြောပါတယ်။ အဲဒီပီတိ တစိမ့်စိမ့်တွေးဖို့ အသာထား၊ နောက်တစ်နေ့တောင် မကူးလိုက်ပါဘူး။

အိမ်တစ်အိမ်မှာ ဆွမ်းချိုင့်ယူပြီးအပြန်...

သတို့သမီး နိုင်းဂျူလိုင်တိုက်ရှေ့မှာ လူတွေ ရပ်ကြည့်နေတာ တွေ့လိုက်ရပြီး တိုက်ထဲက ဆူညံတဲ့အသံတွေပါ ကြားလိုက်ရတယ်။ ကျုပ် တိုက်အဝအထိ အသာ တိုးကြည့်လိုက်မိတော့ သတို့သား၊ သတို့သမီး မိဘတွေ အပြန်အလှန် ပြောဆိုနေကြတာ တွေ့လိုက်ရတယ်။

ပထမ ရှင်နဲ့ ကျုပ်နဲ့ ပြောတယ်။

တဖြည်းဖြည်း ဒေါသအရှိန်မြင့်လာတော့ နင်တို့၊ ငါတို့ ဖြစ်သွားပြီး အသံလည်း ပိုကျယ်လာတော့တယ်။ ရန်ဖြစ်ရင် အသံပိုမြဲ ပိုအော်နိုင်တဲ့သူ အသာစီးရ,မရတော့ မသိ၊ သူ့ထက်ငါ သာအောင် ပညာတတ်ဂုဏ်၊ သူဌေးဂုဏ်တွေမေ့ပြီး အပြိုင်အော်နေကြလေရဲ့။

နားထောင်နေရင်းနဲ့ ရန်ဖြစ်ရတဲ့ အကြောင်းရင်း သိလာရတယ်။

မင်္ဂလာလက်ဖွဲ့ပစ္စည်း။ ကုန်ကျငွေကိစ္စတွေ ပြောရင်း သူ့မာန ကိုယ့်မာန ထိခိုက်မိပြီး မီးတောက်ခဲ့ရတာလေ။



ခဏကြာတော့ ဇာတ်ရှိန်အမြင့်ဆုံး ရောက်လာပြီး ကောင်မတွေ၊ ညည်းတွေနဲ့ တွယ်ကြတော့တယ်။ ဒေါသတွေ ထိန်းမရ သိမ်းမရနဲ့ လက်နက်ပုန်းတွေ ထုတ်သုံးကြတော့တယ်။

သတို့သမီးအမေ ဒေါ်ပန်းမြတ်သဇင်ကို သတို့သားအမေ ဒေါ်မယ်ရမ်းတင်က "တစ်သက်လုံး မမြင်ဖူး၊ မသုံးဖူးတဲ့ ပစ္စည်းတွေဆိုတော့ ပညာတတ်ပီပီ ဉာဏ်နီဉာဏ်နက်တွေသုံး အပိုင်ကြံမလို့ပေါ့လေ"

ချမ်းသာတဲ့သူဆိုတော့ ငွေဂုဏ်မောက်၊ ဘဝင်လုံးနဲ့ အရှိက်ကို ပစ်ထည့်လိုက်တယ်။ အရှိက်ထိတော့ အီတာပေါ့။

သတို့သမီး ကောင်မလေး နိုင်းဂျူလိုင်၊ သူ့မာမီကို ဒီလိုပြောရမလား ဆိုပြီး လက်နက်ပုန်း အလုံးကြီးနဲ့ ထုတ်ပစ်လိုက်တော့တယ်။

"ဟင်း...ကိုယ့်စိတ်နဲ့နှိုင်း မရိုင်းဘူးပေါ့၊ လေးတန်းတောင် မအောင်တဲ့ ဦးနှောက်နဲ့ ထင်ရာ ပြောမနေနဲ့ဟဲ့"

အဲဒီအလုံးက တစ်ချိန်လုံးငြိမ်ပြီး ဘာလုပ်ရမှန်းမသိဖြစ်နေတဲ့ သတို့သား ပုပုဓွေးဓွေးလေးကို သွားမှန်တယ်။ မွေးသမိခင်ကြီးကို ဒီလိုပြောရမလားဆိုပြီး ချစ်ဇနီးပုပုဓွေးဓွေးလေးရဲ့ အရှိက်ကို ပြေးထိုးပစ်လိုက်တယ်။

ကျုပ် မျက်လုံးတွေ ပြာသွားတော့တယ်။

အေးလေ...လက်ရုံးအားကိုး ယောကျ်ားကိုး။ ဒီလောက်တော့

ထိုးမှာပေါ့။ သတို့သမီး နိုင်းဂျူလိုင် ဝုန်းခနဲ လဲကျသွားတော့တယ်။

အပြင်က ရပ်ကြည့်နေတဲ့ ကျုပ်တို့ပရိသတ် ဒီအချိန်မှမဝင်၊ ဘယ်အချိန် ဝင်မလဲ၊ အမြန် ပြေးဝင်ကြတော့တယ်။ ကျုပ်လည်း ဟင်းအိုးကြီး ပစ်ထားခဲ့ပြီး တိုက်ထဲပြေးဝင်မိခဲ့တော့တယ်။

နောက် ဆွဲမိဆွဲရာ နိုင်းဂျူလိုင်အဒေါ်ရဲ့ လက်ကို ပြေးဆွဲလိုက်မိတယ်။ ဟင်းဟင်း...ကံကောင်းတာ။

သူ့တူမလေးကို ရက်ရက်စက်စက် ထိုးရပ့်မလားဆိုပြီး ဓား တစ်လက်နဲ့ သတို့သားဆီ ပြေးလာတာ၊ ကျုပ် အဆွဲမြန်လို့သာပေါ့။

မြန်ဖြေတဲ့ လူကြီးတွေ လိမ္မာကျွမ်းကျင်မှုကြောင့် အချိန်မီ ထိန်းသိမ်းနိုင်ခဲ့ကြတယ်။ လောဘ၊ ဒေါသ၊ မောဟ၊ မာနမီး တောက်လောင်သံတွေ ခဏတာ တိတ်ဆိတ်ငြိမ်သက်သွားလေရဲ့။ အားလုံးရဲ့ အကြည့်တွေဟာ သတို့သမီး နိုင်းဂျူလိုင်နဲ့ ကျုပ်ရဲ့လက်မှာ။

သတို့သားအဖေ ဦးတောကျော် ရုတ်တရက် ထပြီး ကျုပ်ရှေ့မှာ ရပ်နေတဲ့ သူ့သားကို လက်ပြန်ရိုက်ချပစ်လိုက်တယ်။

အံ့ဩထိတ်လန့်သံတွေ တစ်ပြိုင်တည်း ကြားလိုက်ရတယ်။

ကျုပ်ရှေ့ လဲကျလာတဲ့ အောင်ချမ်းသာကို အသာ ဖေးမထားလိုက်မိတယ်။

ကျုပ်ရဲ့ ရင်ထဲမှာလေ ဝမ်းသာ၊ ဝမ်းနည်း ဆန့်ကျင်ဘက်နှစ်ခုကို/ အဆုံးစွန် ခံစားလိုက်ရတော့တယ်။



ဓားဒဏ်ရာကြောင့် ထွက်လာတဲ့ ကျုပ်လက်က သွေးတွေဟာ သတို့သားလောင်းရဲ့ အဖြူရောင်အကျီပေါ်မှာ စွန်းထင်းသွားတော့တယ်။

■

မနက်မိုးလင်းတော့ သတို့သမီးမိဘနှစ်ပါး ကျောင်းကို ရောက်လာကြတယ်။ ကျုပ် လက်က ဓားဒဏ်ရာ အခြေအနေ မေးရင်း၊ တောင်းပန်စကားဆိုရင်း၊ ဆရာတော်ကြီးကိုလည်း မင်္ဂလာခန်းဝင် ပစ္စည်းတွေ၊ လက်ဖွဲ့ပစ္စည်းတွေ လှူမလို့ လာလျှောက်တာလေ။

ဆရာတော်ကြီးလည်း လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေ မထားကြဖို့၊ သားသမီးတွေကို ငဲ့ညှာသနားဖို့၊ လူကြီးတွေ တစ်ဖက်နဲ့တစ်ဖက် ပြန်လည်သင့်မြတ်ကြဖို့ ပြောဆိုဆုံးမသေးတယ်။

အင်း...တရားဆုံးအောင်၊ စကားဆုံးအောင် နားထောင်ဖော်ရတာကိုပဲ တော်လှပါပြီလို့ ကျုပ် တွေးနေမိတယ်။

“တပည့်တော်တို့ တွေးပြီးသားဝတ်တွေး ပြန်မရှိပါရစေနဲ့ဘုရား။ ဘယ်လိုမှ မဖြစ်နိုင်တော့လို့ ခွင့်လွှတ်တော်မူပါဘုရား”

ဘာဆက်ပြောနေစရာလိုတော့မလဲ။ စောင်းကြီးလျှော့တာပဲ အဖတ်တင်တော့မှာပေါ့။

"အေးကွယ်...ဒကာကြီးတို့ ဆန္ဒအတိုင်း လုပ်ကြပါတော့ နေလယ် ဆွမ်းစားပြီးချိန်လောက် ပစ္စည်းတွေ သယ်ဖို့ ဦးဇင်းကြီး ရယ်၊ ကပ္ပိယကြီးရယ်၊ ကျောင်းသားလေးတွေနဲ့ လွှတ်လိုက်ပါမယ်" လို့ မိန့်တော်မူပြီး ဘုရားခန်းထဲ ကြွသွားတော့တယ်။

■

နေလယ်ခင်း နေပူအောက်မှာ ခုတင်၊ မွေ့ရာ၊ ခြင်ထောင်၊ ဗီရို၊ မှန်တင်ခုံတွေ၊ အထုပ်အပိုးတွေ သယ်မ ထမ်းထွက်လာတဲ့ ကျောင်းသားတန်းကြီးကို တစ်လမ်းလုံး တအံ့တဩနဲ့ ကြည့်နေကြလေရဲ့။

သတို့သမီးအိမ်က ထွက်လာတဲ့ ပစ္စည်းတန်းကြီးဟာ သတို့သား အိမ်ကို ဖြတ်ပြီး ဒီပါရုံကျောင်းထဲ တရွေ့ရွေ့ ဝင်သွားကြတော့တယ်။

ကျုပ်လေ ပိုက်ဆံထည့်ထားတဲ့ ငွေဖလားကိုပိုက် နောက်ဆုံးက လိုက်လာရင်း စိတ်မကောင်း ဖြစ်နေမိတော့တယ်။

ကျုပ် ဘုရားရိပ်၊ တရားရိပ်မှာ နေရတဲ့ ကပ္ပိယပါ။ ဖြစ်ချိန်တန် ဖြစ်၊ ပျက်ချိန်တန်ပျက်၊ မတည်မြဲတဲ့ တရားသဘောကို သိနားလည်ခဲ့ရပါတယ်။

ဒါပေမယ့်ဗျာ...

ပညာဂုဏ်၊ ငွေဂုဏ်တွေရဲ့ အားပြိုင်ပွဲမှာ ကလေးတွေ မြေဇာပင် ဖြစ်ခဲ့ရတာတော့...



မင်္ဂလာပွဲတစ်ပွဲဖြစ်မြောက်ဖို့ ချစ်ခြင်းမေတ္တာ၊ သံယောဇဉ်၊ အချိန်တွေ၊ ငွေတွေနဲ့ ခက်ခက်ခဲခဲ ရင်းနှီး တည်ဆောက်ခဲ့ရမှာပါ။

ပျက်ချင်တော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေကြောင့် ခဏတာအတွက် ပေါက်ကွဲ ပျက်စီးခဲ့ကြရတော့တယ်။

■

တစ်မြို့လုံး ဝမ်းနည်း စိတ်မကောင်း ဖြစ်ခဲ့ရတဲ့ မင်္ဂလာပွဲ။ ဘစ်လ မပြည့်ခင်မှာဘဲ တစ်မြို့လုံး အံ့ဩဝမ်းသာ ပီတိဖြစ်ခဲ့ကြရတယ်။

နှစ်ဖက်မိဘတွေက လွှဲရင်ပေါ့။

ပထမအကြိမ် ခိုးရာလိုက်ပြေးခဲ့ဖူးတဲ့ သတို့သား၊ သတို့သမီး မင်္ဂလာဆောင်ပြီး၊ ဒုတိယအကြိမ် ခိုးရာလိုက်ပြေးကြတယ်ဆိုတော့ ထူးထူးဆန်းဆန်း ဖြစ်နေကြတော့တယ်။

တစ်မြို့လုံး ဝမ်းသာနေကြပေမယ့် အင်း...ကျုပ်ရင်ထဲမှာတော့ ဝိုးရိမ်ပူပန်မှုတွေနဲ့။

ကျုပ် သူများအကြောင်းတော့ ပြောပြီးပြီ။

■

ကျုပ်မကောင်းကြောင်း ပြောရဦးမယ်။

ကျုပ်နဲ့မယ်လွန်း ယူမယ့်ကိစ္စ။

သူတို့ဘက်က တစ်ခွေလုံး တစ်မျိုးလုံး ဝိုင်းကန့်ကွက်ခဲ့ကြတယ်လေ။ ဒါပေမယ့် ဘကြီးကောင်းရဲ့ ဩဇာကို မလွန်ဆန်နိုင်

တာရယ်၊ မယ်လွန်းရဲ့ ပြတ်သားမှုရယ်ကြောင့် ကျုပ်တို့ အကြင်လင်မယား ဘဝ ရောက်ခဲ့ရတယ်။

မိဘမဲ့ တစ်ကောင်ကြွက်၊ အိမ်မရှိ ယာမရှိ သူရင်းငှား၊ မတူမတန်၊ သူတောင်းစားလက်နဲ့ ရွှေခွက်နိုက်တယ်၊ သားရေပေါ်အိပ် သားရေနားစား...အင်း...တော်တော်များပါတယ်။ ကျုပ်ကို ဂုဏ်ပြုထောပနာပြုတဲ့ အသံတွေ။

နောက် ကျုပ်တို့ကို အရှင်ဖြတ် ဖြတ်လိုက်ကြပါတယ်။

တစ်ရွာတည်း ဆိုတော့လည်း မယ်လွန်း မိဘဆွေမျိုး အသိုင်းအဝိုင်းရဲ့ အပြုအမူတွေကို မမြင်ချင်လည်း မြင်နေရတယ်။ မကြားချင်တဲ့ အသံတွေကိုလည်း ကြားခဲ့ရတယ်။ မလွန်ဆန်ပုံလို့သာ သည်းခံခဲ့ပေမယ့် ကြာလာတော့ သစ်ငုတ်တောင်မှ တိုက်ပါများ လှုပ်သေးတာ၊ ကျုပ်စိတ်ထဲ အစိုင်အခဲ ဖြစ်ခဲ့ရတယ်။

ဟင်း...ကျုပ်တို့ရဲ့ ပျော်ရွှင်စရာ ကောင်းတဲ့ ဘဝလေးကို ဖျက်ဆီးခဲ့တာ ကျုပ်ပါ။ ရင်ထဲက အစိုင်အခဲနဲ့ ကျုပ်အပေါ် မေတ္တာရှိလို့ လိုက်လာတဲ့ မယ်လွန်းကို မဆီမဆိုင် မဲ့မိတော့တယ်။ ဦးနှောက်မရှိခဲ့တာ ပြောပါတယ်။

ယောကျ်ားတစ်ယောက်ရဲ့ အိမ်ထောင်တာဝန် မဲ့ခဲ့တာတွေ ထားတော့။ အိမ်မပြန်ဘဲ သောက်စားမူးရူးပြီး အိပ်ချင်တဲ့နေရာမှာ အိပ်ခဲ့တာတွေ၊ အိမ်ပြန်တဲ့ရက်မှာလည်း မယ်လွန်းကို အပြစ်မရှိ အပြစ်ရှာ ရိုက်နှက်ခဲ့တာတွေဟာ...



ဟင်း...

သားလေး အခါလည် အရွယ်လောက်မှာပဲ မယ်လွန်းလေ ကျုပ် နှိပ်စက်ရိုင်းစိုင်းခဲ့တဲ့ ဒဏ်တွေကြောင့် စိတ်ထောင်းကိုယ်ကြေနဲ့ မကျန်းမမာဖြစ်ပြီး ဆုံးခဲ့ရရှာတယ်။

အဲဒီတော့မှ ကျုပ် လူမိုက်ကြီး နောင်တတွေနဲ့ ဝမ်းနည်းကြေကွဲ ခံစားခဲ့ရတော့တယ်။ မယ်လွန်း ငယ်ငယ်ရွယ်ရွယ်နဲ့ အသေဆောခဲ့ရတာ ကျုပ်ရဲ့ မိုက်မဲမှုကြောင့်ပါ။

■

မယ်လွန်းဆုံးတော့ အဘကောင်း ရောက်လာတယ်။ သားလေးကို မယ်လွန်း အဖေ၊ အမေတွေဆီ ပေးဖို့ ပြောသေးတယ်။ ကျုပ်ဆီ တောင်းမရလို့ အဘကောင်းကို ပြောခိုင်းတာလေ။

ကျုပ်လည်း စိတ်နာနာနဲ့ "ကျုပ်သေမှရမယ်" လို့ ပြောလိုက်မိတယ်။ ကျုပ်နဲ့သာဆို ဒီကလေး ကြီးလာရင် ကျုပ်လိုပဲ ပျက်စီးမှာပဲလို့ ပြောသံတွေ ကြားခဲ့ရတယ်။ သူတို့ထင်သလို မဟုတ်ဘူးဆိုတာ ကျုပ် လုပ်ပြဖို့ ဆုံးဖြတ်မိခဲ့တယ်။

အဘကောင်း ပြန်သွားပြီး သိပ်မကြာဘူး။ ကျုပ်ကို မြို့တက်လာဖို့ ခေါ်တော့ ကျုပ် လိုက်သွားမိတယ်။

သားလေးကို ကျောင်းနားက သူနဲ့ ခင်မင်ရင်းနှီးတဲ့ ရဟန်းဒကာ၊ ကျောင်းဒကာ သူဌေး လင်မယားနှစ်ယောက်က အမွေစားအမွေခံ မွေးစားချင်တယ် ဆိုတာ၊ သူတို့မှာ သားသမီးမရနိုင်လို့

ကလေးလိုချင်နေတယ် ဆိုတာတွေ ပြောပြတော့ ကျုပ် မယ်လွန်းရဲ့ မျက်နှာကို မြင်ယောင်မိလိုက်တယ်။

နောက် သားလေးရဲ့ မျက်နှာကို ကြည့်ပြီး ရင်ထဲ ပူလောင်လာခဲ့ရတော့တယ်။

"မောင်တိုက်မောင်း...သားအချစ် မြေးအနှစ်ပါကွာ၊ ငါလည်း ခံစားရတာပါပဲ၊ ဒီကလေး ဘဝ ကောင်းစားဖို့ ပြောနေရပေမယ့် ရင်ထဲတော့ ဘယ်ကောင်းနိုင်ပါ့မလဲ၊ မင်း ဒီကလေးကို ပညာတတ်တစ်ယောက် ဖြစ်လာအောင်၊ လောက အလယ်မှာ တင့်တောင့်တင့်တယ် နေနိုင်အောင် မင်း စွမ်းဆောင်ပေးနိုင်မယ် ထင်လား။ ရွာမှာလည်း မင်း ကလေးတစ်ယောက်နဲ့ ဆက်နေဖို့ မသင့်တော်တော့ဘူး။ ဘယ်လို ရှေ့ဆက်လျှောက်မလဲ မောင်တိုက်မောင်း။ ငါတို့ဘဝကတော့ ဒီထက်ပိုပြီး ထူးခြားစရာ မမြင်တော့ပါဘူး။ မြေးလေးအနာဂတ် ဘဝကောင်းအောင် လုပ်ခဲ့ချင်တာပဲ မောင်တိုက်မောင်းရာ မင်းသဘောပါ။ ငါ အတင်းမတိုက်တွန်းရက်ပါဘူးကွာ"

"ဦးကြီးရယ်...ကျွန်တော့်ဗိုက်ပစ်တွေ ခုတော့ ကောင်းကောင်းခံစားနေရပါပြီ"

"အင်း...ပြီးခဲ့တာတွေ ထားလိုက်တော့ မောင်တိုက်မောင်း မယ်လွန်းရဲ့သားလေးကိုသာ ကြမ်းတမ်းတဲ့ ဘဝထဲ မရောက်အောင် စဉ်းစားဆုံးဖြတ်ပါတော့ကွာ"

ရင်ထဲ ထွေးပိုက်ထားတဲ့ သားလေးရဲ့ရုပ်ပုံဟာ တဖြည်းဖြည်း



ဝေဝါးလာခဲ့တော့တယ်။ တုန်ရီနေတဲ့ လက်နှစ်ဖက်ကို ရှေ့ဆန့်ထုတ်ဖို့ ကျုပ် ချီတုံချတုံ ဖြစ်နေမိတော့တယ်။

နောက်...

အံကိုတင်းတင်းကြိတ်၊ မျက်စိစုံမှိတ်ပြီး သားလေးကို ဘကြီးကောင်းရဲ့ လက်ထဲ ထည့်လိုက်ရတော့တယ်။

ကျုပ် မမှားဘူး။ ဟုတ်တယ်၊ ကျုပ် မှန်တယ်။

သားလေးဘဝ ကောင်းစားဖို့လုပ်တာ၊ မယ်လွန်းရဲ့မိဘတွေ သင်သလို သားလေးဘဝ မပျက်စီးအောင် ကျုပ် လုပ်တာ၊ ကျုပ် မမှားဘူး။ အဲ...ဒါပေမယ့် ကျုပ် အသုံးမကျတဲ့အကောင်။

မျက်နှာကို လက်နှစ်ဖက်နဲ့အုပ်ရင်း ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ချလိုက်မိတယ်။ ကျုပ်ကို ခွင့်လွှတ်ပါ မယ်လွန်းရယ်၊ လူမိုက်ကြီးကို ခွင့်လွှတ်ပါ။

မင်းအပေါ် လင်သား တစ်ယောက်အဖြစ် တာဝန်မဲ့ခဲ့သလို သားလေးအပေါ်လည်း ဖခင်တစ်ယောက်အနေနဲ့ တာဝန်မဲ့ရတော့မယ်။ ကျုပ် မှားခဲ့ပါတယ် မယ်လွန်းရယ်။ မင်းတို့သားအမိ ဒီဘဝမှာ ကျုပ်နဲ့ လာဆုံစည်းတာ ကံဆိုးပါတယ်။ ကျုပ်ကို ခွင့်လွှတ်ပါတော့ မယ်လွန်းရယ်။

"စိတ်ထိန်းပါ မောင်တိုက်မောင်းရယ်၊ ငါတို့ ရင်နင့်အောင် ခံစားရတာတွေဟာ မြေးလေးဘဝ အတွက်ပါ မောင်တိုက်မောင်း ရယ်..."

သားလေးကို ပွေ့ပိုက်ပြီး ထွက်သွားတဲ့ ဘကြီးကောင်း မိုးချုပ်ပြန်လာတော့...

"သားလေးရယ်..."

■

အစ,ကတော့ ရွာမှာမနေတော့ဘဲ ဘကြီးကောင်း ပေးထားခဲ့တဲ့ အိမ်နဲ့ခြံလေး ရောင်းပြီး သားလေးနဲ့ဝေးရာဆီ ခြေဦးတည့်ရာ ထွက်သွားမလို့ပါ။

အဝေးကို ထွက်မယ့် ခြေလှမ်းတွေဟာ သားလေးရဲ့မျက်နှာမြင်ယောင်မိပြီး နောက်ပြန်လှည့်မိခဲ့တော့တယ်။

ဘကြီးကောင်းရဲ့ အသိမိတ်ဆွေ ဆန်စက်မှာ အစောင့်ဝင်လုပ်ရင်း ကျုပ်ဘဝကို မြှုပ်နှံခဲ့တော့တယ်။ သတိရတိုင်း ဘကြီးကောင်းဆီ သွားပြီး သားလေးရဲ့ အရိပ်ကို တွေ့လေနိုးနဲ့ စောင့်မျှော်ကြည့်မိတယ်။ သားလေးကို အဝေးက တွေ့လိုက်ရတဲ့နေ့ရဲ့ အပြန်ခြေလှမ်းတွေဟာ သွက်လက်လို့နေခဲ့ပေမယ့်...

မတွေ့ရတဲ့ရက်ရဲ့ အပြန်ခြေလှမ်းကတော့...

■

ဘကြီးကောင်း ဆုံးတော့ ကျုပ် ဆန်စက်ကထွက်ပြီး ဘကြီးကောင်းရဲ့ ဆန္ဒအတိုင်း ဒီပါရုံကျောင်းရဲ့ အရိပ်မှာ ခိုလှုံခဲ့မိတယ်။ ဆရာတော်ကြီးနဲ့ သံဃာတော်တွေကို ဝတ်ကြီးဝတ်ငယ်ပြုစုပေးရင်း



ဘုရားရိပ်၊ တရားရိပ်မှာ အေးချမ်းစွာ နေဖို့၊ သားလေးကိုလည်း အဝေးကပဲ ကြင်နာဖို့ မှာသွားရှာတယ်။

ကျုပ်လည်း ဘကြီးကောင်းရဲ့ ဆန္ဒအတိုင်း နေလာလိုက်တာ ခုထိ ဆိုပါတော့။ သူဌေးကြီး ဦးတောကျော်အိမ် ဆွမ်းချိုင့်ကိုစွဲ၊ ကျောင်းကိစ္စနဲ့ ဝင်ထွက်သွားလာရင်း သားလေးကို တစ်ခါတစ်ခါ တွေ့ခဲ့ရတယ်။ တဖြည်းဖြည်းနဲ့ မျက်မှန်းတန်းမိလာပြီး မေးထူးခေါ်ပြော ဖြစ်ခဲ့ကြတော့တယ်။

သူဌေးကြီး ဇနီးမောင်နှံနဲ့ သားလေး ကြင်ကြင်နာနာ ပျော်ရွှင်နေကြတဲ့ မိသားစုဘဝ တွေ့မိတိုင်း ကျုပ် ထိခိုက်ကြေကွဲခဲ့ရပါတော့တယ်။

ဟင်း...ခုနေ ကျုပ်ဘေးမှာ မယ်လွန်းနဲ့သားလေးသာ ရှိနေမယ်ဆိုရင်...

ကြေကွဲခံစားရမှုတိုးလို့ ဆွမ်းချိုင့်သွားမယူဘဲ ကျောင်းသားလေး တစ်ယောက်ယောက်ကို သွားယူခိုင်းရင်လည်း ရပါတယ်။ ဒါပေမယ့်...

ကျုပ်ကြောင့် မယ်လွန်း စိတ်ထိခိုက် ခံစားရတာတွေကို ပေးဆပ်တဲ့အနေနဲ့ ကျုပ် သွားခဲ့ပါတယ်။ ကျုပ် ရင်ထဲ ကြေကွဲခံစားစေခဲ့ပါတော့တယ်။

■

ဖခင်တစ်ယောက်အနေနဲ့ ဆုံးရှုံးခဲ့ရတဲ့ "အဖေ"ခေါ်သံကို တမ်းတမ်းတတ ကြားချင်မိတာ အမှန်ပါ။ ဒါပေမယ့်ဗျာ...တာဝန်မဲ့ ဖခင်တစ်ယောက်မို့ ခုမှလာပြီး ဖခင်ရင်းပါလို့ မျက်နှာပြရမှာ ကျုပ် မဝံ့ပါဘူး။ နောက် ဖခင်ရင်းဟာ ကပ္ပိယတစ်ယောက်ဆိုတာ သိသွားရင် သားလေး စိတ်အားငယ် ညှိုးနွမ်းသွားမှာ စိုးမိပါတယ်။

ဟင်း...

မင်္ဂလာဆောင်အပြန်ညက ကျုပ်ရဲ့ ရိုင်းတဲ့သွေး၊ သွေးဆိုး သွေးညစ် သားလေးဆီမှာ ရှိနေတာ မြင်လိုက်ရတော့ အံ့သြတုန်လှုပ်ခဲ့ရပါတယ်။

သတို့သမီး ကောင်မလေးကို ထိုးလိုက်တဲ့ လက်သီးချက်ဟာ ကျုပ် အရိုက်ကို လာထိခဲ့ပါတယ်။ ကျုပ် ဝမ်းနည်းကြေကွဲခဲ့ရပါတယ်။

အားကောင်းမောင်းသန် ယောက်ျားကြီး တစ်ယောက်ရဲ့ လက်တွေ၊ ခြေတွေ၊ ခွန်အားတွေဟာ မိန်းမသားတစ်ယောက်ကို နှိပ်စက်ဖို့၊ အနိုင်ကျင့် ဆုံးမဖို့ သဘာဝက ပေးထားခဲ့တာတော့ ဟုတ်မယ် မထင်။

မိန်းမသားတစ်ယောက်အပေါ် ရိုင်းခဲ့တဲ့ ကျုပ်ဟာ ဒီအသိကို ကြေကွဲစရာ ဘဝနဲ့ရင်းပြီး သိနားလည်ခဲ့ရပါတယ်။

ဦးတောကျော်က သားလေးကို ရိုက်လိုက်တဲ့ လက်ပြန်ရိုက်ချက်ဟာ ကျုပ်ရင်မှာ သားဆိုတဲ့အသိကြောင့် အစွန်းဆုံး ဝမ်းနည်း



ခဲ့ရသလို သွေးရိုင်းခွင်း ရိုက်ချက်ကြောင့် အစွန်းဆုံး ဝမ်းသာခဲ့ရပါတယ်။

ဖခင်ရင်းတစ်ယောက် အနေနဲ့ရော၊ သွေးရိုင်းမျိုးဆက် ပေးခဲ့မိသူ အနေနဲ့ရော သားကိုယ်ထဲက သွေးရိုင်းသွေးဆိုးကို ဖောက်ထုတ်ရပေဦးမယ်။

မယ်လွန်းလို မိန်းမသား တစ်ယောက်ရဲ့ ဘဝမျိုးကို ကျုပ် မမြင်လို၊ မကြားလိုတော့ပါ။ ရွှေဆွဲကြိုးမှာ အမေ့ရဲ့ နားကွင်းတစ်ဖက် ချိတ်ဆွဲထားတဲ့ သားလေးကို သောကွဲကွဲခဲ့ရတဲ့ အမေ၊ ရှင်ကွဲကွဲနေရတဲ့ ကျုပ်ရဲ့ဘဝအကြောင်း ပြောပြရပေဦးမယ်။

သားလေး စိတ်အားငယ် ညှိုးနွမ်းသွားမှာထက် လင့်မျက်နှာ တစ်ရွာမှတ်ပြီး အားကိုးလိုက်လာခဲ့တဲ့ မိန်းမသားလေးတွေရဲ့ပါးပြင်ပေါ်မှာ မျက်ရည်စက်တွေ စွန်းထင်းမှာ စိုးမိပါတယ်။

ကျုပ် ရင်ဘတ်ထဲက...

သက်နှင်းကြိုးစနဲ့ ဆွဲထားတဲ့ မယ်လွန်းရဲ့ နားကွင်းလေး တစ်ဖက်ကို အသာအယာ ဆုပ်ကိုင်မိလိုက်တော့တယ်။ ။

■ ■ ■

(ရွှေအမြုတေ, SEP.2003)


ပန်းဝင်လက်

## ပန်းဝင်လက်

"အားလုံးစုံပြီ၊ ထွက်လို့ရပြီဟေ့"

ပွဲတောင်စက်လှေရဲ့ စက်နှိုးသံဟာ ကျောင်းဆိပ် ကမ်းနားတစ်လျှောက် ဆူညံသွားတော့တယ်။ ကမ်းပေါ်က သစ်ဆိပ်ကုန်းရွာသူရွာသားတွေနဲ့ စက်လှေပေါ်က ပြိုင်ပွဲဝင်မယ့် လက်ရွေးစင်တွေရဲ့ နှုတ်ဆက်သံတွေဟာ စက်သံအောက်မှာ တိတ်ဆိတ်ငြိမ်သက်သွားရတော့တယ်။

ထုံးဖြူဖြူ စေတီလေးရယ်၊ ရှေးဟောင်းကျောင်းကြီးနဲ့ ဇရပ်ဟောင်းကြီးရယ်၊ လက်ပြ နှုတ်ဆက်နေကြတဲ့ ရွာသူရွာသားတွေရဲ့ ပုံရိပ်တွေဟာ လွမ်းချင်တိုင်းလွမ်းဖို့ ဖန်နေလေရော့တယ် ထင်။

သစ်ဆိပ်ကုန်းရွာရဲ့အရိပ်မှာ တစ်လနီးပါး နိုနားခဲ့တဲ့ ကျုပ်တို့ဘစ်တွေ၊ သစ်ဆိပ်ကုန်းရွာရဲ့ အရိပ်အောက်က တစ်လလောက်ဝေးရတော့မယ့် ပြိုင်ပွဲဝင်ရွာသားတွေ၊ အတွေးကိုယ်စီ၊ ခံစားချက်ကိုယ်စီနဲ့ မျက်နှာက မကောင်း။

စောစောက ဆရာတော်ကြီးကို ပြန်ခါနီး နှုတ်ဆက်ကန်တော့ကြတယ်။

"ဒကာကြီးတို့ မမျှော်လင့်ဘဲနဲ့ ရွာကိုရောက်လာခဲ့ကြတယ်၊ တွေ့ကြဆုံကြရတယ်၊ အချိန်တန်တော့ ကိုယ့်လမ်းကိုယ် ပြန်ကြရတော့မယ်၊ အင်း...တွေ့ဆုံကြိုကွဲ ဖြစ်မြဲဓမ္မတာ မဟုတ်လား ဒကာကြီးတို့"

အဲဒီတုန်းကတော့ အားလုံး ကောင်းပြီကောင်းရက်နဲ့ မှန်လှပါဘုရား။ တင်ပါ့ဘုရားနဲ့ ထောက်ခံခဲ့ကြပြီး ခုတော့ မျက်နှာပေါ်မှာ လွမ်းရိပ်ဆွေးရိပ်ကိုယ်စီနဲ့လေ။

တရားနဲ့ဝေးတာ ပြောပါတယ်။

အဲဒီအထဲမှာ ကျုပ်လည်းပါတယ်။ ဒါပေမယ့် ကျုပ်မျက်နှာပေါ်က လွမ်းရိပ်ဆွေးရိပ်တွေဟာ ဟန်ဆောင်ကာမှုပိုထားတဲ့ အလွမ်းဆိုတာ ဘယ်သူသိတာမှတ်လို့။

ရွာနဲ့ ဝေးရာဆီ တွန်းပို့နေတဲ့ ပဲ့ထောင်စက်လှေရဲ့ စက်သံတဒိန်းဒိန်းဟာ ကျုပ်ရင်ထဲမှာတော့ သာယာနာပျော်ဖွယ် ဂီတသံတွေ ဖြစ်လို့နေတော့တယ်။

■

မြို့ဘက်ကို ဦးတည်ခုတ်မောင်းနေတဲ့ ပဲ့ထောင်စက်လှေပေါ်က ပုဂ္ဂိုလ်တွေဟာ နယ်နယ်ရရ ပုဂ္ဂိုလ်တွေ မဟုတ်ဘူးဆိုတာ ယုံ။ ကျုပ်လည်း ပါတယ်။



ရန်ကုန်ရွှေမြို့တော်က မြန်မာ့ရိုးရာ လှေပြိုင်ပွဲဝင်နွှဲကြမယ့် လူတွေ။ ဟင်းဟင်း...ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ လာကြမယ်။ အဆိုတော်တွေ လာကြမယ်။ နောက်...ရန်ကုန်သူ အချောအလှလေးတွေ လာကြမယ်။

ကျုပ်လို အညတြ ကျောင်းဆရာတစ်ယောက် အတွက်ကတော့ လှေပြိုင်ပွဲဟာ ရွှေရောင်တောက်ပနေတဲ့ အိပ်မက်တစ်ခုပေါ့။ အဲ...နောက် ရှိသေးတယ်။ ကျုပ်တို့အဖွဲ့ တည်းရမယ့် နေရာက နတ်မောက် စက်မှုလက်မှုကျောင်းမှာ ဆိုတော့ ရွှေတိဂုံဘုရားကြီးနဲ့ နီးသကို။ နေ့တိုင်း ဘုရားသွားဖူးလို့ရတယ်ဆိုတော့ ကြို့တောင့်ကြို့ခဲ ရလိုက်မယ့် ကုသိုလ်တွေ...။

ဟင်း...ကံဇာတာလေးများ ကောင်းတဲ့အချိန် ကြုံလို့ကတော့ ရန်ကုန်သူ အချောအလှကလေးတွေနဲ့...ဟေးဟေး...ခတ်ရှင်တို့၊ ဘုတ်အုပ်တို့ထဲကလို အာညာအာညာနဲ့ ဇာတ်လမ်းတောင် ဖြစ်နိုင်လေရဲ့။

ဖူးလည်းဖူး၊ တူးလည်းတူးပေါ့ဗျာ။

■

ကျုပ်တို့ ပညာရေးဝန်ကြီးဌာန လက်အောက်ကနေ အခြေခံပညာ ဦးစီးဌာနနဲ့ စက်မှုစိုက်ပျိုး သက်မွေးပညာဦးစီးဌာန နှစ်ဖွဲ့ ဝင်ပြိုင်မှာ။

စက်၊ စိုက်၊ သက် ဦးစီးဌာနမှာ တစ်နိုင်ငံလုံး ပြေးကြည့်လိုက်

တော့ ရေနံ့နီးတာဆိုလို့ မြစ်ဝကျွန်းပေါ်အရပ်က ကျုပ်တို့ စိုက်ပျိုးရေး ကျောင်းတစ်ကျောင်းပဲ ရှိသကို။

အဲ...ရေနံ့နီးတယ်ဆိုတာတောင် အနီးဆုံးချောင်း ရောက်ဖို့ စက်ဘီးနဲ့ တောင်တက်တောင်ဆင်း ဖင်ထောင် နင်းတာတောင် ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် နင်းရသေးတာ ဆိုတော့... အေးလေ...အေးလေ...။

တခြားကျောင်းတွေ၊ ရေနံ့ဝေးတဲ့ အကြောင်းကြောင်းကြောင့် မြစ်ဝကျွန်းပေါ် အရပ်က ကျုပ်တို့ အကျိုးဖြစ်လာခဲ့ရတယ် ဆိုပါတော့။

လှေပြိုင်ပွဲဝင်ဖို့ ရုံးချုပ်က စာရောက်လာတော့ ပြိုင်ပွဲဝင်ဖို့ ကိစ္စ ဆရာကြီးက ရုံးအုပ်ကြီးကို တာဝန်ပေးလိုက်တယ်လေ။ ကျုပ် ကုသိုလ်ကံကောင်းပုံ ပြောရရင် သူများ မနာလိုဖြစ်တော့မယ်။ အဲဒီ အချိန် ရုံးအုပ်ကြီးကို မိဘလို သဘောထားပြီး အိမ်မှာ ဝင်ထွက် သွားလာ ကူညီလုပ်ကိုင်ပေးနေတဲ့ အချိန်ကို။

အင်း...ခုနောက်ပိုင်းမှ သူ့သမီးတွေ အိမ်ထောင်ကျကုန်လို့ ကျုပ် အသွားအလာ ကျဲသွားရတာ။ ပတ်ဝန်းကျင် မကောင်းတာ ပြောပါတယ်။ ကျောင်းမှာကတည်းက ရည်ငံနေခဲ့တဲ့ ရည်းစားတွေနဲ့ ယူသွားကြတဲ့ဟာ။ ကျုပ်ရန် ကြောက်လို့ တွေ့ရာလူ အမြန်ယူလိုက် ရသလို ပြောကြတယ်လေ။

ဟင်း...ရည်းစားရှိမှန်းသိ သူ့အိမ်ရိပ်တောင် မနင်း...အဲအဲ...



ထားပါတော့ဗျာ။ အဟောင်း အသစ်ဖြစ်ပါတယ်။

လှေပြိုင်ပွဲအတွက် လူရွေးဖို့ကိစ္စ၊ လှေကျင့်ဖို့၊ ရန်ကုန်သွား ပြိုင်ပွဲဝင်ဖို့၊ ဒီ'ဖို့'တွေ အားလုံးကို ကျုပ်မိဘလို သဘောထားတဲ့ ရုံးအုပ်ကြီးက ကိုင်မှာဆိုတော့ ဘာပြောကောင်းမလဲဗျာ။

ကျုပ်ကိုယ်ကျုပ် နည်းပြဆရာဆိုတာ မေ့ထားပြီး၊ တစ်ချက် ပစ် နှစ်ခုမှန် လုံးပစ်လိုက်တာ ရုံးအုပ်ကြီးအိမ်က တောက်တိုမယ်ရ နိုင်းတဲ့ အလုပ်သမားလို့ သဘောထားမိခဲ့တော့တယ်။

ကျုပ် စက်ဘီး တာယာက ပန်းရာတွေဟာ ရုံးအုပ်ကြီးရဲ့ ခြံအဝမှာ ခြေချင်းကိုလိမ်နေတော့တယ်။

■

ကျောင်းမှာ လူဆုံတဲ့ရက်ဆိုလို့ ရှားရှားပါးပါး လခထုတ်ရက်ပဲ ရှိတာ။ လှေပြိုင်ပွဲဝင်မယ့်သူစာရင်း လကုန်ရက်စောင့်ပြီး ကောက် ရှာတယ်။ ကျုပ်သဘောဆို ဘာစောင့်နေတော့မလဲ။ နီးစပ်ရာလူ ကောက်ထည့်လိုက်၊ ပြီးတာပဲဟာ။

ကျောင်းမှာ ဆရာကြီးက,အစ၊ ကထိက၊ လက်ထောက် ကထိက၊ နည်းပြ၊ စာကြည့်တိုက်မှူး၊ ဓာတ်ခွဲခန်းလက်ထောက်၊ ရုံးဝန်ထမ်းတွေ၊ ကွင်းစာရေး၊ ကွင်းဝန်ထမ်းလုပ်သားတွေ၊ မွေးမြူရေး လုပ်သားတွေ၊ ပစ္စည်းထိန်း၊ ယာဉ်မောင်း၊ အစောင့်တွေ၊ နောက် ဘာကျန်သေးသလဲမသိ (ခွင့်လွှတ်ပါ)၊ အားလုံး ဝန်ထမ်းဖွဲ့စည်းပုံ အင်အား ရှစ်ဆယ်ကျော်မယ်။

လခ မပေးခင် အစည်းအဝေးမှာ လှေပြိုင်ပွဲဝင်မယ့်သူ စာရင်းကောက်တော့ ပထမဦးဆုံး စာရင်းပေးတာ...အဟီး...မရှက်ပါဘူး ကျုပ်ပေါ့။

အားလုံးရဲ့ အကြည့်တွေဟာ ကျုပ်အပေါ်မှာ ရှိနေမှာ သိပေမယ့် မဖြုံပေါင်။ အဲ...မျှော်လင့်မထားတဲ့ အကြည့်တစ်ခုကြောင့် ကျုပ် ရင်တစ်ခုလုံး တုန်ခါသွားတော့တယ်။

မျက်မှန်ကို နှာခေါင်းပေါ်ချိတ်ပြီး မျက်လုံးလှန်ကြည့်နေတဲ့ ရုံးအုပ်ကြီးရဲ့အကြည့်...။ ကျုပ်ကို တရားခံအကြည့် ကြည့်နေတာ။ ဒီအကြည့်ကို ကျုပ် ခံရခက်လှချည်ရဲ့။ ကျုပ် ဘာမှားလို့လဲဗျာ။

ကျုပ် သိနေမိပါတယ်။

မြင်းကောင်းမောင်းမယ့်ကိစ္စ ခွေးကျိုး ကန့်လန့်လုပ်ရမလား မင်း ဘာဝင်ရှုပ်တာလဲဆိုတဲ့ အကြည့်။

ဟင်း...ဒါ ကျုပ်ဗလကို အထင်မကြီးတာ။ ပုံပျက်ပန်းပျက် ဗိုက်ရွဲရွဲ၊ ဂင်တိုတို၊ မျက်နှာအစ်အစ်၊ ဝချင်တိုင်း ဝနေကြတဲ့ ဆရာတွေ၊ ဝန်ထမ်းတွေနဲ့ ယှဉ်ရင်တော့ ကျုပ် ဗလသေးတာ၊ ပိန်တာ ဝန်ခံပါတယ်။ သူတို့အမြင်မှာ ကျုပ်ဟာ ဆရာပေါက်တူးရိုး၊ ဆရာမလေးတွေ အမြင်မှာတော့ ကျုပ်ဟာ စလင်းခေါင်ဒီ။

ဗလကြီးတိုင်း လှေလှော်နိုင်မယ် ထင်နေလား မသိ။ ဒါဆို မြေဖြူမှုန့်လေးတို့လိုက်၊ အတင်းဖျစ်ညှစ် မ,လိုက်၊ မနိုင်မနင်း ပြူးတူးပြဲတဲနဲ့ ပြန်ပစ်ချလိုက်၊ မှန်ရှေ့ ခါးထောက်ရပ်ကြည့်လိုက်၊ ကျောင်း



သင်းချိန် တံခါးဝ ထွက်ထွက်ပြနေတဲ့ မြို့နယ် အလေးမရုံက ဝိတ်...ဝိတ်...ဝိတ်မတဲ့သူတွေ ခေါ်သွားပါလား။

အရေးကြီးတာ အရည်အချင်း။ လှေလှော်ကောင်းဖို့ပဲ။ ကျုပ်ဆို ကိုးနှစ်၊ ဆယ်နှစ်သားလောက်ကတည်းက သူများ လှေတွေ လှော်လာတာ။ ကွမ်းခြံကုန်းချောင်းကြီး အသိ။ တောင်ဘက်ပိုင်း၊ မြောက်ဘက်ပိုင်း ဆက်ထားတဲ့ တံတားကြီး အသိ။ ဆရာကြီးမင်းသုဝဏ်တောင် သိသလား မသိ။

တောက ဈေးဝယ် ဆက်လာကြတဲ့ လှေတွေ၊ ပေါက်တာ၊ ကွဲတာ၊ ရေပက်ခွက်၊ လှေကြမ်းခင်းတွေ ပျောက်သွားတာ ကျုပ်တို့ လက်ချက်။ ဟင်း...ပြောရရင် လွန်ခဲ့တဲ့ နှစ်ပေါင်း အစိတ်, သုံးဆယ်လောက်က အမှု၊ ခုမှ ရာဇဝတ်ဘေး ပြေးမလွတ်လို့ ပြောကြဦးမယ် မဟုတ်လား။

အထင်မကြီးတဲ့အကြည့်နဲ့ကြည့်နေတဲ့ ရုံးအုပ်ကြီးကို ကျုပ် ဘစ်ချက် ပြုံးပြလိုက်မိတယ်။ ကျုပ်က မိဘလို သဘောထားနိုင်ပေမယ့် သူက သားသမီးလို သဘောမထားနိုင်တာ စိတ်မကောင်းဖြစ်မိတော့တယ်။

နောက်...ဆရာကြီးကို ပြုံးပြလိုက်မိတယ်။ တိတ်ဆိတ် ငြိမ်သက်နေတဲ့ အခန်းထဲမှာ "ထည့်ဗျာ...ရုံးအုပ်ကြီး။ နောက်မှ ကြည့်လုပ်တာပေါ့"လို့ လှမ်းပြောသံတိုးတိုးကို ကြားလိုက်ရတယ်။

အင်း...ဆရာကြီးကို စိတ်ကောင်းရှိတယ်လို့ ပြောပြောနေ

တာ ဒါကြောင့်ကိုး။ ရုံးအုပ်ကြီး ကျုပ်ကို တစ်ချက်လှန်ကြည့်ပြီး သက်ပြင်းအသာချ၊ ကောက်ရေးလိုက်တာ တွေ့လိုက်ရတယ်။ ဟင်း ဟင်း ...ထိပ်ဆုံးက ကိုကျော်လေ ...။

ကျုပ်နောက်က တစ်ယောက်ပြီးတစ်ယောက် စာရင်းပေးတဲ့ သူတွေ ကြည့်ရင်း ရင်ခုန်လာမိတယ်။ တစ်ကျောင်းလုံး ကုန်တော့ မယ် ထင်။

မြန်မာပြည်အနှံ့ ကုသိုလ်ဖြစ် ဘုရားဖူး အလကား ခေါ် တယ်များ မှတ်နေလား မသိ။ မျက်မှောင်ကြုတ်၊ မဲ့မဲ့သွားတဲ့ ကျုပ် မျက်နှာကို ဆရာမလေးတွေရှေ့မို့ သတိထား ပြန်ပြင်ပြင်နေရတော့ တယ်။

မပြောလိုက်ချင်ဘူး။ ကိုယ့်မှာ အရည်အချင်း ရှိမှန်း မသိ မရှိမှန်း မသိ။ နည်းနည်းလေး အခွင့်အရေးရမယ် ထင်တာနဲ့ ပါ ချင်ကြတယ်။ အမျိုးသမီးတွေပါ ပြိုင်လို့မရလို့၊ ရများရရင် ဘယ်သူ ပါမလဲ ဆိုတာ မေးစရာတောင် မလိုဘူး။ အခန်းထဲကလူတွေနာမည် ကောက်ရေးလိုက်ရုံပဲ။

■

လှေပေါ်တက်တာနဲ့ လှေမှောက်နိုင်မယ့် ပုဂ္ဂိုလ်တွေ၊ ဝါးတစ်ရိုက် လောက် လှော်ပြီး လျှာတန်းလန်းဖြစ်နေမယ့် ပုဂ္ဂိုလ်တွေ၊ မလှော် တတ်၊ ရေတောင်မကူးတတ်ဘဲနဲ့ ရောယောင်စာရင်းပေးတဲ့သူတွေ ဖယ်လိုက်တော့ လက်ရွေးစင် ဆယ်ယောက်ပဲ ကျန်တော့တယ်။



ဟေးဟေး...ကျုပ်လည်း လက်ရွေးစင်တုန်းပဲ။ တော်ပါသေး ရဲ့။ တကယ် လိုတာက ဆယ့်နှစ်ယောက်။ နှစ်ယောက်တောင် လိုသေးတယ်ဟဲ့လို့ မထင်လိုက်နဲ့နော့။ မှားသွားမယ်။

ဖုတ်ဖက်ခါ လက်ပူတိုက် လှေကျင့်ထားတဲ့သူတွေနဲ့ သွားပြိုင် လို့ကတော့ အရှက်ဖြန်းဖြန်းကွဲမှာ။ ဒီတော့ ကျောင်းက ကျုပ်တို့ လက်ရွေးစင် ဆယ်ယောက်ရယ်၊ တကယ်ကျွမ်းကျင်တဲ့ ကြေးစားတွေ ငှားသုံးရတော့မယ်။

တောဘက်မှာ ကြေးစားတွေ ရှာရင်း။ ကျောင်းက တစ်ပွဲထိုး တွေကိုလည်း လက်ပူတိုက်ဖို့ တစ်ချက်ခုတ် နှစ်ချက်ပြတ်...အဲ... မကဘူး။ သုံးချက်ပြတ် ဖြစ်မယ်။

စိတ်ထဲမှာပဲ ထားပေါ့ဗျာ။ ရုံးအုပ်ကြီးရဲ့ မွေးရပ်ဌာနီ သစ်ဆိပ် ကုန်း ရွာဆီ ချီတက်ဖို့ ဆုံးဖြတ်လိုက်ကြတော့တယ်။ ကောင်းလေစွ... ကောင်းလေစွ။

လက်ရွေးစင်ဆယ်ယောက်ဆိုပေမယ့် တောဘက်က တကယ် ကျွမ်းကျင်တဲ့သူတွေ ရလာရင် ကျုပ်တို့ထဲက ဖြုတ်ပစ်မယ် ဆိုတဲ့ အမင်္ဂလာသတင်း။ တော်မသွားခင် ထွက်လာတော့တယ်။

ဟင်း...ပုတီးစိတ် အဓိဋ္ဌာန်ဝင်ရင် ကောင်းမလား။ သစ္စာဆိုရင် ကောင်းမလား။ ဗေဒင်မေးမေးရင် ကောင်းမလား။

ပြုတ်နိုင်တဲ့လူ ကြည့်လိုက်တော့ ညာညာတာတာ သက်သက် သာသာ စဉ်းစားတာတောင် ဒီတစ်ခါလည်း ကိုကျော်က ထိပ်ဆုံး

ဖြစ်နေတော့တယ်။

အဲဒီတော့ မဖြစ်ချေဘူးဟဲ့ ဆိုပြီး ဉာဏ်နီဉာဏ်မည်းတွေ ထုတ်သုံးဖို့ ဆုံးဖြတ်လိုက်တော့တယ်။ သစ်ကောက်ဝါးကောက်ကို သာ မြင်ရစေမယ်။ ငါလို လူကောက် မြင်နိုင်ရိုးလားဟေ့...။

■

"ဟဲ့...မယ်တင်၊ နင်ယောက်ျားကော"

ကျုပ် မသိချင်ယောင်ဆောင်ပြီး မယ်တင်ကို မေးလိုက်တယ်။ သူ့ယောက်ျား စိန်မောင် ကျောင်းပေါ်မှာ လေပန်းနေတာ ခုပဲ ကျုပ် တွေ့ခဲ့တာကို။

"ဆရာလေး...လာထိုင်၊ ကိုစိန်မောင် စောစောကပဲ ကျောင်းပေါ် ခဏတက်မယ်ဆိုပြီး ထွက်သွားလေရဲ့"

"နင့်ယောက်ျား လော့လော့်အဖွဲ့မှာပါတာ သိပြီးပြီလား"

"ကိုစိန်မောင် ပြောတယ် ဆရာလေးရဲ့၊ ရန်ကုန်မှာ သွားပြိုင်ရမှာ၊ တစ်ပတ်လောက် ကြာမယ်ထင်တယ်တဲ့"

"တစ်ပတ်နဲ့ ရမလားဟဲ့၊ တစ်လလောက် ကြာမှာ၊ နောက် ရွာမှာသွားကျင့်ရဦးမှာ၊ တစ်လလောက် ကြာမယ်ထင်တယ်"

"ဟင်...ဒီလောက်တောင် ကြာမှာလား ဆရာလေးရဲ့၊ ဒီ လောက် ကြာလို့ ဘယ်ဖြစ်ပါ့မလဲ၊ အိမ်မှာ ကြက်တွေ၊ ဝက်တွေနဲ့ ကျုပ်တစ်ယောက်တည်း ဒုက္ခရောက်တော့မှာပေါ့"

"အေး...အဲဒါပြောတာပေါ့၊ မလိုက်နိုင်ရင်လည်း စောစော



ငီးပီး ပြောလိုက်၊ လိုက်လာပြီးမှ ပြန်မယ်လုပ်လို့ မရဘူး၊ ပြဿနာ တက်ကုန်မယ်"

"ဟုတ်ကဲ့...ဆရာလေး။ ကျုပ် သူလာတော့ ပြောလိုက်ပါ့ မယ်"

"အေးအေး...ငါပြောတယ်လို့လည်း မပြောနဲ့ဦး။ မကောင်း ဘူး။ ငါက စေတနာနဲ့ပြောတာ"

ဟီးဟီး...သွားပြီ တစ်ယောက်။ ကျုပ် အပိုမပြောဘူးနော့။ စေတနာနဲ့ အရှိကို အရှိအတိုင်း ပြောတာ။ ဘယ်...မယ်ရမ်းတင် တစ်ယောက်တည်း ကျန်ခဲ့လို့ကတော့ ကြက်ပုံ၊ ဝက်ပုံပေါက်နေလို့ စိန်မောင် ပြန်လာရင် မှတ်မိမှာတောင် မဟုတ်ဘူး။

■

နောက်တစ်ယောက်...

ကွင်းစာရေး သာထူး။ ကျောင်းမှာ အမေရယ်၊ ညီမလေး တစ်ယောက်နဲ့ ဆိုင်လေးဖွင့်ရောင်း နေတာလေ။

ဒီတစ်ခါ ခဲတစ်လုံးနဲ့ ငှက်သုံးကောင် ပစ်မှာ...။ သာထူး ဘိုဟိုဝင်ခြံထဲမှာ တစ်ယောက်တည်း ရှိနေတုန်း စေတနာထားတဲ့ မျက်နှာပေးလေးနဲ့ ကျုပ် သွားတွေ့တယ်။

"သာထူး...လော့လော့်ပြိုင်ပွဲ လိုက်မလို့ဆိုတော့...တစ်လ ကုံးသိတင်း ကြာမှာ၊ မင်းမရှိရင် မင်းအမေနဲ့ညီမလေး ဘယ်မှာ ဆိုင်ဖွင့်မလဲ၊ ဈေးဝယ်ဖို့ ကြွေးတောင်းဖို့ သူတို့က မလည်မဝယ်နဲ့"

"ကျွန်တော်လည်း အဲဒါ စဉ်းစားနေတာ ဆရာလေးရ"

"နောက်...ငါးကန်စောင့်တဲ့ မင်းရွှေဆိုတဲ့ ကောင်ကလည်း မင်းညီမကို ပိုးနေတာ၊ ဒီကောင်က ခြေသွက်လက်သွက် ရှိပါဘီသနဲ့ ရှိသေးတယ်၊ ထွန်းစက်မောင်း ကျော်ထူး။ မူးလာရင် ဆိုင်မှာ ထော အကြွေးယူ၊ မရရင် မိုက်ရိုင်းချင်သေး။ မင်း ရှိနေရင် ဒီကောင်တွေ လာရဲတာ မဟုတ်ဘူး။ မင်းကိုပဲ ကြောက်တာ"လို့ ကျုပ် အရှိကို အရှိအတိုင်း ပြောပြလိုက်တယ်။

သူတို့အပေါ် ကျုပ် မကောင်းတဲ့စိတ်နဲ့ အပိုပြောတာ မဟုတ် ဘူးနော်။ သူတို့သာ ကျုပ်အပေါ် မနာလိုဖြစ်၊ စိတ်မကောင်းထား ကြတာ။ မုဒိတာဆိုတာ ဝေးရော။

ကျုပ် လေ့လော်ကျင့်ချင်လို့ စဉ်းစားလိုက်တော့ ကျောင်းက ငါးကန်ရယ်၊ ငါးစာကျွေး၊ ကန်အမှိုက်ရှင်းလုပ်တဲ့ လှေကလေးကို စဉ်းစားမိလိုက်တယ်။

"မင်းရွှေ...ငါ လှေလော်ကျင့်ချင်လို့ကွာ"လို့ သွားပြောတော့ သူ့ကိုယ်သူ အင်းသူကြီးစတိုင်နဲ့ ဘာပြောတယ်မှတ်လဲ။

"မလုပ်ပါနဲ့ ဆရာလေးရယ်၊ ငါးတွေ လန့်ကုန်ပါမယ်၊ ငါး တွေ နောက်ပြီး ငါးတွေ မူးကုန်ပါမယ်"တဲ့။

ကျုပ်လိုလူကို ဒီစကား ပြောစရာလား။ လှေပြိုင်ပွဲအတွက် လှေကျင့်ဖို့လာတာကို ကျွဲလာလူးတဲ့ပုံစံနဲ့ မခံ့လေးစား ပြောနေတာ။

"ဟေ့ကောင်...ငါးမူးတာတွေ၊ ငါးရမ်းတာတွေ ငါမသိဘူး ငါ အပျင်းပြေ လှေလော်တာ မဟုတ်ဘူး။ ပြိုင်ပွဲအတွက်ကွ"

"အပျင်းပြေပဲလှော်လှော်၊ ပြိုင်ပွဲအတွက်ပဲလှော်လှော်၊ ကျွန်တော် မသိဘူး။ ဆရာလေး သိပ်တက်ကြွနေရင်တော့ ဆရာကြီး ဦးဓောရော်နီကို သွားပြောပြီး တစ်နေ့လုံး လာလှော်ပေါ့"

ဟင်းနော်...ဟင်း...ပညာရှိအမျက် အပြင်မထွက်ဆိုတဲ့ စကား ကို ကာဗာယူပြီး ကျုပ်ကို စော်ကားနေတာ။ ဟင်း...ပညာရှိဖြစ်ရ ဘာ တစ်ခါတလေ သိပ်စိတ်ညစ်ဖို့ကောင်းတာပဲ။ နောက်မို့ဆို သင်း ငါးကန်ထဲ ခေါင်းစိုက်တယ်။

ဒီစကား ပြောစရာလား။ ကျုပ်ကို ကာလနာတိုက်အောင် လုပ်တာ။ မျက်ထောင့်နီကြီးနဲ့ လူမိုက်ကြည့်ကြည့်ပြီး မတော်တရော် အများတွေ့၊ ပိသသလေးနဲ့ နဖူးတည့်တည့်ပစ်သလိုမျိုး ပြောတတ်တဲ့ မွေးမြူရေးဌာနက ဆရာကြီး ဦးရော်နီကို သွားပြောရမယ်တဲ့။ ဟင်း နော်...ဟင်း...။

စောင့်သူ၊ လှော်သူ နှစ်ဦးနှစ်ဖက် နားလည်မှုရှိရင် ပြီးသွား မယ့် ကိစ္စဟာ။ ငယ်တဲ့အမှု ကြီးအောင်လုပ်တာ။ သူသာ သိတတ် လို့ ကျုပ်ကို ပေးလှော်ခဲ့ရင် ကျုပ်လည်း သိနားလည်တတ်သူမို့ သာထူးညီမနဲ့ လှော်ပေးမလို့ဟာ။ ဟင်း...သင်းတော့ သိမယ်။

■

နောက်တစ်ယောက်...။ ထွန်စက်မောင်း ကျော်ထူး ဆိုတဲ့ ငကြိုလ်။ ကျောင်းပေါ်မှာ ကျုပ်ကို မထီမဲ့မြင် ပြောသွားတာ။

"ဟာ...ဆရာလေး ပုံနဲ့ လေ့လျော်မလို့၊ ဟုတ်လား၊ နိုင်ပြီ ဆရာလေး။ နိုင်ပြီ၊ ကျိန်းသေတယ်၊ ကျွဲနိုင်နွားနိုင်ကို နိုင်မှာ"

ကျုပ်ဗလကို အထင်မကြီးလို့ပြောတာ ပြောပါ။ လော်စပီကာနဲ့ မြို့ပတ်အော်ဦးတော့ ကျုပ် စိတ်မဆိုးပါဘူး။ ခုဟာက လက်ထောက် ကထိက ဆရာမလေးတွေ ရှေ့မှာ ဆိုတော့ ကျုပ် အရှက်နည်းတယ် ဆိုတာတောင် တစ်မတ်ဖိုးလောက် ရှက်သွားမိတယ်။

ဟင်း...ဆရာမလေးတွေရှေ့မို့ အမျက် အပြင်မထွက်အောင် ထိန်း၊ အရှက်တွေ မျိုချခဲ့ရတယ်။ စိတ်ထဲမှာတော့ ဝဲစား၊ လေး မှင်စာကောင်...။ ဒီတစ်ခါ ပိုက်ဆံလာချေးကြည့်၊ ပက်ပက်စက်စက်ကို ပြောထည့်လိုက်ဦးမယ်။

ရွှေတံဆိပ်ရမှ လည်ပင်းဆွဲ၊ တွန်းနိုးရတဲ့ သင်းထွန်စက်ရှင် ရှေ့ ရင်ကော့၊ ခါးထောက် ရပ်ပြလိုက်ဦးမယ်။

တောသွားခါနီး လက်ရွေးစင်ထဲက စိန်မောင်နဲ့သာထူး ထွက် သွားတယ်။ ကျုပ်ပယောဂ မကင်းဘူးဆိုတာ ကျုပ်ကိုယ်စောင့်နတ် သိမယ်။

ဟာ...ရုံးအုပ်ကြီး စိတ်ဆိုးတာပေါ့။

"ကိုယ့်ဖင် ဘယ်သူ့ချေးမှန်း မသိတဲ့ကောင်တွေ၊ ဝင်လိုက် ထွက်လိုက်နဲ့ ကျောင်းအိမ်သာများ မှတ်နေလား၊ မင်းတို့မျက်နှာ မြင်ရတာ မစင်တုံး ကြည့်ရသလိုပဲ၊ သွားကြ...သွားကြ"လို့ ဆော် ထည့်လိုက်လေရဲ့။



ဟုတ်တာပေါ့။ ရုံးအုပ်ကြီး စိတ်ဆိုးမယ်ဆို စိတ်ဆိုးချင်စရာ။ အစ,ကတည်းက စဉ်းစားပါလား။ တော်တော်ဆိုးတဲ့ လူတွေ။ ခု တော့ သူတို့ကြောင့် ရုံးအုပ်ကြီးခမျာ စိတ်ဆိုးပြီး သူ့ဂုဏ်သိက္ခာနဲ့ မအပ်စပ်၊ မသင့်တော်တဲ့ ညစ်ညစ်ပတ်ပတ် စကားတွေ ထွက်လာရ ရှာတယ်။

စိတ်ညစ်ပါတယ်။

ဟေးဟေး...တစ်ဆယ်ထဲက နှစ်ယောက်၊ ရှစ်ယောက်ပဲ ကျန် တော့တယ်။ ရွာက အလွန်ဆုံးရ သုံးလေးယောက်ပေါ့။

ဟီး...အေးအေးဆေးဆေးပဲ အညိုရေ...။

ဘယ်လိုဖြစ်သွားတယ် မသိပါဘူး။ လက်ရွေးစင်ဆရာလေး သေ...တောမသွားခင် ကထိကဆရာမလေးတွေရှေ့ လမ်းလျှောက် တာ ရင်ဘတ်ကြီးကိုကော့လို့။

■

ကျုပ်တို့အဖွဲ့ ရွာရောက်ပြီး နောက်တစ်နေ့မနက်။ ရှေးဟောင်း ဘုန်းကြီးကျောင်းအောက်မှာ နှစ်ပေါင်းများစွာ အိပ်ပျော်ခဲ့တဲ့ ရေနဂါး ကြီး ရေနဂါးလေး ညီနောင်နှစ်ကောင် နိုးထလာခဲ့ရတော့တယ်။

ပြန်မလော့မြစ်တွင်းမှာ ဝင့်ကြွားထည်ဝါလှတဲ့ ရှေးဟောင်း ဆောင်းလှေကြီး နှစ်စီးနဲ့ တစ်ပွဲတိုး လက်ရွေးစင် ရှစ်ယောက်ရဲ့ ဆက်ပူတိုက်သံတွေဟာ တစ်ရွာလုံးကို အထိတ်တလန့် ဖြစ်သွား စေခဲ့တော့တယ်။

ပျပျလေး မြင်နေရတဲ့ တစ်ဖက်ကမ်းကို ရေနဂါးညီနောင် မနက်တစ်ခါ၊ ညနေတစ်ခါ ခေါက်တုန့်ခေါက်ပြန် အပြိုင်ကူးနေကြတော့တယ်။

သစ်ဆိပ်ကုန်းရွာနဲ့ အနီးအနားရွာက ကျွမ်းကျင်ပုဂ္ဂိုလ် လေးယောက် ရလိုက်တယ်။ လက်ဖျံကြီးကြီးနဲ့ မြစ်ထဲမှာ ပိုက်ချနေကြတဲ့ သူတွေ။ ဒါတောင် ကံကောင်းလို့။

ရှုံးအုပ်ကြီးနှမရဲ့သား၊ တူတော်မောင်၊ ပြန်မလော့မြစ် တစ်လျှောက်မှာ နာမည်ကြီးနေတဲ့ တူတော်မောင် မင်းဒင်ဆိုတဲ့ပုဂ္ဂိုလ်...။ ရှုံးအုပ်ကြီးအိမ်မှာ ကျုပ်နဲ့ နှစ်ခါလောက် ဆုံဖူးတယ်။ ဗလကောင်းကောင်း။ ခေါင်ကောင်းကောင်း။ အညာက သူ့အဒေါ်ကြီးတစ်ယောက် အိမ်ဆောက်တာ ကူညီဖို့ ပြီးခဲ့တဲ့အပတ်ကတည်းက ထွက်သွားလေရဲ့။ တစ်လလောက် ကြာမှာတဲ့။

ကျုပ်အတွက် ကံကောင်းတာတွေ၊ ဖြစ်ချိန်တန်လို့ ကြံဖန်ဖြစ်လာတာလေ။ ရှုံးအုပ်ကြီး ဆိုတာ တောက်တခေါက်ခေါက်နဲ့ ဝို့လခွေး ဆိုတာက ပါသေးတယ်။ သူ့ဆီ ဝင်မလာရကောင်းလား ဆိုပြီး ဒေါပွနေတာလေ။ သူ့နှမကို စာရေးပြီး အမြန်ပြန်ခေါ်ဖို့ မှာတော့ ကျုပ် မနေသာ၊ ဝင်ပြောမိတယ်။

"ရှုံးအုပ်ကြီးရယ်...ဟိုက ဗိန်းမသားဆိုတော့ အိမ်ကိစ္စ အားကိုးတကြီးနဲ့ ခေါ်တဲ့ဟာ မပြီးတဲ့နဲ့ ပစ်ထားပြီး ပြန်လာလို့ ဘယ်သင့်တော်...တော်..."



ကျုပ် ထစ်ထစ်ငေါ့ငေါ့နဲ့ ရပ်လိုက်ရတယ်။ ရှုံးအုပ်ကြီး ကျုပ်ကို ဘုကြည့်ကြည့်နေတာ ကြောက်စရာကြီး။

ဒါလေးပြောတဲ့ဟာကို...။

■

ကျုပ် ခုချိန်ထိ ကံကောင်းနေပေမယ့် ပြန်ဖို့ နောက်နှစ်ပတ် ကျန်သေးတယ်။ တစ်နေ့တစ်နေ့ နောက်ထပ် လူပေါ်မှာစိုးလို့ ကျုပ်မှာ ရင်တထိတ်ထိတ်နဲ့။ ရှုံးအုပ်ကြီးရယ်၊ လက်ရွေးစင်ထဲမှာပါတဲ့ တရေးကြီး ကိုအေးမြင့်ရယ်၊ ကျုပ်ရယ်၊ ဟိုအိမ်က ထမင်းခေါ်ကွေး။ ဒီအိမ်က ရေနွေးကြမ်းခေါ်တိုက်၊ သွားရင်း စားရင်းသောက်ရင်း လှေလှော်မယ့်သူ စုံးစမ်းနေတာဆိုတော့...။

ကျုပ်မှာ စားကောင်းခြင်းလည်း မစားရ သောက်ကောင်းခြင်းလည်း မသောက်ရ။ သူတို့ ပြောစကား နားစွင့်ရင်း ရွှေစိတ်တော် ညှိုးနွမ်းပူပင်ခဲ့ရတော့တယ်။

လှေလှော်ကောင်းပြီး လိုက်ချင်တဲ့သူတွေ တွေ့တယ်။ ဒါပေမယ့် တစ်လ ကိုးသီတင်း အလုပ်ပစ်ပြီး လိုက်ဖို့ဆိုတာ သူတို့အတွက် အတော်အခက်အခဲဖြစ်နေကြရတယ်။

"အေးလေ...ရှုံးအုပ်ကြီးကလည်း။ သူတို့ခမျာ အလုပ်ပစ်သွားရမှာ ဆိုတော့ လူစားရှိရင် တော်သေး။ ဗိန်းမသားတွေ မြစ်ထဲချောင်းထဲ ဆင်းလို့လည်း ဘယ်သင့်တော်ပါ့မလဲ၊ လူစားထိုးလို့ မရဘူးလားဟင်"

ဝိုင်းကူပြောသလိုလိုနဲ့ လူစားထိုးမရတဲ့ သူတို့အခက်အခဲကို ကြီးအောင် ဝင်ဖွပေးခဲ့တော့တယ်။ ပထမတော့ ရုံးအုပ်ကြီး မသိသေးဘူး။ နောက် အထာပေါက်သွားပြီး ကျုပ်ကို မျက်ထောင့်နီကြီးနဲ့ ကြည့်ပြီး "ငါ စကားပြောနေရင် မင်း ဘာမှဝင်မပြောနဲ့ ပါးစပ်ပိတ်ထား"လို့ ဟောက်တော့တယ်။

နောက်ပိုင်း ကျုပ်ကိုတောင် မခေါ်တော့ဘူး။ ကိုအေးမြင့်နဲ့ပဲ သွားတော့တယ်။

ဘာမှန်းလဲ မသိဘူး။ ခွဲခြားခွဲခြားနဲ့။ ကိုအေးမြင့် ဆိုတာက လည်း ကျုပ်ကို ခင်တဲ့သူမို့၊ ကောင်းတဲ့သူမို့ ပါစေချင်တယ်လေ။ အဲဒါနဲ့ ကိုအေးမြင့်ကို ကျုပ်အစား မသိမသာ ဝင်ဖျက်ပေးဖို့ မှာထားလိုက်မိတယ်။

ညပိုင်း ရုံးအုပ်ကြီး မျက်နှာမသာမယာနဲ့ ပြန်လာတာ တစ်ပတ် ရှိပြီ။ သူ့ကြည့်ကြည့်ပြီး ကျုပ် ညတိုင်း သနားနေရတယ်။ ကိုယ့်ကိုယ်ကိုယ် စိတ်ဆင်းရဲအောင် လုပ်နေတာ။ ကျောင်း လက်ရွေးစင် ရှစ်ယောက်၊ ရွာက လေးယောက်၊ ဆယ့်နှစ်ယောက် ရှိပြီပဲဟာ။ ကျေနပ်ရောပေါ့။ နောက်တစ်ပတ်ပဲ ပြန်ကြတော့မယ့်ဟာ။

ရိုးရာလှေပြိုင်ပွဲမှာ ကမ္ဘာ့စံချိန်ချိုးဖို့ ရည်မှန်းထားလေရော့သလား မသိ။ နောက်ပိုင်း သူ လိုက်ခေါ်တဲ့လူတွေ ကြည့်ရတာ သူလို ငါလိုပါပဲ။ အရင်လေးယောက်လို ထူးထူးခြားခြား လှော်နိုင်မယ့်ပုံလည်း မရှိပါဘူး။



အရင်လေးယောက် ထူးထူးခြားခြား လှော်နိုင်တယ် ဆိုပေမယ့် ကျုပ်တို့လည်း သူတို့နဲ့အပြိုင် တစ်တက်ဆိုတစ်တက်၊ တစ်လက်ဆို တစ်လက် အပြိုင် လှော်နိုင်ခဲ့ကြတာပဲဟာ။ အဲ...ဖိန့်ဖိန့်လေး ဟန်ပြလှော်တာနဲ့ လှေပြေးအောင် အားထည့်လှော်နိုင်တာ ဒီလောက်တော့ ရှိမှာပေါ့နော်။ ကျုပ်တို့က တစ်ပွဲထိုးဟာကိုး။

ဒါကို ကျုပ်တို့ ကိုယ်စောင့်နတ်ပဲ သိမှာပေါ့။ ရုံးအုပ်ကြီးကိုတော့ ပြောမယ် မထင်ဘူးလေ။

တက်တူလက်တူတွေ ရနေပြီပဲဟာ။ သူမို့ စိတ်ဆင်းရဲခံ ရှာနေရတယ်။ ကျုပ်မှာ သူပြန်အလာကြည့်ကြည့်ပြီး စိတ်မကောင်းတဲ့ မျက်နှာပေးလေး လုပ်လုပ်ပြနေရတာ အတော်ပင်ပန်းလှပြီ။

ရင်ထဲမှာတော့ ဗီတီတွေပြာလို့။ နောက်တစ်ပတ်ပဲ ကျန်တော့တယ်။ တစ်ပတ်အတွင်းမှ မရရင်တော့...။

■

နောက်တစ်နေ့ည ရုံးအုပ်ကြီး ပြန်လာတော့ မျက်နှာဟာ ပြုံးလို့ ပျော်လို့။ ကျုပ် ရင်ထိတ်ခဲ့ရတယ်။ လူရလာပြီ ထင်။

ထင်တဲ့အတိုင်းပါပဲ။ ပန်းတုံးကွင်းရွာက တစ်ယောက် ရလာခဲ့တယ်။ အောင်ပွဲခံ နှုတ်ဆက်ပွဲ၊ ဝမ်းသာတဲ့ အထိမ်းအမှတ်တွေနဲ့ ညနေခင် ဇရပ်ကြီးခေါင်းရင်းက စေတီလေးကို ထုံးသင်္ကန်းကပ်မယ်တဲ့။ အားလုံး ဝိုင်းကူညီဖို့ ညဘက် ကြက်သားနဲ့ ခုနစ်ထမင်း ကျွေးမယ် ဆိုတာတွေ ဝမ်းသာအားရ အာဘောင်အာရင်း သန်သန်နဲ့

မိန့်တော်မူတယ်လေ။

ဟင်း...

ရုံးအုပ်ကြီးရဲ့ မျက်နှာပေါ်က ခံစားချက်ဟာ ကျုပ်ရင်ထဲက ခံစားချက်နဲ့ ပြောင်းပြန်အချိုးကျသကိုး။ မပီပြင်တဲ့ မျက်နှာပေါ်က အပြုံးတုနဲ့ ရင်ထဲမှာတော့ သောကမီးတွေ တောက်လောင်ခဲ့တော့တယ်။

ကျုပ် မျှော်မှန်းခဲ့တဲ့ ရွှေရောင်အိပ်မက် ပြိုတော့မယ်ထင်။ ကျောင်း လက်ရွေးစင် ရှစ်ယောက်ထဲက ကျုပ်ဟာ ထွက်နိုင်ခြေ အရှိဆုံးဆိုတာ အားလုံးရဲ့ ကရုဏာအကြည့်တွေက ပြောနေလေရဲ့။

အင်း...ဒီတစ်ခါလည်း ထိပ်ဆုံးကပါလား။

သိက္ခာရှိရှိနဲ့ သူမထုတ်ခင် ထွက်ရကောင်းမလား။ ကျောင်းက လူတွေ၊ အထူးသဖြင့် လက်ထောက်ကထိက ဆရာမလေးတွေကို ဘယ်လို မျက်နှာပြနိုင်ပြရပါ့။ လိုက်ခဲ့မိတာ မှားပြီထင်ရဲ့။

အတွေးပေါင်းစုံနဲ့ အိပ်မရ လူးလိမ့်နေရတဲ့အထဲ မျက်နှာကျက်ပေါ်က ခြေသံတွေ ကြားနေရတယ်။ အရင်ကတော့ လမ်းလျှောက်တယ်၊ ခုန်ချတယ် ပြောသံတွေ ကြားရုံနဲ့ ကြက်သီးထခဲ့ရတယ်။ ဒီညတော့ ခုန်ချရင်လည်း ကျုပ်အပေါ် တည့်တည့်သာ ခုန်ချလိုက်ပါတော့လို့ တောင့်တမိတော့တယ်။

မိုးလင်းတော့ ကိုအေးမြင့်နဲ့ အကြော်ဆိုင် ထွက်ခဲ့မိတယ်။



အကြော်ဆိုင် ရောက်တော့ တစ်ညလုံး လွမ်းခဲ့ရတာတွေ ကယ်တင်မယ့် ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့လိုက်ရတော့တယ်။

ရွာက လက်ရွေးစင် ကိုအောင်ရ ဆိုတဲ့သူ။ ကိုအေးမြင့်ကို တလေးတစ်စောင် ထုတ်ပြပြီး ပဲခူးက သူ့ညီ မင်္ဂလာဆောင်မှာမို့ ဖြစ်မနေ သွားရမှာမို့ လော့ပြိုင်ပွဲ မပြီးခင် ပဲခူး သွားလို့ရမလား သာမေးတယ်။ မင်္ဂလာဆောင်မယ့် ရက်ကလည်း လော့ပြိုင်ပွဲ ရက်ထဲမှာ...။

ကိုအေးမြင့်က "ဟာ...ဘယ်ရမလဲ၊ တစ်ဝက်တစ်ပျက်နဲ့ မြန်သွား။ ကျွန်တော်တို့ ဗိုင်နယ်အထိ ရောက်သွား။ ဘယ်လိုလုပ်မလဲ။ အားလုံး ဒုက္ခရောက်ကုန်မယ်၊ မလိုက်နိုင်ရင်လည်း ခုကတည်းက ရုံးအုပ်ကြီး သွားပြောပြီး နေခဲ့ပေတော့" လို့ ပြောလိုက်လေရဲ့။

"အေးဗျာ...ကျွန်တော်လည်း မသွားမဖြစ်မို့ပါ၊ ကိစ္စကလည်း ရှမ်းစားကြီး ဖြစ်လာတာဆိုတော့..."

ဒီကိစ္စ ကျုပ် ဘာမှ ဝင်မပြောဘူးနော်။ ဟင်းဟင်း...လူက လာ သူ့ကုသိုလ်နဲ့သူလာတာ။ ဖြစ်ချိန်တန် ဘယ်လိုမှ တားမရဘူး။ ဖြစ်ကိုလာတာ။

ရုံးအုပ်ကြီးကိုတော့ သနားမိတယ်ဗျာ။ သူ့ခမျာ မနေ့ညကမှ ကောင်းကောင်းအိပ်ရရှာတာ။ ကိုအောင်ရ မလိုက်ဖြစ်တဲ့အကြောင်း သိသွားရင် ခံစားရပေဦးမယ်။ ပြန်ဖို့ရက်ကလည်း တစ်ပတ်တောင် ရှိတော့။ ကြားထဲ နောက်တစ်ယောက်ရဖို့ ဆိုတာ...

တော်တော်ဆိုးတဲ့ ကိုအောင်ရ။

ကျန်တဲ့ရက်လေးမှာ ရုံးအုပ်ကြီး နားစွင့်ရှာသေးတယ်။ ကျုပ်မှာ ရင်တထိတ်ထိတ်နဲ့။ ကျုပ်ကို အားနာလို့ထင်၊ တစ်ယောက်မှ ပေါ်မလာတော့ဘူး။ ကောင်းလေစွ...။

ရွှေးပဟောင်း ကျောင်းကြီးရဲ့ အောက်မှာ ပြန်လည် အိပ်စက်ရတော့မယ့် ရေနဂါး ညီနောင်နဲ့ ရုံးအုပ်ကြီး သက်ပြင်းချသံတွေ ပြန်မလော့မြစ်တစ်ဝိုက်မှာကြားနေရတော့တယ်။ မနက်ဖြန် ထုံးသင်္ကန်းကပ်၊ ညဘက်နွှတ်ဆက်ပွဲလုပ်၊ သန်ဘက်ခါ ပြန်ကြတော့မယ်။

ဟင်းဟင်း...ကျုပ်ရဲ့ ရွှေရောင်အိပ်မက် တောက်ပခဲ့ရလေပြီ။

ပြန်မလော့မြစ်ထဲက ရယူခဲ့တဲ့ အားတွေနဲ့ ကန်တော်ကြီး ရေပြင်ထက် ရန်ကုန်သူ အချောအလှလေးတွေ ရှေ့မှာ အစွမ်းပြရတော့မယ်။ သစ်ဆိပ်ကုန်းရွာရဲ့ အေးမြတဲ့ အရိပ်အောက်က ခုံညားထည်ဝါလှတဲ့ ရန်ကုန် ရွှေမြို့တော်ကြီးဆီ ခိုလှုံရပေတော့မယ်။

အင်း...ဖြစ်ချိန်တန်လို့ ထူးထူးခြားခြား ဖြစ်ခဲ့ရပြီ။ ကြိုက်ကြိုနိုက် ရွှေတိဂုံ စေတီတော်ကြီးဆီ ညတိုင်းသွား၊ အဓိဋ္ဌာန်ဝင်တရားထိုင်၊ ကောင်းမှုကုသိုလ်တွေ ပွားများရပေတော့မယ်။

■

"ဟေ့ကောင်...မိုးညို၊ မင်းညီမ နေကောင်းလားဟေ့"

"မကောင်းဘူးဟ၊ ဝမ်းတွေသွားနေလို့ အိပ်ရာထဲလဲနေတယ်"

"ဟာ...အရူး၊ လဒကောင်...ဟားဟားဟား"



မြို့က ပြန်ဆင်းလာတဲ့ စက်လှေ တစ်စင်း ဖြတ်အသွား။ စက်လှေသမားတွေရဲ့ နောက်ပြောင် ရယ်မောသံတွေကြောင့် ကျုပ်အတွေးတွေ ပြတ်တောက်သွားတော့တယ်။

ရုံးအုပ်ကြီးနဲ့ ရွာက လှေလှော်လက်ရွေးစင်တွေ အထဲမှာ စကားပြောနေတာ တွေ့ရတယ်။ စောကင်း၊ ရွှေဘော်၊ ဝင်းနိုင်ဦး၊ ကိုအောင်မြင့်တို့က စက်လှေရဲ့ဦးပိုင်းမှာ လေပန်းနေပြီ။ ကိုလှစိုးနဲ့ ဘစ်တာကတော့ အထဲမှာ ငိုက်နေလေရဲ့။

ကိုအေးမြင့်နဲ့ ကျုပ်ကတော့ နောက်ပိုင်း ပဲ့ထောင်မောင်းသူရဲ့ ရှေ့မှာ။ အနယ်နယ်အရပ်ရပ်က ရောက်လာကြတဲ့သူတွေ ကျောင်းမှာ လာဆုံကြတယ်။ ခရီးတစ်ခု၊ ပန်းတိုင်တစ်ခုကို အတူသွားမယ့် ခရီးသွားဖော်တွေ ဖြစ်ခဲ့ကြတယ်။ တစ်လှေတည်း စီးခဲ့ကြရတယ်။

မနက်ဖြန် ရွှေမြို့တော်ကြီးဆီ ခရီးဆက်ကြရပေဦးမယ်။

ကျောင်းရဲ့ဂုဏ်သိက္ခာ၊ ဦးစီးဌာန ဂုဏ်သိက္ခာအတွက် ကျုပ်တို့ရဲ့ လက်များနဲ့...

ကျုပ်ရဲ့လက်နဲ့...

"ဟေ့...ကျွဲပေါက်၊ ပြန်ဆင်းလာတာ နောက်ကျလှချည်လား"

"အေးကွာ...ချောင်းကျဉ်းထဲမှာ ပန်ကာငြိတ်ကျလို့ဟေ့"

ချောင်းကျဉ်းလေးထဲက မြစ်မကြီးထဲ ဝိုက်ပြီး ထွက်လာတဲ့ ဗေဒါထောင် တစ်စီး။ မောင်းနေတဲ့ ကျွဲပေါက်ဆိုတဲ့ ပုဂ္ဂိုလ်ကို ကျုပ်ကြည့်လိုက်မိတယ်။

အသားမဲမဲ၊ ဂင်တိုတို၊ ဗလကောင်းကောင်း၊ တကယ့် ကွဲ့ပေါက် တစ်ကောင် ဟန်။ ပန်ကာဘတ်ကို ကျွမ်းကျင်စွာ ကိုင်ရင်း ဖြတ်မောင်းသွားတာ တွေ့လိုက်ရတယ်။

ကွဲ့ပေါက်ရှေ့မှာ ထိုင်နေတဲ့သူတစ်ယောက်ကို ကျုပ် တွေ့လိုက်ရတယ်။

"ဟင်..."

■

"ဟေး..."

ကျုပ်တို့ စက်လှေပေါ်က ထွက်လာတဲ့ 'ဟေး'အသံကြီးဟာ ပြန်မလော့မြစ်တွင်းမှာ မိုးခြိမ်းသံလို ကျယ်လောင်စွာ ကြားလိုက်ရတော့တယ်။

ပန်းဝင်လာတဲ့ ကျုပ်တို့ရဲ့လှေကို တခဲနက် အားပေးလိုက်တဲ့ အောင်ပွဲသံလို့ ထင်မှတ်လိုက်မိတယ်။

ဝမ်းသာအားရ အော်ဟစ်သံတွေ၊ လက်ခုပ်သံတွေ၊ လက်ခေါက်မှုတ်သံတွေနဲ့အတူ...

"ဟေး...မင်းဒင်..."

"ဟော့ကောင်...မင်းဒင်"

"စက်လှေပြန်ကွေ့...ပြန်ကွေ့"

"ဟိုစက်လှေပေါ်မှာ မင်းဒင် ပါသွားတယ်ဟေ့"ဆိုတဲ့ အသံတွေဟာ ပြန်မလော့မြစ်တွင်း ပေါက်ကွဲ ဆူညံသွားတော့တယ်။



ဝမ်းသာပျော်ရွှင်နေကြတဲ့ သူတို့ကို ကြည့်ရင်း ကျုပ်ရင်ထဲ နင့်ခနဲ ဖြစ်သွားရတယ်။ မြစ်ရေကို ကပျာကယာ လက်ခုပ်နဲ့ လှမ်းယူလိုက်ပြီး မျက်နှာပေါ် ပက်ဖျန်းလိုက်မိတယ်။

ခေါင်းပြန်အမော့ အံ့ဩတကြီး ကြည့်နေတဲ့ ကိုအေးမြင့်နဲ့ အကြည့်ချင်း တစ်ချက် ဆုံလိုက်မိတယ်။ ကျုပ် ပြုံးပြလိုက်မိတယ် ထင်ရဲ့။

ပခုံးကို လက်နှစ်ဖက်နဲ့ ဖျစ်ညှစ်လိုက်တဲ့အသိ ခံစားလိုက်ရတယ်။

ကျုပ်နဲ့ထိုက်တန်တဲ့ အကောင်းဆုံးဆုပါလား။

ဟင်း...အစ,ကတည်းက ကျုပ် သိနားလည်ခဲ့ပါတယ်။

ကျုပ်ရဲ့လက်ဟာ...

ပန်းဝင်လက် မဟုတ်ဘူးဆိုတာ...။ ။

■ ■ ■

(ချယ်ရီ,MAR.2004)


ဝရအဝေါ်မှန်ဖြစ်စေသား

## ထာဝရအာဖော်မှုန်ဖြစ်စေသား

အကျင့်တစ်ခုပဲ ဖြစ်မယ်ထင်။

ကျုပ် အိပ်ရာနိုးလာလို့ အိပ်ရာဘေးကနာရီကို ကြည့်လိုက်တော့ ငါးနာရီထိုးတော့မယ်။ အသာအယာထရင်း ကျုပ်ရဲ့စောင်ကို အမယ်ကြီးပေါ် လွှမ်းခြုံပေးလိုက်မိတယ်။ မျက်နှာသစ်ပြီး ညက အမယ်ကြီး ပစ္စည်းတွေ ထည့်ပေးထားတဲ့အိတ် အသာလွယ်၊ အိမ်အပြင်ကို တိုးတိုးတိတ်တိတ် ခြေဖွနင်း ထွက်ခဲ့တော့တယ်။

အမယ်ကြီး မနိုးအောင် တံခါးကို ဖြည်းဖြည်းဆွဲပိတ်လိုက်ပြီး အေးစိမ့်နေတဲ့ အပြင်ဘက်ကို ထွက်လိုက်မိတယ်။ နောက် နိုဂိုဒိုးယာမဘက် မျက်နှာမူ၊ လက်အုပ်ချီပြီး တောစောင့်တောင်စောင့် နတ်တွေကို တောင်းပန်လိုက်တော့တယ်။

ကျုပ်အတွက် ဒီနေ့မှ ပြေးလွှားနေတဲ့ ပိုက်ဆံကောင် တစ်ကောင် မရရင် အတော်စိတ်မကောင်းဖြစ်ရတော့မယ်။ ကျုပ်ဟာ အားကိုးရတဲ့ လင်ယောကျ်ားအဖြစ် အမြဲ ရပ်တည်နေချင်တယ်။ အမယ်ကြီး ပျော်ရွှင်စိတ်ချမ်းသာတာကို အမြဲမြင်နေချင်မိပါတယ်။

ဟင်း...

သက်ပြင်း အသာချရင်း အိမ်ရှေ့တံခါးနားမှာ ထောင်ထားတဲ့ သစ်သားချောင်းတစ်ချောင်းယူပြီး တောထဲဝင်ခဲ့တော့တယ်။

လေးဂဏန်းစာလုံးရဲ့ အသံထွက်ဟာ သေခြင်းဆိုတဲ့ အသံနဲ့ တူနေတယ်။ အဲဒါကြောင့် ကျုပ်တို့ ဂျပန်လူမျိုးတွေ လေးဂဏန်းကို ကြောက်ကြတယ်၊ ရှောင်ကြတယ်။ အိမ်၊ အဆောက်အအုံ၊ ခုံနံပါတ်၊ ကျောနံပါတ်၊ အထူးသဖြင့် ဆေးရုံ ခုတင်တွေမှာ လေးဂဏန်းကို ကျော်သုံးကြတယ်။ ခုတင်နံပါတ် သုံးပြီးရင် ငါး။ ဒီလို။

ခု ကျုပ် တောထဲကို ထောင်ထားတဲ့ သုတ်ကိုင်းဆီသွားရတာ လေးကြိမ်မြောက်ဆိုတော့ ရင်ထဲလေးနေမိတယ်။

ကျုပ် မျှော်လင့်သလို ဖြစ်မလာရင်တော့...

လက်နှိပ်ဓာတ်မီးအရောင်ကိုအားကိုး၊ သစ်သားချောင်းကို အဖော်ပြုပြီး လေးလံနှေးကွေးတဲ့ ခြေလှမ်းတွေနဲ့ တောထဲဝင်ခဲ့တော့တယ်။

■

ကျုပ်တို့မှာ တီဗီမရှိဘူး၊ ရေခဲသေတ္တာမရှိဘူး၊ တယ်လီဖုန်း မသုံးဘူး၊ ရေဒီယိုတစ်လုံးတော့ ရှိတယ်။

နောက် ပိုက်ဆံလည်း မရှိဘူး။ မြေရှိတယ်။ လယ်ကွက်လေး ရှိတယ်။ အိမ်ဘေးမှာ မြစ်ရှိတယ်။

ကျုပ် အလုပ်လုပ်နိုင်သေးတယ်။ ပိုက်ဆံလိုရင် တောထဲမှာ ပြေးလွှားနေတဲ့ ပိုက်ဆံကောင်တွေ ရှိတယ်။ ဆောင်းဦးပေါက် စပါး



တွေ ရိတ်သိမ်းခါနီး အချိန်ထိ ဒီကောင်တွေ ကျုပ်လယ်ကွက်ဆီ လာပြီး စပါးတွေစားကြတယ်။

စားပစေပေါ့။ သင်းတို့က စပါးစိုက်မှ မစိုက်နိုင်တာ။ ကျုပ်နဲ့ အမယ်ကြီးအတွက် တစ်ဝက်လောက်ကျန်ရင် တော်ပါပြီ။ ကျုပ်တို့ တစ်ဝက်၊ သင်းတို့တစ်ဝက်ပေါ့။

ကျုပ်မှာ ငွေလိုတဲ့အခါ၊ ရွာမှာ အလှူပွဲတော်ရှိလို့ မှာတဲ့အခါမျိုး ဆိုရင်တော့ သင်းတို့ဆီက ကျုပ် ပြန်ယူရတယ်။

စပါးစေ့တွေ ထွက်လာပြီဆို သင်းတို့လည်း တောထဲကထွက်လာပြီး ကျုပ်လယ်ကွက်ဆီ ရောက်လာကြတယ်။ အဲဒီအချိန် ကျုပ် အသုံးလိုရင် သင်းတို့ကို အသာစောင့်ပြီး ပစ်ရုံပဲ။ သက်သာတယ် ဆိုပါတော့။

စပါးတွေရိတ်သိမ်းပြီးချိန် ဆိုရင်တော့ ဒီကောင်တွေ တောထဲ ပြန်ဝင်သွားကြပြီ။ ကျုပ်မှ အမြဲကျွေးမထားနိုင်ဘဲကိုး။ အဲဒီအချိန် အသုံးလိုရင်တော့ ကျုပ် သူတို့နောက် လိုက်ရပြီ။ ငယ်တဲ့အချိန် ဒန်သန်မာမာတုန်းကတော့ သင်းတို့နောက် သေနတ်တစ်လက်နဲ့ လိုက်တာ တောရထား မဆိုက်ခင် အမြဲအိမ်ပြန်ရောက်တယ်ဆို။

ခုတော့ အသက်ကကြီးလာတော့ စိတ်သွားတိုင်း ကိုယ်မပါ ဖြစ်ခဲ့ရလေရဲ့။ သင်းတို့ ဘယ်ရာသီ၊ ဘယ်အချိန်၊ ဘယ်နေရာမှာ နေတယ်ဆိုတာ သိပေမယ့် ဝေးတဲ့နေရာ၊ ညအိပ်ရမယ့် နေရာမျိုးဆို ကျုပ် မလိုက်နိုင်တော့ဘူး။

ကျုပ် မစောင့်နိုင်, မလိုက်နိုင်တော့ ဘာလုပ်ရလဲဆိုတော့ သုတ်ကိုင်းထောင်ထားခဲ့ပြီး ပြန်လာရတယ်။ စောင့်ပစ်တာထောင် ရဖို့ သေချာတာမှ မဟုတ်တာ။ သုတ်ကိုင်းထောင်တာဆိုတော့ မို မသေချာဘူးပေါ့ဗျာ။

ကျုပ် ငွေလိုလို့ ပြီးခဲ့တဲ့တစ်ပတ်လောက်ကတည်းက သုတ်ကိုင်း ထောင်ထားခဲ့ပြီး တစ်နေ့ခြား သွားကြည့်တာ။ ရှေ့သုံးခေါက် သွားတုန်းက တစ်ကောင်မှမမိဘူး။ မရခဲ့ဘူး။

အရင် ငွေလိုတုန်းက၊ သူများမှာတုန်းက ရတာ, မရတာ မိတာ,မမိတာ ကျုပ်စိတ်ထဲ ထူးထူးခြားခြား မခံစားခဲ့ရပါဘူး။

ဒီတစ်ခါတော့ ကျုပ် အတော်စိုးရိမ်မိတယ်။ စိတ်အလှုပ်ရှား ဆုံးလည်း ဖြစ်ခဲ့ရတော့တယ်။

ကျုပ် တစ်ကောင်လောက် ရမှဖြစ်မယ်။ ကျုပ် ငွေနည်းနည်း လိုချင်တယ်။ ကျုပ်ဘဝမှာ ငွေကို ဒီတစ်ခါပဲ အရေးတကြီး တောင့် တောင့်တတ လိုချင်မိခဲ့တာပါဗျာ။

■

သုတ်ကိုင်းထောင်ထားတဲ့နေရာ မရောက်ခင် ခရီးတစ်ဝက် ကျော်လောက်မှာ ကျုပ် သစ်ပင်ကြီးတစ်ပင်ရဲ့ အမြစ်ကိုမှီပြီး နား လိုက်မိတယ်။

အမယ်ကြီး ထည့်ပေးလိုက်တဲ့ အိုးနင်းဂနီ ထမင်းလုံးတစ်လုံး ငါးခြောက်ကင်ကို စားလိုက်ပြီး ရေနွေးကြမ်းတစ်ဝ မော့သောက်



လိုက်တယ်။ အိတ်ထဲက ဆေးတံထုတ်ပြီး မီးညှိ၊ အားရပါးရဖွာရှိုက် လိုက်တော့တယ်။

အင်း...ဒီဆေးတံ ကျုပ်သားကြီး ပေးတဲ့ လက်ဆောင်လေ။ ဘောလုံးကန်ကောင်းတဲ့ ကျုပ်တို့သားကြီး အတောင်စုံလို့ ပျံသွားတာ လေ။ ဘရာဇီးလ်မှာ ဘောလုံးသွားသင်မယ်ဆိုပြီး ထွက်သွားတာ ကြာလှမှပေါ့။ နောက် ဘရာဇီးလ်သူနဲ့ ရပြီး ဟိုမှာပဲ နေနေတာ။ ထွက်သွားပြီးကတည်းက ကျုပ်တို့ဆီ နှစ်ခေါက်လာ။ သုံးခေါက်လား မသိဘူး၊ ပြန်လာတယ်။

နောက်ဆုံးအခေါက် ပြန်လာတော့ သားတစ်ယောက်၊ သမီး လေး တစ်ယောက်တောင် ပါလာသေး။ အမယ်ကြီးလေ...သူ့မြေး လေးတွေကို ချစ်လိုက်တာ မပြောပါနဲ့တော့။ ပြန်သွားတော့ မျက် ရည် စက်လက်နဲ့ တစ်ပတ်လောက် အတော်ခံစားလိုက်ရရှာတယ်။ ကျုပ် မနည်းပြောယူရတယ်။ သံယောဇဉ်ကြီးတာ ပြောပါတယ်။

ခုချိန်ထိ ညနေတိုင်း တောရထားလာချိန်ဆို အိမ်ရှေ့ထွက်၊ ဘိုင်စောင့်,စောင့်နေတာ ကြည့်တော့၊ ကျုပ်မှာ အမယ်ကြီးကို ဒုက္ခ ပေးသွားတဲ့ ဒီကောင့်ကိုပဲ စိတ်ဆိုးနေမိတော့တယ်။ တည်ငြိမ်နေ တဲ့ အမယ်ကြီးရဲ့စိတ်ကို ဂယက်ရိုက်အောင် လာလာလုပ်နေတာ လေ။

ကျွန်းတွေ၊ တောရွာတွေက ကျုပ်တို့သားသမီးတွေ အတောင် စုံလို့ ပျံသွားတဲ့သူနဲ့၊ အတောင်မစုံခင် ပျံသွားတဲ့သူနဲ့၊ ထွက်သွား

ကြတာ။ မိဘတွေခမျာ အိမ်အိုအိမ်ပျက်၊ ကျောင်းအိုကျောင်းပျက်ကြီးတွေလို တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ကျန်ရစ်ခဲ့ရရှာတော့တယ်။

အတောင်မစုံသေးခင် ပျံသွားတာက သမီးအငယ်မ။ တိုကျိုမြို့ကြီးမှာ ကျောင်းသွားတက်မယ်ဆိုပြီး ထွက်သွားတာ။ အသက်ဘယ်လောက်ရှိဦးမှာလဲ။ ဆယ့်ငါးနှစ်တောင် မပြည့်တတ်သေးဘူး။ အမယ်ကြီးခမျာ အတော်ထိခိုက်ခံစားခဲ့ရတယ်။

သားအကြီးကောင် ထွက်သွားပြီးကတည်းက ကျုပ် သမီးငယ်ကို နားလည်အောင် ပြောပြတယ်။ မိဘတွေကို ပစ်ပြီး ထွက်မသွားဖို့၊ အမေကြီးကို သနားဖို့။ မရပါဘူး။ ကျုပ် လေကုန်ခံ ပြောမိတာတောင် နောင်တရနေမိတယ်။ အမယ်ကြီးကိုလည်း သတိပေးခဲ့ပါတယ်။ ခုခေတ် လူငယ်တွေက တောရွာတွေမှာနေချင်ကြတာ မဟုတ်ဘူး။ သမီးငယ်လည်း တစ်နေ့ ထွက်သွားဦးမှာပဲ၊ အဲဒီအချိန်ကျရင် အမယ်ကြီး စိတ်မကောင်း ဖြစ်မနေနဲ့လို့။

အမယ်ကြီးလည်း သိနားလည်ပါတယ်။ ဒါပေမယ့် ဒီလောက် စောစောထွက်သွားမယ်လို့ ဘယ်ထင်မိမှာလဲ။ အင်း...ခုခေတ် သားသမီးတွေ မိဘ ရှိတယ်လို့တောင် သဘောမထားကြတော့ပါလား။

သမီးငယ်ကတော့ မကြာခဏ ပြန်လာတတ်ပါတယ်။ တိုကျိုမြို့ကြီးမှာ အလုပ်လုပ်ရင်း ကျောင်းတက်တယ်။ နောက် ကျောင်းမတက်တော့ဘဲ အလုပ်လုပ်တယ်။ နောက်တစ်ခေါက် ရောက်လာတော့ အိမ်မှာ တော်တော်ကြာသွားတယ်။ အိမ်မှာ ပြန်နားတာတဲ့။



ကောင်လေးနဲ့က ယူမှာ။ ခု ငယ်သေးလို့ မယူကြသေးတာတဲ့။ ဘာတွေမှန်းလဲ မသိတော့ပါဘူး။ အမယ်ကြီးနဲ့ ပြောနေကြတာ။ ကျုပ်မှာ မသိချင်လည်း ကြားနေရတော့တယ်။ စိတ်ထဲ ဘဝင် ဘယ်ကျပါ့မလဲ။

အမယ်ကြီးကတော့ သားသမီးတွေ ပြန်လာရင်ပဲ ဝမ်းသာနေတဲ့သူဆိုတော့ ဘယ်လိုအကြောင်းနဲ့ပဲ ပြန်လာပြန်လာ ကျေနပ်နေတော့တာပဲ။ သမီး ပြန်လာတဲ့အခိုက် အမယ်ကြီး ဝမ်းသာပျော်ရွှင်နေတာကိုပဲ ကြည့်ပြီး ကျုပ်လည်း ဝမ်းသာနေရတော့တယ်။ သမီးငယ် ပြန်သွားတဲ့အခါ အမယ်ကြီး စိတ်မကောင်းဖြစ်ကျန်ခဲ့ရသလို ကျုပ်လည်း စိတ်မကောင်းဖြစ်ရတော့တယ်။ သမီး ပြန်သွားလို့တော့ မဟုတ်ပါဘူး။ အမယ်ကြီး စိတ်မကောင်းဖြစ်ကျန်ခဲ့ရတာ မြင်ရလို့ပါ။

■

အင်း...သင်းတို့အကြောင်း စဉ်းစားနေလို့ မပြီးသေးပါဘူး။ သွားမှ။ ဆေးတံမီးငြှိမ်းလိုက်ပြီး ရေနွေးကြမ်း တစ်ဝမော့သောက်။ နေ့ခရီးဆက်ခဲ့တော့တယ်။

သားသမီးကလည်း သားသမီး။ မိဘကလည်း မိဘ။ မိဘနဲ့ သားသမီးတွေ ကြားမှာ ချစ်တာ၊ ကြင်နာသနားတာတွေ၊ သံယောဇဉ်တွေ ဆိုတာ တဖြည်းဖြည်းနဲ့ လျော့ပါးပျောက်ဆုံးကုန်ကြပြီထင်။

ကြွေကျနေတဲ့ အနီ၊ အဝါ၊ နီညိုရောင် သစ်ရွက်တွေပေါ်က လျှောက်လာရင်း အမယ်ကြီးကို သတိရလိုက်တယ်။

အမယ်ကြီးမျာ သားသမီးတွေ၊ မြေးတွေနဲ့ စည်းစည်းလုံးလုံး ပျော်ပျော်ပါးပါး နေချင်မိမှာပဲ။ ကျုပ်မရှိတဲ့အချိန်ဆို တစ်ယောက်တည်း ဘယ်လိုနေမယ်မသိ။ အင်း...ခြံထဲ ဆင်းပြီး အာလူးတွေ တူးနေမလား။ ကျုပ် တောထဲက ပြန်လာတိုင်း ကျုပ်ကြိုက်တတ်တဲ့ ဟင်းတွေ ချက်ပြီး စောင့်နေတတ်တဲ့ အမယ်ကြီး။

ဟင်း...မနက်ဖြန်တော့ မြစ်ထဲဆင်း ငါးရှာရဦးမှာပဲ။ မနေ့က ကျုပ်အတွက် ငါးခြောက် ကင်ပေးရင်း "ငါးခြောက် ဒါအကုန်ပဲ ယောက်ျားရေ..." လို့ ပြောသံကြားလိုက်မိတယ်။

ကျုပ်တို့ရွာမှာ စားစရာသောက်စရာပစ္စည်း ရောင်းတဲ့ဆိုင်ကြီးကြီးက မရှိလေတော့ လိုချင်ရင် ချီနိုမြို့လေးမှာ သွားသွားဝယ်ကြရတယ်။

ဟာ...

ကျုပ် အလန့်တကြား အော်လိုက်မိတယ်။ ကုန်းလျှောလေး တစ်ခုက အဆင်း၊ သစ်ရွက်ခြောက်တွေပေါ်ကနေ လျှောခနဲ ကျသွားတာ သစ်ပင်တစ်ပင်နဲ့ ဝင်ဆောင့်မိပြီး ရပ်သွားလေရဲ့။

လက်မောင်းတစ်ဖက် အတော်နာသွားပါလား။ အင်း...နာနေလို့ မဖြစ်သေးဘူး။ နေ ခေါင်းပေါ်မရောက်ခင် သွားမှ။ ကျုပ် ကုန်းရုန်းထ၊ သစ်သားချောင်း ပြန်ကောက်ပြီး သတိနဲ့ လျှောက်ခဲ့မိတော့တယ်။

■



ပထမသုတ်ကိုင်း ထောင်ထားတဲ့ စမ်းချောင်းလေးတစ်ဝိုက်မှာ တိတ်ဆိတ်ငြိမ်သက်နေလေရဲ့။

အင်း...ဒီဘက်ကို မလာကြဘူးနဲ့တူတယ်။ ကျုပ် စိတ်ပျက်ပျက်နဲ့ သုတ်ကိုင်းရှိနေတဲ့ နေရာနား အသာ တိုးကပ်ကြည့်လိုက်တယ်။ နဂိုအတိုင်း ခြေရာလက်ရာမပျက် ရှိနေလေရဲ့။

သွားပြီ...ပထမသုတ်ကိုင်း။ စိတ်ပျက်ပျက်နဲ့ ဒုတိယ သုတ်ကိုင်းဆီ လျှောက်ခဲ့မိတယ်။ ဒီနေ့မှ တစ်ကောင်ကောင် မရရင်ဖြင့်၊ ကျုပ် ဆက်မတွေးချင်တော့။

ဒုတိယသုတ်ကိုင်း နေရာ တစ်ဝိုက်မှာလည်း တိတ်ဆိတ်ငြိမ်သက်နေလေရဲ့။ ကျုပ် နှာခေါင်းက အနံ့တစ်ခု ရလိုက်တယ်။ ကျုပ် ဝမ်းသာအားရ သုတ်ကိုင်းရှိတဲ့ နေရာဆီ သစ်ပင် ချုံနွယ်တွေကို ကွေ့ရှောင်ပြီး အပြေးအလွှား သွားကြည့်မိတယ်။

ကျုပ်အသံနဲ့ အနံ့ရလို့ထင်၊ သစ်ပင်တစ်ပင်ရဲ့ အကိုင်းတစ်ခု လှုပ်ခါသွားလေရဲ့။ မည်းမည်း အကောင်တစ်ကောင် သစ်ပင်မှာ ဖောက်ထိုးတွဲလောင်း။ ကျုပ်ကို မြင်တော့ လှုပ်လှုပ်ရှားရှားဖြစ်ပြီး အသံထွက်လာတယ်။ ဘယ်အချိန်ကတည်းက မိနေတာလဲတော့ မသိ။ သိပ်မရုန်းနိုင်၊ မအော်နိုင်တော့။

ကျုပ် အနားကပ်သွားပြီး လက်ထဲက သစ်သားချောင်းနဲ့ ခေါင်းကို ရိုက်ချပစ်လိုက်တယ်။ အသံတစ်ချက်ထွက်ပြီး ငြိမ်သွားလေရဲ့။ သေချာအောင် နောက်တစ်ချက် ထပ်ရိုက်ပစ်လိုက်တယ်။

ပြီးပြီ။ ပြေးလွှားနေတဲ့ ပိုက်ဆံကောင်။ နည်းတဲ့အကောင် မဟုတ်။

အိတ်ထဲက ဓားမြှောင်ထုတ်ပြီး ကြိုးကို ဖြတ်ချပစ်လိုက်တယ်။ ပြုတ်ကျလာတဲ့ ပိုက်ဆံကောင်ကို ပါလာတဲ့ ပလတ်စတစ်အိတ်ထဲ အရင်ထည့်လိုက်ပြီး ဖျင်အိတ်ထဲ ထပ်ထည့်လိုက်တယ်။ ဖျင်အိတ်ရဲ့ ရှုံ့ကြိုးကို စုဆွဲပြီး ချည်လိုက်တယ်။ ပြီးပြီ။ ပြန်ဖို့ပဲ။

စားစရာရှိရင် သင်းတို့က ကျုပ်ဆီလာတယ်။ မရှိတဲ့အချိန် မလာဘူး။ ကျုပ်လည်း ပိုက်ဆံလိုရင် သင်းတို့ဆီသွားတယ်။ မလိုတဲ့ အချိန် မသွားဘူး။

ဟင်းဟင်း...ကျုပ်ရဲ့ ငွေစုဘဏ်တွေ ဆိုပါတော့။ သစ်ရွက်ကြွေတွေပေါ် အားရပါးရ ထိုင်လိုက်ပြီး အမယ်ကြီး ပေးလိုက်တဲ့ ထမင်းဆုပ်နဲ့ ငါးခြောက်ကင်ကို စားလိုက်တယ်။ ဆေးတံထုတ်ဖွာရင်း အချိန်ကို တွက်လိုက်တယ်။

နေ ခေါင်းပေါ်ရောက်နေပြီဆိုတော့ ကျုပ်အတွက် သုံးနာရီလောက်တော့ အချိန်ရသေးတယ်။ ဒီတောထဲကနေ ကားလမ်းအထိ နာရီဝက်ကျော်ကျော်လောက်တော့ လျှောက်ရမယ်။ စိုက်ခင်းတွေဆီက ပြန်လာတဲ့ ကားကြုံနဲ့ ချိန်မြို့လေးကို နောက်ထပ် နာရီဝက်လောက် ဆိုတော့ နှစ်နာရီလောက် ကျန်သေးရဲ့။

ထမင်းစား။ ပစ္စည်းဝယ်၊ ဘာပဲဖြစ်ဖြစ် ညနေ သုံးနာရီထွက်မယ့် တောရထားကတော့ ကောင်းကောင်း မီပေမပေါ့။ အမယ်ကြီး ကြိုက်တတ်တဲ့ မုန့်ကလေးတွေရယ်၊ ကျုပ်အတွက် ဆေးတံ ဆေး



ဘူးလေးလောက်တော့ ဝယ်ရမယ်။

နောက် ကျုပ် အခု အလိုချင်ဆုံးပစ္စည်း။ အင်း...ကျုပ်အတွက်တော့ မဟုတ်ပါဘူး။ အမယ်ကြီးအတွက်ပါ။

ဒီပစ္စည်းသာ အမယ်ကြီး မြင်လိုက်ရင် အရမ်းကိုပျော်သွားမှာ။ အမယ်ကြီး ပျော်နေ၊ စိတ်ချမ်းသာတယ်ဆိုရင်ပဲ ကျုပ်လည်း ဝမ်းသာရပါပြီ။

ဆေးတံကို သိမ်းလိုက်ပြီး အမယ်ကြီး ထည့်ပေးလိုက်တဲ့ ရေနွေးကြမ်း အကုန်သောက်ပစ်လိုက်တယ်။ သွားမှ...။

ပိုက်ဆံကောင်ကို ထည့်ထားတဲ့ အိတ်ကို မ,ပြီး ကျောပေါ် တင်လိုက်တယ်။ ရှုံ့ကြိုးစကို ပခုံးပေါ်ကနေ ကိုယ်ကို တစ်ပတ်ပတ်ပြီး ဖျင်စရဲ့အောက် ထောင့်စွန်းက အပေါက်ထဲ ထည့်ချည်လိုက်တယ်။ ပိုက်ဆံကောင် ကျောကုန်းမှာ အလိုက်သင့်ဖြစ်အောင် အနေအထား ပြင်၊ သစ်သားချောင်းကို အားပြုပြီး ထွက်ခဲ့တော့တယ်။

■

“ဟေ့...ကင်းကျန်...နောက်တစ်အိုး လုပ်ပါဦးဟ”

“ဟုတ်ကဲ့ အဘ၊ ခဏလေးနော်”

ကျုပ် ဂျပန်အရက် နောက်တစ်အိုး ထပ်မှာရင်း တောဝက်သားကင် တစ်တုံးကို ပါးစပ်ထဲ ထည့်လိုက်တယ်။

ဟင်း...တစ်မနက်လုံး ပင်ပန်းခဲ့တာတွေ ခုမှပဲ ပျော့သွားတော့တယ်။ ခုလောက်ဆို အမယ်ကြီး ဘာလုပ်နေမလဲမသိ။ ညနေစာ

အတွက် ချက်ပြုတ်နေမလား။ အဝတ်တွေများ လျှော်နေမလား။ ဒါမှမဟုတ် အိမ်သန့်ရှင်းရေးများ လုပ်နေမလား။ ခြံထဲများ ရောက်နေမလားမသိ။

သန့်ရှင်းရေးအလုပ်တွေ၊ ပင်ပင်ပန်းပန်းအလုပ်တွေ မလုပ်ပါနဲ့ ပြောထားလည်း မရ။ အမယ်ကြီး ခြေထောက်တစ်ဖက်က ကောင်းတာ မဟုတ်။

လှုပ်လှုပ်လှုပ်လှုပ်နဲ့ တစ်ခုခု လုပ်နေရမှ ကျေနပ်တဲ့သူ ဆိုတော့ ကျုပ်ပြောလည်း ခဏ။

တောထဲမှာ ချော်လဲတုန်းက သစ်ပင်နဲ့ဆောင့်မိလို့ နာနေတဲ့နေရာကို အရက်ပူနဲ့ အသာလိမ်းရင်း နှိပ်နေမိတယ်။

ကျုပ် ကျန်းမာမှဖြစ်မယ်။ ကျုပ် နေကောင်းမှဖြစ်မယ်။ ကျုပ်မှာ ခွန်အားတွေ ရှိမှဖြစ်မယ်။ မနက်ဖြန်များစွာအတွက် ရှေ့ဆက်လျှောက်ရပေဦးမယ်။

■

"အဘ...ပြန်တော့မလို့လား။ အမေကြီးအတွက် အိမ်အပြန်လက်ဆောင် ဝက်သားကင် ယူသွားဦးလေ၊ ဟော့...အဘဖို့ အိမ်အပြန် လက်ဆောင် ယူခဲ့တော့ဟော့"

ပြန်ဖို့ပြင်နေတာ တွေ့လို့ထင်၊ ကျုပ်ကိုလည်း ပြော၊ ဗိုထဲကိုလည်း လှမ်းအော်လိုက်တဲ့ ဆိုင်ရှင် ယမစံရဲ့ အသံ ကြားလိုက်ရတယ်။



"ရော့...အဘ၊ အမေကြီးအတွက် ကျွန်တော်ပေးလိုက်တာလို့ ပြောဦးနော်၊ အဘ ဝယ်လာသလိုလို မလုပ်နဲ့"

"ဟာ...သောက်ရူးကောင်၊ စကားများလိုက်တာ" လို့ ကျုပ်ပြောတော့ ရယ်နေလေရဲ့။

"အဘ...နွေဦးပေါက်ပွဲတော်အတွက် နှစ်ကောင်,သုံးကောင်လောက် လုပ်ပေးဦးနော်၊ မှာနေဦးမယ်"

"အေးပါကွာ၊ တစ်ခါပြောပြီး တော်ရောပေါ့၊ အတော်နားငြီးတဲ့ကောင်" လို့ ပြောပြီး ဘူတာနားက ဈေးတန်းဆီ ထွက်ခဲ့တော့တယ်။

■

တောရထားကတော့ သူ့သတ်မှတ်ထားတဲ့ နှုန်းနဲ့ သွားနေတာပါ။ ဒါပေမယ့် ကျုပ်စိတ်ထဲ နှေးသလို ထင်နေမိတယ်။

သုံးနာရီ ချိန်ဖို့ကလေးကိုဝင်မှာ သိတယ်။ သုံးနာရီအတိမှာ ဝင်လာတယ်။ ကျုပ်စိတ်ထဲက ကြာလိုက်တာလို့ ထင်ခဲ့မိတယ်။

လေးနာရီမထိုးမီ ကျုပ်တို့ရွာ နာဂါနိုဘူတာလေးကို ရောက်မှာ သိတယ်။ ကျုပ်စိတ်ထဲ လေးနာရီ အမြန်ထိုးစေချင်နေမိတယ်။

အမယ်ကြီး အိမ်ရှေ့က ခုံတန်းလေးမှာ ထိုင်ပြီး တောရထားအလာကို မျှော်နေပေရောမယ်။ ကျုပ်ကို မျှော်တာတော့ ဘယ်ဟုတ်ပါ့မလဲ။ ကျုပ် ရထားနဲ့ပြန်လာတာ အမယ်ကြီး သိမှမသိပဲ။ ထင်မယ့်ထင် ကျုပ်ကို တောထဲက ပြန်လာမယ်ပဲ ထင်မှာပေါ့။ အမယ်ကြီး သူ့သားသမီးတွေ၊ မြေးတွေ လာနိုးနိုးနဲ့ ထွက်မျှော်နေတာလေ။

တောရထား လာချိန်ဆို ခုံတန်းလေးမှာထိုင်ပြီး မြစ်ကူးတံတားကြီးပေါ်က တောရထား အဖြတ်ကို စိတ်ဝင်တစား ကြည့်ကြည့်နေတတ်တာ။

ခုလောက်ဆို အမယ်ကြီး ချက်ပြုတ်ပြီးရော့မယ်။ ဘာဟင်းတွေများ ချက်ထားမလဲမသိ။ ကျုပ်ကြိုက်တဲ့ အာလူးဟင်းကတော့ ပါမယ်ထင်ရဲ့။ အမယ်ကြီးချက်တဲ့ အာလူးဟင်း ကျုပ် စားလာတာ နှစ်ပေါင်းငါးဆယ်ကျော်ပြီ။ ခုထိ မရိုးနိုင်သေးဘူးဆို။

အမယ်ကြီးကြိုက်တဲ့ ကဏန်းတွေ ကျုပ် ဝယ်လာတာ မြင်လိုက်ရင် အံ့ဩဝမ်းသာသွားမှာ။ နည်းတဲ့အကောင်ကြီးတွေ မဟုတ်ဘူး။ ကျုပ်လည်း အစက ကဏန်းကြိုက်ပါတယ်။ ဒါပေမယ့် အမယ်ကြီး ရှေ့မှာဆို သိပ်မကြိုက်တဲ့ပုံနဲ့ ဟန်လုပ်နေလိုက်တယ်။

အမယ်ကြီး စားစေချင်လို့ပါ။ အမယ်ကြီး စားတာမြင်ရရင်ပဲ ကျုပ် ဗိုက်ပြည့်ပြီ ဆိုပါတော့။ ဟေးဟေး...နောက်မို့ဆို သူ့ပန်းကန်ထဲ ထည့်လိုက်၊ ကျုပ်ပန်းကန်ထဲ ပြန်ထည့်လိုက်နဲ့ မပြီးနိုင်တော့။

တောရထား ဥဩသံရှည်ကြောင့် ကျုပ်အတွေးတွေ ရပ်သွားတယ်။ ရွာရောက်ခါနီး မြစ်ကူးတံတားကိုအဝင် ဆွဲနေကျ ဥဩသံ။ ဥဩသံကြားရင် အမယ်ကြီး ရထားကို ကြည့်နေတော့မယ်။

ကျုပ် ထိုင်နေရာက ကမ္ဘာကယာ ထပြီး တံခါးပေါက်ကနေ အိမ်ဘက်ကို လှမ်းကြည့်လိုက်မိတယ်။

ဟော...ဟိုမှာ အမယ်ကြီး။



ခုံတန်းလေးမှာထိုင်ပြီး လှမ်းကြည့်နေတယ်။ ကျုပ် ဝမ်းသာအားရ လက်ပြလိုက်မိတယ်။ နောက်မှ မှားမှန်း သတိရပြီး လက်ကို မသိမသာ ပြန်ချလိုက်ရတယ်။ တံတားနဲ့အိမ် အလှမ်းမဝေးပေမယ့် ရထားထဲကကျုပ်ကို အမယ်ကြီး ဘယ်မြင်နိုင်မလဲ။

မြင်လည်း "တော် ဘာဖြစ်နေတာလဲ၊ သူငယ်ပြန်ချင်နေတာလား" လို့ ပြောမှာ။

■

တောရထားပေါ်ကနေ နာဂါနီဘူတာလေးရဲ့ ပလက်ဖောင်းပေါ် ပထမဦးဆုံး ဆင်းလိုက်တာ ကျုပ်။

လက်မှတ်ပေါက်က အသိ အစောင့်ဝန်ထမ်းကို လက်မှတ်အရင်ဦးဆုံးပေးတာ တခြားလူမဟုတ်ဘူး၊ ကျုပ်။

ဖျင်အိတ်ကြီး ကျောပိုး၊ အိမ်ဘက်ကို အမြန်လျှောက်ခဲ့တော့တယ်။ မြစ်ကူးတံတား လူသွားလမ်းအတိုင်း လျှောက်လာရင်း အိမ်ဘက် လှမ်းကြည့်တော့ အမယ်ကြီး ထိုင်နေတုန်း...။ ကျုပ် လက်မြှောက်ပြမိတယ်။ အမယ်ကြီး မြင်မလား မသိ။

မြစ်ကူးတံတားပေါ်က ဆင်း၊ မြစ်ကမ်းနားဘေးအတိုင်း လျှောက်လာရင်း လက်မြှောက်ပြပြီး...

"ဟေး...အမယ်ကြီးရေ..." လို့ အားရပါးရ အော်လိုက်တယ်။ အမယ်ကြီး တွေ့သွားပြီ။ သူ့ရှေ့တည့်တည့် လမ်းကျဉ်းလေးအတိုင်း

လျှောက်လာတဲ့ ကျုပ်ကို တွေ့သွားပြီ။ ကျုပ်ကို အသာအယာ လက်ဝှေ့ယမ်းပြနေလေရဲ့။

အမယ်ကြီးရှေ့ ဘယ်လိုရောက်သွားလဲ မသိတော့။ ဖျင်အိတ်ကြီးချပြီး အမယ်ကြီးဘေး အသာဝင်ထိုင်လိုက်တယ်။

"အမယ်ကြီး...ကျုပ် မြို့လေးက ပြန်လာတယ်ဟ၊ အမယ်ကြီးအတွက် စားစရာတွေ ပါလာတယ်"လို့ ပြောရင်း အိတ်ထဲက ပစ္စည်းတွေ တစ်ခုချင်း ထုတ်ပြနေမိတော့တယ်။

အမယ်ကြီး ပြုံးပြီး ကြည့်နေလေရဲ့။ ကျုပ် နောက်ဆုံးအထုပ်ကို ဆွဲထုတ်လိုက်ပြီး အမယ်ကြီးရဲ့ ပေါင်ပေါ်တင်ပေးလိုက်တော့ အမယ်ကြီး ကျုပ်ကိုကြည့်တယ်။

"ဖွင့်ကြည့်လေ"လို့ ကျုပ် ပြောလိုက်မိတယ်။ အဲဒီအထုပ်ကို ဆိုင်မှာ ကောင်မလေး သေသေချာချာ ထုပ်ပိုးနေတုန်းက ကျုပ် ဝမ်းသာကြည်နူးခဲ့ရတယ်။ ခု အမယ်ကြီး အထုပ်ကိုဖြေနေတော့ ကျုပ်ရင်ထဲ တဒိတ်ဒိတ် ဖြစ်နေလေရဲ့။

အပေါ်မှာ ချည်ထားတဲ့ ဖဲကြိုး၊ ကပ်ထားတဲ့ ပန်းပွင့်လေးကို မြင်တော့ အမယ်ကြီး ကျုပ်ကို တစ်ချက်ကြည့်ပြန်တယ်။ ကျုပ် ပြုံးနေလိုက်တယ်။

အပေါ်က အလှစက္ကူကိုခွာ၊ ကတ်ထူဘူးအဖုံးကို ဆွဲဖွင့်ပြီး ကြည့်လိုက်တဲ့ အမယ်ကြီးရဲ့ မျက်နှာပေါ်မှာ မြင်ရခဲ့တဲ့ အံ့ဩဝမ်းသာမှုတွေ တွေ့လိုက်ရတော့တယ်။



အပြင်က သားရေ အတွင်းက ဂွမ်းစလို အသားမျိုးနဲ့ ဆောင်းစီး လည်ရှည်ဖိနပ် တစ်ရန်ပါ။ အမယ်ကြီး ကျုပ်ကို...

"ဆောင်းတွင်းစီး ဖိနပ်တစ်ရန်လောက် ရှင် အဆင်ပြေတဲ့ အချိန် ဝယ်ပေးပါလား။ ခု စီးနေတဲ့ဖိနပ်က ထိပ်မှာပေါက်နေတော့ လေမလုံတော့ဘူး"လို့ ဆောင်းမရောက်ခင်က ပြောခဲ့ရှာတယ်။

အမယ်ကြီးလေ ကျုပ်လက်ကိုကိုင်ပြီး "ကျေးဇူးတင်ပါတယ်" လို့ ပြောတော့ ကျုပ်လေ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။

"ဒီနေ့ ဘာနေ့လဲ၊ အမယ်ကြီး သိလား"လို့ ကျုပ် မေးလိုက်တော့...

"စနေနေ့လေ"တဲ့။ ကျုပ် စိတ်ပျက်သွားတဲ့ပုံ အမယ်ကြီးကို လုပ်ပြရင်း မြစ်ကူးတံတားကြီးဘက်လှည့်၊ အသံပြကြီးနဲ့ အော်ဆိုပစ်လိုက်တော့တယ်။

"ဟက်ပီဘတ်ဒေးတူးယူ...ဟက်ပီဘတ်ဒေး...အမယ်ကြီးရေ..."

ကျုပ် အမယ်ကြီးဘက် လှည့်ကြည့်လိုက်တော့ နှစ်ပေါင်းများစွာမှ တစ်ခါမြင်ရခဲ့တဲ့ အံ့ဩဝမ်းသာ ပျော်ရွှင်မှုတွေနဲ့ ကျုပ်ကို ကြည့်နေတာ တွေ့လိုက်ရလေရဲ့။

"ကျေးဇူးတင်ပါတယ် အဖေကြီးရယ်၊ ကျုပ်က မေ့နေပေမယ့် ရှင်က မမေ့ဘူးနော်"

ကျုပ်လေ...ကျုပ်...ဝမ်းသာကြည်နူးမှုတွေနဲ့...။

"ဒီနေ့ ၁၁ ရက်နေ့ဟာ အမယ်ကြီးရဲ့ ၇၆ နှစ်မြောက်မွေးနေ့ ဆိုတာ မမေ့သလို နှောင်နှစ်တွေလည်း ဘယ်တော့မှ မမေ့ပါဘူး အမယ်ကြီးရယ်..." လို့ ပြောပြီး အမယ်ကြီးလက်ထဲက ဖိနပ်အသစ်ကို ယူလိုက်တယ်။ နောက် ခုံတန်းလျားမှာ တွဲလောင်းကျနေတဲ့ အမယ်ကြီးရဲ့ ခြေထောက်က ဖိနပ်ဟောင်းကို အသာအယာ ချွတ်လိုက်ပြီး ဖိနပ်အသစ်ကို အမယ်ကြီးရဲ့ ခြေထောက်မှာ စွပ်ပေးလိုက်တော့တယ်။

အမယ်ကြီး ဖိနပ်သစ်လေးကို ငုံ့ကြည့်ပြီး ပျော်နေတာလေး ကျုပ်လည်း အမယ်ကြီးရဲ့ မျက်နှာကြည့်ပြီး ဝမ်းသာနေမိတော့တယ်။

ရှေ့နောက်ဘယ်ညာ လွှဲနေတဲ့ အမယ်ကြီးရဲ့ ခြေထောက်လေးတွေ ကြည့်ပြီး ကျုပ်ရင်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိတော့ပါဘူး။

ကျုပ်လေ ဝမ်းသာလိုက်တာဗျာ...။

မြစ်ထဲက ညနေခင်း လေအေးတွေဟာ ကျုပ်နဲ့ အမယ်ကြီးဆီ တိုက်ခတ်တိုးဝှေ့လာလေရဲ့။ ကျုပ်ရဲ့ လက်ကြမ်းကြီးနဲ့ အမယ်ကြီးရဲ့ လက်သေးသေးလေးတွေကို အသာအယာ ဆုပ်ကိုင်ထားလိုက်မိတော့တယ်။ ။

■ ■ ■

(မြားနတ်မောင်, JUL.2004)



## အရောင်လွင့်ပန်းဇာတာ

"ပျော်ရာမှာမနေရ၊ တော်ရာမှာမနေရ၊ မတော်တရော်တွေ လုပ်နေရ၊ အဲဒါ ကျုပ်ဘဝ" လို့ပဲ ဟစ်လိုက်ချင်မိတော့တယ်။

စိတ်ညစ်ပါတယ်။

ပူအိုက်ရတဲ့အထဲ၊ လည်ပင်းမှာ ကြိုးတစ်ချောင်းပတ်ချည်ပြီး တွဲလောင်းချလိုက်တယ်။ ကြောင်လျှာသီးဆိုတဲ့ဟာပေါ့။ နောက်... ကုတ်အင်္ကျီဆိုတဲ့ဟာကြီး အပေါ်က ထပ်ဝတ်လိုက်တယ်။

ပူပါတယ်ဆိုမှ...

အောက်ခံဘောင်းဘီကျပ်ကျပ်လေးတစ်ထည် ဝတ်ခိုင်းတယ်။ ပုဆိုးနဲ့ လွတ်လွတ်လပ်လပ်နေရတာ ကြည့်မရဘူးထင်။

"အဲဒါ မဝတ်လို့ မရဘူးလားဟင်" လို့ ဈေးဆစ်မိတယ်။

"မဝတ်ရင် တော့်ဟာက မပြောလိုက်ချင်ဘူး"

ကျုပ်မိန်းမ မယ်ရှမ်းတင်ရဲ့ ဟောက်သံကြောင့် အသာငြိမ် လိုက်တယ်။

နောက်...ဘောင်းဘီခြေရှည်ဆိုတဲ့ဟာကြီးကို ဝတ်ခိုင်းတယ်။

"မင်းဘောင်းဘီက ချောင်နေပါလားကွ၊ ကျွတ်ကျလို့ အရှက်ကွဲနေပါဦးမယ်"

စိတ်ညစ်ညစ်နဲ့ သားကြီးကို အပြစ်ရှာ ပြောလိုက်တယ်။

"အဖေကလည်း...ဘာမှ နားမလည်ဘဲနဲ့၊ မဝတ်ဖူးမှန်း သိပ်သိသာတာပဲ၊ ခါးပတ်ပတ်ရဦးမယ်"ဆိုပြီး ဘောင်းဘီကွင်းတွေထဲ သားရေပြားတစ်ချောင်း ထည့်တွယ်ပေးလေရဲ့။

ဟင်း...တော်ပါသေးရဲ့။

နောက် ခြေအိတ်ဆိုတဲ့ဟာ ခြေထောက်မှာ စွပ်ခိုင်းတယ်။ ငြိုဟ်သားဝတ်စုံတွေများလား မသိဘူး။ တစ်ခါမှ မဝတ်ဖူးတဲ့ဟာတွေ အတင်းဝတ်ခိုင်းနေတော့တယ်။

အိုက်မယ့်အရေး ပြေးတွေးမိပြီ။

"ငါ ခြေညှပ်ဖိနပ်နဲ့ သွားလို့မရဘူးလားကွ"

ညဦးယံ လေပြည်အေးနဲ့ အသနားခံမိတယ်။ မယ်ရမ်းတင် မျက်စောင်း ဒိန်းခနဲ လာမှန်တယ်။

"မရဘူး အဖေရဲ ဘယ်သင့်တော်ပါ့မလဲ"

သမီးကြီးက ကျုပ်ကို လေအေးလေးနဲ့ ပြောရှာတယ်။

ရှေ့ဆက် အထွန့်မတက်ရဲတော့။ ရှူးလား၊ ဘိုးလားမသိဘူး ဖိနပ်အနက်တစ်ရန် ကောက်စွပ်လိုက်ရပြန်တယ်။

"အောင်မယ်...ဒီလိုဆိုတော့လည်း တော်က ခံ့ချောကြီးပါလား"



"နဂိုရှိလို့ နကိုင်းထွက်တာပေါ့ကွာ"

ကျုပ် စွာစွာလေး ပြန်ပြောလိုက်တော့ မယ်ရမ်းတင်ပါးစပ် ရွဲ့သွားလေရဲ့။

"ရော့...လည်ပင်းမှာ ဆွဲပြီး အင်္ကျီအောက်ထဲ ထည့်ထား၊ အိပ်လည်းမဖြုတ်နဲ့၊ စားလည်းမဖြုတ်နဲ့" ဆိုပြီး ရုံ့အိတ်လေးတစ်လုံး လည်ပင်းမှာ ဆွဲထားပေးတယ်။

"သားသား...အီအီးပါလည်း ဆွဲထားမယ်နော် မာမီ"

ကျုပ် ရွဲ့ပြီးပြောလိုက်တော့ မယ်ရမ်းတင် ကျုပ်ကို ဘုကြည့်ကြည့်တယ်။

သားကြီးနဲ့သမီးကြီးက ရယ်တယ်။

အိတ်ရုံ့လေးထဲမှာ အနီရောင် စာအုပ် တစ်အုပ် ရှိတယ်။ စာအုပ်လေးထဲက စာလုံးတွေ၊ တံဆိပ်တုံးတွေ၊ လက်မှတ်တွေက ဝင်ဖို့ ခက်တယ်ဆိုတဲ့ နိုင်ငံခြားမြေမှာ ကျုပ်ကို ခြေချခွင့်ပေးထားလေရဲ့။

မြစ်ဝကျွန်းပေါ်အရပ်ဒေသ၊ ရွာတစ်ရွာက ရွံ့ပေနေတဲ့ ခြေထောက် တစ်စုံဟာ ရှူးဖိနပ်ကြီးစီးပြီး ခနိုင်ငံအဝင်ခရီး စ,ပေတော့မယ်။

■

ကျုပ် ရွှေမြို့တော်ရောက်တဲ့ အချိန်က,စပြီး လုပ်ရမယ့်ဟာတွေ၊ မလုပ်ရမယ့်ဟာတွေ ကူးထည့်ထားတဲ့ မှာတမ်း သတိပေးဓာတ်ပြားဟောင်းကြီး နားဆင်ခဲ့ရတာ ကျုပ်ကိုယ်ကျုပ်တောင် ပြန်

သနားမိသေး။

မူကြိုစတက်မယ့် ကလေးတောင် ကျုပ်လောက် အမှာမခံရဘူး၊ သတိပေးမခံရဘူးဆို...ယုံ။

လေယာဉ်ပေါ်ရောက်မှပဲ အသက်ပြင်းပြင်း ရှူမိတော့တယ်။ အားလုံး မယ်ရမ်းတင် မွေးတဲ့မီး။

ပြောရဦးမယ်။ ကျုပ်မိန်းမ မယ်ရမ်းတင်က ကျုပ်ကို 'ကိုတော်ပျော်'တဲ့။ ပတ်စပို့ထဲက နာမည်က ကိုတောကျော်။ တောမှာနေတဲ့ ကျုပ်ကို ခနဲ့တာ။ ကျုပ်ကလည်း သူ့ကို မယ်ရမ်းတင်မခေါ်ဘူး။ မယ်မြို့ခင်လို့ ခေါ်တယ်။

နယ်လုနေကြတာတွေ မဟုတ်ပါဘူး။

ကျုပ်က တောမှာ ဓာတ်ကျတယ်။ သူက မြို့မှာပျော်တယ်။ ဒါပေမယ့်...အဟီး...ပြောရမှာ ရှက်မိပါရဲ့။

မောင်လွမ်းရင် လေ့ယေနင့် ငါးတင်ခဲ့လေ။ မယ်လွမ်းရင် သောင်ပြင်က အလေးချိန်ခွင်ပိုက်လို့ မျှော်လိုက်မယ်လေး ဆိုလား...။

ကျုပ်လွမ်းရင် ပွဲရုံအတွက် ကုန်ပစ္စည်းတွေ မော်တော်ပေါ်တင်ပြီး ရွှေမြို့တော်ဆီ တက်တော့တယ်။

မယ်ရမ်းတင် လွမ်းရင်တော့...

"ကိုတောပျော်...ပစ္စည်းတွေ လာမပို့သေးဘူးလား။ ဒီမှာပြတ်တော့မယ်"ဆိုကာ လှူကြိုး၊ စာကြိုး ပါးလိုက်လေရဲ့။

ပစ္စည်းက ပြတ်စရာလား။ ကျုပ် သိတာပေါ့၊ သူ လွမ်းပြီ



ဆိုတာ။ ရှိတဲ့ပစ္စည်းလေးတွေ ကျုံးတင်၊ ရေကြောင်းက မော်တော်မောင်းလို့ ရွှေပြည်တော် အဝင်ခရီး စက်ကုန်ဖွင့် နှင်ရတော့တယ်။

ဆန်ပွဲရုံ၊ အုန်းသီး၊ ကွမ်းသီး၊ ကွမ်းဆေး၊ ထုံးပွဲရုံ နှစ်ခုမှာ မယ်ရမ်းတင်၊ သားကြီးနဲ့ သမီးကြီး ရှိတယ်။ ဂျပန်မှာ သားလတ်၊ သားငယ်နဲ့ သမီးလေး ရှိတယ်။ ကျုပ်ကတော့ မော်တော်နှစ်စင်း၊ မြဲနှစ်ခြံနဲ့ တောမှာ။

အိမ်ထောင်စုဇယား ဆိုပါတော့။ သားသုံးယောက်ရှိတယ်။ သုံးယောက်စလုံး စွာသလားပဲ။ သားကြီးက ပွဲရုံနှစ်ရုံရဲ့ မီးရထားစက်ခေါင်း မောင်းတဲ့သူဆို၊ မယ်ရမ်းတင်က ဂါတ်ဗိုလ်၊ သမီးကြီးက လက်မှတ်စစ်။ မယ်ရမ်းတင် ပြောတာ။

သားလတ်က ဂျပန်မှာ ကွန်ပျူတာဆရာ လုပ်နေတယ်တဲ့။ ပြီးခဲ့တဲ့လက ကျုပ်နဲ့သားလတ် ဖုန်းပြောကြတော့ ကျုပ်မသွားချင်လို့ အကြောင်းပြချက် "မင်းတို့ဟာ အဝေးကြီးကွာ၊ မလာချင်ပါဘူး"လို့ ပြောမိတယ်။

"ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဖြစ်သွားပြီ အဖေရဲ့ ခု ကမ္ဘာ့ရွာလို့တောင် ခေါ်နေကြတာ"

ကွန်ပျူတာဆရာက ကျုပ်ကို ဂလိုပြောတယ်လေ။ ဟင်း... သူကသာ ကျဉ်းနေတာ၊ ကျုပ်မှာ ပစ္စည်းရဖို့ အနီးပတ်ဝန်းကျင်က ရွာတွေလိုက်ရတာ ခြေတိုနေပြီ။ ကျဉ်းပေလို့ပဲ။

သားငယ်ကတော့ ဂျပန်စာ နှစ်နှစ်တက်ပြီး ဂီတကျောင်းတက်နေတယ် ဆိုလား။ ဂျပန်မှာ တီးဝိုင်းထောင်ထားတယ်တဲ့။

အဖေ့ခြေရာ နင်းမယ့်သားတွေ မဟုတ်ဘူး။ အဖေ့ထက်တော်တဲ့ အဖေ့ခြေရာကျော်မယ့် သားတွေ။ ကြွားလုံးတွေ ပါးစပ်ကမထွက်လာအောင် ကျုပ် ထိန်းထားနိုင်ပေမယ့် သားတွေရဲ့ အောင်မြင်မှုကိုတော့ ဂုဏ်ယူဝင့်ကြွား ပြောမိတော့တယ်ဗျာ။

အားကိုးဂုဏ်ယူရမယ့် သားတွေ။ အင်း…သမီးတွေကတော့ အကြီးမက ပွဲရုံအလုပ်လိုလို၊ အိမ်အလုပ်လိုလိုနဲ့ သူ့အမေနားကပ်နေလေရဲ့။

ဂျပန်က အငယ်ဆုံးမကတော့ ဘာမှလုပ်တယ်မကြားမိပါဘူး။

■

ဖုတ်သွင်းရထားဆိုက်လို့သာ တက်ထိုင်လိုက်ရတယ်၊ ကျုပ်အလုပ်နဲ့ ကျုပ်အားတာ မဟုတ်ဘူးဆို။ ဖုတ်သွင်းရထား ကျုပ်ဆီလမ်းညွှန်လိုက်တာ မယ်ရမ်းတင်၊ စီစဉ်သူက ဂျပန်က သား နှစ်ယောက်။

ပြီးခဲ့တဲ့နှစ်က မယ်ရမ်းတင်လေ၊ သူ့သားသမီးတွေ ခေါ်လို့ဂျပန် အလည် သွားလေရဲ့။ ကိုယ့်ဘာသာကိုယ် ယိုးဒယားပြန်အမာစိန်၊ ဆိုဗီယက်ပြန် ခွဲ့ခွဲ့စမ်းတို့ကို အားကျလို့ ဂျပန်ပြန် မယ်ရမ်းတင် လုပ်ရ တော်ပြီပေါ့။ ဟုတ်ဘူး။ ကျုပ်ကိုပါ ဂျပန်ပြန် ကိုတောကျော် ဖြစ်အောင် မ,တာလေ။



ကြွားချင်တာပဲ သိတယ်။ ကျုပ်မှာ အလုပ်ပျက် အကိုင်ပျက်နဲ့။ နောက် ကျုပ်နဲ့ မအပ်စပ်တဲ့ နေရာဒေသမို့ တောကျီးကန်းကြယ်ငါးပွင့်ဟိုတယ်ကြီးရဲ့ မဂ်လာအခမ်းအနားထဲ ပြွတ်ကျသလိုဖြစ်တော့မယ်။

ဂျပန်က ပြန်လာတော့လည်း ဘာထူးသွားမှာမို့လဲ။ ပိုချောလာတယ် ဆိုလည်း ထားပါတော့။ ကျုပ်အတွက်တော့ မထူးခြားအကျိုးမရှိတဲ့ခရီး ဖြစ်ပေရော့မယ်။

သူ့အမေ ပြန်လာပြီးကတည်းက စကားစခေါ်နေတာ၊ ပုစဉ်းရင်ကွဲ အော်နေသလိုပဲ၊ မနားတော့ဘူးဆို။ ကျုပ်လည်း တောက်လျှောက် ငြင်းလာတာ တစ်ရွာလုံးက ကျုပ်ကို "ငြင်းရက်နိုင်သူကြီးရယ်" ဆိုပြီး အံ့သြထူးဆန်းတဲ့ အကြည့်တွေနဲ့။

နောက်ဆုံး မသွားမချင်း နားငြီးနေရမှာမို့ အကြည့်ခံနေရမှာမို့ ထွက်တော်မူ ရွာက ခွာခဲ့ရတော့တယ်။

ဟင်း…တော်ပါသေးရဲ့။

အင်္ဂလိပ်စာ၊ ဘိုစာဆို ဘီအိုစီ၊ ဘီပီအိုင်၊ တွေးညို…အဲ…ပြောတော့မယ်…ဘီအီး။ ဂျပန်စာဆို တိုရိုတာ၊ မာဇဒါ၊ ဖုဂျီလောက်ပဲ သိတဲ့ ကျုပ်၊ ကျုပ်သား သူငယ်ချင်းအပြန် ကပ်လိုက်ခဲ့ရလို့။ နောက်မို့ဆို တောကျီးကန်း ကုက္ကိုင်းရေကူးကန်ထဲ ပြွတ်ကျသလိုဖြစ်တော့မယ် ထင်။

■

လွန်ခဲ့တဲ့ တစ်နှစ်ကျော်က သူ့အမေကို ပြန်ပို့တဲ့ သားငယ်ရဲ့ မျက်နှာ၊ ခုလေဆိပ်မှာ ကျုပ်ကို လာကြိုနေတာ တွေ့လိုက်ရတော့ ဝမ်းသာသွားမိတယ်။

မယ်ရမ်းတင်ပြောတဲ့ ဂီတပညာရှင်ကြီးဖြစ်မယ့် ကောင်လေး အသားတွေဖြူလို့ နုပျိုတက်ကြွနေတဲ့ဟန်နဲ့၊ မမြင်ဖူးသေးတဲ့ သက်ရှိ သက်မဲ့တွေ၊ မကြားဖူးသေးတဲ့ အသံတွေကို ကျော်ဖြတ်ပြီး ငါးထပ်တိုက်ကြီးရဲ့ အခန်းတံခါးဝမှာ ရပ်လိုက်ကြတော့တယ်။

သားငယ် တံခါးသော့ဖွင့်ဝင်ရင်း...

"မိငယ်ရေ...အဖေ လာပြီဟေ့"လို့ အော်လိုက်လေရဲ့။ အော်သံအဆုံး ကိုးနှစ်လောက် မတွေ့ခဲ့ရတဲ့ သားကြီးရဲ့မျက်နှာ ငါးနှစ်လောက် ပျောက်ကွယ်ခဲ့ရတဲ့ သမီးငယ်ရဲ့ မျက်နှာကို တွေ့လိုက်ရတယ်။

ဝမ်းသာမှုဟာ ပြောမပြနိုင်အောင်ပါပဲ။ အရေးထဲ မသွားခင် လို့ ငြင်းခဲ့မိတာ နောင်တရနေသေး။ သားကြီးလည်း ဝဖြိုးပြီးရဲ့ အသားတွေဖြူလို့၊ သမီးငယ်ကတော့ အသားတွေဖြူပေမယ့် နည်း နည်း ပိန်သွားသလိုပဲ။

သားအဖလေးယောက် မနက်စာ ထမင်းပွဲဟာ စကားပြောသံ ရယ်သံ၊ ပျော်ရွှင်မှုတွေနဲ့ ဖုံးလွှမ်းနေတော့တယ်။

■



ထမင်းစားသောက်ပြီး သားကြီးက ကွန်ပျူတာ သင်တန်း သွားမယ်၊ သားငယ်က သီချင်းတိုက်ဖို့ စတူဒီယိုဆိုလား...ကျုပ်ကို ပြောဆို နှုတ်ဆက်သွားကြလေရဲ့။

"သမီးတို့ ဒီနေ့ အလုပ်မရှိဘူးလား"

ထမင်းပွဲ သိမ်းဆည်းဆေးကြောနေတဲ့ သမီးငယ်ကို မေး လိုက်မိတယ်။

"သမီးတို့အားလုံး တနင်္ဂနွေနေ့ အလုပ်နားကြတယ်အဖေ၊ အစ်ကိုလတ်နဲ့ အစ်ကိုငယ်ကတော့ နားလည်း မနားကြရပါဘူး။ ကိုလတ်က ကွန်ပျူတာသင်တန်း ဖွင့်ထားတော့ တနင်္ဂနွေနေ့တိုင်း သွားသင်နေရတယ်လေ၊ ကိုငယ်ကလည်း ရှေ့လထဲ သူတို့အဖွဲ့ ပွဲရှိလို့ အပတ်တိုင်း စတူဒီယို ဝင်နေရတယ်"

"သမီးငယ်ကရော နားရက်မှာ ဘာမှမလုပ်ဘူးလား"

"အဟင်း...အစ,ကတော့ ဂျပန်စာသင်ကျောင်း သွားတက် သေးတယ်၊ နောက်တော့ အိမ်မှာ အလုပ်တွေရှိတာနဲ့ မသွားဖြစ် တော့ပါဘူး အဖေ"

"သမီးအစ်ကို ကွန်ပျူတာ သင်တန်းက တက်တဲ့သူတွေ အများကြီးလား"

"ဖွင့်စတုန်းကတော့ များတယ်၊ ခုတော့ တစ်ဝက်လောက်ပဲ ရှိတော့တယ်တဲ့၊ အလုပ်ကတစ်ဖက်၊ နားတဲ့ရက်လေးမှာ ဝါသနာ ပါလို့ လုပ်ကြပေမယ့် ကြာတော့လည်း မလုပ်နိုင်ကြတော့ပါဘူး။

အိမ်အလုပ်ကလည်း ရှိသေးဆိုတော့"

"အင်း...ဟုတ်တာပေါ့၊ ဒါနဲ့ သမီးတို့ တစ်ပတ်မှာ တနင်္ဂနွေ တစ်ရက်ပဲ နားကြရတာလား"

"အစ်ကိုလတ်က တစ်ဆိုင်တည်းမှာပဲ အချိန်ရှည် လုပ်တာ၊ စနေ၊ တနင်္ဂနွေ နှစ်ရက် နားရတယ်၊ ကိုငယ်ကတော့ မနက်ပိုင်း ကျောင်းတက်နေတော့ ညပိုင်းအလုပ် တစ်ခုပဲ၊ သူက တနင်္ဂနွေ တစ်ရက်ပဲ နားရတယ်၊ သမီး မနက်မနက် အလုပ်က တနင်္ဂနွေ တစ်ရက် နားရပါတယ်၊ ညအလုပ်က စနေ၊ တနင်္ဂနွေ နှစ်ရက် နားတယ်၊ အများစုကတော့ တနင်္ဂနွေ နားကြရတာ များပါတယ်၊ ကြားရက်နားရတဲ့သူတွေလည်း ရှိတာပေါ့ အဖေ"

"သမီးအလုပ်က ဘာတွေ လုပ်ရလဲဟင်၊ ပင်ပန်းလား"

"မနက်ပိုင်း အလုပ်က ဟိုတယ်သန့်ရှင်းရေး လုပ်ရတယ်၊ ညပိုင်းကျတော့ စားသောက်ဆိုင်မှာ စားပွဲထိုးပေါ့ အဖေ၊ ပင်ပန်းတယ်လည်း မဟုတ်ပါဘူး၊ ဒီလိုပဲ လုပ်နေကြတာ ဆိုတော့"

"ဟင်...စားပွဲထိုး လုပ်ရတယ် ဟုတ်လား"

"ဟုတ်တယ် အဖေ၊ မြန်မာမိန်းကလေး အများစု စားပွဲထိုး အလုပ်လုပ်ကြတယ်၊ ဒီမှာ စားပွဲထိုးအလုပ် လုပ်ရတာ မကောင်းတဲ့ အလုပ် မဟုတ်ပါဘူး၊ ဂျပန်မလေးတွေ၊ ကျောင်းသူလေးတွေလည်း လုပ်နေကြတာ၊ တချို့လည်း ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ စက်ရုံတွေမှာ လုပ်ကြပါတယ်"



"အလုပ်ထဲမှာရော အဆင်ပြေရဲ့လား"

"အင်း...ဒီလိုပဲပေါ့ အဖေရယ်၊ လူပေါင်းစုံနဲ့ ဆက်ဆံနေရတာ ဆိုတော့ ကောင်းတဲ့လူ ရှိသလို၊ မကောင်းတဲ့လူလည်း ရှိတာပေါ့၊ ဆိုင်ပိုင်ရှင်၊ မန်နေဂျာ၊ စားဖိုမှူး၊ အလုပ်သမားတွေ ကောင်းတဲ့ အလုပ်ဆိုင် ရှိသလို၊ မကောင်းတဲ့ အလုပ်ဆိုင်တွေလည်း ရှိတာပေါ့၊ သည်းခံနိုင်တဲ့ အတိုင်းအတာအထိ သည်းခံ၊ ပြန်ပြောသင့်ပြော၊ နောက်ဆုံး ထွက်လိုက်ရုံပေါ့၊ လာစားတဲ့ ဧည့်သည်တွေကတော့ များသောအားဖြင့် နိုင်ငံကြီးသား ပီသကြပါတယ်၊ အဲ...ညဘက် လာတဲ့ ဧည့်သည် တစ်ယောက်တလေသာ မူးလာရင် ရစ်တာတို့၊ ထိကပါး ရိကပါး လုပ်ချင်တာတို့၊ တစ်ခါတလေ ကြုံရတတ်တယ်"

"ဟင်...ဒါဆို သမီးတို့ သည်းခံနေရတာပဲလား"

"မသိချင်ယောင်ဆောင်နေရတာပေါ့၊ သိပ်လွန်လာရင်တော့ ပြန်ပြောကြတယ်လေ၊ ကိုယ်က အနေမှန်ဖို့ပဲ အရေးကြီးပါတယ်"

"အင်း...သမီးတို့ဟာကလည်း မလွယ်ပါလား"

"ဒါက တစ်ယောက်တလေပါ အဖေ၊ ဂျပန်တွေနဲ့ အဆင်မပြေတာ ထားတော့၊ တစ်ဆိုင်တည်းလုပ်တဲ့ ကိုယ့်လူမျိုး အချင်းချင်းတောင် မတည့်တာတွေ၊ မနာလိုတာတွေ၊ အနိုင်ကျင့်ချင်တာတွေ ခဏခဏ ကြားနေရတယ်"

"ဟော...ဟုတ်လား"

"ဟုတ်တယ် အဖေ၊ ဒီမှာက ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်နိုင်တယ်ဆိုပြီး ဘာမှန်းမသိတဲ့ မာနတွေနဲ့လေ"

ဟင်း...ကျုပ် မထင်မှတ်တာတွေပါလား။ သပိုးငယ် ပန်းကန်ဆေး၊ သိမ်းဆည်းရင်းနဲ့ စကားကောင်းနေကြတာ။ ကျုပ် သူတို့ဘဝ စဉ်းစားရင်း သက်ပြင်း အသာချလိုက်မိတယ်။

"အဖေ...ပန်းသီးစားပါလား"ဆိုပြီး ပန်းသီးစိတ်တွေ ထည့်ထားတဲ့ ပန်းကန် စားပွဲပေါ် အသာချလိုက်လေရဲ့။

"သမီးတို့ အိမ်လခ ဘယ်လောက်ပေးရလဲ"

"ယမ်းဆယ်သောင်း ပေးရတယ် အဖေ၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး သမီး။ ဒါနဲ့ အိမ်လခ မောင်နှမတွေ ဘယ်လိုပေးကြလဲ"

"အိမ်လခ၊ ရေဖိုး၊ မီတာခ၊ ဂက်စ်ဖိုး၊ အိမ်ဖုန်းဖိုး အားလုံးပေါင်းပြီး ကျသလောက် မျှပေးကြတာပေါ့၊ တစ်ယောက်ကို တစ်လ လေးသောင်းလောက်တော့ ရှိမှာပေါ့ အဖေ၊ ဒီမှာ များသောအားဖြင့် တစ်ယောက် လေးသောင်းလောက်ပါပဲ"

"သမီး...အဖေ ကြားဖူးတာ တိုကျိုမြို့ဟာ ကမ္ဘာပေါ်မှာ စရိတ်အကြီးဆုံးမြို့တဲ့၊ သမီးတို့ရလာတဲ့ လခနဲ့ရော စုမိကြရဲ့လား"

"အချိန်တို အလုပ်တစ်ပိုင်းတည်း လုပ်လို့ကတော့ လောက်တောင် မလောက်ဘူး။ အစ်ကိုလတ် အလုပ်က အချိန်ရှည်ဆိုတော့ စုမိပါတယ်၊ အစ်ကိုငယ်ကတော့ ကျောင်းလခနဲ့ အလုပ်က တစ်ပိုင်း



တည်း။ နောက် သူ့ဂစ်တာပစ္စည်းတွေ ဝယ်တာနဲ့ဆိုတော့ သူ့အိမ်လခ သမီး စိုက်ပေးရတာများတယ်၊ သမီးလည်း နည်းနည်းပါးပါးတော့ စုမိပါတယ် အဖေ"

"အင်း...ဒီမှာ ငွေရှာရတာ သက်သက်သာသာလေးပဲလို့ အဖေ ထင်နေတာ၊ ဒီမှာလည်း မလွယ်ပါလား သမီးရယ်"

"ဒီလိုပါပဲ အဖေရာ၊ ပင်ပင်ပန်းပန်းရှာလို့ရပေမယ့် တစ်လနဲ့ တစ်လ အလျဉ်မမီလို့ ပြတ်နေတဲ့သူတွေလည်း အများကြီးပဲ၊ အဖေ ရေချိုးပြီး အိပ်လိုက်ပါလား။ လေယာဉ်ပေါ် အိပ်ရေးပျက်လာမှာပေါ့"

"အေးအေး...ခဏနေ ရေချိုးတာပေါ့၊ သမီးလည်း နားဦးလေ"

"သမီးက ကိစ္စမရှိပါဘူး၊ အိမ်ရှင်း၊ အဝတ်လျှော်ပြီးမှပဲ နားတော့မယ် အဖေ"

■

သမီးငယ် အိမ်ရှင်းနေတုန်း ကျုပ်သားနှစ်ယောက် အခန်းထဲ ဝင်ကြည့်မိတယ်။ ဟင်...ဒီလိုအခန်းမျိုး ဘယ်မှာမှ ရှာလို့တွေ့နိုင်မယ် မထင်။ ကွန်ပျူတာပစ္စည်းတွေက တစ်ဖက်၊ ကက်ဆက်၊ ဆောင်းဘောက်၊ အောက်စက်၊ တီဗီ၊ ဂစ်တာ၊ ဘာမှန်းမသိတဲ့ စက်ပစ္စည်းတွေက တစ်ခြမ်းမှာ အခန်းတစ်ဝက်လောက် နေရာယူထားလေရဲ့။

ဝါသနာပါတဲ့ ဟာတွေ ဆိုတော့ ထားပါတော့။ ထားလို့မှ မရတာ။ ရှုပ်ပွနေတဲ့ အိပ်ရာနှစ်ခု၊ အဝတ်ခြင်းထဲက အဝတ်တွေ၊ ဗီရိုထဲမှာလည်း ရှုပ်ပွနေလေရဲ့။ အိပ်ရာဘေး နံရံမှာလည်း တန်း

လန်း ရေပုလင်း၊ အအေးဘူး၊ စားစရာတွေဆိုတာလည်း ဟိုတစ်ခု ဒီတစ်ခု။

ဒီလိုအခန်းမျိုး ကြွက်မြင်ရင် ငိုမယ်။

"သမီး...သမီးအစ်ကို နှစ်ယောက်အခန်းက အမြဲဒီလိုပဲလား"

"သမီး မရှင်းရသေးလို့ပါ အဖေ၊ အဖေ ဘာသိလို့လဲ၊ ဒီ တိုကျိုစတိုင်လေ"

"ကောင်းကွာ၊ ဖြစ်သလိုနေ၊ ဖြစ်သလိုစားတာ တိုကျိုစတိုင် တဲ့လားဟဲ့"

"အစ်ကိုလတ် ပြောတာပဲ အဖေ၊ တိုကျိုက ဂျပန်လူငယ် အများစုရဲ့ အခန်းက ဒီလိုပဲတဲ့၊ စာအုပ်တောင် ယူလာပြသေးတယ်"

"ကြို့ဖူးပေါင်ဗျာ၊ ထားပါတော့၊ သမီးက ဘယ်မှာအိပ်တာလဲ"

"သမီးက ဒီအခန်းလေ၊ အခန်းက ကျဉ်းပေမယ့် သမီး တစ်ယောက်တည်းတော့ အတော်ပဲ"

ကျုပ် သမီးအခန်းကို အဝက ကြည့်လိုက်မိတယ်။ အိပ်ရာ၊ အဝတ်အစားတွေ၊ အလှပြင်ပစ္စည်းတွေ သူ့နေရာနဲ့သူ သေသေ သပ်သပ် ရှိနေလေရဲ့။

သမီးငယ် သူ့အစ်ကိုတွေ အခန်းထဲဝင်ပြီး အဝတ်တွေ ယူ လာတာ တွေ့လိုက်ရတယ်။

"အဖေ...ရေချိုးလိုက်ပါလား။ အဖေ့စွပ်ကျယ်နဲ့ အကျီ တစ်ခါ တည်း လျှော်လိုက်မယ်နော်၊ သမီးကိုပေး"



"အေးအေး"

သမီးငယ် ကျုပ်ကို မျက်နှာသုတ်ပဝါ၊ ရေလဲပုဆိုး ယူပေးပြီး ဖုန်စုပ်စက်တစ်လုံးနဲ့ သန့်ရှင်းရေးလုပ်နေလေရဲ့။ ကျုပ် ရေချိုးပြီး ပြန်ထွက်လာတော့ သူ့အစ်ကိုတွေအခန်းထဲ ဝင်ရှင်းနေတာ တွေ့ လိုက်ရတယ်။

ကျုပ် ရောက်ကတည်းက အိမ်အလုပ်တွေ ဖယ်ဆက်သလို လုပ်နေတာ။

"သမီး မနားသေးဘူးလားဟဲ့၊ နားပါဦးလား"

ကျုပ် အမြင်မတော်တာနဲ့ သမီးငယ်ကို ပြောလိုက်မိတယ်။

"ရပါတယ် အဖေ၊ သမီး လုပ်နေကျပါ။ ပိတ်ရက်မှမလုပ်ရင် နောက်ရက်တွေ လုပ်နိုင်တော့မှာ မဟုတ်ဘူး အဖေ"

ကျုပ် သက်ပြင်း အသာချလိုက်မိတယ်။

■

ကျုပ် အိပ်ရာက နိုးတော့ သမီးလေး မတွေ့။ သား နှစ် ယောက်ရဲ့ အခန်းထဲကြည့်မိတော့ အံ့သြသွားရတယ်။ ရှင်းလင်းပြီး ပစ္စည်းတွေက သူ့နေရာနှင့်သူ စနစ်တကျ။ တိုးလိုးတွဲလောင်းလည်း မတွေ့တော့။ အဝတ်ပုံကြီးလည်း မရှိတော့။ တိုကျိုစတိုင် မဟုတ်တော့ ဘူးနဲ့ တူတယ်"

ခဏကြာတော့ သမီးလေး အထုပ်တွေနဲ့ ပြန်ရောက်လာ တယ်။

"အဖေ နိုးနေပြီလား။ ဗိုက်ဆာရင် တစ်ခုခု စားပါလား။ ကော်ဖီသောက်မလားဟင်"

"မဆာပါဘူး သမီး။ သမီး ဘာတွေ သွားဝယ်တာလဲ"

"ဟင်းချက်စရာ သွားဝယ်တာပါ အဖေ"

သမီးလေး ဟင်းချက်ဖို့ ပြင်ဆင်နေတာ တွေ့နေရတယ်။ ကျုပ် အိပ်နေတုန်း ရေမိုးချိုး၊ ဈေးသွားဝယ်တာ ဖြစ်မယ်။ ခုထိ နားရဦးမယ် မထင်။

"နေ့တိုင်း ဒီလိုပဲ ချက်နေရတာလား သမီး"

"နေ့တိုင်းတော့ မချက်ရပါဘူး အဖေ၊ ပိတ်ရက်နဲ့ ကြားရက် ကတော့ တစ်ရက်ခြားစီလောက်ပေါ့၊ အစ်ကိုငယ် မနက် ကျောင်းက အပြန် လာပြီး ထမင်းစားတတ်လို့ပါ၊ သမီးလည်း မနက်အလုပ်ပြီး တစ်ခါတလေ ပြန်လာစားလို့ပါ"

သမီးလေး ချက်ပြုတ်နေရင်း အဝတ်တွေရုတ်လိုက်၊ လှန်း လိုက်နဲ့ တစ်ချက်မှ နားရတာ မတွေ့ရသေး။ အင်း...ငါးနာရီတောင် ထိုးတော့မှာပါလား။

သမီးငယ်ရဲ့ နားရက်တစ်ရက်ဟာ ဒီလိုပဲ အမြဲကုန်ဆုံးသွား လေရော့ထင်၊ ညနေ ၆ နာရီလောက်မှာ ကွန်ပျူတာဆရာ သားလတ် ပြန်လာတယ်။ သင်တန်းပြီး သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင် ထိုင်နေတာ၊ နောက်မှ အဖေရောက်နေတာ သတိရပြီး ဖြတ်ပြန် လာရတယ် ဆိုပဲ။



ကျုပ်ကို သူ့ကွန်ပျူတာသင်တန်းအကြောင်း၊ ဝယ်ထားတဲ့ ပစ္စည်းတွေ၊ မြန်မာပြည် ပြန်ရောက်ရင် သင်တန်းလည်း ဖွင့်မယ်၊ လုပ်ငန်းလည်း လုပ်မယ်ဆိုတဲ့ အနာဂတ်စီမံကိန်းတွေ ပြောပြတယ်။

နောက် ကျုပ် မမြင်ဖူးတဲ့ ကမ္ဘာတစ်ဝန်းက ပုံတွေ၊ စာ ခတွေ၊ အသံတွေ ဖွင့်ပြတယ်။ ကျုပ် တောသားမို့ အံ့ဩမိတာ ဆန်းပါဘူး။ ဆန်းတာက သူပြောပြ ဖွင့်ပြလည်းပြီးရော ကျုပ်စိတ်ထဲ ာစ်မျိုးကြီးဗျာ။

မအီမလည်ကြီးလို့ပဲ ပြောရတော့မယ်။

ခုနစ်နာရီလောက်မှာ သားတော်မောင် အငယ် ဂစ်တာတစ်လုံး နဲ့ ပြန်လာလေရဲ့။ ကျုပ်နားလာထိုင်ပြီး သူတို့ဝိုင်းက အတိတ်မှာ ဘယ်လို ကြိုးစားခဲ့တာ၊ ပစ္စုပ္ပန်မှာ အောင်မြင်နေတာ၊ အနာဂတ်မှာ မြန်မာပြည် ပြန်ပြီး ဒီလူတွေနဲ့ တီးဝိုင်းထောင်မယ်၊ ထူးချွန်တဲ့ ဂစ်တာသမားတစ်ယောက်၊ အနုပညာရှင်တစ်ယောက် ဖြစ်အောင် လုပ်မယ် ဆိုတာတွေ ပြောပြတယ်။

နောက် ဓာတ်ပုံအယ်လ်ဘမ်တွေ ယူလာပြီး ဂျပန်မှာ ပျော်ပြေ နေတဲ့ ပုံတွေ၊ မြန်မာပြည်က နာမည်ကြီး အဆိုတော်၊ မင်းသား၊ မင်းသမီးတွေနဲ့ ပျော်ပြေနေပုံတွေ ကျုပ်ကို ထုတ်ပြတယ်။

ဒါကြောင့် မယ်ရမ်းတင်က ဒီသားတော်မောင် နှစ်ယောက် အကြောင်း ဂုဏ်ယူ ဝင့်ကြွားစွာနဲ့ ပြောခဲ့တာကိုး။ မယ်ရမ်းတင် ပြောတုန်းက ကျုပ်လည်း ဝမ်းသာဂုဏ်ယူမိတာ အမှန်ပါ။

အင်း...ခုတော့။ ကျွပ် စောစောက ခံစားနေရတဲ့ မဒီမလည်ကြီးက ခုထိ မဒီမလည်ဖြစ်နေတုန်း...။

■

လူစုံတော့ သားနှစ်ယောက် ရေမိုးချိုးပြီး သမီးငယ်ပြင်ထားတဲ့ ထမင်းပွဲမှာ အဆင်သင့် ဝင်ထိုင်စားကြတော့တယ်။

ထမင်းစားရင်း သားနှစ်ယောက် ပြောဆိုနေတာတွေကို အလိုက်သင့် ပြန်ပြော၊ နားထောင်နေရပေမယ့် ကျွပ်အမြင်အာရုံမှာ ထမင်းဟင်း။ ရေနွေး။ လိုသလိုထည့်ပေး။ ယူပေးနေတဲ့ သမီးငယ်ရဲ့ လှုပ်ရှားမှုတွေ မြင်နေရလေရဲ့။

ထမင်းစားပြီး ပန်းကန်တွေယူ၊ သိမ်းဆည်းဆေးကြောနေတဲ့ သမီးငယ်၊ ထိုင်ရာမထ ရေနွေးကြမ်းသောက်ရင်း လက်စမသတ်နိုင် ပြောနေကြတဲ့ ကျွပ်နဲ့ သားတော်မောင်နှစ်ယောက်။

မနက်ထမင်းဝိုင်းနဲ့ ညထမင်းဝိုင်းကြားအချိန်မှာ ကျွပ် ဘာလုပ်နေလဲ၊ သားတော်မောင်နှစ်ယောက် ဘာလုပ်နေလဲ၊ သမီးငယ် ဘာလုပ်နေလဲ။

ဟင်း...တစ်ခုခုတော့ မှားနေပြီ ထင်ရဲ့။

■



မယ်ရမ်းတင် လာတုန်းက နှစ်လလောက် နေခဲ့တာ ဘယ်လိုနေခဲ့လဲတော့မသိ။ ကျွပ်မှာ တစ်နေ့တစ်နေ့ အိပ်လိုက် စားလိုက်၊ စာအုပ်ဖတ်လိုက် အလုပ်ပဲလုပ်နေရလေရဲ့။ အပြင်လည်းမထွက်ချင်။

ဗုဒ္ဓဟူးနေ့ကတော့ သားလတ်ခွင့်ယူပြီး လိုက်ပို့လို့ ကမားကူးရား ဘုရား ရောက်ခဲ့တယ်။ ဖူးခဲ့ရတယ်။

ကျွပ်သားနှစ်ယောက်နဲ့သမီး မနက် အလုပ်ထသွားလိုက်၊ ကျောင်းသွားလိုက်၊ ပြန်လာလိုက်၊ ပြန်ထွက်သွားလိုက်၊ ည ပြန်လာပြီး အိပ်လိုက် လုပ်နေတာတွေ ထိုင်ကြည့်ဖို့ ဂျပန်ရောက်လာသလိုပါပဲ။

ရောက်ပြီး တစ်ပတ်မပြည့်ခင်မှာပဲ သူတို့ဘဝကို အတော်သိနားလည်ဖြစ်ခဲ့ရတော့တယ်။

အလုပ်လုပ်ရင်း ဝါသနာပါတဲ့ ကွန်ပျူတာပညာ လေ့လာသင်ကြားနေတဲ့ သားကြီး။ ညအလုပ်က ပြန်လာတာနဲ့ ကွန်ပျူတာ အရင် ဖွင့်တော့တယ်။ ကွန်ပျူတာ မျက်နှာပြင်ပေါ်က ပြောင်းလဲသွားတာတွေ ကြည့်ရင်း အိပ်ချိန်ရောက်လာတော့ တီဗီမျက်နှာပြင်ပေါ် ရောက်သွားပြီး တစ်နေ့တာ ပြီးဆုံးသွားတော့တယ်။

သားငယ်ကတော့ ကျောင်းသွား။ နေ့လယ် ပြန်လာ၊ ထမင်းစား။ ည အလုပ်ပြန်သွားလေရဲ့။ ည ပြန်လာတော့ ဂစ်တာတစ်လုံး။ ဖုန်းတစ်လုံး။ စာအုပ်စာရွက်တွေနဲ့ အလုပ်ရှုပ်နေပြီး တစ်နေ့တာ ပြီးဆုံးသွားလေရဲ့။

မနက် ၈ နာရီလောက်ကတည်းက အမှိုက်ထုပ်ဆွဲ ထွက်သွားတဲ့ သမီးငယ်၊ နေ့ခင်း ပြန်လာတော့ ဟင်းချက်စရာ၊ အိမ်အတွက် လိုအပ်တာတွေ ဆွဲလို့။ သိမ်းစရာရှိတာ သိမ်း။ ဟင်းမရှိရင် ဟင်းချက်။ ရေမိုးချိုးပြီး ပြန်ထွက်သွားတော့တယ်။ ညအလုပ်က ပြန်လာတော့ ဖိနပ်ချွတ်မှာ တောင်တစ်ဖက်၊ မြောက်တစ်ဖက် ချွတ်ချင်သလို ချွတ်ထားတဲ့ ဖိနပ်တွေစီပြီး ဝင်လာတယ်။ သိမ်းစရာတွေ သိမ်း။ မီးပူတိုက်၊ ဘုရားပန်းလဲ၊ သောက်တော်ရေကပ်၊ ဆီမီးကပ်၊ ဘုရားရှိခိုး၊ မီးခလုတ်၊ ဂက်စ်ခလုတ်၊ အိမ်သော့တွေ ပိတ်မပိတ် လိုက်စစ်၊ နောက်ဆုံး မနက်ဖြန် ပစ်ရမယ့် အမှိုက်ထုပ် တံခါးဝမှာ အဆင်သင့်ချထားပြီး အခန်းထဲ ဝင်သွားတော့တယ်။

ကျွန်ုပ် သက်ပြင်း အသာချလိုက်မိတော့တယ်။ တံခါးဝနားမှာ အသင့်ချထားတဲ့ အမှိုက်ထုပ် သမီးလေးထက်စောပြီး ကျောင်းသွားတက်ဖို့ အိမ်က ထွက်တဲ့ အငယ်ကောင်၊ မျက်စိလည်း အကောင်း ခြေတွေလက်တွေလည်း အကောင်း။ ဘာဖြစ်လို့ ဒီအမှိုက်ထုပ်ကို ယူမသွားရတာလဲ။ ကိုယ်နဲ့မဆိုင်ဘူးလို့များ ထင်မှတ်နေတာလား။ ငါမလုပ်ရင် ငါ့ညီမလေး လုပ်ရမှာပါလားဆိုတဲ့အသိ မရှိကြပါလား။

ကိုယ်သက်သာရင် ပြီးရောဆိုတဲ့ စိတ်နဲ့ နေသာသလို နေတတ်ကြပါလား။ အင်း...ဒီလိုပုံ...ဒီလိုအချိုးနဲ့ မိုးကြီးချုပ်ရင်ဖြင့်...။

■



အစ,ကတော့ ကျွန်ုပ် နှစ်ပတ်လောက် နေမလို့ပါပဲ။ တနင်္ဂနွေနေ့ ပြန်ဖို့ဆုံးဖြတ်လိုက်တယ်။

မယ်ရမ်းတင် နှစ်လလောက်နေပြီး ပြန်လာတော့ ကွန်ပျူတာ ဆရာ သားလတ်နဲ့ ဂီတသမား သားငယ်တို့ရဲ့အကြောင်းတွေ ဂုဏ်ယူဝင့်ကြွား ပြောဆိုခဲ့ပေတယ်။

သမီးငယ်ရဲ့အကြောင်းကိုတော့ ထူးထူးခြားခြား ဘာမှမပြောခဲ့ မကြားခဲ့ရ။ ကျွန်ုပ် ပြန်သွားရင်တော့ သားနှစ်ယောက်နဲ့ သမီးငယ် အကြောင်း မယ်ရမ်းတင်ကို ပြောပြရဦးမယ်။

ကျွန်ုပ်အဖေက ကျွန်ုပ်ကို ကိုယ်ချင်းစာစိတ်ထားရှိဖို့ ကိုယ့်အတွက်ပဲ ကိုယ်မကြည့်ဖို့ သွန်သင်ဆုံးမခဲ့တာ မဟုတ်။ ကျွန်ုပ်ကလည်း ကျွန်ုပ်သားတွေကို တစ်ကိုယ်တော်စိတ် မထားဖို့ ကိုယ်ချင်းစာ ညှာတာစိတ် ထားရှိဖို့ ပြောဆိုဆုံးမမှာ မဟုတ်။ ကိုယ့်အသိနဲ့ကိုယ် သိတာ တန်ဖိုးရှိပေတယ်။

ပြောမှ သိကြတော့မှာလား။ နောင်တစ်ချိန် အတတ်ပညာရှင်ကြီး၊ အနုပညာရှင်ကြီး ဖြစ်လာခဲ့ရင်တောင်မှ ကျွန်ုပ် ဂုဏ်ယူဝမ်းသာဖို့ဆိုတာ...

■

ကျွန်ုပ် လေယာဉ်ကွင်းဆင်းမှာမို့ အားလုံး အစောကြီးနိုးနေကြတယ်။ ရေချိုးပြီး သမီးလေး ကျော်ထားတဲ့ ထမင်းကြော်စား၊ ကော်ဖီသောက်ပြီး ပြန်ဖို့ပြင်တော့တယ်။

ဘုရားရှိခိုးပြီး ပြန်အလှည့် သားကြီးက...

“အဖေ့ကို ကန်တော့ကြရအောင်”ပြောပြီး မောင်နှမ သုံးယောက် ကျုပ်ကို ကန်တော့ကြတယ်။

လက်ချောင်း၊ လက်ကောက်ဝတ်၊ လက်မောင်း၊ ခန္ဓာကိုယ် ကျုပ်လိုပဲ ကြီးမားသန်စွမ်းတဲ့ သားနှစ်ယောက်။ မအေတူသမီးငယ်ရဲ့ သေးသွယ်တဲ့လက်ချောင်း၊ လက်မောင်း၊ ခန္ဓာကိုယ်လေးတွေ။

ကျုပ် သက်ပြင်းတစ်ချက် မသိမသာချ လိုက်ရင်း...

“အေးကွယ်...စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်း ထာဝရ ပြည့်စုံကြပါစေ”လို့ ပြောလိုက်မိတယ်။

နောက်...

“သားလတ်နဲ့ သားငယ်၊ မင်းတို့အမေ ပြန်လာတော့ ကွန်ပျူတာပညာသည် သားလတ်နဲ့ ဂီတအနုပညာသည် သားငယ်တို့အကြောင်း ပြောပြပြီး အလွန်ပဲ ဝမ်းသာဂုဏ်ယူခဲ့တယ်၊ အဖေလည်း သားတို့ရဲ့ အောင်မြင်မှုကို ဝမ်းသာ ဂုဏ်ယူချင်မိပါတယ်၊ ဒါပေမယ့် သားတို့ရဲ့ ကြိုးစားအောင်မြင်မှုကို အဖေ စိတ်ရှင်းရှင်းနဲ့ ဝမ်းသာဂုဏ်ယူချင်မိပါတယ် သားတို့ရယ်”

“နောက် သမီးငယ်...”

ကျုပ်ပြောမယ့်စကား အတွေးလွဲသွားလေရော့သလား မသိ၊ မသိမသာ ပြုံးရင်း ခေါင်းငုံ့သွားတဲ့ သမီးငယ်ရဲ့ခေါင်းကို အသာ ကိုင်ရင်း...



“သမီးငယ်...ပိုက်ဆံထွက်ရှာရတာက တစ်ဖက်၊ အိမ်ပြန်လာတော့လည်း အိမ်အလုပ်တွေ လုပ်ရတာကတစ်ဖက်၊ ပင်ပန်းလှပါတယ် သမီးရယ်၊ ဒီနှစ်မကုန်ခင် ပြန်လာခဲ့တော့နော် သမီး”

ကျုပ် ဖိနပ်စီးပြီး တံခါးနားမှာ ရပ်နေတဲ့ သားနှစ်ယောက်နဲ့ သမီးငယ်ရဲ့ မျက်နှာကို တစ်ချက် ကြည့်လိုက်မိတယ်။ မျက်နှာမကောင်းကြ။ နောက် သမီးငယ်ကိုကြည့်ပြီး...


“သမီးငယ်...အဖေ့စကား နားထောင်နော်၊ အဖေ မသေမချင်းတော့ သမီး စိတ်ချမ်းသာအောင် အဖေ ထားနိုင်ပါတယ် သမီးရယ်၊ ပြန်လာခဲ့တော့နော်”

ကျုပ် ကျောခိုင်းလိုက်မိတယ်။ တံခါးဝမှာ အိတ်ဆွဲပြီး ရပ်စောင့်နေတဲ့ သားငယ်ကိုဖြတ်ပြီး ထွက်လာခဲ့မိတော့တယ်။ ဝမ်းသာပျော်ရွှင်မှုတွေနဲ့ ခွဲခွာခြင်းမျိုး ကျုပ် မထားခဲ့နိုင်တာကိုတော့ စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။

ဒါပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ...အပြစ်ကင်းစင်တဲ့ ကြယ်နှစ်ပွင့် တောက်ပခဲ့ရင်တောင်မှ အရောင်လွင့် ပန်းပွင့်ငယ်လေး တစ်ပွင့်...။ ။

■ ■ ■

(ရွှေအမြုတေ,AUG.2004)


မှုသိမ်းမြား

## ပွဲသိမ်းမြား

လျှောက်ထားတဲ့လူပေါင်း နှစ်ဆယ့်သုံးယောက် ရှိတယ်။ ဝန်ထမ်းရွေးချယ်ရေး အဖွဲ့က အဆင့်ဆင့် ဆန်ကာတင် ရွေးချယ်ပေးလိုက်တဲ့ သုံးယောက်ထဲက တစ်ယောက်ရွေးမှာ။ နောက်ဆုံးအဆင့် ရွေးချယ်ဆုံးဖြတ်မယ့်သူက...

'နံ့နက်ခင်းမေပျို' အလှကုန်ပစ္စည်း ကုမ္ပဏီကြီးရဲ့ အမ်ဒီ ကိုယ်တိုင်။

အမ်ဒီဆိုတဲ့ ရာထူးနဲ့ အသက်အရွယ်ကတော့ မြင်ရကြားရသူတိုင်း အံ့ဩ အားကျရတယ် ဆိုပါတော့။ ဘက်ဆဲလား ဆရာမလေးတွေရဲ့ ဝတ္ထုထဲက ဇာတ်လိုက်မင်းသားလိုပဲ ကောင်းခြင်းများစွာနဲ့ ပြည့်စုံတယ်လို့ အကြမ်းဖျင်း ပြောရမှာပဲ။

နာမည်က 'ရန်ကြီးအောင်'။

လေးလေးစားစား ခေါ်ကြတာကတော့ အမ်ဒီ ဦးရန်ကြီးအောင်၊ ဆရာဦးရန်ကြီးအောင်၊ နောက်...သူဌေးဦးရန်ကြီးအောင်တဲ့။

■

အတွင်းရေးမှူးမမ ပို့လွှတ်လိုက်တဲ့ ပထမဦးဆုံး ကောင်မလေး အမ်ဒီ အခန်းထဲ မဝံ့မရဲ ဝင်သွားတယ်။ ကိုယ်ရေးရာဇဝင်ဖိုင် ရှေ့ထားပြီး အလုပ်နဲ့ပတ်သက်တာရော၊ မပတ်သက်တာရော မေးနေ ပြောနေကြတာ အမိဘာသာစကားအပြင် ကျွန်းနိုင်ငံကြီး တစ်ခုရဲ့ ဘာသာစကားသံတွေပါ အခန်းတွင်း ပျံ့လွင့်လို့နေလေတော့တယ်။

ပထမဦးဆုံး ကောင်မလေး ဝင်သွားချိန်နဲ့ ပြန်ထွက်လာချိန် မိနစ်သုံးဆယ် ကြာသွားတယ်။ ပြုံးရွှင်စွာနဲ့ ပြန်ထွက်လာတာ မြင်ရတော့ အတွင်းရေးမှူးမမ စိတ်ထဲ တစ်ခါတည်းများ ရွေးလိုက်ပြီလား မသိဘူးလို့ တွေးလိုက်မိတယ်။

နောက် အမ်ဒီအခန်းထဲ မရဲတရဲဝင်ရင်း...

"ဆရာ နောက်တစ်ယောက် လွှတ်လိုက်ရမလား"ဆိုတော့ ခေါင်းညိတ်ပြတာ တွေ့လိုက်ရတယ်။

လေပြည်လေးတစ်ခု နွဲ့နွဲ့လေး လျှပ်ခတ်ဟန်နဲ့ ဝင်သွားတဲ့ ကောင်မလေးကို အတွင်းရေးမှူးမမ တအံ့တသြ ငေးကြည့်ရင်း ပေးထားတဲ့ အမည်နာမနဲ့ အခန်းအပြင်မှာ ကျန်ရစ်ခဲ့တဲ့ ပန်းရနံ့တစ်ခုဟာ လိုက်လျောညီထွေ ရှိလှပေတယ်လို့ တွေးရင်း...

■

"ဝင်ခွင့်ပြုပါရှင်"

တိတ်ဆိတ်ငြိမ်သက်နေတဲ့ အခန်းလေးထဲမှာ စမ်းရေစီးသံလေး ကြားလိုက်ရတယ်။ ကိုယ်ရေးမှတ်တမ်းဖိုင်ပေါ်က အလင်းတန်း



အစုံဟာ စမ်းရေစီးသံလေးဆီ ရွေ့လျားသွားပုံက အလောတကြီး နိုင်လှချည်ရဲ့။

အလင်းတန်းက ရောက်လာတဲ့ ပုံရိပ်ဟာ ရန်ကြီးအောင်ရဲ့ ရင်ကို 'ဒိန်း'ခနဲပြည့်ဟီးသွားစေတယ်။ လေပြည်လေးတွေ လက်ဆင့်ကမ်း သယ်ဆောင်လာတဲ့ ပန်းရနံ့ တစ်ခုဟာ အခန်းလေးထဲ ဝင်ရောက် သိမ်းပိုက်လိုက်တော့တယ်။

နာမည်ကျော် CHANEL ကုမ္ပဏီကြီးက ထုတ်လုပ်တဲ့ ပန်းရနံ့ ရေမွှေးပါလားဆိုတာ သိလိုက်ရတော့ ရန်ကြီးအောင်စိတ်ထဲ ကျေနပ်မိသွားလေရဲ့။

ဘာကို ကျေနပ်မိသွားတယ် ဆိုတာတော့ မသိနိုင်။

"ထိုင်ပါ...မပန်းမွှင့်ငယ်"

စားပွဲရှေ့ မနို့တရို့ရပ်နေတဲ့ ကောင်မလေးရဲ့ နားထဲ ပန်းလေး တစ်ပွင့် လေထဲ လွင့်မျောနေသံလို ညင်သာပျော့ပျောင်းတဲ့ အသံလှိုင်းတစ်ခု စီးဝင်သွားလေရဲ့။

သာယာငြိမ့်ညောင်းတဲ့ စမ်းရေစီးသံလေးတွေ၊ ကြိုးကြာငှက်ငယ်လေးတွေရဲ့ အော်မြည်သံတွေ၊ ညင်သာပျော့ပျောင်းတဲ့ ပန်းပွင့်လေးတွေ လွင့်မျောသံတွေဟာ ဘာသာစကားနှစ်ခုအဖြစ် အသံလုံ အခန်းလေးထဲမှာ ထွက်ပေါက်ရှာ လွင့်မျောနေလေတော့တယ်။

ဖျမ်းမျှ သတ်မှတ်ထားတဲ့ အချိန်ထက် ဆယ့်ငါးမိနစ်လောက် ကျော်သွားပြီးချိန်မှာတော့...

သို့လော...သို့လော ဖြစ်နေတဲ့ အတွင်းရေးမှူးမမ၊ ပန်းရနံ့ ပိုင်ရှင် ကောင်မလေး ပြန်ထွက်လာတာ တွေ့လိုက်ရတော့တယ်။

အပြုံးပွင့်တွေနဲ့ နုပျိုလန်းဆန်း တက်ကြွနေတဲ့ မျက်နှာပိုင်ရှင် လေးဟာ လက်မနဲ့လက်သန်း နှစ်ချောင်း ထောင်ပြခဲ့ပြီး လွင့်မျော ထွက်ခွာသွားတော့တယ်။ အတွင်းရေးမှူးမမ နှုတ်ခမ်းအစုံဟာ ပစ် တော့မယ့် လေးကိုင်းနဲ့ လေးကြိုးဟန် ဖြစ်ကျန်ရစ်ခဲ့ရရှာတော့တယ်။

နောက်ဆုံး ဝင်ဖျူးတဲ့ ကောင်မလေး သတ်မှတ်ချိန်ထက် ငါးမိနစ်လောက် စောပြီး ပြန်ထွက်လာတာ တွေ့လိုက်ရတော့ အတွင်း ရေးမှူး မမ ခေါင်းထဲ တစ်နဲ့ နှစ်ပေါင်း သုံး၊ သုံးထဲက နှစ်နှုတ် တစ်ကျန်၊ ကွန်ပျူတာမတွက်နိုင်တဲ့အဖြေ သူ ရသွားလေရဲ့။

အမိန့်ပေးထားတဲ့ အထဲမှာလည်း မပါ၊ အတွေ့အကြုံကလည်း မရှိ ဆိုတော့ ကွန်ပျူတာ ဘာသိမှာတုံး။ အတွေ့အကြုံရှိတဲ့ မမ ကတော့ ကြိုးနဲ့ချည်၊ ချိတ်နဲ့ပိတ်၊ ချိတ်ပေါ်မှာ တံဆိပ်တုံးထုထားတဲ့ စာအိတ်ထဲက အဖြေဟာ ဘာဖြစ်မယ်ဆိုတာ မြင်ရတော့တာပေါ့။

ပန်းရနံ့တစ်ခုဟာ မကြာတော့တဲ့ အနာဂတ်အချိန်မှာ နံနက်ခင်းမေပျို့ နယ်နိမိတ်ထဲ သင်းပျံ့နေပေရော့မယ်။

■



အကြောင်းတိုက်ဆိုင်လာတိုင်း ရန်ကြီးအောင်ရဲ့ မိဘနှစ်ပါး စိတ်ကသိကအောက် ဖြစ်ဖြစ်သွားရတဲ့ ကိစ္စတစ်ခုရှိတယ်။

ကျွေးမွေးမပျက်၊ ခေါင်ရွက်စီမံ၊ မွေခံထိုက်စေ၊ ပေးဝေနှီးရင်း ဆိုတဲ့ မိဘဝတ္တရားလေးခု ကျေခဲ့ပြီ။ ထိမ်းမြားခြင်းလျှင်ဆိုတဲ့ဟာကြီး ကျန်နေသေးလို့...

အဲဒီ နောက်ဆုံးဟာကြီးအတွက် နီးစပ်ရာ သင့်တော်မယ့် အမျိုးကောင်းသမီးတွေနဲ့ ကြိုးစားခဲ့တာ လွှစာမှုန့်ထဲ ရေသွန်သလို ဖြစ်နေတော့တယ်။ မိဘကတော့ ပြန်ချိန်တန်မပြန်နိ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်၊ ဝေချိန်တန်ဝေတာ မြင်ချင်မိတာပေါ့။

ညှိမရတဲ့ကြိုးက သားတော်မောင်။

အချစ်မပါဘဲ...

"အခါတော်xx ပေးတာက နတ်ရေးငယ်ရွှေစာထ" သီချင်း နားမထောင်ပါရစေနဲ့။ အချစ်မပါဘဲ ဘီသိက်ဆရာရဲ့ ချီးမြှောက်မှုကို မခံပါရစေနဲ့။ နောက်...အချစ်မပါဘဲ လူကုံထံ လူကြီးလူကောင်း တွေကို ပြုံးပြရယ်ပြရတာ မလုပ်ပါရစေနဲ့လို့ ပြောထားသကိုး။

ညှိမလေးတင် အချစ်ကို ကိုးကွယ်တာ မဟုတ်ဘူး။

အစ်ကိုကြီးလည်း အချစ်ကို ကိုးကွယ်တယ်ဆိုပါတော့။ အဲဒီကတည်းက မိဘနှစ်ပါး သင့်တော်ရာ ရှာရှာပြီး ပြပေးတဲ့အလုပ်ကို ဝမ်းသာအားရ စွန့်လွှတ်လိုက်ကြတော့တာပေါ့။ အားနာရ တောင်းပန် ရနဲ့ မျက်နှာပူခဲ့ရပေါင်း များလှပြီ။

လုပ်ငန်းကြီးတစ်ခုကို ဦးဆောင်နိုင်တဲ့သူ၊ မိဘကို မိဘလို သိတတ်တဲ့ သားလိမ္မာမို့ သားချစ်တဲ့သူ၊ သဘောကျတဲ့သူ ရှာမှ တော့။ အမေတို့က သား သဘောကျရင် ပြီးရောလို့ နောက်ဆုံးစကား ဆိုခဲ့တော့တယ်။

အဲ...တစ်ခုတော့ သတိပေးလိုက်မယ်။

"ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ၊ ပြန်ချိန် တန် မပြန်နိုင် အပြန်ရှာဖို့တော့ လိုမယ် သားရေ"

မိဘစကား နားထောင်တဲ့သား ဆိုတော့ အဲ...'အချစ်မပါဘဲ' ဆိုတာကြီးက လွဲရင်ပေါ့။ နှစ်ပေါင်းများစွာ စီးဆင်းဖို့ မေ့နေ၊ မသိ ကျိုးကျွန် ပစ်ထားတဲ့ အချစ်မြစ်ကြီးကို အတင်းပုတ်နှိုးခဲ့ရတော့တယ်။

■

ဘော်ငွေရောင် PRADO စီးတော်ယာဉ်ဟာ ပြည်လမ်းမကြီး အတိုင်း ကမာရွတ်ဘက်ကို ဒေါသတကြီး ပြေးနေလေရဲ့။ သက်မဲ့ စီးတော်ယာဉ် ဒေါသဖြစ်ရတာ မောင်းတဲ့ပုဂ္ဂိုလ် ဒေါသကြောင့်၊ မောင်းတဲ့ပုဂ္ဂိုလ် ဒေါသဖြစ်ရတာ ဘေးကထိုင်လိုက်လာတဲ့ ပန်းရနံ့ ပိုင်ရှင်ကြောင့်။

ဘယ်လိုပြောရပါ့။ တကယ်ဆို အနေသာကြီး။ ဘာစိတ်ဆိုး စရာ လိုမလဲ။ ခုတော့ ဖြစ်နေတာ၊ အူနုကျွဲခတ်ခံရသလိုပဲ။

စိတ်တိုရင်း ကားမောင်းရင်း ပန်းပွင့်ငယ်အကြောင်း ပြန်တွေး နေလေရဲ့။ စီးဆင်းဖို့ ခွင့်ပြုခါနီးမှ အလိုအလျောက် စီးဆင်းသွားတဲ့



မြစ်။ ပထမဦးဆုံး တွေ့ကြုံရတဲ့ ဒေသရဲ့ သဘာဝအခြေအနေကို နားမလည်နိုင်အောင် ဖြစ်ခဲ့ရတယ်။

စိတ်ထားဖြူစင်ရိုးသားပြီး သဘောကောင်း။ လူချစ်လူခင်များ တာကတော့ ငြင်းမရတာ အမှန်။ နံနက်ခင်းမေပျို ဒေသတစ်ခုလုံး အသိ။

စကားပြန် တစ်ယောက်ရဲ့ အရည်အချင်းကောင်းအပြင် တခြား အရည်အချင်းကောင်းတွေ ရှိနေတာကလည်း အမှန်။ ခက်နေတာက...ခက်နေတာက...

ကလေးအရွယ်လည်း မဟုတ်၊ လေတိုက်လည်း ရယ်၊ သစ် ရွက် ကြွေလည်း ရယ်တဲ့အရွယ်လည်း မဟုတ်ဘဲနဲ့ ကလေးလိုလို အပျိုပေါက်လေးလို လေယူရာတိမ်း ယိမ်းကနေလေရော့တယ်။ ဤုခြေနဲ့ တည်တည်ငြိမ်ငြိမ်မရှိ။ အဘွားတို့ပါးစပ်နဲ့ တွေ့လို့ကတော့ မလွယ်။

ဝတ်တာစားတာကလည်း ခေတ်ရေ့ပြေးဒီဖိုင်။ တန့်ိုးလည်း နည်းမှာမဟုတ်။ ရတဲ့လခ အဝတ်အစားတစ်စုံဖိုးတောင် ရှိပါ့မလား။ မိဘပိုက်ဆံ ထိုင်ဖြုန်းနေတယ် အပြောခံရမှာ စိုးလို့ အလုပ်လုပ်ရင်း ဖြုန်းနေလေရော့ထင်။

လောကကြီးအကြောင်း၊ လူတွေအကြောင်းလည်း လေးလေး နက်နက် ထားပုံမရ။ ဒီနေ့ကိစ္စပဲ ကြည့်ပါလား။

အလုပ်ကိစ္စနဲ့ ရောက်လာတဲ့ မန်နေဂျာ ယာမဂူချိစ်ကို သူ

မှအားလို့ ဘုရားလိုက်ပို့ပေးဖို့ ထည့်လိုက်မိပါတယ်။ မနက်ကတည်းက ထွက်သွားတာ ညနေ လေးနာရီလောက်မှ ပြန်လာတယ်။ ယာမဂူချိစ်က ဟိုတယ်မှာ ထမင်းခေါ်ကျွေးလို့ လိုက်သွားတာတဲ့။ လိုက်စရာလား။

"ဘုရားပို့ဖို့ လွှတ်လိုက်တာ၊ ဟိုတယ်မှာ ထမင်းလိုက်စားဖို့ မဟုတ်ဘူး။ ထမင်းလိုက်စားမယ်ဆိုလည်း ဘယ်သွားမယ်၊ ဘာလုပ်မယ်ဆိုတာ ဘာလို့ဖုန်းမဆက်ရတာလဲ၊ လူတွေအကြောင်း ဘယ်လောက် သိလို့လဲ၊ ကိုယ့်သဘောနဲ့ကိုယ် လုပ်ချင်တိုင်းလုပ်လို့မရဘူး။ ဘာမှတ်လို့လဲ"

ဟောက်တာ...ဟောက်တာ...။

သွေးအေးသွားတော့မှ ပြန်စဉ်းစားမိတာ...

လူကြီးတစ်ယောက်က သူ့အောက်က ဝန်ထမ်းကို ဆိုဆုံးမတာနဲ့ မတူဘဲ ရည်းစား ပူပူနွေးနွေးလေးကို စိုးရိမ်တကြီး ဟောက်နေတဲ့ပုံ ဖြစ်နေတော့...

အလုပ်ကအပြန် "လာ...ကားပေါ်တက်" ဆိုပြီး ခေါ်လာခဲ့တော့တယ်လေ။ ပန်းပွင့်ငယ်ကတော့ သူမှန်လား,မှားလား ခေါင်းရှုတ်ခံပြီး မစဉ်းစား။ သူ စဉ်းစားနေတာက၊ အဆူခံရတာလည်း သူ့အတွက် မထူးဆန်း။ ရိုးနေပြီ။ လမ်းကြုံလို့ အိမ်လိုက်ပို့တယ်ဆိုတာလည်း မထူးဆန်း။ ထူးဆန်းတာက ဆူပြီးမှ အိမ်လိုက်ပို့တာအဲဒါနဲ့...



ပြည်လမ်းမကြီးတစ်လျှောက် လေထုကို ထိုးခွဲပြေးနေတဲ့ စီးတော်ယာဉ် PRADO ပေါ်မှာ ပါလာရတော့တယ်။

အတွေးနှစ်ခုကြား တိတ်ဆိတ်ငြိမ်သက်မှုက မင်းမူနေလေရော့တယ်။ တိတ်ဆိတ်ငြိမ်သက်မှုကို ဆက်ပြီးသည်းမခံနိုင်တာက ရန်ကြီးအောင်။

စကားမရှိ စကားရှာလေရော့ ထင်၊ လေပြည်အေးလေးနဲ့ စဖွင့်လိုက်တော့တယ်။

"ပန်းပွင့်ငယ် မနက်ဖြန် မုန့်ဟင်းခါး ဝယ်လာခဲ့ဦးမှာလား"

"ဟုတ်ကဲ့"

ပန်းပွင့်ငယ် ရှေ့ကို တည့်တည့်ကြည့်ရင်း ဟုတ်ကဲ့ပေးလိုက်တယ်။

"မနက်ဖြန် စောစောလာခဲ့နော်၊ ယာမဂူချိစ်ကို လေယာဉ်ကွင်းလိုက်ပို့၊ ဝယ်စရာရှိတာလည်း ဝယ်ရအောင်"

"ဟုတ်ကဲ့"

ပန်းပွင့်ငယ် လှည့်မကြည့်ဘဲ ဟုတ်ကဲ့ နောက်တစ်လုံး ပေးလိုက်တယ်။ လေပြည်အေးနဲ့ ငြိမ်းချမ်းရေး ကြိုးပမ်းမှုဟာ နောက်ထပ် ဟုတ်ကဲ့တစ်လုံးကြောင့် မအီမလည် ဖြစ်သွားရလေရဲ့။

ရန်ကြီးအောင် မချိပြုံးနဲ့ ငြိမ်းချမ်းရေးတိုက်စစ် အရှိန်မြှင့်လိုက်တယ်။

"ယာမဂူချိစ်ကိုပို့ပြီး အပြန် ယိုးဒယားအစားအစာ ဝင်စား

ကြရအောင်၊ နောက်အသစ်ဖွင့်တဲ့ HANA ဆိုင် ကောင်းတယ်တဲ့ ပန်းပွင့်ငယ်"

ဒီတစ်ခါ မျှော်လင့်ထားတာက ဟုတ်ကဲ့၊ ကြားချင်တဲ့ ဟုတ်ကဲ့တစ်လုံး ထွက်မလာတော့ဘဲ အတွဲလိုက် ပြန်ပစ်လိုက်တဲ့ အသံ ထွက်လာလေတော့တယ်။

"ပန်းပွင့် ဘယ်ယောကျ်ားလေးနဲ့မှ စားသောက်ဆိုင် မထိုင်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပါပြီ၊ တောင်းပန်ပါတယ် အမ်ဒီ"

"ဟာ"တစ်လုံးဟာ ရန်ကြီးအောင် နှုတ်ဖျားက အလန့်တကြား ခုန်ထွက်လာလေရဲ့။ မျက်နှာပေါ်မှာလည်း အနီရောင် အရိပ်တွေ သမ်းလို့။

ပန်းခရမ်းရောင် နှုတ်ခမ်းလေး မသိမသာ ကွေးသွားပြီး ရင်ထဲက အပျော် မျက်နှာပေါ် ထင်ဟပ်လာတာကတော့ ပန်းရနံ့ ပိုင်ရှင်။

"အမ်ဒီ...ပန်းပွင့် လမ်းထိပ်မှာပဲဆင်းပြီး လျှောက်တော့မယ်၊ လမ်းထိပ်မှာပဲ ရပ်ပေးပါနော်"

ငြိမ်းချမ်းရေးသံစဉ် တိတ်ဆိတ်သွားပြီး မင်းသား ကန့်လန့်ကာ နောက် အလွမ်းနဲ့ကျန်ရစ်ခဲ့ရလေပြီ။ ရန်ကြီးအောင် စီးတော်ယာဉ်ကို လမ်းမကြီးကနေ လမ်းလေးထဲ အသာကွေ့ဝင်ပြီး လမ်းဘေး စက်သတ် ရပ်လိုက်တော့တယ်။

"ကျေးဇူးတင်ပါတယ် အမ်ဒီ"လို့ပြောရင်း သမင်ပျိုမလေး



ဟန်နဲ့ သွက်လက်ပေါ့ပါးစွာ ခုန်ဆင်းသွားတာကို ကြည့်နေမိတယ်။

နောက်မှ အလန့်တကြား တံခါးဖွင့်ဆင်းရင်း...

"ပန်းပွင့်ငယ်...ပန်းပွင့်ငယ်အိမ် အလည်လိုက်လို့ရမလား။ ပန်းပွင့်ငယ် မိဘတွေနဲ့ မိတ်ဆက်ပေးပါလား"

အရင်အခေါက်တွေ လိုက်ပို့တုန်းက မပြောမိခဲ့တဲ့ စကားတွေ ခုမှ ရင်ထဲက ကြွေလွင့်ထွက်လာလေရဲ့။

"ဒီအချိန် အဖေနဲ့အမေ အိမ်ပြန်ရောက်ဦးမှာ မဟုတ်ဘူး။ အစ်ကိုကြီးလည်း ရှိမှာမဟုတ်ဘူး။ တောင်းပန်ပါတယ် အမ်ဒီ"

"ဒါဆို နောက်တစ်ခေါက် ပြန်လာခဲ့မယ်လေ"

စီးဆင်းဖို့မှနေတဲ့မြစ်၊ စီးမယ့်စီးတော့လည်း ဖွတ်အတက်ကြီး စီးတော့မယ့်ဟန်။

ပန်းပွင့်ငယ်ရဲ့ မျက်နှာပေါ်မှာ အပြုံးရိပ်တွေ ရှက်သမ်းလို့နေလေရဲ့။

"နောက်နေ့မှတွေ့ပါ အမ်ဒီ၊ သူတို့ ဘယ်မှ ထွက်မပြေးကြပါဘူး။ နော်..."

ပြောနေတဲ့စကားမဆုံးခင် ပန်းပွင့်ငယ် ခေါင်းငုံ့သွားလေရဲ့၊ နောက် ရန်ကြီးအောင်ရဲ့ နောက်ဘက်ကို မသိမသာ ပြန်မော့ကြည့်လိုက်တော့တယ်။

အမျိုးသားကြီးတစ်ယောက်နဲ့ အမျိုးသမီးကြီးတစ်ယောက် လမ်းမကြီးကနေ လမ်းလေးထဲ လှည်းတစ်စင်း တွန်းဝင်လာတာ

PRADO ရဲ့ အဖုံးပေါ်က ဂျိုဆောင်မှန်မှာ ထင်းလို့။

တစ်ဖက်ခြမ်း ပလက်ဖောင်းဘေးက ကပ်ပြီး PRADO ကို တဖြည်းဖြည်း ကျော်ဖြတ်နေတဲ့ ဈေးသိမ်းလှည်းဆီက အလင်းတန်း နှစ်စုံဟာ ကွက်ကြည့်ကွက်ကြည့်နဲ့။

လှည်းဆီပြန်သွားတဲ့ အကြည့်နှစ်စုံဟာလည်း မဝံ့မရဲ ငုံ့ချည် ပေါ်ချည်နဲ့။ အမူအရာ ယိုင်နေတဲ့ ပန်းပွင့်ငယ်နဲ့ လှည်းတွန်းရင်း နောက်လှည့်ကြည့်လှည့်ကြည့်လုပ်သွားတဲ့ စုံတွဲ၊ ပန်းပွင့်ငယ်ရဲ့အသိ အိမ်နီးနားချင်းတွေများလား...။ ပန်းပွင့်ငယ်ကို ကြည့်လိုက်တော့ ခေါင်းလေးငုံ့လို့ မျက်နှာပေါ်မှာ ပန်းနုရောင်အရိပ်တွေ ဖြာနေတာ ရန်ကြီးအောင် သတိထားမိလိုက်လေရဲ့။

ရုတ်တရက် ပန်းပွင့်ငယ် နောက်ဘက် လှည့်လိုက်ရင်း... "အဖေ...အမေ...အမေ..."လို့ အော်ခေါ်လိုက်လေရဲ့။ လှည်းတွန်းလာတဲ့ စုံတွဲ ရုတ်တရက်ရပ်ပြီး အံ့ဩတဲ့ မျက်နှာတွေနဲ့ ကြည့်နေလေတော့တယ်။ မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ရဲ့ သဂေါ်တတွေ တင်ထားတဲ့လှည်းဆီ လက်ဝှေ့ယမ်းပြေးသွားတဲ့ ပန်းပွင့်ငယ်... ရင်ထဲကို အရှိန်ပြင်းပြင်းဖောက်ဝင်သွားတဲ့ မြားချက်ကြောင့် ရန်ကြီးအောင်ရဲ့မျက်နှာပေါ်မှာ အံ့ဩ ဝမ်းသာပီတိအရိပ်တွေဟာ ထိန်းမနိုင်သိမ်းမနိုင်...။

■



ပြည်လမ်းမကြီးပေါ်မှာ ပြေးလွှား ဆော့ကစားနေကြတဲ့ လေပြည်လေးတွေ အရမ်းစိတ်ညစ်သွားတယ်။ မဟာအယား မောင်း သွားတဲ့ PRADO စီးတော်ယာဉ်ပေါ်က သံစဉ် အကျိုးအပျက်တွေ ပရမ်းပတာပစ်ချသွားလို့၊ သံစဉ်မမှန်လို့။

စာသားမှန်လား ဆိုတော့ စာသားကလည်း ကဘောက်တိ ကဘောက်ချာ။ ဆိုရဲတာကို အံ့ဩမဆုံး ဖြစ်လို့...။ ရေရှင်သည်း မဆိုပါနဲ့လား။ ဆိုသွားတဲ့ သီချင်းကလည်း ကြည့်ဦး။ တကောင်း ဟန်လင်း၊ သရေခေတ္တရာ ခေတ်လောက်က မှိုတက်နေတဲ့ ထိပ် ပြာပြာ ဆန်းဒေးတစ်နေ့မှာ မင်္ဂလာဆောင်ပွဲကြီး ကျင်းပခဲ့တယ်" သီချင်း။

ပြည်လမ်းမတစ်လျှောက်က လေထု စိတ်ညစ်သွားတယ်။ နောက် သီလ သမာဓိရှိတဲ့ ပုဂ္ဂိုလ်တွေ အမှုအတမ်း ပေးဝေရင် 'သိမ့်'ခနဲ ဖြစ်သွားရတယ် ဆိုတဲ့ ရုပ်မရှိ နာမ်မရှိ ပုဂ္ဂိုလ်တွေ စိတ်ညစ်သွားတယ်။

အိမ်အပြန်ခရီးမှာ ကားမောင်းရင်း ပျော်နေတဲ့သူကတော့ ရန်ကြီးအောင်။ ကြာခြွေမဲ့ပီတိအပြုံးတွေ မျက်နှာပေါ်မှာ တင်လို့။

အခါတော်ပေးတာက နတ်ရေးငယ် ရွှေစာ သီချင်းသံဟာ ချိုမြိန် အရသာရှိလို့။

ဘိသိက်ဆရာရဲ့ ချီးမြှောက်သံဟာ နားဝင်သာယာ ငြိမ့် ညောင်းလို့။

ဂုဏ်သရေရှိ လူကြီးလူကောင်းတွေကို ဖြီးဖြရတာလည်း အရသာရှိလိုက်ပါဘိတော့။ CHANEL ကုမ္ပဏီကြီးရဲ့လက်ဆောင်ပန်းရနံ့ဟာ သူ့ရဲ့ဘေးမှာ နံနက်ခင်းများစွာကို အတူလက်တွဲ ဖြတ်ကျော်မယ့် ထာဝရအဖော်မွန်ဆိုတာ...။ ။

■ ■ ■

(မြားနတ်မောင်,-)